# [၂၈-၉-၂၀၀၁] ရက်နေ့၊ ရန်ကုန်၊ စမ်းချောင်း
# ကိုးယပ်ကြီးဘုရား၊ ဝိသုဒ္ဓိခွဲဆရာတော်၏
# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်




ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၁)

## ဝိသုဒ္ဓိဓမ္မသစ္စာတရားစာအုပ် အမှတ် (၄) (၁၀၅)

**ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့**

ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-251620128,
09-447572355

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိနှင့် အောင်သစ္စာ
ဝိသုဒ္ဓိ မှ ဝိမုတ္တိ

## (၂၈-၉-၂၀၀၁) ရက်နေ့၊ ရန်ကုန်၊ စမ်းချောင်း ကိုးထပ်ကြီးဘုရား၊ ဝိသုဒ္ဓိခွဲဆရာတော်၏ ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မသစ္စာတော်အမှတ် (၉၄)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့


ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-251620128,
09-447572355

## (၂၈-၉-၂၀၀၁) ရက်နေ့ မြောင်းမြမြို့ ရန်ကုန်စမ်းချောင်းဆရာတော် ကိုးထပ်ကြီးဘုရား ဝိသုဒ္ဓိဆရာတော်၊ ဝိသုဒ္ဓိဓမ္မတရားတော်

အသက် (၅၀) ကျော်မှ ရဟန်းဘောင်ရောက်လာပါတယ်။ ဘယ်လိုအသိနဲ့ ရဟန်းဘောင်ရောက်လာသလဲ ဆိုတော့ လူ့ဘဝမှာ အင်မတန်မှဆင်းရဲနွမ်းပါးတယ်။ တောခြေ၊ ဆင်ခြေဖုံးရပ်ကွက်မှာနေတော့ သိပ်ဆင်းရဲတယ်နော်။ ဒါကြောင့်မို့စာကရေးထားတယ်။ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်တဲ့ ဒါစာကရေးထားတယ်။ စာနဲ့စိတ်နဲ့ တစ်ထပ်တည်းဖြစ်ရမယ်။ ဒါပေမယ့် ဦးပဏ္ဍိတက စာမတတ်ဘူးတဲ့။ ပညတ်၊ ပရမတ် နှစ်ခုတွဲနေတယ်။ အဲ့ဒါစာကတွဲ နေပေမယ့် ပညတ်ပေါ်မှာ ဟောပြောသါးတဲ့ စကားတွေဆိုတော့ စာပေကျမ်းဂန်မတတ်တော့ ပြောတဲ့အခါမှာ အားလုံး သံဃာတော်၊ တေရိကြီး၊ ဝါကြီး၊ ရှင်သာမဏေ၊ ကိုရင်လေးကအစ ဦးပဏ္ဍိတက အားလုံးအရှင်ဘုရားတို့အပေါ်မှာ ဟောင်းပန်ပါတယ်။ စာမတတ်လို့ပါဗျာတဲ့။ ခွင့်လွှတ်ပါတဲ့ စာနဲ့စိတ်နဲ့က တထပ်တည်းဖြစ်မှ အရိယတ္တသစ္စာပေါ်လိမ့် မယ်တဲ့။ ဒါစာရေးထားတယ်။ အဲ့ဒီတော့စာကမှန်တယ်တဲ့။ နှလုံးသားမှာက မမှန်ဘူးဆိုရင် သမုတိသစ္စာတော့ ဖြစ်မှာ ပေါ့တဲ့။ ဒါစာမတတ်ဘူး။ ပယ်တာမဟုတ်ဘူး။ မတတ်တဲ့အကြောင်းကို အားလုံးတရားနာကြားတဲ့ ပရိသတ်ကိုယ့်ထက် ကြီးတဲ့အစ်ကိုကြီးတွေ ညီတွေ၊ ညီမတွေ၊ အစ်မကြီးတွေအားလုံး ဒါအသိဟောသွားတာ (စာနဲ့ပအသိနဲ့)၂ သဘောလေးလဲပြောပြတယ်။ သဘောလေးကို သဘာဝဖြစ်လို့ သဘောကိုပြောပြတယ်။ သဘော လေးဘဲ ကိုင်တွယ်လို့တော့မရဘူး။ ယုံကြည်ပါလို့ပြောပါတယ်။ ခင်ဗျားတို့ ယုံကြည်ပါဗျာ။ ဒါဘဲပြောတတ်တယ်။ အဲ့ဒီတော့ ဦးဇင်းကဂါထာနဲ့ပဆိုပေးမယ်။ သင်္ခါရအလုံးစုံသော သင်္ခါရ အနိစ္စတဲ့။ ဒါဘုရားဟောဒါရနော်။ အဲ့ဒါဟောမယ်။ ဦးပဏ္ဍိတက မြုပ်နေတဲ့ဟာတွေအကုန်ဖော်မယ်။

(သင်္ခါရ အလုံးစုံသော သင်္ခါရ အနိစ္စတဲ့)

(သင်္ခါရ အလုံးစုံသော သင်္ခါရ ဒုက္ခတဲ့)

(သင်္ခါရ အလုံးစုံသော သင်္ခါရ အနတ္တတဲ့)

အနိစ္စ ဒုက္ခ၊ အနတ္တ၊ အဲ့ဒီတော့ ခန္ဓာမှာ ဉာဏ်စိုက်ရမယ်။ ဉာဏ်ပီဉာဏ်ကို ရဖို့အရေးကြီးတယ်။ ဝိပဿနာဉာဏ်၊ ဂေါ်ဘြဉာဏ်၊ ဖဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာသဝေါဥဒပါဒိ၊ ဉာဏဥဒပါဒိ တဲ့ သဘောလေးဘဲ၊ ဦးပဏ္ဍိတကရတယ်။ အကုန် ပြောသွားမယ်နော်။ အဲ့ဒီဉာဏ်ရမှ (၃၁) ဘုံလွတ်မယ်။ လွတ်တယ်ဆိုတာလဲ ကျင့်တဲ့သူဘဲသိမယ်။ မကျင့်တဲ့သူကတော့ ဘယ်သိမလဲ။ ဒါကြောင့်မို့ အသိတရားကိုလာပြီးတော့ အသိအသိခြင်း ဖလှယ်ကြတယ်။ နိဗ္ဗာန်သည်တဲ့ ခန္ဓာမှာစတယ်တဲ့။ ခန္ဓာမှာဆုံးတယ်တဲ့။ သီလမှာချုပ်တယ်တဲ့။ ဒါစာရေးထားတယ်။ အဲ့ဒီတော့ ခန္ဓာမှာ ဒီကံ၊ ဒီကဟာ ဟောဒီကိလေသာဝဋ်၊ ငါဘာကြောင့်ဖြစ်နေရသလဲ။ ကမ္မဝဋ်မပယ်နိုင်လို့ ကိလေသာဝဋ် ဟောဒီရုပ်ကြီး က အေး၊ ဒီရုပ်ကြီးက ရုပ်ရှိရင်ဝေဒနာရှိမယ်နော်။ ရုပ်ရှိရင် ပေပနာရှိမယ်။ သဘောလေးဘဲပြောလိုက်မယ်။ အဲ့ဒီ ရုပ်ပေါ်မှာ (တဏှာတွေဖြစ်နေတယ်)၂ တဏှာဆိုတာ ဘယ်လိုလဲ အော် သမီးလေး ဒီနေ့ပျောက်ဆုံးသွားတယ်။ ဥပမာပေါ့ဗျာ။ ပျောက်ဆုံးသွားရင် မအေဘယ်လိုနေမလဲ။ ဖအေဘယ်လိုနေမလဲ။ သမီးလေးကို စွန်းလန်းတာတဏှာ၊ သမီးကြောင့် ရင်ပူတယ်။ ဥပါဒါန်နော် ဥပါဒါန်ဖြစ်သွားပြီ။ ဗျာပါဒ အဘိဇ္ဈာဖြစ် သွားပြီ၊ ဗျာပါဒ၊ အဘိဇ္ဈာ၊ လို့စာကရေးထားတယ်။ ဗျာပါဒ ဖြစ်သွားပြီ။ ဒါ (၃၁) ဘုံ မလွတ်တဲ့ စိတ်ခေါ်တယ်။ (သဘောလေးဘဲ)၂ နော်

ဒါမလွတ်ဘူး။ မဂ်ဉာဏ်ရမှလွတ်မယ်။ ဘာနဲ့ပမှဖြတ်လို့မရဘူး။ ဂုဏ်တော်နဲ့လဲ ဖြတ်လို့မရဘူး။ သီလနဲ့လည်း ဖြတ်လို့မရဘူး။ အဲ့ဒီဥပါဒါန်၊ ဥပါဒါန်ရဲ့တဏှာကို ဖြတ်တာ အဲ့ဒါမဂ်ဉာဏ်မှဖြတ်တယ်။ ဒါပေမယ့် ဦးပဏ္ဍိတကရတယ်လို့မပြောဘူး။ သဘောလေးဘဲ။ ဒီဝိပဿနာဉာဏ်က သမထမဟုတ်ဘူးနော်။ ဦးပဏ္ဍိတကအခုစာပေကျမ်းဂန်ဘာမှမတတ်ဘူး။ တတ်ချင်တယ်။ စာကဆရာတော်တွေနဲ့တွဲသင်လိုက်တယ်။ (ဒါဘာလဲဗျ)[၁] ကိုယ်ကတော့ အေးနေတယ်။ အာရုံနောက်မလိုက်တော့နော်။ အာရုံနောက်မလိုက်တော့ အေးနေပြီ။ ဟောဒီမနောတွေးကြည့်ပေ့ါ။ အဲ့ဒီတော့ သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေအလုံးစုံသောသင်္ခါရအနတ္တ၊ ဒါကံကိုဟောတာ။ ကံတရားရှိတယ်။ ဈာန်တရားရှိတယ်။ ဉာဏ်တရားရှိတယ်၊ သဘောပြောတာ။ ဉာဏ်တရား၊ ကံတရား၊ ဈာန်တရားကဘယ်လိုလဲ။ အေးပြောပြမယ်။ ဒါရတယ်လို့ပြောပြီးပြီ။ မင်းတို့အလုပ်သမားဖြစ်ပါစေ။ ဒါဒီကပြောယူမယ်။ ကံတရားဟောတဲ့ စိတ်၊ စေတသိတ်ကို ငါဝိပဿနာ၊ မဂ္ဂင်ရှစ်ပါးနဲ့ ငါကျင့်တယ်ကွ။ ရေးထားတယ်နော်တဲ့။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ အဲ့ဒါစိတ်နဲ့ဖြည့်ရမယ်နော်တဲ့။ ငါရဲ့မနောနဲ့ ဖြည့်ရမယ်နော်တဲ့။ ငါဘယ်လိုနေရမယ်။ ဘယ်လိုထိုင်ရမယ်။ ဘယ်လိုလုပ်ကြရမယ်။ ဘယ်လိုဖြည့်ရမယ်။ စာရေးထားတယ်နော်။ ငါစိတ်နဲ့ တစ်ထပ်တည်းဖြစ်ရမယ်။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ငါစိတ်နဲ့တစ်ထပ်တည်းဖြစ်ရမယ်။ အော် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သင်္ကပ္ပသဘော ဒိဋ္ဌိကို ဒိဋ္ဌိဆိုတာငါ၊ အာရုံယူတာပေ့ါ။ ဒါစိတ္တာနုပဿနာ (၃၁) ဘုံပြတ်တဲ့ (၃၁) ဘုံပြတ်တဲ့လမ်းကိုပြလိုက်တာ။ ဒါစိတ္တာနုပဿနာ၊ ကာယာနုပဿ၊ ဝေဒနာနုပဿနာ၊ မဟောသေးဘူး။ စိတ္တာနုပဿန ဟောလိုက်တာ။ စိတ်ကနေ ဓါတ်ဖြစ်သွားတာ။ အဲ့ဒီတော့ စိတ်၊ စေတသိတ်ကို ငါပယ်လိုက်ပြီတဲ့။ ဟိုမှာသမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပနော်။ ဦးပဏ္ဍိတရတယ်မပြောဘူး။ သင်္ကပ္ပကူးလာတဲ့အခါမှာ ဒိဋ္ဌိကိုသိ သွားပြီ။ အဲ့အာရုံမယူတော့ဘူး။ အပြင်အာရုံနဲ့ အတွင်းအာရုံမပေါင်းတော့ဘူး။ အဲ့ဒီဒိဋ္ဌိသတ်မှ ဈာန်ဖြစ်သွားတာ။ ဘာလဲ။ ဓါတ်တွေ ဓါတ်လေးပါး အဲ့ဒါဈာန်ခေါ်တယ်။ မှတ်ထားဦး။ ဓါတ်ပါသတ်ပလိုက်တာ။ ဟော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဓါတ်လေးပါးလဲသိမှ စာလိုဆိုရင်တော့ သွေးရယ်၊ သည်းခြေရယ်၊ လေရယ်၊ သလိပ်ရယ်။ အဲ့ဒါလုပ် ပလိုက်တာ။ ဉာဏ်ရှိတာကိုးဗျနော်။ ရေးထားတာ ကံစိတ်ဥတု အာဟာရနော်။ အတွင်းမှာဓါတ်လေးပါးရှိတယ်။ အဲ့ဒီတော့ အဲ့ဒီလိုစိတ်၊ စေတသိတ်နဲ့ သတ်လိုက်တဲ့အခါ အတွင်းကဟောဒီကိလေသာမှာရှိတဲ့ ဓါတ်ကိုပဲ တစ်ခုတည်းဖြစ်အောင်လုပ် ပစ်လိုက်တာ ဘယ်သူသိမှာလဲ။ ဒါကြောင့်မို့ ခင်ဗျားတို့ (မလာနဲ့ကွာ)[၁] ဟော လာပြန်တော့လဲ။ ဘယ်လိုလုပ်ရမလဲ။ အာရုံနဲ့ပြန်ပေါင်းရတယ်။ အာရုံနဲ့စက္ခုအာရုံ ပေါင်းတဲ့အခါကျတော့ (အေး အေး အေး)[၂] သမ္မာနဲ့ပြန်ပေါင်းထားတယ်။ မဂ္ဂင်မှာရှိတဲ့ သမ္မာနဲ့ ပြန်ပေါင်းထားတယ်နော်။ သမ္မာလေးနဲ့ ပြန်ပေါင်းထားတယ်။ အဲ့ဒီတော့ သူဟာဒိဋ္ဌိဝင်နေပြီ။ ပယ်လိုက်ပြီ သမ္မာလေးနဲ့ပေါင်းထားတာ။ စေတနာနဲ့ ပေါင်းထားတာ အယုတ်အလတ်အမြတ်မရွေး အဲ့ဒီစေတနာနဲ့ ပေါင်းထားတာ။ အဲဒအေးမင်းတို့ပြန်ကြဆိုတော့ နှုတ်ခမ်းစပ် မှာဒကာ၊ ဒကာမတွေပြောဆိုပြီးတော့ နှုတ်ခမ်းစပ်မှာ ဘယ်လိုလှမ်းတယ်။ အလယ်ကိုလှမ်းတယ်။ ဟော မနောကြည့်လိုက်တော့ ပိန်းပင်များလိုဘဲ အပြင်တော့ထွက်တာဘဲ။ အတွင်းတော့သူ ပြောတယ်။ ပြောတယ်။ ကြိုက် တဲ့အလုပ်ကိုလုပ်သွား။ အဲ့ဒီတော့ ဒီကိလေသာရဲ့ ဝဋ်၊ ကမ္မရဲ့ဝဋ်၊ ဘဝရဲ့ဝဋ်၊ ဝိပါကရဲ့ဝဋ် ဟော ခင်ဗျားတို့ အဖွဲ့သမားတွေက

အာရုံပေါ်မှာဘာနဲ့ယူထားတယ်။ ဟောဒါငါ့သမီး၊ ဟောဒါငါ့သား၊ ဟောဒါ ငါတိုက်၊ ဟောဒါ ငါ့ပစ္စည်း၊ အဲ (၃၁) ဘုံလည်ပြီး ဒါကြောင့် အမှတ်နဲ့ယူတာကိုးဗျ။ အဲ့ဟောဒါလေးက ငါ့သမီးဘဲ ဟောဒါလေးက ငါ့သားဘဲ ဟောဒါလေးက ငါ့မယားဘဲ။ တဏှာဖြစ်ဖို့နော်။ ဒီအမှတ်သညာကြောင့် ဥပါဒါန်တွေဖြစ်ကုန်တာဟာ ရင်ဝလုံနဲ့စူးတာ ဘာရှိလို့လဲ။ တဏှာ၊ မာန၊ ဒိဋ္ဌိ (၃၁) ဘုံလည်တဲ့ အယူဝါဒတွေ၊ မိစ္ဆာဖလာရဲ့ အယူဝါဒတွေနော် စာမတတ်လို့ မိစ္ဆာဖလာရဲ့ အယူဝါဒယူပါ။ သမ္မာနဲ့ယူပါ။ သမ္မာလေးနဲ့ယူပါ။ မင်းအပါယ်ပိတ်လိမ့်မယ်။ အပါယ်လေးဝ ပိတ်လိမ့်မယ်။ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ ဒီလိုဒိဋ္ဌိတွေနဲ့ ခင်ဗျားတို့ သိပ်အစွဲကြီးတာဟာ သားသမီးများပျောက်သွားလို့က ခြေထောက်ကို ထခုန်တာဘဲဗျို့ တောင်းပန်လို့တောင်မရဘူး။ ဒါလမိုင်းတိုက်တာနော်။ ကုန်းလမိုင်း၊ ရေလမိုင်း၊ အာကာလမိုင်းတဲ့စာက ရေးထားတယ်ဟာ။ တောင်းပန်းလို့မရဘူး။ ရှူး ရှူး ရှူး နဲ့ ရိုက်ထုတ်တာ ဒို့တော့ မသင့်တော်ဘူး မစဉ်းစားဘူး။ မစဉ်းစာတာမောဟကြည့်စမ်း။ ခင်ဗျားတို့ရဲ့ သီလအဲ ခင်ဗျားတို့ရဲ့ သီလကဘာလဲ။ သူများအသတ်မသတ်ပါဘူး။ သူများပစ္စည်းမခိုးပါဘူး။ သူများသားမယား မဖျက်ဆီးပါဘူး။ သေရည်သေရက် မသောက်ပါဘူး။ ဝိကာလဘောဇနာ မစားပါဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန၊ တီးခြင်း၊ မှုတ်ခြင်း၊ နံ့သာလိမ်းခြင်း၊ မဖွယ်မရာမလုပ်ပါဘူး။ ရှောင်ရှားတဲ့သီလ၊ အဲ့ဒါရှောင်ရှားတာ၊ စာတတ်တော့ ရှောင်ရှားဟာ၊ အပြင်အာရုံတွေ အကုန်လုံးရှောင်ရှားတာ၊ မကောင်းတဲ့ ဒုစရိုက်တွေ မလုပ်ပါဘူး အဲ အဲလိုသီလတွေယူထားပြီးတော့ ဟော အိမ်မှာ သားလေးကမြွေကိုက်ရော ဟောမြွေကိုက်တော့ အဲ့ဒီသီလယူထားတာတွေ ဘယ်ရောက်သွားပါလိမ့်။ ဒီမှာ ဥပါဒါန်ချက်ခြင်းဖြစ်သွားပြီ၊ (အစွဲတရား)၂ (တဏှာ)၂ အဲ့ဒီတဏှာကြောင့် ဥပါဒါန်ဖြစ်သွားပြီ၊ အဲ့ဒါ (၃၁) ဘုံလွတ်တာမှတ်ထား အဲ့ဒါဝိနည်းမဟုတ်ဘူး။ အဲ့ဒါမဂ္ဂင်ကလာတဲ့ သီလတွေ၊ မဂ္ဂင်ကလာတဲ့ သမာဓိတွေ၊ မဂ္ဂင်ကလာတဲ့ ပညာတွေ အစ်သီလ၊ အစ်စိတ္တ၊ အစ်ပညာ ခင်ဗျားတို့ စာရေးထားတယ်။ အစ်သီလဆိုတာဘာလဲ၊ အစ် စိတ္တဆိုတာ ဟာလဲ။ အစ်ပညာဆိုတာ သညာမဟုတ်ဘူး။ ပညာခေါ်တယ်။ ဘယ်ကရလဲ ရုပ်နာမ်ကိုသိကွာ ပညာခေါ်တယ်။ ပညတ်နဲ့ ပရမတ် အဲ့ဒါသိတာ။ ဟာ အဲ့ဒါမှ ဘုန်းကြီးအစစ်ခေါ်တာနော်။ ခင်ဗျားတို့ လူ (၁၀) ယောက်လာတယ်။ တစ်ယောက်နဲ့တစ်ယောက် အသိတူပါ့မလား။ မေးပြီလေ။ မင်းတို့စာတွေနင်းကန်ဖတ်တယ်၊ မှတ်လဲမှတ်တယ်။ ငါလက်ခံတယ်။ လက်ခံတယ်ကွာ။ မင်းငါပြောတယ်ကွာ။ စာနဲ့ပတ်သက်တဲ့ ဝိပဿနာရှိတယ်ကွာ။ ခန္ဓာကသိတဲ့ ဝိပဿနာ ရှိတယ်ကွ။ မှတ်ထားတဲ့ မင်းစာမမှတ်နဲ့ကွ။ အဲ့ဒီဟာ အဲ့ဒီစာတွေကို အဲ့ဒီအကျင့်ကို ငါကျင့်လို့ရတယ်ကွ။ ငါသိတာကွ။ မပယ်ဘူးကွာ။ ဒါပေမယ့် စာနဲ့စိတ်နှစ်ခုမှန်မှ အရိယသစ္စာခေါ်တာကွတဲ့။ အဲ့စာတော့မှန်တယ်တဲ့။ စိတ် မမှန်ရင်တဲ့ သမုတိသစ္စာတဲ့။ ဒါကြောင့်မို့ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ၊ ဈာန်တကယ်ရှိတာ၊ ဈာန်ဝင်စားတော့ အဲ့ဒါလောကီအကြောင်း သတ်ပစ်လိုက်တာ၊ စိတ်နဲ့စေတသိတ် သတ်ပစ်လိုက်တာ ဒါကို ဓာတ်လေးပါးနဲ့ တစ်ခုတည်းလုပ်တာ။ အဲ့ဒါ (သူ့ဟာသူ)၂ ရုပ်ချည်းနေတာကွာ။ စိတ်တန်ခိုးတွေ သွားနေတာ ခင်ဗျားတို့ကျင့်တဲ့သူပြောသွားတာ ကျင့်တဲ့သူသိလိမ့်မယ်နော်။ ဝိဇ္ဇာစရဏသမ္ပန္နောတဲ့ ရေးထားတယ်။ ဒီကိစ္စတွေဟာ အဲ့ဒီတော့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဘယ်ကံကသံသရာလည်သလဲ။ အဲ့ဒီနောကံကလည်တယ်။ မနောကံက ဘာကြောင့်လည်သလဲ။ ကံဆိုတာ ဥပါဒါန်အစွဲဘဲ။ စာမတတ်လို့နော်။ အဲ့ဒီမနောကံက သံသရာလည်တာဘဲ။

ဘာဖြစ်လို့လည်းသလဲ။ အခုပစ္စုပ္ပန်ဘဝမှာ ပစ္စုပ္ပန်တည့်တည့်မှာ နေလိုက်တော့ မင်းမသိဘူးလား။ မင်းကြားလိုက်တော့ မင်းမသိဘူးလား။ နံလိုက်တော့ မင်းမသိဘူးလား။ သိပါတယ်ဘုရား။ အဲ့ဒါသိတာ စိတ်ကလေးဘဲ အဲ့ဒီဟာလေးကို မင်းမမှတ်ဘူးလား။ မင်းကြားလိုက်တော့ မင်းမသိဘူးလား။ နံလိုက်တော့ မင်းမသိဘူးလား။ သိပတယ်ဘုရား။ အဲ့ဒါသိတာ စိတ်ကလေးဘဲ။ အဲ့ဒီဟာလေးကို မင်းမမှတ်ဘူးလား။ အရာဝတ္ထုကို မင်းမမှတ်ဘူးလား။ မင်းအဲ့ဒီဓါတ်ဘူးမမှတ်ဘူးလား။ အဲ့ဒီသပိတ်မမှတ်ဘူးလား။ မှတ်ပါတယ်ဘုရား။ အေးတော်ပြီလေ။ ကောင်းတယ်ကွာ။ ယူထားတာနော်။ ပညာနဲ့ယူထားတာ။ ဒါကြောင့်မို့သမ္မာအပယူယူပါ။ သမ္မာမှန်ရင် အပါယ်ပိတ်တယ်။ မှတ်ထား။ ဉာဏ်သုံးရင် (၃၁) ဘုံလွတ်တယ်။ အဲ့ဒီတော့သဘောလေးပြောမယ်နော်။ သူသိသွားပြီ။ ခင်ဗျားတို့ချွတ်ပါဆို ချွတ်ပေးလိုက်မယ်။ ဒီသက်နိုးကို ဒါပေမယ့် ဒီသက်နိုးပေးဝတ်တာဟာ ဘာကြောင့် သူများအတွက်လား။ မင်းတို့အတွက်လား။ အဲ့ဒါမင်းတို့စဉ်းစားဖို့ကောင်းတယ်။ မင်းတို့အတွက်လား။ ငါ့အတွက်လား ဆိုတာ မင်းတို့စဉ်းစား။ ဟာအဲ့ဒီတော့ အဲ့ဒါကိုငါဘယ်နှယ့်မှုလဲမလုပ်တတ်ဘူး။ မင်းချွတ်ပေးပါဆို ချွတ်ပေးလိုက်မယ် အခု။ အခု ဘာသာ၊ သာသနာ ဒါကာယကံ၊ ဝစီကံ၊ ပညတ်ကို ဉာဏ်နဲ့လာပြတာကွ။ မင်းတို့ လှူသမျှ တန်းသမျှ ပိုက်ဆံ ငါဒီအာရုံနောက်လိုက်သေးလား။ မလိုက်လာဘူး။ ငါပဲသိတယ်။ စာတော့မတတ်ဘူး။ ဒါကြောင့်မို့ ဒီဝိပဿနာ တရားကိုကျင့်ကြ၊ ကြံကြ၊ အားထုတ်ကြ၊ ခင်ဗျားတို့ (အချိန်)၂ ကကံကုန်ရင်၊ ပြန်ရမယ်တဲ့။ ဘုရင်လဲပြန်ရမှာဘဲ။ ခင်ဗျားတို့ ဘုန်းကြီးလဲ ပြန်ရမှာဘဲ။ ဦးပဏ္ဍိတလည်း ပြန်ရမှာဘဲ။ အဲ့ဒီတော့ ဒီ (သံသရာရဲ့ ကြွေးတွေကို)၂ ဆပ်ပေ တော့နော်။ ခင်ဗျားတို့အဲ့ဒါ အဲ့ဒီတော့ (ဒါကြီးက)၂ ရထားတာ ကိလေသာဝဋ်ရဲ့ ဝဋ်ကောင်ကြီး သိပ်ကြောက်ဖို့ကောင်း တယ်။ မသိလို့ ကိလေသာဝဋ်ကြီး အမျိုးမျိုး (ဒုက္ခပေးနေတယ်)၂ ကိုယ့်ရုပ်ကကိုယ့်ပြန်ပြီးတော့ ဒုက္ခပေးနေတယ်။ ကိုယ်မှမဆိုင်ဘဲဗျာဘဲ။ နိဗ္ဗာန်ကတော့ ရုပ်နဲ့နာမ်မရှိဘူး။ သွားပြီသဘောလေးပဲ ဒါခင်ဗျားတို့ပြန်ပြောတာ ဘာမှမဆိုင်ဘူး။ ခင်ဗျားတို့တွေးကြည့် ဘာလဲဘာတွေတွေ့ရလဲ။ ကိလေသာရဲ့ဝဋ်နော်။ ကိလေသာနဲ့ ဝဋ်၊ ကာမဝဋ်၊ သံယောဇဉ်ရဲ့ဝဋ်၊ အာရုံရဲ့ဝဋ်၊ အဲ့ဒါလဲသွားစွဲတယ်။ ဝဋ်နှစ်ခုမလွတ်တော့ဘူး။ ကိလေသာဝဋ်ဆိုတာကအာမလေး အောင်မလေး အောင့်လိုက်တာ ဆေးရုံကြီးသွား အရက်ဖြတ်တယ်။ အထဲက ဘယ်လို အဲ့ဒါ (ရုပ်ကဖောက်ပြန်တယ်၊ နာမ်ဆင်းရဲတယ်)၂ ဒီရုပ်ကို လိုချင်သေးလား။ နမ်ကြောင့် ရုပ်ဆင်းရဲတယ်။ ဟာလုပ်ကြပါဦးဗျို့။ အဲ့ဒီဟာ အလယ်ကသွားတယ်။ ခင်ဗျားတို့သေသေချာချာ ဖအေလို အစ်ကိုလို မအေလို အောက်မေ့လို့ပြောသွားတာ။ ခင်ဗျား တို့ဆီက ဘာမှယူသွားတာမဟုတ်ဘူးနော်။ ခင်ဗျားတို့ကြိုက်မှလှူ မကြိုက်ရင်မလှူနဲ့။ သွေးသားနဲ့ပတ်သက်တဲ့ ရောဂါ အဲ့ဒီတော့ ဒေါက်တာဆီသွားပေတော့ကွာတဲ့။ ပယောဂနဲ့ ပတ်သက်တဲ့ တောင်ပိုင်၊ ကွင်းပိုင်တစ္ဆေ သရဲ ယက္ခ၊ ဂုမ္ဘာန်၊ ဂန္ဓဗ္ဗ အဲ့ဒါပယောဂ ရောဂါတွေ ငါ့ဆီ (လာခဲ့တဲ့) အချိန်မီသာလာခဲ့တဲ့။ တစ်ရက်နှစ်ရက် ပြောဦးမယ်ကွာ။ မင်းတို့ လာခဲ့ကွာ။ ပျောက်ပျောက် မပျောက်ပျောက်ကွာ။ ပျောက်ပါတယ်။ မပျောက်ဘူး ငါမပြောဘူး။ မင်းကံတရားပဲကွာ။ လာခဲ့တဲ့။ ဒီလိုခေါ်ယူပြီး ပျောက်သွားတယ်။ နိုင်ငံခြားသွားတယ်။ ဦးပဏ္ဍိတက ဘာမှ တရားဟောတာမဟုတ်ဘူး။ သူတို့ရဲ့ရောဂါတွေ ပျောက်သွားလို့သိန်းပေါင်းမြောက်များစွာ လှူတယ်။ ဟောင်ကောင် ကလဲပေးလိုက်တာ ဘာမှပြောတာမဟုတ်ဘူး။ အဲ့ဒီကပိုက်ဆံတွေရလာပြီးတော့ ဗမာပြည်မှာ သာသနာကို ဘယ်နေရာ ဘုရားတည်တယ်။

ဘယ်နေရာမှာ ဘာလုပ်တယ် လိုက်ကြည့်ခွက်ထိုးပြီးခံတဲ့ကောင် မဟုတ်ဘူးနော်။ ပြောင်ပြောလိုက်မယ်နော်။ ချွတ်ဆိုချွတ်ပေးလိုက်မယ်နော်။ မင်းတို့ဒီဘုရားကြီးဟည်းနေတာ မင်းတို့မြင်တာမဟုတ်လား။ မင်းရဲ့စေတနာမှန်ဖို့လိုတယ်။ ငါတောင်းစရာမလိုဘူး။ ထည့်ပါလို့ ငါပြောစရာမလိုဘူးနော်။ မင်းတို့ ပုပ္ပ၊ မုဥ္စ၊ ပရဆိုတဲ့ စေတနာသုံးတန် မင်းတို့စေတနာသုံးတန်ကို ကြားပြီး ငါ့ပြောစမ်းဘာ။ ဟိုကလဲ ဓမ္မအစစ်ဖြစ်သလား။ ငါ့ပြောစမ်း။ ဟာအဲ့ဒီဓမ္မကလည်း အစစ်ဖြစ်ရမယ်။ စေတနာသုံးတန်ကလည်း အစစ်ဖြစ်ရမယ်။ ကုသိုလ်လုပ်တယ်။ ဟောတုပစ္စယော ဝေဒနိယ၊ ဒိဋ္ဌလက်ငင်း မျက်မှောက်အကျိုးပေးတယ်။ ဒါဆုတောင်းတဲ့တရား မဟုတ်ဘူး။ ဆုတောင်းတာ ကံဟာဘုရား ဘုရား ဆုတောင်းတယ်။ တပည့်တော် မင်္ဂ၊ ဖိုလ် ရပါလို၏။ တပည့်တော်ဘာဖြစ်လိုပါ၏။ ဆုတောင်းတာ (အမျိုးအစားရှိတယ်)၂ ဆုတောင်းတာ ဦးဇင်းသဘောလေးပြောပြမယ်။ အမျိုးအစားအဲ့ဒီ ဒကာမကြီးက ကျင့်ဆဲကျင့်လတ္တံ့ လျှောက်ဆဲလျှောက်လတ္တံ့ သွားဆဲသွားလတ္တံ့ ဝိပဿနာ၊ သမ္မာဝါစာ သမ္မာ ကမ္မန္တာ၊ သမ္မာအာဇီဝ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ လမ်းမဆုံးသေးဘူး။ သူ့မှာရောဂါရှိတယ်။ ရနေတယ်။ သူလဲသေမှာကို သိနေတယ်။ အဲ့ဒီတော့ ဆုတောင်းတယ်။ အလုပ်မရှိတော့ ဆုတောင်းတာမှတ်ထား အလုပ်လဲမရှိ ဘာမှမရှိဘဲ သွားဆုတောင်းနေတယ် (ခင်ဗျားကို)၂ စိတ် ခင်ဗျားတို့စစ် ဆုတောင်းတာ ကောင်းတတ်ဖို့လိုတယ်။ အဲ့ဒီတော့ (သီလဆိုတာ)၂ မှန်တယ်ဗျ။ သမာဓိဆိုတာလဲမှန်တယ်ဗျ။ ပညာဆိုတာလဲ မှန်တယ်ဗျ။ ပညတ်ဆိုတာလဲ မှန်တယ်ဗျ။ ဟာ အကုန်မှန်တာချည်းပဲ။ အဲ့ပညာဆိုတာလဲ မှန်တယ်ဗျ။ ပညာဆိုတာ ပယ်လို့မရဘူး။ ပယ်အပ်တဲ့တရားမဟုတ်ဘူး။ သိအပ်တဲ့တရားတွေ၊ ကိုယ်ကသိရမယ်။ ယုံကြည်ရမယ်နော်။ သူများအကြောင်း ကိုယ့်အကြောင်း မလုပ်နဲ့။ မြင်လိုက်တဲ့အကြောင်းကြားလိုက်တဲ့ အကြောင်းနဲ့လိုက်တဲ့ အကြောင်း ခင်ဗျားတို့ ကြည့်နေကြည့်စားဟာ (အပါယ်လေးပုံကို မရောက်စေနဲ့)၂ ဟာခုန သက္ကာယအယူ၊ မိစ္ဆာအယူတွေဟော အာရုံမှာပြုလိုက်တယ်။ ဟော ကိုယ်မှာ ကတဏှာ ကိလေသာမှာ တဏှာကပ်နေတယ်။ တခါတည်းမှန်ကြည့်တာလိုမျိုး ဒီကောင်က ဘာဂရုစိုက်ရမှာလဲ၊ ဒီကောင်ဘာကောင်လဲ မစားရ မသောက်ရနဲ့ မိစ္ဆာ၊ သမ္မာယ မဟုတ်ဘူးကြည့်စမ်း။ အဲ့ဒါပဲလဲ၊ တဏှာက အဲ့ဒီနှစ်ခု ဘယ်သူကလုပ်လိုက်လဲ ဒိဋ္ဌိက အာရုံနဲ့ မနေပါင်းတော့ သခ်ီရတွေဖြစ်ကုန်ပြေ၊ ဟိုင်းအာရုံမလွှတ်ဘူး။ အာရုံလွှတ်တော့ အာသွက္ခညဏ်ရတဲ့သူက လွတ်ကာခင်ဗျားတို့ လိုက်ကြည့် လာမဲ့ရေပုလင်းလေးလာသောက်ကြည့် ခင်ဗျားတို့ ရောဂါတွေရှိတာလာတိုက် (လွှက်ခြောက်က)၂ ဆေးဖြစ်တယ်။ ရေကဆေးဖြစ်တယ်။ ပုန်ကဆေးဖြစ်တယ်။ လာမဟုတ်တာမဟုတ်တာမလုပ်ဘူး။ ငါပိုက်ဆံလဲယူစရာမလိုဘူး။ နင်တို့ကငါ့ကိုယမင်းလိုက်ကျွေးတာ နင်တို့ကျေးဇူးတွေ အများကြီးရှိတယ်။ ဆပ်သွားတော့မှာ ဒီဘဝမှာနော်။ သတ္တလောက၊ ဩကာသလောက၊ သခ်ီရလောက၊ လောကသုံးပါး အခု သခ်ီရလောကနယ်ထဲမှာဟာ အဲ့ဒါတွေ၊ ဟုတ်တယ်ဗျို့။ စာနဲ့ နှလုံးသားနဲ့ကြည့်ရမယ်။ ဒါမှ အရိယာ ဖါမှ ဒီတရားကိုဖော်တာ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟုတ်လား။ ဟုတ်ရင် ဒုက္ခသစ္စာ ဘာလဲကွ ပြောကြ ဒုက္ခသစ္စာဆိုတာလေတဲ့ မင်းအခုရထားတဲ့ ရုပ်အဲ့ဒါဒုက္ခကွတဲ့။ အဲ့ဒီရုပ်ကြီးက ကိလေသာရုပ်ကြီးက (ကိလေသာ)၂ ဝဋ်ကြီးဖြစ်နေပြီကွ။ ဘာဖြစ်လို့ ဝဋ်ကြီးဖြစ်နေလဲ မင်းကံက ကံကိုမပြတ်လို့တဲ့ ဟောဒီဘဝ အတိတ်ရဲ့ ကံ၊ ပစ္စုပ္ပန်ရဲ့ကံမင်းမဖြတ်ဘူးတဲ့။ မင်းမှာ ဘာကလွှမ်းမိုးထားလဲ တဏှာကလွှမ်းမိုးထားတယ်။ ဟာ အဲ့ဒီရုပ်ကတဏှာ

ဖြစ်နေပြီ။ အဲ့ဒီရုပ်ကြီးမှာ တဖျာကပ်နေတယ်။ ညာဏ်နဲ့ကြည့်မှ ဟာ ဈာန်နဲ့ကြည့်လို့မရဘူး။ ပြောပေးလိုက်မယ်။ သမ္မာနဲ့လုပ်နေရတယ်။ သမ္မာ လုပ်ငန်းရှိတယ်၊ စာသမား၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ ဒါတွေဟာ သမ္မာလေးနဲ့သွားနေတာ ဟာ အဲ့ဒီတော့မှ ကာယသတိပဋ္ဌာန် ကာယ အပေါ်မှာ ရှိတဲ့ကာယကံ၊ ဝစီကံ၊ မနောကံ၊ တခါတည်းအကျင့်မြတ်နဲ့ တထပ်တည်းဖြစ်အောင်လုပ်နေတာ ဘယ်မှာလဲ (ဒီလိုစိတ်ကိုကျင့်ထားမှ စိတ်အကြောင်းကိုသိတာ)[၂] စိတ်ကိုမကျင့်ဘဲနဲ့ ဟာ အဲ့တာကြည့်သာနေတာ။ ဦးဇင်းက စာမတတ်ဘူး။ ဒါပေမယ့် ခင်ဗျားတို့ဖအေလို မအေလို အောက်မေ့တယ်။ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြဟ္မစိုရ်တရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေရာဇမာန်တွေ ခနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဗလမာန်တွေ ဟော ဗလဆိုတာ သူကဗလရှိတာကိုးဗျ။ ရုပ်အားကိုးတယ်။ ရုပ်အားကိုးပြီးတော့ ငါဘယ်သူကြောက်ရမှာလဲ။ ဟော တွေးကြည့်ခင်ဗျားတို့နော်။ ငါဘယ်သူ ကြောက်ရမှာလဲ။ ဗလကသိပ်ကောင်းတယ်။ ဟိုဘုရား ကောင်းသွား။ ဗလမရှိတော့ဘူး။ ဝေဒနာတွေဖြစ်ပြီး တွေ့လား။ ဒီစိတ်ကလေးက ပျောက်ပျောက်သွားတယ်။ အဲ့ဒီတော့ အဲ့ဒီစိတ်ကလေးကို ဘာလဲဆိုတာသိအောင် ကျင့်ရမယ်။ အဲ့ဒီတော့ ပရမတ်ကို ကူးတော့မယ်။ ဘယ်သူသိလိုက်လဲ။ အဲ့ဒါ လာဟောတာ။ အဲ့ဒါသူနေတာ ထိုင်တာတော့မတတ်ဘူးပေါ့ဗျာ။ အေး လုပ်တယ်ကွ။ မလိမ်ပါဘူး။ သစ္စာထား မလိမ်ဘူး။ လိမ်တဲ့တရားမဟုတ်ဘူး။ နားလည်လား။ ချွတ်ရမလား။ ချွတ်ဆိုချွတ်ပေးလိုက်မယ်။ သူ့ကို (ဘယ်လို)[၂] ဖျားယောင်းပြီး တော့ ဒိသာသနာနဲ့ ပတ်သက်ပြီးတော့ သူ့ကို ဘာလိုပရိယာယ် ဘာလုပ်မလဲ ငါပရိယာယန်လုပ်တာမင်း မင်းအရင်က မြင်တယ်မလား။ ဆူးပေါ်ဖက်ကျဖက်ပဲပေါက်တယ်။ ဖက်ပေါ်ဆူးကျ ဖက်ပဲပေါက်တယ်။ ငါမှန်ရင် (မင်း)[၂] ကြည့်သာ နေပေတော့ လူအမျိုးမျိုးကွတဲ့။ အရက်သမား ခင်ဗျားတို့တွေးကြည့် ခင်ဗျားတို့ဘုရား ဘာတွေဖြစ်သွားလဲ။ အာ ဦးဇင်းကတော့ ဘုရားတော့မဟုတ်ဘူးပေါ့ဗျာ။ ဥပမာ ဥပမေးနဲ့ပြောရမယ်။ အဲ့ဒီလိုပေါ့ ငါ့အမေရဲ့ ကိလေသာ ငါချွတ် ရမယ်ကွ။ ငါ့အစ်မကြီးရဲ့ ကိလေသာ ငါချွတ်ရမယ်။ ရမှာ မရမှာတော့မသိဘူးပေါ့။ ချွတ်တာတော့ ငါ့တာဝန် အဲ့ဒီတော့ သူ့အကြောင်းငါ ဘာလေးတွေ ညာလေးတွေ သူ့ကို ကောင်းကောင်းမွန်မွန်ထား၊ ကောင်းကောင်းမွန်မွန်နေ သူတတ်ထားတဲ့ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိကတော့ တဖြည်းဖြည်းကျဉ်းမြောင်းလာတယ်၊ သမ္မာဖြစ်တယ်၊ အပယ်ပိတ်လဲ ပိတ်တယ်။ တော်ရောပေ့။ အဲ့ဒါကို အဲ့ဒီလိုဦးပဏ္ဍိတက ဝိနည်းမထိုက်ဟော တစ်မျိုးထင်နေတယ်ဗျို့။ အဲ့လို တကယ့် ခင်ဗျားတို့ကောင်ပိုင်တို့ ကွင်းပိုင်တို့ တချွေတွေ၊ သရဲတွေရှိပါတယ်။ စာထဲရေးထားတယ် (ရှိတယ်)[၂] နားထောင်နေ ခင်ဗျားတို့အဲ့ဒါကျင့်တဲ့သူက သိတယ်ဗျ။ ဘယ်လိုလုပ်ရမလဲ။ ခင်ဗျားတို့ဘယ်လိုလုပ်လို့ရမလဲ။ ဒကာ၊ ဒကာမတွေဟော ဒိထမင်းကျွေး၊ သင်္ကန်းဝယ်ပေး သူ့ပဲလာပြီးတော့ ပြောရဆိုရ လုပ်ရကိုင်ရပါတယ်။ ဟာ မင်းငါ့အမေကဘာ၊ သွားလို့ ပြောလို့ရတာမဟုတ်ဘူး။ ငါ့သမီးက ဘာပြောလို့ရတာမဟုတ်ဘူး။ ချော့ပြောရတယ်။ အဲ့ဘယ်လိုလုပ်မလဲ။ ဒါကြောင့်မို့ အယုတ်အလတ် အမြတ်မရွေး စေတနာဟာ ကံစေတနာ ခေါ်တယ်။ ကံစေတနာကံဆိုတာ ခွဲခြားတယ်။ သညာနဲ့ ပတ်သက်ပြီးတော့ ခွဲခြားတယ်။ ဟောဒါငါ့အမေပဲ၊ ဟောဒါငါ့အဖေဘဲ ဟိုကတော့ ငါ့ဥစ္စာ အဲ့ဒါသညာနဲ့ ခွဲခြားတော့ ကံဆိုတာ သညာနဲ့ ပတ်သက်တဲ့စေတနာ ည ခါတ်မီးတိုင်လိုပေါ်တယ်။ အဲ့ဒါခင်ဗျားတို့မနက်ဖြန်ကျ ဟော ရေပုလင်း

တွေ ယူလာခဲ့ လက်ဘက်ခြောက်တွေ ယုံရင်စားကြည့် ပျောက်ရင် ခင်ဗျားကံပဲ။ ခင်ဗျားပျောက်တာ ပိုက်ဆံပေးစရာ မလိုဘူး။ ခင်ဗျားတို့ကပေးတာ သာသနာကို ပြုတာ ခင်ဗျားတို့ကပြုတာ ဒကာ ဒကာမတွေက အဲ့ဒါသာသနာကို ခင်ဗျားတို့ ကောင်းတာလုပ်ပေပါ။ ဟောပေးပါပြုပေးပါ ခင်ဗျားတို့ ခေါ်လို့လာရတာ။ အဲခင်ဗျားတို့သိလို့ တာတွေ ဦးပဏ္ဍိတနားထဲ ဒီနေ့ရောက်တယ်။ တစ်ခါတည်းဟိုဒီကပြောရင် ကြိုပြီးလာတာမဟုတ်ဘူး။ ဒီနေ့လာတာမြောင်းမြက (၈) နာရီလောက်ကထွက်တာ။ ဒီကိုဘယ်လောက်ရောက်လဲ ဘယ်သိမလဲ။ တုံးလုံးလေးလှဲနေတယ်။ တံခါးပိတ်ထားတယ်။ ဟောဖွင့်ကြည့်လိုက်ရင် အတွင်းအာရုံနဲ့ သူကနေဟာနော်။ အပြင်မှာ (အော် အေး အေး အေး)[၂] (တောင်ပေါ်က)[၂] နေကြည့်ရင် တောင်အောက်အကုန်သိ မေးချင်ရာမေး သူပြောမှာဘဲ ရှာန်ဆိုတာသိ၊ ကံဆိုတာသိ၊ ဉာဏ်ဆိုတာသိ၊ အဲ့ဒါခင်ဗျားတို့ကြား အဲ့ဒါဝိပဿနာ မဂ္ဂင်လမ်း သွားနော် ပညတ်တရားရှိတယ်။ ပရမတ်တရားရှိတယ်။ (ပညတ်ကို မပယ်နဲ့)[၂] ပညတ်သွားမစွဲနဲ့။ စွဲရင်တော့ ပျက်စီးသွားလိမ့်မယ်နော်။ အဲ့ဒါပဲနော်။ သဘောလေးပဲ ခင်ဗျားတို့တရားထိုင် ကိုယ့်စိတ်ကို ကိုယ်စစ်တစ်ယောက်နဲ့တစ်ယောက် ညီအစ်ကိုအရင်း နှမရင်းသစ္စာလေးထားသူများမနာလို အကျိုးမရှိ၊ မစ္ဆရေးစိတ်၊ မနာလိုတဲ့စိတ် ကုက္ကုစ္စစိတ်၊ ဝန်တိုမစ္ဆရိယစိတ်၊ ဒေါသစိတ်၊ လောဘစိတ်၊ မောဟစိတ်၊ အာရုံ (မနော)[၂] ဒီမနောကိုစစ်ပါ။ ဒီမနောလုံးမှ (အလုပ်သီလ ခေါ်တယ်)[၂] အဲ့ဒါတွေကျင့်တာ ဦးဇင်းအကုန်ပြောသွားမယ်။ မနက်ဖြန်တနေ့ရှိသေးတယ်ဟ။ ဘယ်သူကပျက်ပျက် ကိုယ်မပျက်နဲ့။ (သည်းခံပါ)[၄] ကိုယ့်စေတနာမပျက်ပါနဲ့။ အာရုံပေါ်မှာ စေတနာမပျက်ပါနဲ့။ ကိုယ့်လပ် ကိုယ်ယူလိုက်တဲ့အမှုစေတနာ မပျက်ပါနဲ့။ ဒေါသမထွက်ပါနဲ့ (အတွင်းသီလကိုယူထားပါ)[၂] ဒေါသဖြစ်တာနဲ့ သမီးလေးသွားရိုက်တာ အဲ့ဒါတဏှာ၊ တဏှာကြောင့် ဒေါသဖြစ်တယ်။ ဟာ ဒေါသဖြစ်ရင် ခင်ဗျားမနောသီလပျက်ပြီ၊ မနောသီလလုံမှ အပါယ်လေးပါး ပိတ်မယ်။ ခင်ဗျားတို့ မနောကိုထိန်းထား အပြင်မှာသမ္မာနဲ့သုံး သမ္မာဝါစာအတွင်းမှာ ဉာဏ်လေးနဲ့သုံး။ ဟိုဟာကိုမယူနဲ့။ သမီးကိုဟိုကောင်က ရိုက်တယ်။ မဆွဲနဲ့ အော် (အေး အေး အေး) သွားမဆွဲနဲ့။ ဟိုကောင်က မိစ္ဆာ ကိုယ်ကသမ္မာဖြစ်အောင်လုပ်၊ အဲ့ဒါကိုယ်က အပါယ်ပိတ်တယ်။ ဉာဏ်လေးနဲ့သုံးပါ။ သူရိုက်တာကို ကိုယ်ကသွားပြီးတော့ တောက် ဒေါသဖြစ်ပြီးတော့ တုတ်ဆွဲ ဓါးဆွဲနဲ့ မလုပ်နဲ့။ အဲ့ဒါလာဟောတာ အဲ့လိုအပါယ်ပိတ်သွားမယ်ဆိုရင် ဒီကပ်က ခင်ဗျားတို့လွတ်တယ်။ ဒီပွဲကိုကြည့်ရမယ်။ ဟာ နှစ်ချုပ်တဲ့ ပွဲသာသနာ (၂၅၀၀) မှာ ဒီပွဲရှိတယ်။ သေချာလေးပြောသွားမယ်။ ခင်ဗျားတို့နေတာ ထိုင်တာ မှန်ဖို့လိုတယ်။ သူများတွေမလုနဲ့။ မတိုက်နဲ့၊ အရက်တွေမသောက်နဲ့။ လောင်းကစားတွေ မလုပ်နဲ့။ ဘုရားက မကြိုက်ဘူး။ နတ်တွေကလည်း မကြိုက်ဘူး။ အဲ့နတ်မကြိုက်လို့ ဘုရားကမကြိုက်တာ မှတ်ထားခင်ဗျားတို့ ကိုယ်စောင့်နတ် ကြိုက်တယ်။ မသိလို့ ခင်ဗျားတို့မသိလို့ ကိုယ်စောင့်နတ် ကြိုက်တယ်နော်။ ဒါတွေသိပ်အရေးကြီးတယ်။ နေတတ်ဖို့ ဒီဘဝပြတ်မလား။ ဒီရုပ်ကြီးက အဲ့ဒီရုပ်ကြီးက ဝဋ်ကြွေးကြီးကိလေသာ ဝဋ်ကြီး ဟိုးအတိတ်က ဘဝအနန္တရက (ကံမပြတ်ခဲ့ရဘူး။ နော် အဲ့ဒီကံမပြတ်တော့ ဒီဘဝမှာ ဟောဒီကံပဲ။ ဒီရုပ်ရတယ်ဗျို့ အဲ့ဒီရုပ်ရတယ်ဗျို့ အဲ့ဒီရုပ်ရတာ အဲ့ဒီရုပ်မှာ (တဏှာပါနေတယ်။)[၂] တဏှာနဲ့ ကိလေသာနဲ့ တွဲနေတယ်။ အဲ့ဒါဉာဏ်အမြင်ရမှ သဘောပေါက်တယ်။ ကံနဲ့ကတော့ အဲ့ဒါသဘောလေးပြောတာ (အဲ့ တဏှာက)၂ သမီးလေးသူများရိုက်တယ်။ သားလေးသူများရိုက်တယ်။ ဟော ဖအေက (ကာဆီး)[၂] နဲ့သားသမီးစွဲတာ တဏှာဗျ။ ခင်ဗျားတို့ ဒါကိုမပြောနဲ့။ ဝေသန္တရာမင်းကြီးဟာ သားနဲ့သမီးကို

လျှုလိုက်တဲ့အခါကျတော့ (ပုဏ္ဏားက)ᐟ ဆင်းလာပြီးတော့ သူ့ရှေ့မှာသူသားတွေ သမီးတွေ ရိုက်တော့ ဝေသန္တရာ သံလျက်ဆွဲတာ ဘာလဲတဏှာကြောင့် မာန်ဖြစ်သွားတယ်။ တွေ့လား ကိုယ့်စိတ်ကလေးကို (ဉာဏ်လေးနဲ့ သုံးပါ)ᐟ အော် (ဘုရား)၂ ငါစွဲမိတော့မလို့ ကိုင်းတဏှာကြောင့် တဏှာလက်သမား ယောက်ျားတအာဝ (ဒီဘဝမှာ သူတဏှာ မပြတ်ဘူး)၂ ဘဝအတိုတိုမှာ ဟောဒီတဏှာ ဒီရုပ်ကိုရဦးမယ်၊ ခွေးရုပ်ရမယ်။ ကြက်ရုပ်ရမယ်။ ဟာ အကုန်လျှောက်စွဲ တာ ခင်ဗျားအပေါ်မတူတည်တယ်။ ဒီလောက်ဆိုသိပြီပေါ့ဗျာ။ သာဓု .... သာဓု .... သာဓု

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
၀၉-၂၅၀၄၃၂၀၅၀၊ ၀၉-၇၉၄၅၀၆၅၉၅
၀၉-၂၅၁၆၂၀၁၂၈၊ ၀၉-၄၄၇၅၇၂၃၅

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း
(ဝိသုဒ္ဓိကျောင်း)အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ နှင့် အောင်သစ္စာ
ဝိသုဒ္ဓိ မှ ဝိမုတ္တိ
ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၉၇)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-794506595
09-251620128, 09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ်(၉၇)

စာပေကျမ်းဂန်မတတ်ဘူး။ ဘာမှမတတ်ဘူး။ အဲဒီတော့ အားလုံးရှိတဲ့ သံဃာတော်အရှင်မြတ်၊ ဒကာ၊ ဒကာမ၊ ဒကာလေးတွေ၊ ဒကာမလေးတွေ ဦးဇင်းက စာမတတ်တော့ သဘောနဲ့ အသိလောက်ပြောပြမှာပေါ့ဗျာ။ မှားယွင်းလို့ရှိရင် သူ့ စာပေကျမ်းဂန် ဘာမှမတတ်ဘူး။ သူက အသိတရားစိတ်ပိုင်းနဲ့ပတ်သက်တဲ့ သဘောလေးကို သူပြောပြမှာပါ။ ဒီစိတ်ကလေးဟာ ဘယ်လိုသဘောလဲဆိုတာကို သဘောလေးလောက် ဦးဇင်း ပြောပြပါမယ်။ ဘုရားဟောတဲ့တရားက သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စတဲ့၊ သဗ္ဗေ အလုံးစုံသော သင်္ခါရဒုက္ခတဲ့၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တတဲ့။ ဒါ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ် လက္ခဏာရေး(၃)ပါးလို့ခေါ်တယ်။ သဗ္ဗေဆိုတာက (၃၁)ဘုံကို ဟောတဲ့တရားခေါ်တယ်။ ဘာကို အကြောင်းပြုဟောသလဲ။ ကံကိုအကြောင်းပြုဟောတယ်။ ဘယ်ကံကို အကြောင်းပြုဟောသလဲ၊ မနောကံ အကြောင်းပြုဟောတယ်။ ကာယကံက မိမိရှောင်ထားလို့ရတယ်။ ဝစီကံက မိမိရှောင်ထားလို့ရတယ်၊ မနောကံကြတော့ ရှောင်ထားလို့မရဘူးနော်။ ဒီကံကို ဦးဇင်းပြောတာပါ။ ဒီကံကစာကရေးထားတယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန် ကံခေါ်တယ်။ ဟိုအတိတ်က ဘဝအနန္တပါလာတဲ့မျိုးစေ့ကို ကံခေါ်တယ်၊ ဒီဘဝမှာလာပြီးတော့ အာရုံနဲ့ (၅)ပါးနဲ့ ပေါင်းတယ်၊ အတိတ်ရဲ့ပါလာတဲ့ ကံနဲ့ပေါင်းတာပါဘဲ။ ဦးဇင်းကစာတော့မတတ်ဘူး။ မတတ်ပေမဲ့ သဘောလောက်တော့ပြောပြပါမယ်။ အဲဒီတော့ မကောင်းတဲ့ကံအကြောင်းလေးကို ဦးဇင်းပြောပြပါ့မယ်၊ မကောင်းတဲ့ ကံအကြောင်းလေးဟာ ခုနက အာရုံ(၆)ပါး အဝိဇ္ဇာခေါ်တယ်၊ ဦးမြမောင် ဟာ သူဟာ သရက်ကုန်းကျေးရွာမှာနေတဲ့အခါ ကျတော့ သူလုပ်ချင်တာတွေ လျှောက်လုပ်တယ်။ သူဘာမှမတတ်ဘူး။ သူများပစ္စည်းတွေကို လစ်လို့ရှိရင်ခိုးတယ်။ ဒါစွဲလို့ ခိုးတာ။ ဒါကံပဲ၊ ဒါကကံလည်း မိစ္ဆာကံလို့ခေါ်မယ်စာလိုဆိုရင် မိစ္ဆာကံ ဒီမိစ္ဆာကံဆိုရင် သွားတာပေါ့ဗျာ။ အပါယ်လေးဘုံ ကြွက်သတ်မယ်၊ ဝက်သတ်မယ်။ အိုင်ပက်မယ်။ ငါးမျှားမယ်။ သူများပစ္စည်းတွေ့ရင် သူယူမယ်နော်။ ဒါကြောင့်မို့ ဒါတွေဟာ အာရုံ(၆)ပါးနဲ့ပေါင်းတဲ့ အတွက်ကြောင့် ကံ၊ အဲဒီပစ္စုပ္ပန်ရဲ့ အာရုံ(၅)ပါးနဲ့ အတိတ်ကပါလာတဲ့ ကံနဲ့ပေါင်းတာ။ အဲဒီတော့ ပဌာန်းဆက်က ဟေတုပစ္စယော၊ အနန္တရပစ္စယော၊ သမ္ပန္တရပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော ဒါအကြောင်းအကျိုးတွေ ဆက်သွား တာနော်။ သဘောလေးသာနော။ အဲဒီတော့ ဒါတွေဟာ သူမကောင်းတဲ့ဒုစရိုက်(၁၀)ပါးသောအရာကို သူအကုန်လုပ်တယ်။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး၊ ဒုစရိုက်(၁၀)ပါးတွေဟာ မိစ္ဆာအယူနဲ့ အတ္တအယူနဲ့ သူလုပ်တာ အတ္တဆိုတာ အာရုံ(၆)ပါးကို မပယ်ဘူးနော်။ ဒါကြောင့်မို့ ဒီအာရုံ(၆)ပါးတွေ့တိုင်း မြင်တိုင်း သိတိုင်း သူအကုန်လျှောက်လုပ်တယ်၊ ဒါဘာလဲ၊ သူများပစ္စည်းကိုခိုးတယ်။ ဖဲလိမ်ရိုက်တယ်။ အရက်သောက်တယ်။ လုပ်ချင်တာသူလုပ်မှာပဲ။ အတ္တလို့သူပြောတာပဲနော်။ ဒါမိစ္ဆာအယူ ငါလို့ယူထားတဲ့အယူတွေနော်။ အဲဒီလိုသူ ယူပေါင်းများပြီးတော့ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း မကောင်းတဲ့ ကံတွေပြီးတော့ မကောင်းတဲ့ကံဖြစ်လို့ရှိရင် လူတစ်ဖက်သားကိုလည်း မကောင်းတဲ့စေတနာထားတယ်။ သူအိတ်ထဲက ပိုက်ဆံကို ကိုယ်ရအောင် ကြံစည်တယ်။ ဒါစေတနာ ကိုယ်ရဲ့စေတနာမရှိလို့ သူ့ရဲ့ပစ္စည်းကို လိမ်လည်ပြီးတော့ ယူတာပေါ့ဗျာနော်။ ဒါ ဥပမာကံတွေ၊ မိစ္ဆာကံတွေ၊ သမ္မာကံမဟုတ်ဘူး။ အဲဒီတော့ ငါတတ်တယ်၊ ငါနားလည်တယ်။ ဒီကြွက်ရမယ်ဆိုရင် ခိုးတယ်။ ဒါတွေဟာ သူများအသက်ကို သတ်တာပဲ။ ဘုရားကဟောထားတာက ပါဏာတိပါတာ ဝေယာမဏီသိက္ခာပဒံ သမ္မာဒိယာမိ ဒါတွေသူမသိဘူး။ အကုန်လုပ်ချင်တာ လျှောက်လုပ်တယ်။ အဲဒီတော့ လုပ်တဲ့ အခါကျတော့ သူဟာ စာမတတ် ပေမတတ်သူတစ်နေ့သောအခါမှာ ရေထမ်းတယ်။ ဘာလို့ထမ်းလဲ စွဲလို့ထမ်းတယ်နော်။ လိမ်လိုက်တယ်။ ရေဘယ်နှစ်ထပ်းလဲ ဦးမြမောင် အော ရေသုံးထမ်းဆိုရင် သူက တစ်ထမ်းတည်း နှစ်ထမ်းတည်းတည့်ပြီး

သုံးထမ်းလို့ပြောတယ်။ (၆)ထမ်း ထမ်းပေမဲ့ (၁၀)ထမ်းလို့ပြောချင် ပြောတယ်နော်။ ဟိုကတော့ ပိုက်ဆံပေးတာပဲ။ ဒါလိမ်တာပဲ။ အဲဒီတော့ ဒီကံတွေဟာ မိစ္ဆာကံတွေ။ ဒါနဲ့များသေသွားရင် အဲဒါတွေးသာကြည့်ပေါ့ဗျာနော်။ ဒါကြောင့်မို့ ဘုရားကဟောထားတယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ကံလို့ ရေးမှာပေါ့၊ ဘဝလည်း ပြောမှာပေါ့။ ကံလည်းပြောမှာပေါ့၊ ကံဆိုတာ အပြစ်တစ်ခုကို ဖြစ်သွားတော့မှ ကံလို့တပ်ပေးလိုက်တာ။ အစွဲဥပါဒါန်ဖြစ်ပြီးမှ ကံလို့တပ်ပေးလိုက်တာနော်။ အာရုံ(၆)ပါး အဝိဇ္ဇာခေါ်တယ်။ ဒီအာရုံ(၆)ပါးပေါ်မှာ သင်္ခါရဆိုတာ စေတသိက်ခေါ်တယ်။ အာရုံနဲ့ပေါင်းပြီးတော့ ချနေတာ။ အဲဒါစေတသိက်ကို သင်္ခါရလို့ခေါ်မယ်ဗျာ။ အဲဒီတော့ ဒီစေတသိက် ရှိသရွေ့ အာရုံနဲ့ပေါင်းတိုင်း အကုသိုလ်ကံ၊ ကုသိုလ်ကံ၊ အကုသိုလ်စိတ်၊ ကုသိုလ်စိတ် သံသရာလည်တာသူပဲ၊ မနောကံပဲနော်။ ဒါ ဒီကံတွေကို သူအကုန်လုံး လုပ်ခဲ့တယ်။ သမ္မာကံကို သူဘာမှ လှူလည်းမလှူဘူး။ ဥပုသ်သွားစောင့်လည်း မိန်းမက သွားစောင့်တယ်။ ဟိုက မုန့်ကျွေးတယ်။ မုန့်ကျွေးရင် တစ်ပန်းကန် မဝရင် တစ်ပန်းကန်ထပ်စားတယ်။ မဝရင် တစ်ပန်းကန်ထပ်စားတယ်။ စားပြီးရင် ထပြန်တယ်။ သီလလည်းမယူဘူးနော်။ အင်မတန်မှဆိုးတဲ့ လူတစ်ယောက်ပါ။ ဒါတွေဟာ မိစ္ဆာကံတွေခေါ်တယ်နော်။ ဒါနဲ့များ ဘဝတစ်ပါးသို့ သေသွားရင်သွားပြီပေါ့ဗျာ။ ဘာပြုလို့လဲ၊ ရုပ်နာမ်လည်း မသိခန္ဓာ(၅)ပါးလည်း မကျင့်ခန္ဓာ(၅)ပါးမကျင့်လို့ ရုပ်နာမ်(၂)ပါးမသိဘူး။ မသိတော့ အဝိဇ္ဇာပဲဗျို့။ အဲဒါဘာလဲ၊ အဲဒီကမှ မကောင်းတဲ့ကံကို ပြသွားပြီနော်။ ကောင်းတဲ့ကံကိုသူလုပ်တော့မှာကိုဗျ။ အဲဒီတော့ငါသည် လူပြည်မှာနေရတာ အင်မတန် ဆင်းရဲဒုက္ခ သောကပဋိဒေဝ အဖက်ဖက်မှာဖြစ်နေပါလား။ ရင်ဝမှာ လှံစိုက်နေပါလား။ သတိရလာတယ်။ သတိရလာတော ကလည်း ဘယ်လိုသတိရလာလဲ။ အဲဒီတော့ ဆရာတော် သဲအင်းကက်ဆက်ကို နာလိုက်ရတယ်။ ဆရာတော် သဲအင်း ကက်ဆက်ကိုနာလိုက်ရတော့ အဲ အမြဲလင်း ဖွဲ့တင်း သဲအင်းကွ သဲအင်းဆိုတာငါပဲကွတဲ့၊ မော်ဘီတိုက်ကြီးခရိုင်မှာ ခါးမြ အောင်ထွန်း ဆိုတာ ခါးမြတိုက်တာ ငါပဲတဲ့၊ ဟာ ငါကတော့ ခါးမြတော့မတိုက်ဘူး။ ငါလည်း ကျင့်ရမှာပဲဆိုပြီးတော့ သူ့အိမ်က နေပြီးတော့ မြောင်းမြမြို့ မြိုင်မာလာ(၂)လမ်းကနေပြီးကော့ သူထွက်သွားတာပဲ။ သားမယားတွေက အရင်ထွက်တာ၊ ကိုယ်က နောက်မှထွက်ရတယ်၊ အဲသူကိုရှိရင် မထွက်သေးဘူးဗျနော်။ ဒီလောက်အထိ အဲဒီကိလေသာရဲ့ဇာတ်ကောတွေက အင်မတန်မှ ကြောက်မက်ဖွယ်ကောင်းလှပါတယ်နော်။ သူတို့ရှိရင် သူမထွက်သေးဘူး။ သားလည်းမရှိဘူး။ သမီးလည်းမရှိဘူး။ မယားလည်း မရှိဘူး။ ဘယ်သူမှလည်းမရှိဘူး။ ဆန်အိုးထဲမှာလည်း ဆန်မရှိဘူး။ လောကီကို အားကိုးစရာမရှိတော့ဘူး။ လောကီမှာ အားကိုးစရာရှိရင် သမီးလေးက ကျောင်းဆရာမဖြစ်မယ်။ သားလေးက ကျောင်းဆရာဖြစ်မယ်ဆိုရင် သူတို့အိမ်မှာ ကပ်စားအုံးမယ်။ လောကီအားကိုးအုံးမယ်။ လောကီမှာ အားကိုးစရာမရှိတော့မှ ဆင်းရဲဒုက္ခ အဖန်ဖန်အလဲလဲဖြစ်တော့မှ သူမြိုင်မာလာ(၂)လမ်းက ထွက်သွားတာ၊ ထွက်သွားပြီ၊ ဘယ်ရောက်သွားလဲဆိုတော့ ကျေးသာတောင်ကို ရောက်သွားတယ်၊ ကုန်းသာနားက ကျေးသာတောင်ကိုရောက်သွားတယ်။ ကျေးသာတောင်မှ လူတွေက သွားကြလာကြတော့ အဲဒီတော့ ဗမာလူမျိုး၊ ကရင်လူမျိုး သွားတဲ့အခါမှာ အဲဒီနေရာမှာ လူရှုပ်တာပဲ မရှုပ်တဲ့နေရာသွားမှပဲဆိုပြီး သူသွားပြန်တော့ ညောင်ပင် ကြီးအောက်မှာ သူရောက်သွားတယ်၊ ညောင်ပင်ကြီးအောက်မှာ ရောက်သွားတဲ့အခါကျတော့ သူတရားအားထုတ်တယ်။ အဲဒီမှာ သူစဉ်းစားတယ်။ အော် ဒီနေရာဟ တဲအို တဲပျက် အဲဘာမှ အကာအရာလည်းမရှိ အမိုးလည်းမရှိ ကြမ်းပျဉ်လေး တော့ရှိတယ်။ အဲဒီတော့ ဒီမှာပဲ ငါကျင့်မှပဲ။ ဒီတောင်လေးပေါ်မှာ ဘယ်သူမှလည်း မရှိဘူး။ အိမ်ခြေနဲ့လည်း ဝေးတယ်ဆိုပြီး တော့ ဒီမှာ သူထိုင်နေတာ။ မကျင့်သေးဘူး။ ထိုင်နေတဲ့အခါမှာ များမကြာမီ ကရင်တစ်ယောက်ကလာတယ်။ ခင်ဗျား

ဘယ်ကလဲတဲ့၊ ကျွန်တော်မြောင်းမြကလို့၊ ခင်ဗျားနာမည်ဘယ်လိုခေါ်လဲတဲ့၊ မြမောင် ခေါ်တယ်၊ ခင်ဗျားဒီကို ဘာလာလုပ်တာလဲတဲ့။ တရားအားထုတ်ဖို့ လာပါတယ်တဲ့။ တရားအားထုတ်တာ ခင်ဗျားတို့ မြောင်းမြမှာမရှိဘူးလားတဲ့။ ရှိပါတယ်တဲ့။ ရှိရင် မြောင်းမြမှာထုတ်ပါလားတဲ့၊ ဘာလို့ဒီလာလဲတဲ့၊ မြောင်းမြမှာထုတ်တယ်ဆိုတာက ခုနက ဦးဇင်းတို့တွေ့ဘူးတာက မိုးကုတ်၊ မဟာစည် ကိုတွေ့တယ်။ အဲဒီနေရာမှာကတော့ အဆင့်အတန်းမြင့်တဲ့နေရာဖြစ်ပါတယ်။ ဦးဇင်းကတော့ ဒီနေရာမှာတော့ ကိုယ့်ကိုကိုယ် ဘာပဲဖြစ်ဖြစ် ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ ဖြစ်သလိုလုပ်မယ်ဆိုပြီးတော့ ရည်ရွယ်ချက်နဲ့လာပါတယ်ဗျာလို့ အော် ခင်ဗျား ဒါဖြင့် ဘယ်သူ့ထမင်းကျွေးမလဲ၊ ကျွေးချင်လည်းကျွေး မကျွေးရင်လည်းနေပေ့ါဗျာတဲ့ဆိုတော့ အေးကောင်းပြီတဲ့။ အကယ်၍ မစားရခဲ့သော် ကျုပ်လာကျွေးမယ်တဲ့။ ခင်ဗျားနေပြီးတော့ဆိုပြီးတော့ အဲဒီမှာ တရားထိုင်တာနော်။ ခုနက ဟိုဆရာတော်ကြီးပြောသလိုပေ့ါ အာရုံ(၆)ပေါက် ဟိုတုန်းက အာရုံနောက်လိုက်တဲ့လူတစ်ယောက် မကောင်းတဲ့ ဒုစရိုက်တွေ လုပ်သွားတဲ့ လူတစ်ယောက်၊ မကောင်းတာတွေ လျှောက်လုပ်သွားတယ်။ အဲဒီအာရုံနဲ့ မနောနဲ့ပေါင်းပေါင်းပြီးတော့ သူများ ကြက်တွေသတ်လိုက်၊ ဘဲတွေသတ်လိုက်၊ အခု သူမသတ်တော့ဘူးနော်၊ အာရုံ(၅)ပါးကို မျက်စိတံခါး၊ နှာခေါင်းတံခါး၊ လျှာတံခါး၊ ကိုယ်တံခါး သူအကုန်ပိတ်တာပဲ။ ပိတ်ပြီးသူ မနောကိုသူဖွင့်တယ်။ မနောဟာ အလွန်နူးညံ့သိမ်မွေ့တဲ့ အနုသဿစေတသိက် ကလေး မယားအကြောင်း၊ သားအကြောင်း၊ သမီးအကြောင်း၊ ကိုယ်ရဲ့ထမင်းစားဖို့နေရေး အကြောင်း အိပ်ဖို့နေရေးအကြောင်း ဒီအကြောင်းတွေက သူမှာ အားကြီးပဲနော်။ သားမယား၊ သားသမီး မတွေးပြန်တော့လည်း ကိုယ်ရဲ့ဒီနေရာမှာ ဘယ်လို နေရမယ်။ ဘယ်လိုထိုင်ရမယ်။ ပူဆွေးတယ်။ ဒါစွဲလို့ပူတာပေ့ါ။ စိုးရိမ်ကြောင့်ကြတဲ့စိတ်တွေဖြစ်နေတယ်။ အဲဒီတော့ ဒီလိုတိုင်လို့လည်း မရတော့ဘူး။ အဲဒီလို ရိုးရိုးသားသားလေးထိုင်ရင် ဒါတွေဝင်ဝင်လာတယ်။ အဲဒီတော့ ဒါတွေဝင်လာရင် မနောအနုသဿစိတ်ကလေးက ကာလေးဖြစ်နေပါလား၊ ငါစွဲလို့ပူနေတာပါလား။ ကြောင်းကျနေပါလား။ ဗျာပါဒဖြစ်နေပါလား။ ငါဒီစိတ်ကလေးကိုသတ်မှပဲဆိုပြီးတော့ ရှုတယ်။ ပြင်းပြင်းရှုတယ်နော်။ ပြင်းပြင်းရှုတဲ့အခါကျတော့ ဥပမာ ဦးဇင်း ရှုပြပါမယ်၊ ဒီလိုရှုလိုက်တဲ့အခါမှာ မတွေးနိုင်ဘူး။ ဘာမှမတွေးနိုင်တော့ဘူး။ တရားရယ်လို့လည်း ပြောလို့မရဘူး။ မနောသတ်နေတာဗျ နော်။ အဲဒီမနောကို ဗျာပါဒစိုးရိမ်ကြောင်းကျနေတယ်၊ စားဖို့နေရေး၊ အိပ်ဖို့နေရေး အားလုံးသောကတွေကို ရုပ်ပေါ်မှာရှိတဲ့ တွေးစိတ်ကလေးကို သူ့မှာ ခန္ဓာမှာ စားဖို့၊ နေရေးဘယ်လိုခြင်ထောင်တို့၊ စောင်တို့ ဒါတွေဟာ ပူပန်သောကဖြစ် နေပြီ။ ခြင်ကိုက်လိုက် ဘာကိုက်လိုက် အာ သေပါစေ။ အဲဒါတွေကို စိုးရိမ်ကြောင်းကျတဲ့ စိတ်၊ ဒါတင်မကသေးဘူး။ သားမယား တွေကိုလှမ်းပြီး တွေးနေတယ်၊ ငါ့သမီးဟာ အိမ်ထောင်ကျပြီလား။ သားတွေ ဘယ်နေလိုသလဲ။ မယားဘယ်ကိုရောက်သလဲ။ ဒါတွေလည်း ပူနေတယ်၊ စွဲလို့ပူတာ။ ဒါဥပဒါန်တွေနော်၊ ဒီအနုသဿကိုသတ်တာ။ အနုသဿကိုသတ်တဲ့အခါမှာ ကာယကံနဲ့ ဝစီကံက လုံနေရတယ်။ ဒီကံကြီးတွေက လုံနေရတယ်။ အနုသဿကံလေးကို မနောကိုသတ်ဖြစ်လိုက်တာ။ အဲဒီတော့ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းကြာလာတဲ့အခါကျတော့ ဒါတွေကို ဘယ်မှလည်း မသွားဘူး။ မြင်ချင်လား၊ မမြင်ချင်ဘူး။ ကြားချင်လား၊ မကြားချင်ဘူး။ သိချင်လား မသိချင်ဘူး ဒီအာရုံ(၅)ပါးကို မဖွင့်ဘူး။ ပိတ်ထားတယ်။ ဒီမနောနဲ့ ပေါင်းနေတယ်၊ မနောနဲ့ပြန်ပြန်ပေါင်းနေတယ်။ ပြန်လုပ်လိုက်၊ ပြန်ကျင့်လိုက်၊ ပြန်လုပ်လိုက်၊ ပြန်ကျင့်လိုက်။ ဒါဘာလဲ၊ အပြင်မှာ စင်ကြယ်တယ်။ အာရုံတွေ၊ အာရုံရဲ့နောက် မနောမလိုက်တော့ဘူးနော်။ အပြင်မှာ စင်ကြယ်တော့ သီလဖြစ်လာပြီ။ အတွင်းမှာက အတွင်းမှာကလည်း စင်ကြယ်တယ်။ စင်ကြယ်လာတော့ တွေးစိတ်တွေက ခေါင်းပါးလာတယ်၊ ဒါအပြင်မှာ စင်ကြယ်တာက သီလမဂ္ဂင်ခေါ်တယ်၊ အတွင်းမှာစင်ကြယ်တာက အဓိစိတ္တခေါ်တယ်၊ စာလို့သင်ပေးလိုက်တာ။ သီလဆိုတာက

လောဘ၊ ဒေါသ သူဘယ်မှမရှာတော့ဘူး။ မဖွေတော့ဘူး။ ရုပ်အကျိုးတရား နာမ်အကြောင်းတရားကိုလည်း သူသမာဓိနဲ့သတ်ထားတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝနဲ့သတ်ထားတယ်။ ဒါဘုရားကျင့်တဲ့တရားတွေ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝနဲ့သတ်ထားတယ်။ ဒါဘုရားကျင့်တရားတွေ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတာ မှန်တာကိုကျင့်တယ်။ မှန်တာကိုပြောတယ်။ မှန်တာကို အသက်မွေးဝမ်းကျောင်းပြုတယ်။ ခန္ဓာနဲ့ရင်းရှာတာ။ အဲဒီလိုရှာပြီးတော့မှ သီလမဂ္ဂင်ကနေပြီးတော့ ငါးပါးသီလမဂ္ဂင်၊ သီလမဂ္ဂင်ဆိုတာ ဘာလဲ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဆိုတာ မှန်သောအလုပ် သမ္မာအာဇီဝဆိုတာ သူကိုလာပေးလို့စားတာ။ မှန်တာကိုလုပ်ပြီးတော့ သူသွားပြီးတော့ အတ္တနဲ့သွားပြီးတော့ သူများအိမ်ပေါ်တက်တာမဟုတ်ဘူး။ သူများဆိုင်တွေမှာ သွားယူတာမဟုတ်ဘူး။ ဟိုနေရာမှာ ထမင်းချက်တာမဟုတ်ဘူး။ ဒီနေရာမှာ ရေခပ်တာမဟုတ်ဘူး။ ထိုင်နေတာ၊ အဲဒီကရင်ကလာကျွေးတာပဲ။ အဲဒါသမ္မာအာဇီဝခေါ်တယ်နော်။ သေချာလေးသင်ပေးလိုက်မယ်။ အဲဒီလို သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဆိုတာ သူထိုင်နေတာ လာကျွေးတာ။ သွားတောင်းစားတာလည်း မဟုတ်ဘူး။ အလုပ်နဲ့လည်း လုပ်နေတာမဟုတ်ဘူး။ သူလုပ်နေတာက ခန္ဓာမှာထိတယ်။ သိတယ်၊ သိတာကရုပ်၊ သိတာက အနတ္တ၊ အတ္တပြုတ်နေတယ်။ ကံတော့ ကံပဲလေ။ ကံပေမဲ့ ဝိပဿနာရဲ့ကံဟာ ဘယ်ကံနဲ့မှမတူဘူးနော်။ ဝိပဿနာ ရဲ့ကံနဲ့ ခင်ဗျားတို့ရဲ့ ပုဗ္ဗမှုဍ စေတနာကံနဲ့မတူဘူး။ ဒါဝိပဿနာလုပ်သွားတဲ့ကံခေါ်တယ်။ ဒါသမ္မာကံခေါ်တယ်။ အဲဒီသမ္မာကံကနေပြီးတော့ သူတက်တာ အဲဒီတော့ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဝါယာမဆိုတာ သမ္မာဆိုတာ ကောင်းသောအလုပ်။ ဒါပါဠိလိုရေးထားတယ်။ ဝါယမဆိုတာက နေ့ရော ညရော သူလုပ်တာပဲ။ နေ့မဆိုင်း ညမဆိုင်း လုပ်တာပဲ။ ဝီရိယကိုတင်လိုက်တော့ သမာဓိကောင်းလာတယ်။ အတွင်းသမာဓိ၊ အပြင်သမာဓိခေါ်တယ်။ တည်ကြည်ငြိမ်သက်တယ်နော်။ ဘယ်ဟာမှဒါဆို ဒါပဲ။ အဲဟိုဟာမပြောင်းဘူး။ အဲဒီလိုကျင့်လာတာ။ အဲဒီတော့ ဒီအာရုံ(၅)ပါးက ပိတ်ထားတယ်နော်။ မြင်ချင်လား၊ မမြင်ချင်ဘူး။ ကြားချင်လား မကြားချင်ဘူး။ အာရုံဆိုတာ ဥပမာ ဦးဇင်းပြောမယ်။ ဒီနားက ဦးပဏ္ဍိတနားကကြားတယ်။ ဟိုက ဟေ့ မြမောင် ဆဲရင် အဲဒါတွေကဟေ့ဆိုတာ အသံခေါ်တယ်။ အဲဒီအသံမှာပါလာတယ်၊ မြမောင်ဆဲတဲ့ အသံလေးပါလာတယ်။ သညာသခီရ ဥပါဒါန်လေးပါလာတယ်။ အမှတ်ကလေးပါလာတယ်။ ဦးမြမောင် ဒါမှတ်လိုက်တာပဲ။ ဟာ ငါ့ဆဲတာပဲ ဒေါသဖြစ်သွားတယ်နော်။ ဉာဏ်တရားတွေ ကံနဲ့ ဉာဏ်နဲ့မတူဘူး။ ဒါ သိပ်အရေးကြီးတယ်၊ ဟိတ် ဒါအသံခေါ်တယ်။ အသံပေါ်မှာ မြမောင်လို့ ဆဲလိုက်တာ ကိုယ်ကနားကြားတယ်။ ဟော မြမောင် ဆိုတာ ပညတ်တရား၊ ပရမတ်တရား၊ သညာတရား၊ ပညာတရား၊ အတ္တတရား၊ အနတ္တတရား၊ ဒါသိဖို့လိုတယ်နော်။ ဒါတွေသိမှ အထာကျမှ ဒီတရားကို နှလုံးသွင်းလို့ရမယ်နော်။ ဒါတွေသိပ်အရေးကြီးပါတယ်။ အဲဒီဟာတွေကို ကိုယ်ကကျင့်လား။ ကျင့်လာတဲ့အခါကျတော့ အော် အေး အေး အေး အဲဒီတော့ ဒီလိုကျင့်တဲ့အခါမှာ ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ ကာယနုပဿနာကနေပြီးတော့ ကာယကံ၊ ဝစီကံ၊ မနောကံနုပဿနာဆိုတာ ဘဝင်စိတ် အင်မတန်နုတာ။ ဘဝင်အာရုံ အင်မတန်နုတာ။ ဒီနုတဲ့အာရုံကို အဲသမာဓိဖြစ်အောင် လုပ်ထားတယ်နော်။ စေတသိက်ဖြစ်အောင် မလုပ်ဘူး။ ဒါဘဝင်ရဲ့ အာရုံခေါ်တယ်နော်။ ခုနက စက္ခုအာရုံ၊ နားသောကအာရုံ အာရုံခေါ်တယ်။ အဲဒီအာရုံပေါ်မှာ ကံနဲ့ဖြစ်တာ။ အာရုံပေါ်မှာ ဉာဏ်နဲ့ဖြစ်တာ။ အာရုံပေါ်မှာ ကံနဲ့ ဘယ်လိုဖြစ်လဲ။ မြမောင် ဟိုကဆဲလိုက်ပြီ၊ မြမောင် ဖြစ်နေတော့ ခံရတော့။ အဲဒါကို သွားစွဲတာ ကံဖြစ်တယ်နော်။ သိပ်အရေးကြီးပါတယ်။ ဒါတွေဟာ ခင်ဗျားတို့ ဒီဘဝမှာ ပြန်ကြမှာပဲ။ ဦးပဏ္ဍိတ လည်း ဒီဘဝပြန်ကြမှာပဲ။ ကံနဲ့ပြန်တာနဲ့ ဉာဏ်နဲ့ပြန်တာ အဲဒီနေရာမှာ အရေးကြီးတယ်။ အဲဒီတော့ ကံနဲ့ပြန်ရင် ခင်ဗျား ခန္ဓာ(၅)ပါးကို မကျင့်တော့

ရုပ်နာမ်(၂)ပါး မသိဘူး။ သူများပြောတာပဲယုံရတော့မယ်။ သူများပြောတာကိုယုံပြီးတော့ ကိုယ်လုပ်ချင်တာ လျှောက်လုပ်တာပဲနော်။ ကိုယ့်ကိုကိုယ်ပိုင်တာပဲ။ ကိုယ့်စိတ်ပိုင်တာပဲ။ ကိုယ်တော့သိတာပေ့ါနော်။ စိတ်ဆိုးကတည်းက လိုနေသေးတယ်။ အဲဒီတော့ ဒီစိတ်ကလေးကို ဘယ်လိုစိတ်ဆိုတာကို သဘောလေးနဲ့ပြောပြမယ်နော်။ အဲဒီတော့ ခုန ကာယသတိပဋ္ဌာန်မှာ ကာယကံ၊ ဝစီကံ၊ မနောကံကို သူသတိတယ်။ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါးအပြင် သီလကလုပ်နေပြီ။ အတွင်းအဓိစိတ္တက ဖြစ်နေပြီ။ ကာယကံ၊ ဝစီကံ၊ မနောကံကို သတိတာ။ ကာယကံကလုံနေပြီ။ ဒုက္ခဝေဒနာကိုရှုတယ်။ သမာဓိပိုပြီးတင်ပြီးတော့ ဒုက္ခဝေဒနာ သူသဘာဝသဘောတရားဖြစ်တာ ကိုယ်ဖြစ်တာမဟုတ်ဘူး။ အခုလူတွေမှာ အမယ်လေး ကျင်လိုက်တာ၊ အမယ်လေး ကိုက်လိုက်တာ။ အမယ်လေး အောင့်လိုက်တာ ဆိုတာ ပညတ်ကို သညာကမှတ်ပေးတာ။ အဲဒါစာ အမယ်လေး နားကိုက်လိုက်တာ။ နားကြီးကိုက်လိုက်တာ အမှန်ကရုပ်တရားနော်။ နာမ်တရားခေါ်တယ်။ အဲဒီတော့ နားကိုက်လိုက်တာဆိုတာ ပညတ်ကိုသညာကမှတ်ပြီးတော့မှ စိုးရိမ်ကြောင့်ကျတဲ့စိတ်တွေဖြစ်ကုန်ရော။ သဘောလေးသာ နာနော်။ အဲဒီတော့ ဒီနေရာမှာ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်ကိုရောက်လာတဲ့အခါမှာ စိတ်ပါလာပြီနော်။ စိတ်ခါတ် သတိပဋ္ဌာန်။ အဲဒီတော့ ဓါတ်လေးပါး သဘာဝကိုသိလာတယ်။ အဲဒီတော့ ဒီစိတ်က ဒီမှာတင် သဘောပေါက်သွားတယ်။ အော် တွေးစိတ်ပါလား။ မြင်စိတ်ပါလား။ ကြားစိတ်ပါလား။ နံစိတ်ပါလား။ စားစိတ်ပါလား။ ထိစိတ်ပါလား။ သိစိတ်ပါလား။ အဲဒီမှာ စိတ်ကနေ ဓါတ်ဘက်ကို ရောက်သွားတော့ သဘာဝ သဘောတရားဓါတ်၊ အဲဒီနေရာမှာ စိတ်အကြောင်းကို သိပြီ။ ဓါတ်သဘော သူ့သဘာဝနဲ့သူ၊ နေထွက်တာ ဘယ်သူလုပ်လဲ။ သဘာဝထွက်တာ နေဝင်တာ သူ့သဘာဝဝင်တာ။ နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု ဥတုတွေဟာလည်း ပြောင်းလဲတယ်။ ရုပ်ကလည်း ဖောက်ပြန်တယ်။ နာမ်ကလည်း ခံစားတယ်။ အကျိုးနဲ့အကြောင်း၊ အကြောင်းနဲ့အကျိုး ဒါပဲရှိတယ်နော်။ ခင်ဗျားတို့ လုပ်နေကြတာပဲ၊ ဘုန်းကြီးက အော် ဘုရား ဘုရား အေး အေး အေး ဒါပဲပြောတတ်တယ်။ ဘာမှ မပြောတတ်ဘူး။ ထုတ်လည်း မပြတတ်ဘူး။ ဒီတရားက ပရမတ်တရားက ထုတ်မပြတတ်ဘူး။ ပညတ်တရားက ပြောလို့ရတယ်၊ အဲသညာတရား ပြလို့ရတယ်နော်။ ပရမတ်တရားက ပြလို့မရဘူး။ အဲဒီသညာနဲ့ ပညတ်ကို လိမ်နေလို့ အဲဒီမှာ ယူတွေဖြစ်နေတာနော်။ သင်ညာကလိမ်လိုက်၊ ပညတ်က သွားစွဲလိုက်။ ဒါတွေဖြစ်နေတာဘုရားက ပညတ်ပစ်ခဲ့တာ အဲဒီပညတ်ကိုသွားစွဲနေတာ ဘာပြုလို့စွဲလဲ။ သညာက အမှတ်ကလုပ်ပေးလိုက် တာနော်။ အဲဒါတွေဟာ သံသာလည်တည်ဆိုတာ သူပဲ၊ အဲဒီတော့ ဒါဘယ်ဘဝဖြစ်သလဲ။ တကယ်တော့ မေးမယ်ဆိုရင် ဟော ကိလေသာပေါ်ကဖြစ်တာ ဘာတွေဖြစ်နေလဲ။ တဏှာတွေဖြစ်တာ။ ဒီကိလေသာလို့ စာကရေးထားတယ်။ ကိလေသာဆိုတာ ရုပ်တရားခေါ်တယ်။ အဲဒီရုပ်ကြီးက ကိလေသာရုပ်ကြီး။ ကိလေသာနဲ့ ဆောက်လုပ်ထားတဲ့ ရုပ်ကြီးနော်။ ဒါကြောင့်မို့ ကိလေသာ ထည့်ထားတယ်။ ကိလေသာနဲ့ ဆောက်လုပ်ထားတဲ့ရုပ်။ ကိလေသာမသိဘူး။ ငါ့ရုပ်လို့ထင်နေတယ် နော်။ ငါ့ရုပ် ငါမြင်တာပဲ။ ငါကြားတာပဲ။ ငါသိတာပဲ။ ငါအခုတွေ့တာပဲ။ ငါဘာဖြစ်တယ်။ တစ်ခါတည်း မိရိုးဖလာရဲ့အစဉ်အလာ အရ လျှောက်ပြီးတော့ ဒါတွေသုံးနေကြတယ်နော်။ မိရိုးဖလာရဲ့ အစဉ်အလာတွေနော်။ နတ်ကိုးကွယ်တာတို့ ဘကိုးကွယ်တာ တို့ ဘညာလုပ်တာတို့၊ ဦးရှင်ကြီး ကိုးကွယ်တာ။ ဒါကံတရားတွေပဲ။ ဦးပဏ္ဍိတ လာခိုင်းကြည့်ပါလား။ လွှတ်တောင်ပစ်လိုက် အုံးမယ်နော်။ ဒီလိုပုဂ္ဂိုလ်မျိုး။ ကိုယ့်ကိုကိုယ် ယုံကြည်တယ်။ သူများအားမကိုးဘူး။ ကိုယ့်ကိုကိုယ်သိရမယ်၊ အဲဒီတော့ ဒါတွေဟာ ကံတရားတွေ ဒါပေမဲ့ ကောင်းတယ်။ အဲဒါတွေဟာ လောကီအကျိုးပေးတဲပဟာတွေနော်။ ဒုန်းသီးခွံလေးဆွဲတာတို့ လောကီအကျိုးပေးတာပေါ့။

ယပ်ကာလေးများခပ်ပေးနေ။ အဘ ဘိုးမင်းခေါင်ကြီး စီးကရက်သောက်နေတာ ရွှေတိဂုံဘုရား မှာ လုပ်နေကြတာ၊ အေးကောင်းတယ်ကွာ။ အသိတစ်လုံးရဖို့ အရေးကြီးတယ်။ မြင်တော့ မသိဘူးလားတဲ့။ သိပါတယ်ဘုရားတဲ့။ ဒီအရာဝတ္ထု မမှတ်ဘူးလားတဲ့။ ဟောဒီအရာဝတ္ထုနှစ်ခု မင်းမမှတ်ဘူးလားတဲ့။ မှတ်ပါတယ်တဲ့။ မင်း သွားပြီးတော့တဲ့၊ အခုအထိ မင်းက အထိ၊ အမမှတ်နေတဲ့အကောင်ပဲတဲ့။ ပရမတ်ကပြောပြပြီ၊ ပညတ်သမားကို ပြောပြတယ်နော်။ ဒါတွေ သိပ်အရေးကြီးတယ်၊ ကိုယ့်စိတ်ကိုယ်စစ်ပါ။ သူများစိတ်ကို မစစ်နဲ့၊ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ သူများအကြောင်းကို ကိုယ်အကြောင်းလုပ်ရင် မိစ္ဆာရိယစိတ်၊ မနာလိုတဲ့စိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ် ဟော ဒေါသစိတ်ဖြစ်ကုန်ပြီ။ ဧည့်သည်လာတယ်ဆိုရင်ပဲ ပိုက်ဆံပေးတဲ့ ဧည့်သည်ဆိုရင် လာပါမောင်ရင်ရယ်။ တစ်ပြားမှလည်း မပေးတဲ့ ဧည့်သည် (၁၀)ရက်၊ (၁)လလောက်စားတဲ့ ဧည့်သည်ဆိုရင် အိမ်ရှင်က တစ်ခါတည်း မျက်နှာကို စူနေတာပဲနော်။ အဒါဘာလဲ စေတနာပျက်တာ စေတနာဆိုတာဘာလဲ။ နှလုံးကိုခေါ်တာ။ အဲဒီ စေတနာလေးရဲ့အကြောင်းလေး ဥပမာပြောပြပါ့မယ်။ ဒါ သူများပြောအရ စာအရနဲ့ ပြောတာ။ အဲဒီတော့ ဒီစေတနာဟာ အဲဒီလူကြီးက သူ့သမီးလေးကို ပေါင်ထားတယ်။ အသပြာ(၂)ထောင်နဲ့ပေါင်ထားတယ်။ ပေါင်ထားတဲ့အခါကျတော့ သူဌေးအိမ်မှာ သွားပေါင်တာ။ ဟိုတုန်းကတော့ လူပေါင်လို့ရတယ်။ သွားပေါင်တာ (၂)ထောင်ရတယ်။ အဲဒီလူကလည်း စားသောက်ပစ်တော့ (၃)နှစ် (၃)မိုးရှိပြီ။ ငါ သူများရပ်ရွာမှာသွားပြီးတော့ စာရင်းငှားလုပ်မှပဲဆိုပြီးတော့ သွားလုပ်တယ်။ လုပ်တဲ့အခါကျတော့ ငွေ(၂)ထောင်ရတယ်၊ ငါ့သမီးလေး ရွေးမယ်ဆိုပြီးတော့ ခါးပိုက်ထောင်ထဲ ထည့်လာတယ်။ ထည့်လာတဲ့ အခါကျတော့ ငါ့သမီးသွားရွေးမယ်ဆိုပြီးတော့ တစ်နေ့သောအခါမှာ လမ်းလျှောက်လာတဲ့ ရဟန်းတစ်ပါးသွားတွေ့တယ်၊ သူလည်းလမ်းလျှောက်တာ။ အချိန်ကလည်း ဆွမ်းစားမယ့်အချိန်ဖြစ်နေပြီ၊ နေကျော်တော့မယ်။ (၁၂)နာရီဆို မစားရ တော့ဘူး။ အဲ နေကျော်တော့မဲ့အတွက်ကြောင့် သူက သူ့ဆီမှာ ပိုက်ဆံအသပြာ (၂)ထောင်ပါတယ်။ အဲဒီနေရာမှာ ထင်းခုတ် တဲ့လူတွေ တွေ့တယ်။ ထင်းခုတ်တဲ့လူတွေ တွေ့တဲ့အခါကျတော့ ထမင်းထုပ်ကို သူဝယ်တယ်။ ကျွန်တော့်ကို ရောင်းပါဗျာတဲ့၊ တစ်ယောက်စာပဲပါတယ်တဲ့၊ ကျွန်တော်တို့ မရောင်းပါရစေနဲ့တဲ့၊ ကျွန်တော် ဒါရောင်းလိုက်ရင် ကျွန်တော်မစားရဘူးတဲ့။ ဘယ်သူ့ဆီမှ ဝယ်လို့မရတော့ အဲဒီတော့ ငါ့မှာကွာတဲ့ သမီးရွေးဖို့ ငွေ(၂)ထောင်ပါတယ်တဲ့။ အဲဒီထမင်းထုပ်နဲ့လဲရအောင်ကွာ တဲ့၊ ဟာလဲကွာဆိုပြီး ထမင်းထုပ်ကို ပေးတယ်နော်။ ရဟန်းဝတ်နဲ့ဝတ်တော့ ဒါရဟန်း ဆိုပြီးတော့ သူ့ရဲ့ဗုဒ္ဓရယ်၊ ဓမ္မရယ်၊ သံဃာရယ်ဆိုပြီးတော့ သူ့နှလုံးသားထဲက စေတနာအာရုံပေါ်မှာ စေတနာဖြစ်သွားတယ်။ ဒီရဟန်းကြီးတွေ့လိုက်တယ်ဆို စေတနာဖြစ်သွားတယ်။ မနောနော်။ မြင်လိုက်တယ်ဆို မနော၊ သမီးရွေးမဲ့ ပိုက်ဆံ(၂)ထောင် ကို ထမင်းထုပ်တွေနဲ့လဲပြီးတော့ အဲဒီရဟန်းကြီးကို ကျွေးတယ်ဗျို့၊ သူလည်း အဲဒီရဟန်းက ဘာရဟန်းမှန်းလည်းမသိဘူး။ သူကျွေးတာနော်။ အဲဒီတော့ ဒီလိုတွေးလိုက်တော့. ရဟန်းကြီးကလည်း သူကျွေးတဲ့ထမင်း တောစပ်ကလေးမှာ ဘုန်းပေး တယ်ဗျနော်။ သမီးရွေးမယ့်ပိုက်ဆံ သူ့စေတနာက အဲဒါတွက်ကြည့်၊ မြင်တာနဲ့ သူ့စေတနာက သူ့မှာရှိတယ်။ အချိန်ကာလ မှန်းတည့်တော့မယ်။ သူ့ပိုက်ဆံကလည်း သမီးရွေးမယ့်ပိုက်ဆံ။ အဲ(၃)ခုမြောက်မှာသာလျှင် ထူးမယ်။ အဲဒါ အဲဒီဒါနကို ပြောတာနော်။ အခုကတော့ ဒါပေမဲ့ ကျွန်တော်တို့ ကျွန်မတို့ လှူတာမထူးဘူးလား။ ထူးတယ်၊ ကံပဲဖြစ်မယ်။ နောက်လည်း ကံပဲလုပ်အုံးမှာကိုဗျ။ နောက်လည်း ကံလုပ်အုံးမှာကိုအဲ လှူပြီးရင် နောက်လည်း ကံပဲနော်။ သတိအမြဲတမ်းနှလုံးသွင်းရမယ်။ ငါလှူထားတဲ့ ဝတ္ထုကာမဟာ ဘာလေးနဲ့ပဲလှူလိုက်လှူလိုက် ငါ့စေတနာတွေ ငါမွန်မြတ်သော စေတနာ အာရုံပေါ်မှာ ငါကျပြီ။ ဒါပေမဲ့ ငါမိစ္ဆာအယူတို့

ပယ်မယ်။ သမ္မာအယူကိုယူမယ်၊ တဏှာကိုတော့ ငါမပယ်နိုင်ဘူး။ တဏှာကို မပယ်ဘူး။ မိစ္ဆာကို ပယ်ပြီး သမ္မာကိုယူထားရင် အဲဒီလူက တန်ဖိုးရှိတယ်ဗျို့။ အလှူခံတဲ့ ရဟန်းက စစ်နေလို့ သီလလည်း အမျိုးအစားရှိတယ်။ ရဟန္တာသီလနဲ့ ပုထုဇဉ်သီလ မတူဘူး။ ပုထုဇဉ်သီလနဲ့ သောတပန်သီလ မတူဘူး။ သောတပန်သီလနဲ့ သဒ္ဒါဂါမ်သီလ မတူဘူး။ သဒ္ဒါဂါမ်သီလနဲ့ အနာဂါမ်သီလမတူဘူး။ ဒါကြောင့်မို့ ပုဂ္ဂိုလ်အလိုက်ရှိတယ်။ အစားစားရှိတယ်။ သူတော်ကောင်း အစားစားရှိတယ်။ လူပြည်ကတော့ ပြန်ကြမှာပဲ။ ဦးပဏ္ဍိတ လည်းပြန်ရမှာပဲ။ အဲဒီတော့ ဦးပဏ္ဍိတ က မပြန်ခင်မှာ၊ ငါ ဒီအာရုံနောက် လိုက်သေးသလား။ အဲဒီအာရုံ(၆)ပါး ငါလွှတ်ပြီလား။ ကျင့်ဖွယ်ကိစ္စငါးပါး ဓါတ်လေးပါးဖောက်ပြန်တာ ငါဖောက်ပြန်သေး သလား။ အသေအချာ ရုပ်လက္ခဏာ၊ နာမ်လက္ခဏာစစ်တာနော်။ ခန္ဓာ(၅)ပါးက ငါဖောက်ပြန်သေးသလား။ အာရုံ(၆)ပါး နောက် ငါလိုက်သေးသလား။ စစ်ပြီးတော့မှ ငါ ဘယ်ရောက်ပြီ၊ ဘယ်လိုနေရာက ဘယ်လိုဖြစ်တယ်ဆိုတာ သိတာ သိတာကို ခင်ဗျားတို့ကို သမ္မာနဲ့ ပြန်ပြောတာ။ အဲဒီလို အာရုံ(၅)ပါးလည်း မဖောက်ပြန်တော့ဘူးနော်။ အကျိုးတရားက ရုပ်ခေါ်တယ်။ အကြောင်းတရားက နာမ်ခေါ်တယ်။ (၆)ပါးကလည်း ကိုယ့်မနှိပ်စက်တော့ဘူး။ (၅)ပါးကလည်း မနှိပ်စက် တော့ဘူး။ အဲဒီနေရာမှာ ဖိုလ်ပင်တာ အဲဒါ ရုပ်နာမ်လွှတ်သွားတဲ့အချိန်မှာ အဲဒီအချိန်ကလေးက ဒီကိုပြန်လာပြီးတော့ ပြန်ပြောပြတာ။ ဒါကြောင့် ဒီစကားကို ဘာကြောင့်ပြောရတာလဲ။ ခင်ဗျားတို့ လုပ်ကြပါစေ။ ဖွဲလို စမတတ်တဲ့ လူတစ်ယောက် သည် ဒီလိုလုပ် ဒီလိုဖြစ်တာပဲ။ ကြိုးစားအောင်လို့ပါ။ အာရုံ(၆)ပါးနောက် မလိုက်ပါနဲ့။ မနောအာရုံကံ အဲဒီကံဟာ အလိုအလျောက် ဖြစ်နေတာနော်။ သမီးအတွက် စိုးရိမ်ကြောင့်ကျ သားအတွက်စိုးရိမ်ကြောင့်ကျ၊ စီးပွားရေး အတွက် စိုးရိမ်ကြောင့်ကျ။, ထင်းမရှိလို့ပူရ၊ ရေမရှိလို့ပူရ၊ အမျိုးမျိုးအတ္တတွေနော်။ အတ္တတွေ အတ္တဆိုတာ ငါစွဲတယ် ငါ လုပ်မယ်။ ငါကိုင်မယ်။ ငါယူမယ်။ ငါစားမယ်။ အကုန်လုံး ဦးပဏ္ဍိတ လူနာမည် မြမောင် အကုန်လုပ်သွားတာ အကုန်လုံး လုပ်သွားတာ တွေ့ရာအကုန် လုပ်တာပဲ။ ခိုးတာပဲ။ လိမ်တာပဲ။ ညာတာပဲ။ (၁၀)ကို (၁)ကျပ်တိုးနဲ့ ချေးတာပဲ။ ချေးပြီး ပြန် မပေးဘူး။ ပေါတွေ့လား။ ဘယ်လောက်ဆိုးသလဲလို့ လုပ်ချင်တာလုပ်တာပဲ။ အတ္တဟာနော်။ ငါစွဲ အဲဒီတော့မှ အော် အတ္တနဲ့ အနတ္တ နော်။ အတ္တနဲ့ အနတ္တ။ အနတ္တဆိုတာပဲလည်း သဘာဝသဘောတရားကို အမည်မှည့်ပေးထားတာ။ အနတ္တလို့မှည့်ပေးတာ။ သူ့သဘောသူ ဖြစ်နေပါလား။ မမြဲတဲ့ သဘောကြီးပါလား။ ဓါတ်သဘောကြီးတွေပါလား။ ယောက်ျားလည်းမဟုတ်ပါလား။ မိန်းမလည်း မဟုတ်ပါလား။ ဘာမှလည်း မရှိပါလား။ ဟာ အလုံးအထည်အပြားလည်း မရှိတော့ပါလား။ ဘာမှမရှိဘူး။ ဓါတ်သဘော အဲသဘောလေးအဲဒါကြောင့်မို့ လူမှာ (၃၂)ကောဋ္ဌာသ ရှိတယ်ခင်ဗျားတို့ စာကရေးထားတယ်။ (၃၂)ကောဋ္ဌာသရှိထားတဲ့ ဟာကို လူ့ဘုံမှာ တရားရသွားတဲ့ တရားပေါက်သွားတဲ့လူက ငါမှာရှိတဲ့ (၃၂)ကောဋ္ဌာသ ငါမရဏသေမင်းကို (၃၁)ဘုံမှာ ငါနေတဲ့အတွက် ငါမှာ (၃၂)ခုရှိတယ်။ (၃၁)ခု ငါပေးပစ်ခဲ့မယ်။ တစ်ခုကျန်တယ်။ ဒါအောက်ဘုံက တတ်တာပဲနော်။ ဘယ်လောက်အားကျဖို့ကောင်းလဲ။ အခုမရဏ သေမင်းက ကံကုန်ရင် ခေါ်မယ်။ အယုတ်အလတ် အမြတ်မရွေးဘူးနော်။ အချိန်ကျရင် ခေါ်မှာပဲသွားပြီ။ လာဘ်ထိုးလို့လည်း မရတော့ဘူး။ အဲဒီတော့မှ ရုပ်နာမ်နှစ်ပါးမှမလွှတ်ရင် ဘုံ(၃၁)ဘုံ မလွတ် ဘူး။ သမီးစွဲ၊ သားစွဲ ခင်ဗျားတို့ စောမွန်လှ မတွေ့ဘူးလား။ ဘုရားတည်တာလည်း စွဲနေတာပဲ။ အဲဒါတွေဟာ အခု သိုက်တွေဟာ တစ်ပုံကြီးပဲ။ အားကြီးပဲ။ သိုက်တွေ လူပြည်ထဲမှာလည်း ရှိတယ်။ အဲဒီတော့ လူပြည်ကို မလာနိုင်တဲ့နာမ်ကောင် တွေလည်းရှိတယ်။ ကစ်ပုံကြီးပဲ၊ အဲဒါတွေကိုသိပြီးတော့ အော် ဘုရား ဘုရား ငါတော့ လူလူချင်းပြန်ပြောမှပဲ ပြန်ပြီးတော့ဂွာ မင်းတို့ကိုဂွာ သိးခံကြပါ။ စေတနာမပျက်ကြနဲ့ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်က

လူကိုသနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြဗ္ဗာစိုတရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုကိုယ် ရာဇမာန်တွေ၊ ဒွန်မာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေ၊ စိတ်ပါတဲ့အလုပ်နဲ့ စိတ်မပါတဲ့ အလုပ်။ အော် အေး အေး အေး သမ္မာလေးနဲ့လုပ်၊ မိစ္ဆာနဲ့သွားမလုပ်နဲ့နော်။ ဒါခင်ဗျားတို့အဖို့မှာ ကံတရားကိုပြော။ ကံဆိုတာ ဥပမာ ကာယကံ၊ ဝစီကံ၊ မနောကံ၊ မနောကံဟာ ကိုယ်မပြုလုပ်ဘဲ ကံဖြစ်ရတယ်။ ဘာပြုလို့လဲ သမီးလေး ရေထဲနစ်သွားရင် ပူတာပဲဗျို့။ ဗျာပါဒအစွဲလို့ ကံခေါ်တယ်။ ဒါဥပါဒါန်ခေါ်တယ်။ ဥပါဒါန်ဖြစ်သွားပြီ။ မနောမှာ စိုးရိမ်ကြောင့်ကျသွားပြီ။ ကိုယ် ဒီမနက်ယူထားတဲ့ သီလက လွှင့်ပစ်တယ်။ အဲဒီအပူကို ဘာနဲ့မှသတ်လို့မရဘူးနော်။ မဖြစ်သေးလို့ ကိလေသာငုတ်နေလို့ ကိလေသာလေး ငုတ်နေလို့ဆင်ခြင်လို့ရသေးတယ်။ ကိလေသာက ထောင်းကနဲပေါ်လည်း ပေါ်ရော ဟော ဗျာပါဒဖြစ်တာပဲ ဗျို့။ နော် ဒီကံကိုသတ်ရမှာနော်။ အခုတော့ ခင်ဗျားတို့ ကာယကံ၊ ဝစီကံကိုသတ်လို့ရတယ်။ မနောကံတော့ မသတ်ဘူး။ အဲဒါတော့ ကျန်နေတယ်။ အဲဒီမနောကံသတ်ပါ။ မနောကံက ဘာနဲ့သတ်မလဲ။ မဂ်ဉာဏ်နဲ့သတ်မှရမယ်။ အဲဒီမဂ်ဉာဏ်က ဘယ်ကလာလဲ။ မဂ္ဂင်ရှစ်ပါး ခင်ဗျားစိတ်နဲ့ ခင်ဗျား။ ဘဝင်စိတ်ကို မဂ်နဲ့စစ်။ စစ်မှ ကိုက်မှ ခင်ဗျား သိလာလိမ့်မယ်။ မကိုက်ရင် မသိသေးဘူး။ ဘုရားက အဲဒီမဂ္ဂင်ရှစ်ပါး မိမိရဲ့ရှိတဲ့ သဗ္ဗစိတ်ကလေးကိုစစ်ပါတဲ့။ အဲဒီတော့ စစ်လိုက်တဲ့အခါကျတော့ မိစ္ဆာက ထွက်ပြေးပြီ။ ပြေးပြီ။ သမ္မာနဲ့သူထိုင်နေပြီ။ အဲဒီလိုဟာလေးကို လုပ်ဖို့ဟာ ဦးဖင်းက ပြောတာပါ။ ခုနက မဂ်ဖိုလ်ရတယ်။ ခင်ဗျားတို့ လုပ်အောင် အဲဒီတော့ မသေခင် ကိုယ်ရဲ့ ဘုံ(၃)ပါးသိရမယ်။ သူများသွားမမေးနဲ့။ ဒါသိအပ်တဲ့ တရားနော်။ ကျင့်အပ်တဲ့တရား။ ပယ်အပ်တဲ့တရား ကိုယ်မှမပယ်တာကြီး ကိလေသာမှာ တဏှာတွေကပ်နေတယ်။ တဏှာဆိုတာ သာယာမှုခေါ်တယ်နော်။ ဘာလေးဖြစ်ဖြစ် ကောင်းတာလေး ဇီဝါမှာ ခံစားတယ်။ ကောင်းတာလေး။ ပါးစပ်မှာ ခံစားတယ်။ နံ့သာမှာ ခံစားတယ်။ ဟောရုပ်မှာခံစားတယ်။ မနောမှာခံစားတယ်။ အဲဒါအနုသယတွေနော်။ ရုပ်ကုဋေငါးထောင် နာမ်ကုဋေ တစ်သိန်းဖြစ်ပျက်မှ မသိရင် ကိလေသာကြွေးတင်မှာပဲနော်။ ကိုယ့်စိတ်ကိုယ်စစ်။ ကိုယ့်စိတ်ကို ကိုယ်စစ်တာ မဂ္ဂင်စစ်နော်။ အဲဒီမဂ္ဂင်နဲ့စစ်မှ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင် သိက္ခာ(၃)ပါးကို အဆီညှစ်ထုတ်လိုက်ရင်ဘာကျမလဲ။ ဇကော ဓမ္မောကျမယ်။ ဇကော ဓမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ်နာမ်ပေါ်လာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှစတယ်။ ခန္ဓာမှဆုံးတယ်။ သီလမှာချုပ် တယ်နော်။ အေးသွားပြီ၊ ဟိုခင်ဗျား ဟိုနိဗ္ဗာန် အနာဂတ် နိဗ္ဗာန်မဟုတ်ဘူး။ အခုအေးနေတာ၊ နိဗ္ဗာန်ခေါ်တာ။ အခုအေးနေ တာ။ သမီးသေလည်း စိုးရိမ်ကြောင့်ကျ ဗျာပါဒမရှိ သားသေလည်း စိုးရိမ်ကြောင့်ကျ ဗျာပဒါမရှိ၊ ပိုက်ဆံရရ မရရ စိုးရိမ်ကြောင့် ကျတဲ့ ဗျာပါဒမရှိ။ စေတသိက်သေနေမှပဲ အာရုံနောက် မလိုက်တော့ဘူး။ ဟိုမှာတွေ့လား ဝတ္ထုကာမ မျက်စိမှာမြင်ပြီ။ အဲဒါအာရုံပဲ။ သူထုတ်ပြတာကိုဗျ။ လက်ကောက်တွေထုတ်ပြ ဆွဲကြိုးတွေထုတ်ပြ အဲဒီပေါ်မှာ ငါ့စိတ်ကလေးက အဲဒီအာရုံ ပေါ်မှာ သာယာသေးသလား။ သာယာရင် တဏှာပဲဗျို့။ အဲဒါလုပ်ပြီးတော့နော်။ အဲဒါလေးကို လိုလားတောင့်တတဲ့ ဟောဒီ အပျိုလေးအပေါ် ငါသာယာသေးလား။ မနောက သာယာသေးလား။ စက္ခုအာရုံကမြင်လိုက် တော့ ဘဝင်ကတော့ပြီးတော့ သောမနဿဖြစ်သေးလား။ ကိုယ့်စိတ်ကိုယ်စစ်နော်။ မဂ္ဂင်နဲ့စစ်တော့ ဟောခင်ဗျား ရှုလိုက်တော့ ကာယကံ(၃)ပါး၊ ဝစီကံ (၄)ပါး၊ မနောကံ(၃)ပါး၊ ဒုစရိုက်(၁၀)ပါးလုံတော့ အဲဒါ ဘယ်လောက်ကောင်းလဲ ခင်ဗျား ဝိနည်းထက်တောင် ကောင်းသေးတယ်နော်။ ဝိနည်းထက်ကောင်းတာ ဝိနည်းက သိက္ခာပုဒ်(၂၇)သွယ် ထိန်းရသေးတယ်။ ဒီကစိတ်ထိန်းထားတာ။ စိတ်ကို ဘာနဲ့ထိန်းထားလဲ။ အနတ္တနဲ့ ထိန်းထားတာ။ ထိတာကရုပ် သိတာကနာမ်။ ထိတာလည်း မမြဲဘူး။ သိတာလည်းမမြဲဘူး။ ဒါအနတ္တတရား အတ္တတရားကို အလိုအလျောက် အနတ္တဘက် ပြောင်းပြောင်းလာတယ်နော်။

ဒီအတ္တနဲ့ အနတ္တကို ခွဲတတ်ဖို့လိုတယ်။ ဘယ်သူက ခွဲလိမ့်မလဲ။ မဂ္ဂင်ရှစ်ပါးက ခွဲလိမ့်မယ်။ အဲဒါအခုတော့ တရားတော့ ထိုင်ပါတယ်ဗျာ။ အောက်က ဂျပိုးကိုက်တာ ဂျပိုးဖျစ်သတ် အာ အကျိုက သန်းချေးကိုက်၊ ဖျစ်သတ် ပါဏာတိပါတ် သူများ အသက်သတ်ကာ အဲဒီသီလလုံပါ့မလား။ ခေါင်းမှာ ရွရွနေ ဖုတ်ဖတ်နဲ့လုပ် တစ်ခါတည်း သီလလုံပါ့မလား။ အဲဒါတွေဟာ သီလပျက်သွားပြီ။ နတ်၊ သိကြားတွေက ကြည့်နေတယ်။ ဂိုင်းနေတယ်။ ခင်ဗျားတို့ကို သင်ပေးလိုက်မယ်။ လူမသိပေမဲ့ နတ်၊ သိကြားသိတယ်။ ခင်ဗျားတို့ တရားထိုင်တွေ ဒါကြောင့်မို့ ခင်ဗျားတို့ရဲ့မနော ကိုယ်ကာယ ဘာဖြစ်တယ် ညာဖြစ်တယ်၊ နတ်တွေကဝိုင်းနေတယ်။ ဟာ သူတို့ရှိတယ်။ ခင်ဗျားတို့က ကံမှ မလွတ်သေးတာကို ကံလွတ်တဲ့သူက အကုန်သိတယ်နော်။ အကုန်လုံးသိတယ်။ သူကံပြတ်သွားတာကိုဗျ။ အဲဒါကြောင့် ခင်ဗျားတို့ကိုပြန်ပြီးတော့ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ အရိယာသစ္စာနော်။ ခင်ဗျားတို့ ဒီနေ့ (၃)ည ဟောတယ်။ သဘောလေးပြောပြပါ့မယ်။ ခင်ဗျားတို့ ဆီက လှူတဲ့ငွေတွေမယူပါဘူး။ တစ်ပြားမှမယူဘူးနော်။ ဦးပဏ္ဍိတ အေးရွာမှာတည်မယ်။ သူ့ဟာနဲ့ပသူ လုပ်သွားမယ်။ ခင်ဗျားတို့ဟာမယူပါဘူး။ လိုက်ပေးလည်း မယူဘူး။ သူက အေး ဒါဖြင့် ဒကာကြီး ခင်ဗျားကျုပ်မပေးနဲ့တော့။ ခင်ဗျားတို့ကို အကြံညာဏ်ထုတ်ပေးမယ်၊ ခင်ဗျားတို့ သံဃနာယကရှိတဲ့ သိမ်တော် သိမ်လုပ်နေတယ်၊ ညနေက ဦးဖင်း (၅)နာရီလောက်က သွားတယ်။ အဲဒီဘုန်းကြီးက အသက်ကြီးပြီ။ အဲသူကနေပြီးတော့နော်။ အဲဒီမှာ ခင်ဗျားသွားလှူ ပြီးတော့ အဲဒီရတဲ့ပိုက်ဆံတွေအကုန်လုံးလှူ နားတောင်ခင်ဗျားတို့က ကျော်မတက်နဲ့နော်၊ ပရိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ ဒီလိုပြောထားတယ်။ ဓမ္မက သဘောလေးနဲ့ပြောသွားတာ။ ဓမ္မဆိုတာ ခန္ဓာခေါ်တယ်။ ဓမ္မစေတီခေါ်တယ်။ ကော ဓမ္မောခေါ်တယ်။ ခင်ဗျားတို့ကို မလိမ်ဘူး။ ခင်ဗျားတို့က ဆရာကတက်နေတယ်။ ဘယ်လောက် ခင်ဗျားတို့သိလည်း။ သူ့ဆီက အသိတစ်လုံးယူရမယ်ဟ။ သူ့ကိုတိုင်ပင်မယ်။ သူဘာလုပ်လုပ် တို့တိုင်ပင်မယ်။ တို့ဘာလုပ်လုပ် တိုင်ပင်မယ်။ တိုင်ပင်ရမဲ့အသိရှိရမယ်။ အဲဒီလိုသိမှ ပယ်မယ်။ ပယ်မှ မဂ်ဆိုက် ဖိုလ်ဆိုက်မယ်။ ကိုယ်က အတ္တမပြုတ်သေးဘူး။ ဟာတစ်ပုံ တစ်ခေါင်းကြီး အကုန်လုံးရှိတယ်နော်။ ဒါကြောင့်မို့ ခင်ဗျားတို့ လှူငွေရတဲ့ပစ္စည်းတွေကို အကုန်ထားပစ်ခဲ့မယ်။ ဘယ်ရွာမှ ဦးဖင်းမယူဘူး။ ဦးဖင်းအနေနဲ့ နဦးဖင်းဟာ ဦးဖင်းထွက်ရာတယ်။ သိန်းမြောက်များစွာရတယ်။ တရုတ်ကလေး မေးပါ။ ကိုယ်ရည်သွေးပြောတာမဟုတ်ပါဘူး။ ဒါလည်း ခင်ဗျားတို့ ဝါးခယ်မမြို့တော်မှာရှိတဲ့ ဆရာတော်ကြီးကျောင်းမှာ သူ့ခဗျာ မူနေတယ်။ နေလို့လည်းမကောင်းဘူး။ အဲဒါနဲ့များ သေသွားရင် ဒီသိမ်မှာ သွားစွဲနေအုံး မယ်။ ဘုန်းကြီးနဲ့ အဲဒီတော့ အဲဒီရတဲ့ပိုက်ဆံတွေကို အကုန်ပေးလိုက်။ ဦးပဏ္ဍိတကတော့ ကိုင်ပြီးတော့ ပေးလိုက်ပြီးတော့ ဘာမှမယူဘူး။ အဲဒီတော့ ဒီလိုတရားတွေကိုဟောပြီးတော့ ဒကာ၊ ဒကာမများက သူတို့လှူတဲ့ပိုက်ဆံ သူဘာပဲလုပ်လုပ်ပေါ့ဗျာ။ အဲဒါခင်ဗျားတို့ ဆရာတော်သာပေး သူ့မှာအစွဲမှမရှိတာနော်။ ပကာသနအနေနဲ့ပြောတာ မဟုတ်ဘူး။ သစ္စာနဲ့ခင်ဗျားတို့ကို ပြောတာ။ သူလိုကျင့်ကြပါ။ သူလိုလုပ်ကြပါ။ ကတိတစ်လုံးမဖျက်နဲ့။ ခင်ဗျားတို့ သမုတိသစ္စာ နယ်မှာနေတာ အတ္တမလွတ်သေးဘူး။ အတ္တရှိတဲ့အတွက် မိန္တာကိုမယူနဲ့၊ သမ္မာကိုယူ ဒါကံသမားအတ္တမပြုတ်လို့ပြောတာ။ အတ္တပြုတ်တဲ့သူက အနတ္တမြင်တယ်လေ။ အဲဒီ သမ္မာဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံ သူက အလယ်ကသွားပြီ၊ အဲဒီနှစ်ခု ဘင်စွန်းနှစ်ပါး လွတ်သွားပြီနော်၊ သေချာလေးနားထောင်၊ ကိုယ်လုပ်တဲ့ဟာကို ခြင်းကြားကြီးနဲ့ရေသွားမခပ်နဲ့၊ ခပ်တတ်ဖို့လိုတယ်။ ခပ်ရင်လဲ ရေပါအောင်ခပ်၊ ဘာလုပ်မလဲဗျာ။, အခုခေတ်က ကပ်တွေကဆိုက်ကုန်ပြီ၊ အဲဒါပြောလို့ မကောင်းဘူး။ အဲဒီတော့ ဒီကပ်ကလွတ်အောင် ခင်ဗျားတို့ ဒီပွဲကို ကြည့်ရမယ်နော်။ ဒီပွဲ အဘိုးကြီးအို ခါးကုန်းကုန်း မသေပါနဲ့အုံး၊ နောင်နှစ်ခါ တန်ဆောင်မုန်း ပွဲကြည့်ပါအုံး။ အဘိုးကြီးအို

ခါးကုန်းကုန်းတဲ့။ သူ့ခေတ်ကကုန်ပြီ၊ အခုလူငယ်တွေရဲ့ခေတ်ဖြစ်နေပြီနော်။ ဒါကြောင့် နားထောင်ကြပါ။ နားထောင်ကြ၊ ဘာဖြစ်ဖြစ် ဘုရား၊ တရား၊ သံဃာကို ဟိုအဘိုးကြီးတွေက တစ်ခါတည်း အရိုးစွဲနေပြီ။ အဲဒီတော့ မိရိုးဖလာက အရိုးတွေဖျောက်ပစ်။ မိရိုးဖလာကို သမ္မာနဲ့သုံး၊ မိစ္ဆာနဲ့မသုံးနဲ့၊ သုံးတတ်ဖို့လိုတယ်၊ ဒါတွေ သိပ်အရေးကြီးပါတယ်၊ ဦးပဏ္ဍိတ ရှိတယ်။ ခင်ဗျား ဟို ဗမာပြည် အကုန်လုံးရောက်လာတာပဲ။ လားရှိုးတို့ မူဆယ်တို့ ဘာတို့ တချတ်ပြည်တို့ ထိုင်ဝမ်တို့ အကုန်ရောက်တာပဲ။ သူကြည့်တယ်။ အော် အေး အေး စောမွန်လှ နေတဲ့နေရာတွေ အကုန်ရောက်တယ်နော်။ အဲဒီလို ဟိုတုန်းက လူ့ဘဝက ရေထမ်းတဲ့အကောင် မြမောင် ဘာမှမရောက်ပါဘူးဗျာ။ မအူပင် လည်း မရောက်ဘူး။ ဘာမှလည်း မရောက်ဘူးနော်။ အဲဒီတော့ ဒီဟာ ဘာလဲ။ တရားကို နတ်စောင့်တယ်။ ကိုယ့်စေတနာက မှန်တာကိုးဗျ။ လူမျိုးမရွေး၊ ပုဂ္ဂိုလ်မရွေး စေတနာအကုန်ထားတယ်။ ပါးရိုက်လည်း စေတနာ၊ ထပြီးတော့ ဂုန်နီစက်ရုံကနေ အမျိုးသမီးက ဖနောင့်နဲ့ ကန်တယ်။ ကလေးချီပြီးတော့ ဖနောင့်နဲ့ကန်တယ်၊ လင်က ထရိုက်တယ်၊ မရိုက်နဲ့၊ ခင်ဗျားသွားမရိုက်နဲ့၊ ကန်ပါစေ၊ ဦးပဏ္ဍိတ သည်းခံထားတယ်နော်။ လောကဓံကို ခံထားလိုက်တယ်။ ဉာဏ်ရှိလို့ ခံတာ ကံရှိရင် ထရိုက်မှာပေါ့နော်။ ဒါတွေဟာ သိပ်အရေးကြီးပါတယ်။ အခုက ညည်းကဘာလဲ။ ကျုပ်ကဘာလဲ။ မနောက ပေါက်နေတယ်။ အပြင်မှာတော့ ဟန်ဆောင်တယ်။ မနောမှာတော့ ပေါက်ပြီ၊ သွားပြီပေါ့ဗျာနော်။ မနောတစ်လုံး နိုင်အောင်လုပ်ပါ။ စေတနာပိုင်အောင်လုပ်ထားပါ။ ဘယ်သူ့အပေါ်မှာမှ စေတနာမပျက်ပါနဲ့၊ အဲဒီစေတနာဟာ ဝိသုဒ္ဓိသီလခေါ်တယ်။ အဲဒီသီလဟာ နိဗ္ဗာန်သွားမယ့် သီလ။ ခင်ဗျားစေတနာကို ခင်ဗျားစစ်၊ အဲဒီတော့မှ ခင်ဗျားပစ္စည်းတွေကို ချုံးပစ်လိုက်တယ်၊ လွှင့်ပစ်လိုက်တယ်။ တစ်ခုခုလုပ်၊ ဖြစ်လိုက်တယ်၊ ခင်ဗျားကို ကရော်ကမယ်လုပ်တယ်၊ ခင်ဗျား စေတနာပျက်မယ်။ မပျက်စေနဲ့ပနော်၊ ဒီစေတနာ ပျက်သွားရင် သီလပျက်မယ်၊ ဒါဦးပဏ္ဍိတ ယူတဲ့သီလခေါ်တယ်နော်။ ခုနကပြောတယ်၊ သညာဘာလဲ။ သဒ္ဒါရဘာလဲ၊ ဥပါဒါန်ဘာလဲ၊ ကိုယ့်စိတ်ကိုယ်စစ်တယ်။ စစ်ပြီးမှခင်ဗျားတို့ကို ဟောတာနော်။ ဒါကြောင့်မို့ အော် သိုက်တွေရော၊ ဓါတ်တွေရော မနက်ကျ ခင်ဗျားတို့တွေ့ပါလိမ့်မယ်။ ဟိုဘက်ကမ်းမှာနော်၊ အဲဒီတော့ ရုပ်မရှိဘူး။ နာမ်ကောင်တွေ အားကြီးသဲ။ ဒီကသိတာပေါ့။ ကျင့်ထားကိုးဗျ။ မသိယေင်ဆေတင်နေတာ။ အရူးလိုနေတာနော်။ ဘယ်လောက်ကောင်းတဲ့တရားလဲလို့၊ ဒါတွေကို ထိထိမိမိနဲ့ ခန္ဓာနဲ့ရင်းရှာမှ ရုပ်နာမ်နှစ်ပါးသိမယ်။ ရုပ်နာမ်နှစ်ပါးလွတ်တဲ့နေရာရှိတယ်။ ရုပ်နာမ်နှစ်ပါးသိရင်တော့ တော်သေးတာပေါ့။ လွတ်တဲ့နေရာဆိုတာကတော့ သွားပြီ။ (၃၁)ဘုံလွတ်သွားပြီ။ ရုပ်နာမ်နှစ်ပါးလွတ်သွားမှကိုး။ ဒါကြောင့်မို့ ဒီဟာတွေ မိမိရဲ့ စိတ်ကလေးတွေဟာ စိတ်တော့ခေါ်ထားပြီ၊ ဓါတ်သက်ကိုရအောင်ကျင့်ပါ။ ဓါတ်လေးပါးတွေရှင် သဘာဝသဘောတရားသိပြီ၊ အတ္တပြုတ်ပြီ။ အတ္တကိုသိပြီ၊ သွေးသားပြောင်းတယ်၊ စိတ်ပြောင်းတယ်။ စိတ်က အတ္တစိတ်ပြောင်းပြီ။ အဲ အနတ္တ ဖြစ်ပြီ။ သွေးသားကဘာလဲ၊ ကိလေသာ အဲဒါတွေ သဘောလေးနဲ့နာ။ ကိလေသာရဲ့ဒေါ်အုန်းမေ နဲ့ ဦးချိုးထိုး တို့မွေးဖွားတဲ့ မြမောင်၊ အဲဒါကိလေသာခေါ်တယ်နော်၊ သောချာလေးတွေ။ အဲကိလေသာရဲ့ သွေးသားတွေကို သတိပဋ္ဌာန် လေးပါးနဲ့ တိုက်ထုတ်လိုက်၊ စမ္မသတိပဋ္ဌာန်ရောက်မှပဲ ဒီသွေးသားကုန်မှပဲ သဘောပေါက်တယ်နော်။ ဒီသွေးသားက အာရုံပေါ်မှာသွားနေတာ။ စက္ခုပေါ်မှာသွားနေတာ။ နှံ့သာပေါ်မှာသွားနေတာ။ ဇိဝ္ဟာပေါ်မှာသွားနေတာ။ ကိုယ်မှာသွားနေတာ။ အဲဒီသွေးသားတွေ စာလေးနဲ့ခင်ဗျားတို့ ရေးကျင့်တဲ့ ဘုန်းကြီးကိုပြ။ ခင်ဗျားတို့ ဘုရားဖူးသွားတယ်။ သာမညပြော အဲဒီစကား ဘယ်သူပြောလဲ။ ဦးပဏ္ဍိတ ပြောတယ်၊ ကိလေသာရဲ့သွေးသားတွေက အာရုံပေါ်မှာ လိုက်နေတယ်။ စက္ခုအာရုံ(၆)ပါးပေါ်မှာ လိုက်နေတယ်။ အဲဒါကြောင့်မို့ မောဟလို့ခေါ်လိုက်တာနော်။ ဒါတွေ စာနဲ့ ဝိပဿနာအသိနဲ့ ခုနက မှတ်တာက သညာ။ ဗမာလိုမှတ်တာ။

ဟောဒါရေတွင်း၊ ဟောဒါရေအိုး၊ ဟုတ်တာပေါ့၊ အဲဒါ မိုးရေဖလာအသိတွေပဲ။ အဲဒီအမှတ်ကို မမြဲပါလား၊ အော် ဗီဒိုးလည်း မမြဲပါလား၊ ငါ့ရုပ်လည်း မမြဲပါလား၊ ငါ့နာမ်လည်း မမြဲပါလား။ မမြဲပါလား မမြဲပါလားမှတ်နေ၊ အဲဒီလို မမြဲပါလားမှတ်နေရင်း သမာဓိအားကောင်းလာလိမ့်မယ်။ ဒါခင်ဗျားတို့ အပေါ်မှာ မူတည်တယ်၊ အဲဒါကိုမဟုတ်ဘူး။ တဏှာက ကိလေသာမှာ ကပ်နေတော့ မလုပ်နိုင်ဘူး။ အပေါင်းအသင်းနောက် လိုက်နေမယ်၊ လက်ဖက်ရည်ဆိုင်နောက်လိုက်သွားမှာ၊ ချဲထိုးမယ်၊ ချဲအကြောင်းပြောမယ်၊ လုပ်ချင်တာလုပ်မယ်၊ အခြား အကြောင်းပြောမယ်၊ လုပ်ချင်တာတွေလုပ်မယ်၊ အဲဒါလောကီ အကြောင်းတွေပဲ။ အင်မတန်နှတဲ့ဟာတွေပဲ။ ကန့်စွန်းရွက်တွေ့ တော့လည်း ကန့်စွန်းရွက်အကြောင်း ပြောနေပြန်ပြီ၊ ရေဒီယိုတွေပြန်လည်း ရေဒီယိုအကြောင်း ပြောနေပြန်ပြီ။ ဟာ ကွမ်းသမားကလည်း ကွမ်းအကြောင်း ပြောမယ်။ ရေဒီယိုသမားကလည်း ရေဒီယိုအကြောင်းပြောမယ်၊ ရုံးသမားကလည်း ရုံးအကြောင်းပြောမယ်၊ ဒါတွေဘဲ ခံနေရပြီ၊ အခုနော်၊ အဲဒါကြောင့် ကိုယ့်စိတ်ကို ကိုယ်စစ်ပါနော်၊ လယ်သမားကလည်း လယ်အကြောင်းပြောမှာပဲ။ အာ ငါးရှာတဲ့ သူကလည်း ငါးရှာတဲ့အကြောင်းပြောမှာပဲ။ ဒါတွေဟာ လောကီအကြောင်းတွေ၊ အနုသယတွေမသိနိုင်ဘူး။ ဒါတွေ ဟာ အင်မတန်မှ အရေးကြီးတယ်။ နောက်ဆုံး ဘာမှမရှိဘူး ထိတယ် သိတယ်၊ ဘာမှမရှိတော့ဘူး။ အဲဒါ ငါမတွေးပါလား။ အာရုံနဲ့လည်းမပေါင်းပါလား။ အာရုံ(ဖြ)ပါးနဲ့လည်း မပေါင်းပါလား။ မနောကလည်း စေတသိက်လည်း မရှိတော့ပါလား။ ဘာမှမရှိတော့ဘူး။ အာရုံတွေနဲ့ပြန်ပေါင်းတော့ သွားပြီပေါ့။ လက်ဖက်ရည်ဆိုင်သမားကလည်း လယ်စိတ်ကလေးဖြစ်နေတာ အာ အမျိုးမျိုးပဲ။ ဖဲသမားကလည်း ဖဲစိတ်ကလေးဖြစ်နေတာ၊ အဲဒီစိတ်ကလေးတွေကို သတ်ပစ် ရမယ်နော်။ အနတ္တနဲ့ သတ်ပစ်၊ အတ္တနဲ့တော့မလုပ်နဲ့၊ အဲဒီလောက်ဆို သဘောပေါက်ရောပေါ့၊ (သာဓု...သာဓု...သာဓု ပါ ဘုရား)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမဂ္ဂင်ဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြို့

မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း
(ဝိသုဒ္ဓိကျောင်း)အောင်သဒ္ဒါမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ နှင့် အောင်သဒ္ဒါ
ဝိသုဒ္ဓိ မှ ဝိမုတ္တိ
ဝိသုဒ္ဓိဓမ္မသဒ္ဒါတရားတော်

# ဝိသုဒ္ဓိဓမ္မသဒ္ဒါတရားတော်အမှတ်(၂၈)

ဝိသုဒ္ဓိ ဝိပဿနာပြန့်ပွားရေးအဖွဲ့,
အောင်သဒ္ဒါမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့
09-250432050, 09-794506595
09-251620128, 09-447572355

# ဝိသုဒ္ဓိမဂ္ဂသစ္စာတရားတော်အမှတ်(၉၈)

ဦးဇင်းက ခန္ဓာသိသဘောလေးကို ပြောပြမယ်နော်။ စာမတတ်ဘူး။ စာမတတ်တာ ငယ်စဉ်ကောင်ကျေးက စာကို မသင်ခဲ့လို့ မတတ်တာ။ အဲဒီတော့စာကို ပယ်တာမဟုတ်ဘူး၊ ဒီစာရှိလို့ ဒီအသိခန္ဓာသိ ကျင့်ကြံအားထုတ်တဲ့ သဘောပဲ။ ဒါကြောင့်မို့ စာကမှန်၏။ ကိုယ်ကဉာဏ်ရအောင်လုပ်ရတယ်။ အဲဒီတော့ စာကမှန်၏။ စကျွဲဉဒပါဒိ၊ ဉာဏဉဒပါဒိ၊ အာလောကောဉဒပါဒိ စာကရေးထားတယ်။ အဲဒါကိုယ်ရဖို့လိုတယ်။ ကိုယ်သိဖို့လိုတယ်။ အဲဒါကို လာပြောတာ အဲဒီတော့ အပြင်မှာ စငိကြယ်ရင် ခန္ဓာမှာ စငိကြယ်မယ်။ ခန္ဓာမှာ စငိကြယ်ရင် ဉာဏ်မှာစငိကြယ်မယ်။ ဒါဉာဏ်အလုပ်တွေ၊ ဒါကွိနဲ့ဉာဏ် အလုပ်တွေ ဦးပဏ္ဍိတ ရဲ့နှလုံးသားကို ဘယ်သူသိမလဲတဲ့။ စာတတ်တာတော့ လူသိတာပေါ့။ နှလုံးသားက ဘာကို အာရုံ ပြုတယ်ဆိုတာ ဘယ်သူသိမလဲတဲ့။ အဲဒါလာပြောတာ။ စာကမှန်၏။ ဉာဏ်မမီ ထိအောင်သူမသိ စာတွေ့ဝါတွေ့ အတွေ့ နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်တဲ့။ ခံစားရတယ်နော်။ ဘာခံစားရလဲ။ လောကုတ္တရာကို ခံစားရတယ်။ လောကီအတ္တကို ပယ်သွားတယ်။ မဂ်နဲ့ ပယ်သွားတာ။ အစွဲဥပါဒါန်ကံပြတ် သွားတာ။ အဲဒါခန္ဓာမှာ ဉာဏ်ဖြစ်နေတယ်။ အဲဒီဉာဏ်ကို ဘယ်လိုရတယ်ဆိုတာ ထုတ်ပြောပြမယ်။ အဲဒီတော့ စာကရေး ထားတယ်။ ကာယ သတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန် (၄)ချက်ရေးထားတယ်။ အဲဒီတော့ ပယ်အပ်မဲ့တရားက ပယ်ပြီ။ ပယ်အပ်မဲ့ အသိဘာတွေပယ်ရမလဲ။ ကိလေသာဝဋ်၊ ဝိပါကဝဋ်၊ ဘဝဝဋ် ဒါတွေပယ်ရမယ်၊ ဒါတွေမစွဲနဲ့၊ ပယ်ပစ်လိုက်နော်။ အဲဒီတော့ ဘာကိုသတ်တာလဲ။ ကိလေသာမှာရှိတဲ့တဏှာကိုသတ်တာ။ ရုပ်မှာရှိတဲ့တဏှာ ကို သတ်တာ။ တဏှာသတ်တဲ့တရားခေါ်တယ်။ တဏှာပြတ်တာက အဲဒါဉာဏ်ပေါက်လို့ပြတ်တာ။ သဘောလေးသာနာ။ ဘုန်းကြီးပေမဲ့ တစ်ပါးနဲ့တစ်ပါး အသိမတူဘူး။ သိ၊ ပယ်၊ စိုက်၊ ပွား မတူဘူး။ စာမတတ်တော့မသိဘူး။ ဒါပေါ့။ သူတတ်တဲ့ ပညာ ကိုယ်ကမသိဘူး။ ဝန်ခံထားပြီး အဲဒီတော့ ပယ်အပ်မဲ့တရားက ကမ္မသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ နော်။ အဲဒီတော့ ဒါတွေ ပယ်လိုက်တဲ့ ဒါတွေနဲ့မယှဉ်နဲ့တဲ့။ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်၊ အဲဒီတော့ ဒါတွေကိုပယ်လိုက်တဲ့။ ကမ္မဘဝပယ်၊ ဘဝါသဝလွတ်အောင်ရှုန်း၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝ စာကရေးထားတယ်။ ပြီးတော့ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ်၊ ဝဋ်တွေ အဲဒါစာကရေးထားတယ်။ ကိလေသာဝဋ် ဘာကြောင့် ဖြစ်သလဲ။ ယောဒါ ရုပ်တရားနော်၊ ဦးဇင်း သဘောလေးပဲပြောသွားမယ်။ ကာယကံ၊ ဝစီကံ၊ မနောကံရှိတယ်။ ကိုယ်ပြုလုပ်တဲ့ကံ ကိုယ်မပြု လုပ်တဲ့ကံရှိတယ်။ မနောကနေပြီးတော့ မစ္ဆရိယစိတ်၊ မနာလိုတဲ့စိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ် အဲဒီစိတ်တွေဟာ ဘဝင်စိတ်တွေဟာ ဗျာပါဒ ဟော ကိုယ်မလုပ်ဘဲနဲ့သွားစွဲတဲ့ ဥပါဒါန်ကြောင့် ကံဖြစ်တယ်ဗျို့။ ကိုယ်မလုပ်ဘူး သူများ အသက်သတ်တာလည်း မဟုတ်ဘူး။ သူများပစ္စည်းခိုးတာလည်း မဟုတ်ဘူး။ သူများသားမယား ဖျက်စီးတာလဲ မဟုတ်ဘူး။ ဘာလဲ။ သတင်းကြားတာနဲ့ အစွဲဥပါဒါန် ဒဲဘာ သားလေးရေနစ်သေတယ်။ ဟော ကိုယ်ကသွားစွဲတာ ကိုယ်ဟာ့ကိုယ် ထိုင်နေတာ။ အဲဒီအစွဲဘာနဲ့သတ်မလဲ။ ဘာနဲ့မှသတ်လို့မရဘူး။ သီလနဲ့လည်း သတ်လို့မရဘူး။ သမာဓိနဲ့လည်း သတ်လို့မရဘူး။ ဘာနဲ့သတ်မလဲ။ မဂ်ဉာဏ်နဲ့ သတ်မှရတာ။ အဲဒီအစွဲကို ပြောတာ။ အဲဒီဥပါဒါန်ကိုပြောတာ။ အဲဒီတော့ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ် ကိုယ်ကလည်းပယ်ပြီ။ အဲဒီတော့ ဒီဝဋ်တွေဟာနော် ဘာကြောင့်ဖြစ်ရတာလဲ။ ကိုင်းကြည့်စမ်း၊ ခုငါဘာတွေလုပ်ရအုံးမှာလဲ။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်းအကြောင်း အမှန်တရား၊ အဲဒီတော့ ဒုက္ခသစ္စာဆင်းရဲနေတယ်။ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ အဲဒါပိုဘက်ကမ်းရောက်ပြီဗျို့။ အဲဒါ ရောက်သွားပြီ။ နိရောဓနဲ့ မဂ်ရသွားပြီနော်။ ဒါဝိနည်းမဟုတ်ဘူး။ ဒါဝိပဿနာရဲ့ ဉာဏ်နဲ့သွားတဲ့တရားတွေ။

အဓိသီလဆိုတာက ဝိပဿနာသီလတွေ။ အဓိစိတ္တဆိုတာ ဝိပဿနာရဲ့ စိတ်တွေ နော်။ ခါတ်ကိုဖြစ်အောင် လုပ်ထားတယ်။ ဒါဝိနည်းမဟုတ်ဘူး။ ဒါပေမဲ့ ဒါဝိပဿနာရဲ့ ဉာဏ်နဲ့သွားတဲ့ တရားတွေ။ အဓိသီလဆိုတာက ဝိပဿနာ သီလတွေ အဓိစိတ္တဆိုတာ ဝိပဿနာရဲ့ စိတ်တွေနော်။ ခါတ်ကိုဖြစ်အောင် လုပ်ထားတယ်။ ဒါဝိနည်းမဟုတ်ဘူး။ ဒါပေမဲ့ ရဟန်းချင်း မှန်တယ်။ အသိမတူဘူး။ အဲဒီခန္ဓာက တက်သွားတာ။ စာပကတ်ပေမဲ့ အထင်လည်းမသေးနဲ့။ အထင်လည်းမကြီးနဲ့။ ပြောသွားတာတွေလား။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သညာမဟုတ်ဘူး။ အမှတ်မဟုတ်ဘူး။ သေချာလေးနော်။ ကိုယ်ကျင့်တာမှန်ဖို့လိုတယ်။ ခန္ဓာကျင့်လို့ ခန္ဓာသိမှ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ပြောပြလို့ရတယ်။ ခန္ဓာသိတရားခေါ်တယ်။ ဒါဝိနည်းမဟုတ်ဘူးတဲ့။ အာရုံ(၆)ပါးမလွတ်သေးရင် အတ္တခေါ်တယ်။ သမုတိရဟန်းခေါ်တယ်။ ဒါအရိယာရဟန်းခေါ်တယ်။ မှတ်ထား။ ချွတ်ဆိုရင်ချွတ်ပေးလိုက်မယ်။ ထွက်သွားမယ်။ ရသွားပြီ။ ဦးပဏ္ဍိတ က ဒကာ၊ ဒကာမတွေ၊ ဆွေတော်အပေါင်း။ မျိုးတော်အပေါင်းရကြပါစေ။ ဒီမေတ္တာတရားတွေ သစ္စာမှန်ရင် မေတ္တာတွေအောင်မြင်တယ်နော်။ တန်ခိုးကြီးတယ်နော်။ ဘာလို့လဲ သစ္စာဆိုတာကိုဗျ။ ကိုယ်ကမကျင့်နိုင်ဘူး။ သူများတွေကို လျှောက်လျှောက်ပြီးတော့ မစ္ဆရိယစိတ်ဖြစ်လိုက်၊ မနာလိုတဲ့စိတ်ဖြစ်လိုက်၊ ကုက္ကုစ္စစိတ်ဖြစ်လိုက်၊ ဗျာပါဒစိတ်ဖြစ်လိုက် ဘယ်ကလဲ။ မနောဘာကြောင့်လည်း နားကြားတယ်ဗျ။ မြင်တာကိုဗျ။ သူများပြောတာယုံတယ်။ အဲကိုယ်လည်းမကျင့်ဘူး။ ကိုယ်တိုင်သိမှ ပယ်မယ်။ ပယ်မှ မင်္ဂလိရမယ်။ မှတ်ထား။ စာဘယ်လောက်ပဲ မိုးပျံအောင်တတ်နေ ကရင်တောင် စာသင်ရင် တက်တယ်။ ပြောသွားပြီနော်။ စာကိုပယ်တာမဟုတ်ဘူး၊ တရားဆိုတာ ခင်ဗျားတို့ရေးထားတဲ့ သောတပန်အသိ သောတပန်အသိနဲ့ သဒ္ဒါဂါမ်အသိ တူပါ့မလား။ သဒ္ဒါဂါမ်အသိနဲ့ အနာဂါမ်အသိ တူပါ့မလား။ သဘောလေးနဲ့နော်။ စာရေးထားတယ်။ သောတပန်ရဲ့ သီလ ဘာတွေယူတယ်။ ဘာတွေ မပယ်နိုင်သလဲ။ သဒ္ဒါဂါမ်ရဲ့ သီလ သူဘာတွေကို မပယ်နိုင်သလဲ။ အနာဂါမ်ရဲ့ သီလ ဘာတွေဖြစ်သွားတယ်ဆိုတာ ဘယ်သူသိနိုင်သလဲနော်။ တောင်ပြော မြောက်ပြောတယ်။ အဲဒီတော့ ဒါဝိနည်း သီလမဟုတ်ဘူး။ ဒါဝိပဿနာရဲ့ဉာဏ် သီလတွေ ဟို အဓိသီလပြောပြမယ်။ အာရုံပယ်ပြီ။ အာရုံ(၅)ပါးကို ပယ်သွားပြီ။ တောင်ပို့မှာ ဂရယ်(၆)ပေါက်ရှိတယ်။ (၅)ပေါက်ပယ်ပြီ။ မဖွင့်နဲ့။ အဲဒီတော့ မြင်ချင်လား။ မမြင်ချင်ဘူး။ ကြားချင်လား မကြား ချင်ဘူး။ နံချင်လား။ မနံချင်ဘူး။ စားချင်လား မစားချင်ဘူး။ ပောထိချင်လား။ မထိချင်ဘူး။ (၅)ပေါက်ပယ်ပြီ၊ ဘယ်အပေါက် ဖွင့်မလဲ။ မနော မနောကဘာလဲ။ အဲဒီမနောရဲ့အသိကဘာလဲဆိုတာ သိချင်ကယ်။ မနောစိတ်ကိုသိချင်တယ်။ ဖမ်းမယ်။ ဒီမနောတောင်ပို့မှာ (၆)ပေါက် (၅)ပေါက်ပိတ်တယ်။ အဲဒီတောင်ပို့ထဲမှာ ဖွတ်ရှိတယ်။ ဒီဖွတ်ကို အဲဒီ(၅)ပေါက်ပိတ်မှ အဲဒီ တစ်ပေါက်က ထွက်လာရင် ရိုက်သာသတ်လိုက်၊ အဲဒီ(၅)ပေါက်မှမပိတ်ရင် အဲဒီဖွတ်က ဟိုထွက်လိုက် ဒီထွက်လိုက်မှာ ထွက်တယ်။ ဒီ(၅)ပေါက်ပိတ်ထားလိုက်။ ဒါဝိပဿနာရဲ့ဉာဏ်တွေ။ ဒီအပေါက်တွေထွက်နေရင် ဂဲဖြစ်သွားလိမ့်မယ်။ အာရုံနောက်မျောသွားလိမ့်မယ် မှတ်ထား။ အဲဒါသီလကိုလုပ်တော့မယ်။ အဲဒီတော့ ဒီစိတ်ကလေးကိုကြည့်ချင်တယ်။ ဒီစိတ်ကို ခေါ်ဝေါ်သမုတ်ထားတယ်၊ ပညတ်နယ်ထဲမှာ ခေါ်ဝေါ်သမုတ်ထားတယ်၊ ဘာလဲဆိုတာသိရမယ်။ အဲဒါကျင့်တယ်၊ သညာနဲ့ ပညာသိအောင် တရား ထိုင်တယ်။ ဦးမြမောင် (ခ) ဦးပဏ္ဍိတ မြမောင်အစက လူဘဝက မယားတွေ ကျွေးလိုက်၊ သားတွေကျွေးလိုက်။ ဒါစွဲလို့ ကျွေးတာ။ ဒါစိတ္တနုပဿနာနော်။ ဒါအင်မတန်နုတဲ့ဟာတွေနော်။ တဏှာသွားစွဲတာ တဏှာ အဲဒီတဏှာကို ကျင့်တာမျိုး။ မယားတွေးလိုက်၊ သားတွေးလိုက်၊ သမီးတွေးလိုက်၊ ငါ့အိမ်လည်း ခန့်မခိုးရ။ တွေးလို့စွဲဟာ။ စွဲလို့တွေးတာ ဥပါဒါန်ကံတွေ၊ အနုသယကံတွေ အဲသိပ်နုတဲ့ကံတွေ ဒီကံဟာ ဖြတ်ရတာမလွယ် ဘူးဗျို့။ အဲဒီတော့ နင်းကန်ရှုတယ်၊ ရှုတော့ မတွေးတော့ဘူး။

အဲဒီမနောက မတွေးဘူး။ အဲဒီတော့ မတွေးတော့ စာလို စေတသိက်ခေါ်တယ်နော်။ မြင်စိတ်၊ ကြားစိတ်၊ စားစိတ်၊ နာစိတ်၊ အဲဒီစိတ်တွေနဲ့ စေတသိက်နဲ့ မပေါင်းတော့ဘူးဗျို့၊ စိတ်စေတသိက်ခေါ်တယ်ဗျို့၊ မပေါင်းဘူး။ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်းကြာလာတော့ ဘာဖြစ်လာလဲ။ ဒါအဝိဇ္ဇာ၊ အဓိစိတ္တ၊ အဓိပညာပေါ့ဗျ။ တရားကိုင်နေတာ၊ အုတ်ပန္နက်ရိုက်ထားပြီ၊ ဒါဝိနည်းမဟုတ်ဘူး။ ဒါဝိပဿနာ ဉာဏ်စခန်းတွေ ကံကိုပြတ်အောင် ချထား။ အဲဒီတော့မှ အဲဒီကံဟာ အေဘ် အေး အေး သွားစွဲရင် ကံ၊ ဥပါဒါန်ဖြစ်ရင် ကံဘဲ။ ငါတောထဲမှာ တစ်ပါးတည်း နေတယ်။ ဘာများ ရှေ့ကိုမျှော်သလဲ။ ဘာများ နောက်ကိုတွေးသလဲ။ တွေးတောတယ်၊ ကြံစည်တယ်။ ပြုလုပ်တယ်။ ကံအစွဲ တရားတွေ ကိုယ့်ဟာကိုသိရမယ်နော်။ ဒါတွေကို လာပြောတာ။ ခင်ဗျားတို့ရတဲ့ အလှူငွေ ဘာယူသွားသလဲ။ ဘာတစ်ပြားမှ ယူမသွားဘူး။ အဲ ခင်ဗျားတို့ ရန်ကုန်မြို့မှာ တရားပွဲ(၄၀/၅၀)ဟောတယ်။ ဦးပဏ္ဍိတ ဘာသူသွားလဲ။ ဘာမိုက်နဲ့အောင်တောင်းသလဲ။ အဲသိုက်ကိုနိုင်တယ်။ နတ်ကိုနိုင်တယ်။ မှတ်ထား။ ရဟန်း ခါတ်ပေါက်တဲ့ရဟန်းခေါ်တယ်။ သေချာပြောသွားမယ်။ နောက် ငါ့ကို နင်တို့မြင်ရမှာ မဟုတ်တော့ဘူးနော်။ ဒီဝိပဿနာကို ကျင့်ပါ၊ ကြံပါ၊ အားထုတ်ပါ။ အဲ နင်ကလည်း ကံဆိုတာ ကိုယ်ကအားကိုးရမယ်။ ဆရာတော်တွေအားကိုးရမယ်။ သမတော်တွေအားကိုး ရမယ်။ ဘုန်းကြီးတွေအားကိုးရမယ်။ ကိုယ်က ဘာမှမရှိဘူး။ တဏှာပြတ်သလားဆိုတာ သူ့မေးကြည့်၊ အာရုံ အသွက္ခရာဉာဏ်ရပြီလားလို့မေး။ အဲမရသေးရင် ကံဘဲ။ ဒါပေါ့ဗျ။ အတ္တကိုယ်။ ခင်ဗျားတို့ကတော့ လှူရမယ်။ အဲဒီတော့ သံဃိကအလှူနဲ့ ပုဂ္ဂလိကအလှူနဲ့ စာရေးထားတယ်။ ပုဂ္ဂလိကကို လှူလိုက်၊ ပုဂ္ဂလိကကိုလှူလိုက်ရင် အဲဒီမေတ္တာကို ရသွားပြီ၊ သံဃိကကိုလှူတာတော်သွားပြီ မှတ်ထား။ ငါ့ကိုတစ်ခါတည်း လာလှူ၊ အဲခဏ ခဏလာမလှူနဲ့။ ရသွားပြီ၊ အပ်ပေါက်ထဲမှာ အပ်ကြိုးရသွားပြီနော်။ သဘောလေးသာနာ၊ ပုဂ္ဂလိကနဲ့ သံဃိကလို့ရေးထားတယ်။ အဲဒါ ငါမှန်ရင် နင်လည်းမှန်လိမ့်မယ်။ အဲ သံဃိကလှူတာက အဲနင်တို့ဟာနင်တို့တွက်ပြီးတော့လှူ၊ မသိရင်လည်းပြောအုံးမယ်၊ သံဃိက လှူတာက သံသရာတော့လည်အုံးမယ်။ ဖြတ္တာဘုံ နတ်ဘုံရောက်တော့ရောက်မယ်။ (၃၁)ဘုံတော့မလွတ်ဘူး။ အဲဒါသံဃိက၊ ပုဂ္ဂလိကဆိုတာက ဇကောဓမ္မော ဇကောဓမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ်နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာ ဆုံးတယ်။ သီလမှာချုပ်တယ်။ ဘယ်သီလမှာ ချုပ်လဲ။ ပညတ်သီလနဲ့ ပရမတ်သီလချုပ်သွားပြီ။ အတွင်းသီလ၊ အပြင်သီလချုပ်သွားပြီ။ အဲဒါအေးတာပေါ့ဗျ။ အခု ခင်ဗျားတို့ အာရုံ(၆)ပါး လွတ်သလားမေးပြီ၊ မလွတ်ရင် ဒီအတ္တရှိလို့ မလွတ်တာပေါ့။ အနတ္တကိုသိတယ်။ ရုပ်နာမ်ကျင့်တော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ သိတာခန္ဓာကို ဉာဏ်ရိုက်တော့ငါသိတယ်။ ငါကြိုးစားလို့ငါသိတာ။ အဲဒီတော့ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ အပြင်မှာကလည်း ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ပေါညီလေးရေ၊ အေး အေး အေး ရပ်ကွက်က လူကြီးတွေက ပော့ မြမောင် မင်းအလုပ်လုပ်ပါ၊ ကျွန်တော်လုပ်ပါ့မယ်ဗျာ။ မြောင်းတွေရှင်းနော်။ ကျွန်တော်ရှင်းပါမယ်။ စေတနာမှန်တယ်။ ပကာသန စေတနာမဟုတ်ဘူး။ ဘယာစေတနာမဟုတ်ဘူး။ အဓိပတိ စေတနာ အဲဒါအပါယ်ပိတ်မယ့် ဘယာစေတနာ၊ ပကာသနစေတနာတွေရှိတယ်။ လူကြီးက မြောင်းပဲရှင်းခိုင်းတယ်ကွာ၊ ကိုကို ကြီးနိုင်ငယ်ညှင်းခဲ ခိုင်းတယ်ကွာ။ ပော လုပ်လဲ လုပ်ရသေးတယ်။ ကုသိုလ်ကံတွေဖြစ်နေတယ်ဗျို့၊ မနောကဖြစ်တာ။ အစွဲတရား ဥပါဒါန် တွေ ကြည့်စမ်း၊ လုပ်လည်း လုပ်ရသေးတယ်။ ဥပါဒါန်ကံတွေ အဲဒါသံသရာလည်တဲ့ ကံတွေ ဘယ်မှာလဲ။ သံသရာပြတ်တယ် ဆိုတာ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ၊ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို ရာဇမာန်တွေ၊

ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဉစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ ဇာမာန်တွေမစွဲနဲ့တဲ့။ စွဲရင်ကံ မစွဲရင်ဉာဏ် ဒါပဲရှိတယ်။ ကိုယ့်စိတ်ကိုယ်စစ်လိုက်။ အဲ ဗျာပါဒ၊ အဘိဇ္ဈာ၊ ဒိဋ္ဌိ ကဲ ဒါစာကရေးထားတာဗျို့။ အဲဒါကိုယ်ဖြစ်ကိုယ်ခံ နားကြားတယ်ဆိုတာနဲ့ ပူတာဘဲ။ သင်္ကန်းလေးလှူ တယ်ဆို ဝမ်းသာနေတာပဲ။ လှူတဲ့ဒကာ ဒကာမ ဘယ်သိမလဲဗျ။ အလှူခံရတဲ့လူကလည်း ပြုံး ပြုံး ပြုံး။ ဝမ်းသာနေတာပဲ။ ကိုယ့်စိတ် အဲဒါ သစ္စာထိုက်လား။ သမုဒယသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာ ဒါဘုရား ဟောထားတယ်။ ငါဟောတာမဟုတ်ဘူး။ အဲဒီလို သစ္စာနဲ့ စိတ်မှန်မှ အရိယာပုဂ္ဂိုလ်ခေါ်တာဟာ မင်းတို့ချွတ်ဆိုရင် ချွတ်ပေး မယ်။ မနက်ဖြန် တစ်ပွဲရှိသေးတယ်။ အဲချွတ်ဆိုရင် ငါ့ဘဝအေးပြီးပြီ။ ဟာ ငါကျင့်ထားတာစာတော့ မတတ်တော့ တတ်ချင် တယ်။ မတတ်ဘူး၊ သိပ်တတ်ချင်တယ်။ အသက်ကလည်းကြီးသွားပြီ၊ ကဲ ကောက်ညှင်းစပါးကို ထုတ်လှမ်းတဲ့အခါကျတော့ နေမရှိ ဒီစပါးခြောက်ပါ့မလား။ အသက်ကြီးသွားပြီ၊ ဒီစာသင်လို့ ငါလမ်းငါသွားမှာပေါ့။ သဘောပဲ၊ ကိုယ့်အလုပ်ကိုယ်လုပ်ပါ။ သူများအကြောင်းတွေ မျှော်ရှိယစိတ်တွေ ဘုန်းကြီးအကုန်သိတယ်။ ဒကာ၊ ဒကာမတွေက သိပ်တော်တာ။ ဘုန်းကြီး ဘုန်းကြီးချင်းက ခက်နေတာမှတ်ထား။ ချွတ်ဆိုရင်ချွတ်ပေးမယ်။ အခုချွတ်ဆိုရင် ချွတ်ပေးလိုက်မယ်။ ခင်ဗျား အမိန့်ပေးထွက်သွားမယ်။ အဲဒီတော့ သေမင်းမဦးခင် ဉာဏ်ဦးဖို့လိုတယ်။ ဉာဏ်ရဖို့လိုတယ်။ သေမင်းက ဦးသွားတယ်။ ဉာဏ်ကမရလိုက်ရင် ကံနဲ့ပြန်ရင်သွားပြီ။ ကံဆိုတာ အစွဲဥပါဒါန်ကံတွေ သားစွဲလိုက်၊ သမီးစွဲလိုက်၊ ခင်ဗျားသားလေး ရေနစ် သေတယ်။ ခင်ဗျားဘယ်လိုလုပ်မလဲ။ ဟာ မအေက ဗျာပါဒ သားလေးထောင်ထဲရောက်သွားတယ်။ အမယ်လေး။ မစားနိုင်၊ မအိပ်နိုင်သားရဲ့ကံနဲ့ မအေကံ တူပါ့မလား။ အဲ အဇာတသတ်ကံနဲ့ ဗိမ္ဗိသာရမင်းကြီးကံ တူပါ့မလား။ သူ့ကံက ဒီလိုပါလား။ ငါ့ကံက ဒီလိုပါလား။ သက်သာတယ်ဗျ။ သွားပြီးတော့ သူများကံကို သွားစွဲနေတာ။ ဥပါဒါန်ဘယ်လောက်ပင်ပန်းလဲ။ ပူလိုက်တာ။ ဗျာပါဒ ဉာဏ်ရ ရင်အေးကာယ်။ ဉာဏ်ဆို ကံပြတ်သွားတယ်။ အစွဲပြတ် သွားတာ။ အဲဒါ မဂ်ဉာဏ်ခေါ်တယ်။ မဂ်ဉာဏ်ရလို့လာပေါ်တာ။ မလိမ်ဘူး။ ခင်ဗျားတို့ကို မဟုတ်တဲ့နဲ့ပြောရင် အဲဒီ ပဏ္ဍိတ အဝီစိရောက်မယ်။ လိမ်ပြောတာကိုး။ အဲဒီတော့ ရေပုလင်းတွေ ဆေးဖြစ်တယ်။ မြွေကိုက်တယ်။ ပျောက်တယ်။ မြောင်းမြမြို့မှာလာပြီးတော့ ညောင်လေးပင်ရွာမှာ တန်ခိုးကြီးတယ်။ တန်ခိုး အင်မတန်ကြီးတယ်။ သုံးတတ်ဖို့လိုတယ်။ ဒကာ၊ ဒကာမတွေက သင်္ကန်းတွေဝယ်ပေးတယ်။ ကောင်းတဲ့ သင်္ကန်းဆို တစ်မျိုးဖြစ်တယ်။ မကောင်းတဲ့သင်္ကန်းဆို တစ်မျိုးဖြစ်လာ တယ်။ အဲဒီတော့ စာကရေးထားတယ်၊ ဝတ္ထုကာမနှင့် ငါ့မှာရှိတာက ကိလေသာကာမနှင့် ယှဉ်တွဲသုံးဆောင်မိပါက အများ ကြိုက်၏။ ကိုယ်လည်းကြိုက်၏။ အရိယာက မကြိုက်ဘူးတဲ့၊ ဟောတွေ့လား။ အရိယာက မကြိုက်ဘူး။ မစွဲဘူးတွေ့လား။ အဲသင်္ကန်း သိန်းပေါင်း (၃၀)(၄၀)လောက်လှူရင် မနောက ပြုံးပြုံးနဲ့ ဘယ်သူသိမလဲ။ အဲဒါကို သိသာအောင်လုပ်ရတယ်။ ခင်ဗျားတို့ အခု ကျမ်းကျိန်ရတယ်။ တရားရုံးတော်ပေါ်မှာ လိမ်ထွက်တာတို့ ညာထွက်တာတို့ မဟုတ်မမှန်ထွက်တာတို့ ပါးစပ်က ကဲ မင်းဒီလောက်တောင်ဖြစ်တာကွာ ရော့ မင်းကျမ်းကိုင်။ မှန်တာထွက်ဆိုပါမည်။ ဟော မနောတွေ့လား။ မနောကြတော့ ကြည့်လို့မရဘူး။ မနော ဘယ်လိုကြည့်မလဲ၊ ဟောဟိုဟာက အစိုးရမင်းက စစ်တာက ရာဇသတ်၊ မနောစစ်တာက မမ္မသတ်၊ ကဲ ခင်ဗျားတို့ဖွင့်ပေးလိုက်ပြီ။ ဓမ္မသတ်စစ်ဖို့ မှန်ဖို့လိုတယ်။ တိုင်းပြည်အေးဖို့လိုတယ်။ အတွင်းက တောင်ပိုင်း၊ ကွင်းပိုင်း၊ ယက္ခ၊ ဂုမ္ဘာန်၊ ဂန္ဓဗ္ဗ မကောင်းဆိုးဝါးတွေက နှိပ်စက်တဲ့ မိစ္ဆာ၊ မိစ္ဆာနတ်တွေလာခဲ့။ ဒီကောင်တွေ လက်နဲ့ချမှ တိုင်းပြည်အေး သွားမယ်။ ငါက အတွင်းကိုစစ်တိုက်တာ။ နင်တို့က အပြင်ကိုတိုက်တာ။ သစ္စာလေးပါး ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာဟောနေပြီ၊

ဒုက္ခသစ္စာဆိုတာ ခန္ဓာဒုက္ခကြီး။ ဟာ အဲဒီခန္ဓာဒုက္ခကိုမသိလို့ သမုဒယအကြောင်းကို မပြတ်တာ။ ကံမပြတ်တာ။ အဲဒါကိလေသာ ဒုက္ခကြီးတဖျာရှိတယ်။ တွဲနေတယ်။ ကိလေသာနဲ့ တဂဏ်ာတွဲနေတယ်။ ဘယ်သူသိမလဲ။ ဉာဏ်မှသိမယ်။ အဲဒီတော့ ဒီရုပ်တရားကြီးက ခုနက ဘာလဲ ဂျင်မာန်နာ မီးဖွားတဲ့ဆေးရုံမှာ မီးဖွားကဲ့ကလေးမ သတိပြန်ရပါတယ်။ အရှင်ဘုရားက ကယ်တော်မူပါဘုရား။ တရားမဟောခင် သူ့ဆီက ပြန်လာပါတယ်။ ကယ်တော်မူပါ ဘုရား။ အေဘ် အေး အေး ကလေးမပူနဲ့။ အေးအေးနေ။ အဲဒီဦးဖင်းက မေတ္တာပေးတယ်။ သူတို့က ဆရာတော်ရယ် အားကိုးပါတယ်ဘုရားတဲ့။ ဦးဖင်းက မေတ္တာခါတ်သွားပေးတာ။ ငါသွားမယ်ကွ။ တပည့် အားကိုးပါတယ်ဘုရားတဲ့။ ဟော ကိုယ့်ဂုဏ်မင်းကျွေးတဲ့ ဒကာ ဒကာမတွေ မိန္တာနတ်က နှိပ်စက်ထားတာ ဘယ်သူသိသလဲ။ ကဲဒီကလေးမလေးက ကံနိမ့်တော့ ခံရတာ။ အဲဒါသွားကုတာ ကဲသွေးသားနဲ့ဖြစ်တဲ့ရောဂါ၊ ပယောဂနဲ့ပတ်သက်တဲ့ရောဂါ။ လာပါ ဦးပဏ္ဍိတ မင်းကို ကျေးဇူးတွေရှိတယ်။ မင်းတို့ခိုင်း ငါအကုန်လုပ်ပေးမယ်။ အဲဒီလိုဘုန်းကြီးနော်။ စာတော့မတတ်တာ အမှန်ပဲ။ ငါက ခါတ်လိုင်း အဲ့အကောင် ခါတ်လေးပါးကို တစ်ခုတည်းဖြစ်အောင်လုပ်ထားတယ်။ ငါ့ကိုယ်ငါ အသက်ရှည်အောင် လုပ်လို့ရတယ်။ တိုအောင်လုပ်လို့ရတယ်။ ခါတ်ပိုင်တာကိုဗျို့။ ခါတ်ဆိုတာ ဟော ဘုရားကဟောထားတယ်။ ပထဝီ၊ တေဇော အာပေါ၊ ဝါယော၊ ဗမာလိုပြောရင် သွေး။ သည်းခြေ လေ၊ သလိပ် အဲဒီတော့ လေနဲ့ သလိပ်က အသက်ရှုတဲ့လမ်းကြောင်းကို ပိတ်ထားတယ်ဗျို့။ ဒီကောင်ကမောတယ်။ ကြပ်တယ်။ အဲဒီကောင်ကို လုပ်ရတယ်။ အပြင်က နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု ဥတုတွေဟာလည်းပြောင်းလဲတယ်။ ရုပ်ကလည်းဖောက်ပြန်တယ်။ နာမ်ကလည်း ခံစားတယ်။ အကျိုးနဲ့အကြောင်း။ အကျိုးက ဒုက္ခသစ္စာ၊ အကြောင်းက သမုဒယသစ္စာ၊ အကြောင်းပြတ်မှ အကျိုးရမယ်။ ဒါဒေါ်ဟာ။ ဝိနည်းဘာဆိုင်လဲ။ ကဲအဲဒါများဗျာ ကြည့်စမ်းပါအုံး မြောင်းမြမြို့မှာလည်း ရှိပါတယ်ဗျာ။ ပုသိမ်မြို့မှာလည်း ရှိပါတယ်ဗျာ။ တချို့နာလိုတဲ့ဘုန်းကြီးရှိသလို မနာလို တဲ့ဘုန်းကြီး ရှိပါတယ်ဗျာ။ ခဲနဲ့ပေါက်ရင်လည်း ခံပါတယ်။ မင်းပါးရိုက်လည်း ငါခံမယ်။ မင်းခါးနဲ့ထိုးလည်း ငါပြန်မထိုးဘူး။ အဲဒီဘဝ ငါဖာတ်သိမ်းသွားတာပဲ။ မင်းရိုက်လည်း ဆဲလည်း ခံမှာပဲ။ မင်းဖနောင့်နဲ့ပေါက်လည်း ခံပါတယ်။ မင်းသတ်လည်း ငါခံပါတယ်။ ဘဝကို လောကဓံကိုခံသွားပြီ။ အဲဒါ လောကီနဲ့ လောကုတ္တရာသိလို့ လောကီမှာခံတာ။ ကံမလုပ်ဘူး။ အဲဒါကြောင့် ရဲရဲတင်းတင်းဟောတာ။ လုပ်ချင်တာလုပ် ငါခံမယ်။ ငါကတော့ ကောင်းစားရေးကို အော် အေး။ ငါ ဂျပန်ခေတ်ကလည်း မကောင်းဘူး။ ဒီအစိုးရလက်ထက်ကျတော့ ကောင်းတာ။ အဲဒီအစိုးရလက်ထက်ကျတော့ ငါလည်း ပိုက်ဆံမရှိဘူး။ ရေကလည်းရှားတယ်။ ရေကရှားတော့ တစ်မနက်လုံး ရေထမ်းရတယ်။ ရေထမ်းပြီး ကောင်းကောင်းမနေဘူး။ အရက် သောက်တယ် ကောင်းသလား။ ဒါဘုရားကြိုက်သလား အဲ့ခွဲတာ အဲဒီတော့ အရက်မူးလာရင် မိန်းမကိုရိုက်တယ်၊ အဲကြည့်စမ်း ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ။ မင်းအားကိုးနေတဲ့မိန်းမကိုရိုက်တော့ ဘယ်ကောင်မလဲဗျ။ အဲဒါတွေကို စိတ်နာလွန်းလို့ လောကီကိုနာလွန်းလို့ တရားအသိတရားရှာ အဲဒီတော့ အသိတရားရှာတော့မှာ တင်ပလ္လင်ခွေထိုင်ပြီးတော့ အော် အေး အေး အေး စိတ်ကလေးကို သိချင်တဲ့ စိတ်၊ ကြံစည်ချင်တဲ့စိတ်ကလေး။ မနောက အော် ဟိုကလေးမလေးက ငါ့ခေါ်တာပဲ။ ငါသွားမှပဲ။ ဟော အတွေးက ထိုင်တွေးပြီ။ ဟော ဖဲဝိုင်း ဘယ်အာသူဘာမှာ ဘယ်လိုတချပ်ပေါက်ရင် ဘယ်လိုရမယ်။ ဘယ်လိုလိမ်ရင် ဘယ်ရလို့မယ်။ ဒါနဲ့မကောင်းတဲ့အတွေးစိတ်တွေ၊ အတ္တစိတ်တွေ၊ အစွဲစိတ်တွေ ဒါအပယ်ကျမဲ့စိတ်တွေ ကြည့်စမ်း။ ဒါကြောင့်မို့ ဦးပဏ္ဍိတ က သွေးသားပြောင်းတယ်။ စိတ်ပြောင်းတယ်။ ဒီလိုပုဂ္ဂိုလ်မျိုးကို လှူ။ ခင်ဗျားတို့ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ ဒါနကိုတော့ ပေးလို့ရတယ်။ သီလကိုတော့ လုပ်မှရမယ်။ ခင်ဗျားရဲ့

အဂိဇ္ဈတုံးကို သီလနဲ့ဆေးကြောပါ။ ဒါနနဲ့ဆေးကြောပါ။ ဘာဝနာနဲ့ ပွားများပါ။ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာတုံးကို အဓိသီလ အဓိစိတ္တ အဓိပညာနဲ့ ဆေးကြောပါတယ်။ အဲဒီဟာတွေက သိက္ခာသုံးပါးကလာတာ။ ဝိပဿနာဉာဏ်ကလာတာ။ ဝိနည်းကလာတာမဟုတ်ဘူး။ ဝိနည်းသည် ဒဏ်၊ သမုတိသစ္စာမကောင်းတဲ့ ဒုစရိုက်မလုပ်ဘူး။ မပြောဘူး။ တစ်ခါတည်းကို ဟုတ်နေတာပဲ။ ကျင့်ကြံသွားရင် ဒီလိုပဲ၊ ဝိနည်းတိုတွေနဲ့တွေ့တယ်။ တစ်ခါတည်း ကုက်နေတာပဲ။ ခေါင်းလေးတော့ ငုံ့နေတယ်၊ ဘာမှမပြောဘူး။ အဲဒါဝိနည်း ဒီက အကုန်ပြောတယ်။ တွေ့သမျှ ခန္ဓာကသိသမျှ အကုန်ပြောတာ ကိုးဗျ။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ အဲဒါခန္ဓာကသိမှတဲ့၊ အသိတွေ အဲဒါခန္ဓာတရားတွေ ပြောသွားမယ်။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ လိုမ့်ပိန့်ခံရတာ။ ဒုက္ခသစ္စာက ရုပ်တရား၊ သမုဒယသစ္စာက နာမ်တရား၊ အဲဒီတော့ ရုပ်နာမ်ကိုကွဲအောင်ကြည့်၊ ရုပ်ရဲ့သဘာဝ သဘာဝဓါတ်တွေ အပြင်က အကာ၊ ဟောအတွင်းမှာ ဓါတ်လေးပါး အဲဒီကိလေသာဓါတ်တွေ သွေး၊ သည်းခြေ လေ၊ သလိပ် အဲဒါ ကိလေသာဓါတ်တွေ၊ ဓမ္မဓါတ်ဖြစ်အောင်လုပ်ဒုံး။ ဓမ္မဓါတ် ဖြစ်သွားမှ သွေးသားပြောင်းမယ်၊ စိတ်ပြောင်းမယ်၊ ဒါကို လာဟောတာ။ စင်ကြယ်လိုလာဟောတာနော်။ မစင်ကြယ်ရင် ဒီတရား ဘယ်လိုမှ မလုပ်တတ်သေးဘူး။ ဒါ ကိုယ့်အဖေလို ကိုယ့်အမေလို ခင်ဗျားတို့ လာကြပါ။ ဟောဒီနားမှာ ရှိးရှိးသားသား ရောဂါတော့ မလုပ်တတ်ဘူးဗျို့၊ ပယောဂနဲ့ဖြစ်တဲ့ဟာတွေလာ နတ်ဖမ်းထားတာတွေလား၊ မြွေကိုက်တာတွေလာ ဟောလာလုပ်ပေးမယ်။ ဆေးကုစားတယ်လို့မပြောဘူးနော်။ ဒီမှာ ရေလေးတိုက်လိုက်ရင် ပျောက်။ ဒီလိုဖြစ်နေတာ ထမင်း မစားနိုင်ဘူး။ (၄)လလောက်ရှိမယ်၊ ဘုန်းကြီးက သူ့ကိုကျွေးတယ်။ သူစားနိုင်တယ်။ မြောင်းမြမှာ အဲဒါနာမည်တွေကြီးနေတာ နော်။ အဲဒီလို ဘုန်းကြီးမျိုး လိုက်ရှာနော်။ အတုအယောင် တစ်သိန်းစာရေးထားတယ်၊ အဲဒါတွေရှိတယ်။ ကြည့်သာပေါင်း။ ဒီလောက်ဆိုတော်ပြီဗျို့၊ (သာဓု.....သာဓု.....သာဓု ပါဘုရား။)

ဝိသုဒ္ဓိ မှ ဝိမုတ္တိ
အောင်သစ္စာမဟာမင်္ဂလဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိကျောင်း၊ မြောင်းမြမြို့

မြောင်းမြမြို့
ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

# ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၉၉)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့

09-250432050, 09-251620128

09-447572355

# ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ် (၉၉)

ဦးဇင်း က မြန်မာစာမတတ်ဘူး။ နောက်တစ်ချက်က တောထွက်ကြီး။ အသက်(၅၂)နှစ် အရွယ်လောက်မှာ ဝိပဿနာတရား ခန္ဓာသိ၊ ခန္ဓာ(၅)ပါး ရုပ်နာမ်နှစ်ပါးရဲ့ အသိတွေပေါ့ဗျာ။ စာပေ ကျမ်းဂန်မတတ်ဘူး။ အကယ်၍ စကားပြောလိုက်လို့ မှားယွင်းချက်တွေရှိတယ်။ မှားယွင်းသွားရင် ဆရာတော်ကြီးတွေ၊ သမားတော်ကြီးတွေ၊ သံဃာတော်အရှင်မြတ်တွေ၊ ရှင်သာမဏေတွေအားလုံး တပည့်တော်က စာပေကျမ်းဂန်မတတ်တော့ ခန္ဓာသိနဲ့ ပညတ်သိနဲ့ ပရမတ်သိ၊ အတ္တသိနဲ့ အနတ္တ အသိ၊ သညာအသိနဲ့ ပညာသိ ဒီနေရာမှာ သဘောလေးပြောပြပါမယ်။ အဲဒီတော့ ဒီလိုစာတွေကို မတတ်တဲ့အတွက်ကြောင့် ပြောမှားဆိုမှားရှိရင်လည်း အားလုံး ဆရာတော် သမားတော်တွေ၊ အားလုံး ရှိတဲ့ ရှင်သာမဏေတွေပါ ဦးစွာတောင်းပန်ပါတယ်တဲ့။ တစ်ခါ ဒကာ၊ ဒကာမများ၊ ပရိတ်သတ်များ အားလုံး တရားနာကြတဲ့ပုဂ္ဂိုလ်များအားလုံးရှိကြတဲ့ ခုနစ်ရက်သား၊ ခုနစ်ရက်သမီးအပေါင်းများလည်း ဦးဇင်း က စာပေကျမ်းဂန်မတတ်တော့ အဲဒီတော့ ပြောသွားတဲ့စကားလေးတွေမှာ မှားသွားရင် အားလုံး သည်းခံကြပါလို့ ဦးဇင်း က တောင်းပန်ပါတယ်။ အဲဒီတော့ ခုနက စာကရေးထားတယ်။ ဆူးနဲ့ဖက်။ အဲဒီတော့ ဆူးပေါ်မှာ ဖက်ကျရင် ဖက်ပေါက်မှာပဲ။ ဖက်ပေါ်မှာ ဆူးကျရင်လည်း ဖက်ပေါက်မှာပဲ။ မနောအာရုံကြောင့် တတ်တယ်။ သဘောလေးသာ နာလိုက်။ ဦးဇင်း က အခုပောာရမယ့်အသိက ဘာအသိလဲလို့၊ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန် တရား၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ။ သစ္စာလေးပါး ဒီသစ္စာလေးပါးကို ဘယ်လိုလုပ်ပြီးကျင့်လို့ ဘယ်လို လုပ်ပြီးပယ်ရင် ဘယ်လိုလုပ်ပြီးသိရမယ်။ သိ-ပယ်-ဆိုက်-ပွား နော်။ ကျင့်မှသိမှာ။ ဒါကျင့်လို့ သိလို့ တစ်ယောက်နဲ့တစ်ယောက် လာပြီး ဓမ္မသာဝနာ၊ ဓမ္မဒေသနာဆိုတဲ့ အသိတွေကို ကိုယ်ကပြန်လည် ပြီးတော့ ဘဝတစ်ပါးသို့မပြောင်းခင်မှာ အသိလေးတွေကိုလာပြီးတော့ ဦးဇင်း က ပြောပြတာပါ။ အဲဒီတော့ ဒီ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ ဒါ ဘုရားဟောအရ။ နောက်တစ်ခါ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ် အဲဒါစာတွေ။ ဟုတ်တယ်ဗျို့ သိပ်မှန်တယ်။ အဲဒါလည်းပြောပြမယ်။ အဲဒီတော့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ဆိုတာက ဒါမှန်ပါတယ်။ ဦးဇင်း အမြင်နဲ့ ပြောမယ်ဆိုရင် ကိလေသာ၊ တဏှာလို့ ခေါ်တယ်။ ကိလေသာက ရုပ်တရား၊ တဏှာက နာမ်တရား။ သဘောလေးပဲနော်။ အဲဒီတော့ ဒီရုပ်ရှိ ရင် ဒီဝေဒနာရှိတယ်။ ဒီရုပ်ရှိရင် ဝေဒနာရှိတယ်နော်။ ဝေဒနာမှ တဏှာ မရောစေနဲ့။ အဲဒီတော့ ကိလေသာ တဏှာလို့ပြောပါတယ်။ ကိလေသာနဲ့ တဏှာဟာ တွဲနေတယ်။ အဲဒီတော့ ဂမ္ဘီရဉာဏ် ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အလောကောဥဒပါဒိ၊ ဉာဏဥဒပါဒိ ဒီလိုစာကရေးထားတယ်။ ဦးပဏ္ဍိတ

ရတယ်လို့မပြောဘူးနော်။ သဘောလေးသာ။ ဒီအစွဲတရား မိရိုးဖလာအစွဲတွေ။ အာရုံကြောင့်ဖြစ်နေတာတွေ။ အဲဒီတော့ ဒီတရားကိုကျင့်ကြပါ၊ ကြံကြပါ၊ အားထုတ်ကြပါ၊ နှလုံးသွင်းကြပါ၊ ဒီကဝင်လာရင် ပြန်ကြရမှာနော်။ အဲဒီတော့ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။ အဓိသီလလို့ရေးထားတယ်။ အဓိစိတ္တလို့ရေးထားတယ်။ အဓိပညာလို့ရေးထားတယ်။ ပါဠိလိုပြောရင် အဓိပ္ပါယ်၊ အဓိပ္ပါယ်နဲ့ပြန်ရင် သဘောပေါက်လာလိမ့်မယ်နော်။ သီလဆိုတာ အင်မတန်ထူးတဲ့ သီလတွေဖြစ်တယ်။ အင်မတန်ထူးတဲ့သီလတွေရှိတယ်။ အခု လူတွေမှာ အားလုံးရှိကြတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ အာရုံကြောင့် မနောကဖြစ်နေတာ။ ဒါ ဥပါဒါန်တရားတွေ ဒါ သံသရာလည်တဲ့တရားတွေ။ အခု လည်နေတာနော်။ ဒါဘာခေါ်လဲ။ သင်္ခါရပဲ။ သဗ္ဗေ အလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ ဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တ။ ဒီသင်္ခါရတရားကို ဒါဖြင့်ရင် ဝိပဿနာတရားကို ကျင့်ကြ၊ ကြံကြ၊ အားထုတ်ရမှာ။ ဒါ ဝိပဿနာတရား။ မင်္ဂဉာဏ်ရဲ့သဘောတွေပဲ။ ဉာဏ်စခန်းတွေပဲ။ ဉာဏ်စခန်းတွေ။ ဒီဉာဏ်ကို မပေါက်ရင် ဘာလဲ။ ကိုယ့်ရဲ့တရားထိုင်တဲ့ ဝဋ္ဋခပ္ပဏာဘဟံ မှာ အဓိသီလဖြစ်နေတယ်။ အဓိစိတ္တဖြစ်နေတယ်၊ အဓိပညာဖြစ်နေတယ်နော်။ အဓိသီလဆိုတာဘာလဲ။ ခင်ဗျား တင်ပလ္လင်ခွေ ထိုင်တယ်။ တရားအာရုံကို နှလုံးသွင်းထားတယ်။ အဲဒီတော့ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး ပေါင်းလိုက်လို့ရှိရင် ဒုစရိုက်(၁၀)ပါး။ ဒီ ဒုစရိုက်(၁၀)ပါးတွေဟာ ဒီနေ့ ငါ ယုံကြည်တယ်။ သဒ္ဓါ၊ သဒ္ဓါကြောင့် ငါ ဝီရိယပြုမယ်၊ ဝီရိယကောင်းလာရင် သီလကောင်းလာလိမ့်မယ်။ ဒါလေးတွေကို သိပ်အရေးကြီးပါတယ်။ ကိုယ့်စိတ်ကို ကိုယ်စစ်ပါ။ ဘာနဲ့စစ်ရမလဲ၊ ဝိပဿနာတရားနဲ့ စစ်နော်။ မဂ္ဂင်နဲ့စစ်၊ အခုမဂ္ဂင်သွားမယ့်လမ်း။ ဒါ ဉာဏ်ပေါက်တဲ့လမ်း၊ ဉာဏ်မရတောင်မှ အပါယ် လေးပါးတံခါးပိတ်တယ်။ အဲဒါ ကျန်းမာရေးလာဘ်ရတယ်။ အာရောဂျ ပရမံ ကျန်းမာရေးလာဘ် ရတယ်။ ဟို(၃၁)ဘုံ လွတ်တာက နဘယံ ဘေးမရှိနော်။ နဘယံ ဘေးမရှိ။ အဲဒါ (၃၁)ဘုံလွတ်နေတဲ့ ပုဂ္ဂိုလ် သဘောလေးသာနော။ ဟိုကကံတွေ။ ဒီကံက ခုနက တရားထိုင်ကြမယ့်အခါမှာ အဲ ခုနက ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး အားလုံး ဒုစရိုက်(၁၀)ပါး။ မိစ္ဆာအယူတွေပယ်တယ်။ မိစ္ဆာဒိဋ္ဌိအယူတွေကို ပယ်တယ်။ သက္ကာယဒိဋ္ဌိအယူတွေကို ပယ်တယ်။ အတ္တဒိဋ္ဌိအယူတွေကိုပယ်တယ်။ ဘာယူလဲ သမ္မာကိုယူတယ်။ သမ္မာယူတာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ တင်ပလ္လင်ခွေတယ်။ ဆေးလိပ်တောင် မသောက်ဘူး။ ရေတောင် မသောက်ဘူးနော်။ ဒါ ဝစီကလည်းပိတ်သွားပြီ၊ ကာယကလည်း သူ သူ့ဘာမှ တောင့်ခြင်း၊ ကျင်ခြင်း သူ့ဘာမှမလုပ်ဘူး။ မနောသတ်တယ်။ မနောက မြင်ချင်လား၊ မမြင်ချင်ဘူး။ ကြားချင်လား၊ မကြားချင်ဘူး။ သိချင်လား၊ မသိချင်ဘူး။ စားချင်လား၊

မစားချင်ဘူး။ ထိချင်လား၊ မထိချင်ဘူး။ အာရုံ(၅)ပါးကိုပယ်ပြီ။ ဒုစရိုက်အယူတွေနဲ့ မိစ္ဆာအယူတွေ လည်းပယ်ပြီ။ သမ္မာကံလေးကို တင်ပေးလိုက်တယ်။ အဲဒီသမ္မာကံလေးတင်တဲ့အခါမှာ အာရုံမှာ နှာခေါင်းနှစ်ပေါက်ရဲ့ ဝင်လေထွက်လေ ဒလစဉ်၊ ဒလစပ်ရှိနေတယ်။ ကိုယ့်ဟာလေး ကိုယ်စစ်။ ကိုယ့်စိတ်ကို ကိုယ်စစ်လိုက်။ ဒလစဉ်၊ ဒလစပ် ဆင်းလိုက်၊ တက်လိုက်လုပ်နေတဲ့ဟာ။ အဲဒီတော့ ဘဝင်စိတ်ကလေးကတော့ ဒီဘဝင်စိတ်ကလေးက အဲဒီနှာသီးနှာဖျားဝမှာ တင်ထား။ အဲဒီလို တင်ထားတဲ့အခါမှာ ဘဝင်စိတ်ကလေးက တည်လာလိမ့်မယ်။ မနောဘဝင်စိတ်ကလေးက တည် လာတယ်။ သြော် ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်။ ထိတာကဘာလဲ ထိတာက လေက ကာယပသဒ္ဒ မွေးညှင်းကိုထိတာ၊ ထိတော့ သိတယ်၊ သိတာကစိတ်၊ ထိတာကရုပ်။ ဒါလေးကို အသိဘဝင်စိတ်ကလေးကပ်ထား။ အဲဒါ အဓိစိတ္တခေါ်တယ်။ ခုနက မိစ္ဆာအယူတွေပယ်တာ။ အဓိသီလခေါ်တယ်။ အဲဒီက အပါယ်ပိတ်တဲ့ တရားတွေ၊ အပါယ်ပိတ်တဲ့ သီလတွေနော်။ ခင်ဗျားတို့ အခု အကယ်၍ သားလေး သေသွားတယ်၊ သမီးလေး သေသွားတယ်၊ တစ်ခုခုပျက်စီးတယ်ဆိုရင် ခင်ဗျားတို့ ပူဆွေးဘောက်လောင်တယ်။ ဥပါဒါန်၊ ဗျာပါဒတွေဖြစ်တယ်။ အဲဒါ သံသရာလည်တာဗျို့။ အခုလည်နေတာနော်။ အခုလည်နေတာ၊ စာတော့မတတ်ဘူး။ အဲဒါဘာလဲ သခ်ီရ၊ အာရုံနောက်မှာ အာရုံမှာကျက်စားနေတာ။ အဲဒါ သခ်ီရပဲဗျို့နော်။ သဘောလေးသာနော်။ အဲဒီတော့ ကိုယ်က ဒီဘဝ ပြန်ရမှာ၊ ဘယ်လောက်မှ မကြာတော့ဘူးနော်။ အိုရမယ်၊ နာရမယ်၊ သေရမယ်။ ဘာလဲ ရုပ်၊ စိတ်က မအိုဘူး။ အဲဒီစိတ်မှာ တဏှာရှိတယ်။ မြင်စိတ်မှာ တဏှာရှိတယ်၊ ကြားစိတ်မှာ တဏှာ။ အဲဒီတဏှာ ကိုသတ်။ ဒါကြောင့်မို့ စာကရေးထားတယ်။ စိတ္တတဏှာနံ ခယမဇ္ဈက စိတ်တာရှင်ဇောဘုရားဟောတဲ့။ စိတ္တ တဏှာနံ။ စာမတတ်လို့။ ဦးဇင်း သဘောလေးသာ ဆိုတာ။ အဲဒါ နာမ်ပါနေတယ်။ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၂)ပါးဆိုတာ နာမ်ခန္ဓာဘယ်နှစ်ပါးလဲ။ အဲဒီတော့ ဒါလေးတွေဟာ ဦးဇင်း က စာမတတ်တော့ မပြောတတ်ဘူးဗျနော်။ စိတ်အကြောင်းလေး။ အဲဒီစိတ်ကလေးက မြင်လိုက်တဲ့အခါမှာ ခင်ဗျားဘာနဲ့ မြင်တာလဲ။ မိရိုးဖလာရဲ့အသိ၊ မိရိုးဖလာအသိဆိုတာ ဘာလဲ။ ခင်ဗျားအမှတ်နဲ့သိတာပေါ့။ ဟောတာ ငါ့သမီး၊ ဟောဒါ ငါ့သား၊ ဟောဒါ ငါ့တိုက်။ အဲဒါ အမှတ်ပေါ့။ အဲဒါ ပါဠိလို သညာခေါ်တယ်။ သညာ ကြောင့် သခ်ီရတွေဖြစ်နေတာ။ သွားစွဲတာနော်။ ဒီအစွဲကိုသတ်တာ မဂ်ဉာဏ်။ အဲဒီအစွဲကိုဖြတ်လို့ ရှိရင် ဘာရလို့ ဖြတ်လဲ။ မဂ်ဉာဏ်ရလို့ ပြတ်တာ။ အာ သွားရောဗျို့ မဂ်ဉာဏ်ကိုဆုတောင်းနေတာ။ ကိုယ်မှ အလုပ်မှမလုပ်တာကို။ လုပ်ရင်သိလာလိမ့်မယ်။ သိလာရင် ပယ်လာလိမ့်မယ်။ ပယ်လာရင် မဂ်ဆိုက်၊ ဖိုလ်ဆိုက်။ သိ ပယ် ဆိုက် ပွား။ ကိုယ်မှ မကြိုးစားတာပဲ။ ခင်ဗျားတို့အပေါ်မှာမူတည်တယ်။

တရားဟာ ကျင့်ရမယ်။ နှလုံးသွင်းရမယ်။ အလုပ်လုပ်ရမယ်နော်။ ခင်ဗျားတို့ကြည့်စမ်း။ ဥပါဒါန် မလွတ်ဘူး။ ဥပါဒါန်မလွတ်ရင် (၃၁)ဘုံမလွတ်ဘူး။ ခင်ဗျားကို အပါယ်ကျတယ်မပြောဘူး။ နတ်ပြည် ရောက်တယ် မပြောဘူးနော်။ (၃၁)ဘုံမလွတ်တဲ့အကြောင်းလေးကို ဟောလိုက်တာ။ အဲဒီ ဥပါဒါန် ပဲနော်။ လုပ်မှသိမယ်။ အလုပ်လုပ်မှ သိမယ်။ သိရင် မကောင်းတဲ့ ဒုစရိုက်ပယ်မယ်။ ပယ်ရင် ခင်ဗျား မဂ်ဖိုလ်ရသွားမယ့်လမ်း။ ခင်ဗျားမြင်လိမ့်မယ်။ မဂ္ဂင်တစ်လမ်းတည်းပဲရှိတယ်။ အဲဒီလမ်းက မှန် အောင်တောင် လျှောက်နော်။ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ အပြင်မှာ အာရုံမှာ ဘာအာရုံနဲ့ ခင်ဗျားယူရမလဲ။ အဲဒီတော့ ဦးဇင်း က စာမတတ်ဘူးနော်။ သဘောလေးပဲဆိုပေးမယ်။ အဲဒီတော့ အပြင်အာရုံမှာ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယတ္ထသစ္စာ၊ သမုတိသစ္စာ၊ တက်ရမယ်။ သမုတိသစ္စာမှန်မှ ဝိရတိ သစ္စာဖြစ်လာလိမ့်မယ်။ သိလာလိမ့်မယ်နော်။ ဒါလေးတွေ စာနဲ့ရေးထားတာ။ ကိုယ်ကိုယ်တိုင်ကျင့်မှ၊ ကိုယ်ကိုယ်တိုင်သိမှ ကိုယ်ကိုယ်တိုင်ပယ်မယ်။ အဲဒီတော့မှ သွေးသားပြောင်းမယ်။ စိတ်ပြောင်းမယ်။ အခုဖြစ်နေတာ မိရိုးဖလာအယူတွေ။ အဲဒါ သံသရာလည်တဲ့ ဟာတွေ။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိအာရုံနဲ့ ဖြစ်တတ်တယ်။ နားနဲ့ဖြစ်တတ်တယ်။ နှာခေါင်းနဲ့ ဖြစ်တတ်တယ်။ အကုန် ဖြစ်တတ်တယ်။ နှာခေါင်းနဲ့ဖြစ်တတ်တယ်ဆိုတာက အဲ ကိုယ်အိပ်နေတဲ့ အိပ်ယာမှာ သွားပြီး အပုပ်တွေသွားပြီး ချကြည့်ပါလား။ ဒေါသတောင်ဖြစ်ဦးမယ်နော်။ ဒါဘာလဲ ပညတ်ကိုသွားစွဲတာ။ ဘာနဲ့ စွဲလဲ။ သညာနဲ့ စွဲတာ တစ်ခါတည်း သင်္ခါရတွေ၊ ဥပါဒါန်တွေ၊ သီလတွေပျက်ရော။ မနော သီလတွေပျက် အပြင်ကိုသွား၊ သူ့လိုက်တာနော်။ အတွင်းသီလလုံမှ အလုံဒီပါ သီတာရေမြေ အလုံ လုံသွားပြီနော်။ မနောလုံသွားပြီ။ အာရုံနောက်မလိုက်တော့ဘူး။ ကိုယ့်စိတ်ကိုယ်စစ်။ သူများစိတ်ကို ကိုယ်သွားမစစ်နဲ့။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ ဦးဇင်းလည်း သွားရမှာပဲ၊ ခင်ဗျားတို့ လည်း ပြန်ရမှာပဲနော်။ အဲဒီတော့ အသိတရားလေးနဲ့ပြန်ရင် အဲဒီတော့ မရဏသေမင်းကို ဟာ အသိတရားနဲ့ပြန်ရင် ခင်ဗျားတို့အင်မတန်ထူးတယ်။ ဘာမှအသိတရားလည်းမပါတော့ဘူး။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ ခင်ဗျားတို့ရဲ့ အဲဒီ ဝိဉာဉ်လေးက နာမ်ကြောင့် ခင်ဗျားတို့ ဒုက္ခတွေရောက်သွားကြတာ။ ဒီနာမ်က နှိပ်စက်နေတာ။ အဲဒီရုပ်ကိုမသိတော့ အဲဒီနာမ်နှိပ်စက်တာကို ရုပ်ခွေးဖြစ်တယ်။ ဒါကြောင့် စိတ်မဆင်းရဲပါစေနဲ့။ ရုပ်ဆင်းရဲပါစေလို့ပြောတာ။ စိတ်ဆင်းရဲတယ် ဆိုတာ သွားစွဲလို့။ သားလေးသေရင် စိတ်ဆင်းရဲတယ်၊ သမီးလေးသေရင် စိတ်ဆင်းရဲတယ်။ ဒါ သဘောလေးပြောတာနော်။ စီးပွားရေးမကောင်းရင် စိတ်ဆင်းရဲတယ်။ အရောင်းအဝယ်မကောင်းရင်

စိတ်ဆင်းရဲတယ်။ သွားပူတာ။ အဲဒါ (၃၁)ဘုံမလွတ်တဲ့စိတ်တွေဗျနော်။ အဲဒီတော့ ရေးထားတယ်။ ကောခမ္မော၊ ကောခမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ်နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်၊ ခန္ဓာမှာ ဆုံးတယ်။ သီလမှာ ချုပ်တယ်။ ဘယ်သီလနဲ့ ဘယ်သီလမှာ ချုပ်လဲ။ ဟော ပညတ်သီလ၊ ပရမတ်သီလ အဲဒီနှစ်ခုချုပ်တာ။ ဉာဏ်ကချုပ်သွားတာ။ အဲဒီတော့မှ ဟိုဘက်ကူးတာ။ အဲဒီကောင်တွေချုပ်မှ ကူးလို့ရတာ။ အဲ ပရမတ်သီလကဘာလဲ။ ဓါတ်တွေ၊ ဓါတ်လေးပါးက ချုပ်နေတာ။ အဲဒီတော့ ပညတ်သီလက လောကီမှာ အစွဲကပြတ်သွားပြီ။ အဲဒါ စာမတတ်တော့ အဲဒီလိုပဲပြောလိုက်တယ်နော်။ လောကီအာရုံမှန်သမျှ အဲ မဂ်ကပြတ်လိုက်တာ။ တစ်ချက်တည်းပဲဖြတ်ရတယ်။ အဲဒါလုပ်ပါ ဝိပဿနာ ခင်ဗျားတို့ အဲဒါ ပိုက်ဆံလည်းမကုန်ဘူး၊ ဘာမှလည်း မကုန်ဘူး။ လှူလည်း မလှူနဲ့၊ ဘယ်သူ့လှူရမှာလဲ။ ကိုယ့်အလုပ်ကိုယ်လုပ် သူများအားကိုးနေကြတယ်။ သူများအားကိုးနေတယ်။ ကိုယ့်ကိုယ်ကို အားကိုးပါလား။ ဟာ ဘုရားကြီး ထပြီး အားကိုးနေတယ်။ ဘုရားကဖြစ်သွားပြီ။ အဲဒါ ပညတ်ဘုရားတွေ၊ ပရမတ်ဘုရားကိုရှာ။ ဓမ္မစေတီကိုရှာ။ ဓမ္မစေတီကိုရှာ ကိုယ်လည်းသိရလိမ့်မယ်။ အားကိုး မှားနေတယ်။ လောကီအားကိုးနေတယ်။ လောကုတ္တရာကိုလုပ်။ အနတ္တကိုလုပ်၊ အနတ္တကိုလုပ်မှ ခင်ဗျား အနိစ္စ၊ ဒုက္ခကို မြင်အောင်ကြည့်။ ဒုက္ခကိုမုန်းအောင်ရှု။ အနတ္တကို ဆုံးအောင်ကြည့်။ ဒါပဲရှိတယ်။ ဩော် အဝိဇ္ဇာကိုသတ်တာ။ အဲဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ သတ်တယ်။ ဩော် အနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘော၊ အနတ္တရဲ့သဘော။ ယိမ်းတာကလည်း ဝေဒနာ၊ တွန်းတာကလည်း ဝေဒနာ၊ ပူတာကလည်း ဝေဒနာ၊ အေးတာကလည်း ဝေဒနာ၊ တောင့်တင်းတာလည်း ဒီရုပ်ကြီးက ဝေဒနာရုပ်ကြီးဗျ။ ဒီကောင်ကြီးက မချစ်မနှစ်သက်တဲ့ အဲဒီရုပ်ပေါ်က ဉာဏ်ရအောင်ရှာ။ အဲဒီရုပ်ပေါ်က ဉာဏ်ရအောင် ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏာဥဒပါဒိ ဒါစာတွေ။ အဲဒီတော့ ဉာဏ်ကမစွဲတာ။ လောကီရှိသမျှအကုန် ဘုရားပညတ်တာတွေ ဘာမှမစွဲတော့လို့ အဲဒါ ဉာဏ်ပဲသွားစွဲရင်တော့ ခင်ဗျားဟာ ခင်ဗျား ကိုယ့်စိတ်ကို ကိုယ်စစ်လိုက်။ အခုကတော့ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ တဏှာတွေ၊ မာနတွေ၊ ဒိဋ္ဌိ တွေ။ ဒါဘာလဲ။ ကံသီလပျက်နေတာ။ အာရုံကြောင့် မနောပေါက်နေတာ။ ဟောဒီမနော ခင်ဗျားတို့ မနောလုံအောင် ထိန်း။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ အပြင်မှာ သမ္မာနဲ့ ဩော် ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ၊ ကိုယ်နဲ့တန်းတူကို ကြင်နာပါ၊ ကိုယ့်အောက်ကသူကို သနားပါ၊ ကိုယ်ကျင့်တရားထားပါ၊ ဖြူစင်ဖြောင့်မတ်စိုက်ရ်တရားထားပါ၊ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေ မစွဲနဲ့တဲ့။ မလုပ်နဲ့မပြောဘူး။ မစွဲနဲ့တဲ့။

လုပ်တော့လုပ်။ ပညတ်ကိုတော့လုပ်ပေးလိုက်။ မစွဲနဲ့။ အဲဒါ သဘောလေး စိတ်ထားတတ်ဖို့လိုတယ်နော်။ ခင်ဗျားတို့ စိတ်ထားတတ်ဖို့လိုတယ်။ အခုက ထစ်ကနဲဆို ဒက်ကနဲဖြစ်တာ စိတ်ကလေးက ရုပ်ကုဋေ(၅)ထောင်၊ နာမ်ကုဋေ(၁)သိန်း ဖြစ်ပျက်မှုမသိရင် ကိလေသာကျွေး တင်တယ်တဲ့။ စာရေးထားတယ်။ စာကမှန်၏ ဉာဏ်မမိ၊ ထိအောင် သူမသိ၊ စာတွေ့ ငါတွေ့ အတွေ့နှစ်လီ ရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်တဲ့။ သူကိုယ်တိုင်ခံစားရတာကိုဗျ။ အဲဒီတော့ ဦးပဏ္ဍိတခံစားရသလို ဒကာ၊ ဒကာမများခံစားရအောင် ဦးဇင်း လာပြီးတော့ မြောင်းမြဝါးကျောင်းကလာပြီးတော့ တစ်ကူးတကနဲ့ ဂီလာနကြီး။ အဲဒီလိုလာပင့်တဲ့လူက ဩော် အေး အေး လိမ်လိမ်ထားတယ်။ မောတယ်နော်။ ဂီလာန ဓါတ်တွေပျက်နေတယ်။ ဩော် လိုက်ပါမယ်ဗျာ။ သူ လိုက်ပါတယ်။ မောတယ် အဲဒီတော့ ဒါလေးတွေကို ဦးဇင်း က အစက လူနာမည် မြမောင်၊ ရဟန်းနာမည် ပဏ္ဍိတ။ မြမောင် ဖအေ က ဘယ်သူလဲ။ ဦးချိတိုးတဲ့ မှတ်ထား။ အဲဒီ မြမောင် ရဲ့ မအေက ဘယ်သူလဲ။ ဒေါ်အုံးမေ ပါ။ ကျောင်းဝမှာ အကုန်ချတ်ပြလိုက်တယ်။ ပညတ်ယူဦးကွတဲ့။ ယူဦးကွတဲ့။ မင်းတို့ စာမှမတတ်တာကို။ အဲဒီလို ထုတ်ပြပါတယ်နော်။ ဒါဘာလဲ ဦးဇင်း ရဲ့ ကျောင်းပန္ထက်ဝိုင်းထဲမှာ လုပ်တာပါ။ အပြင်မှာ မလုပ်ပါဘူး။ မင်းတို့ကွာ ကိုယ်ထက်ကြီးတဲ့သူကို ရိုသေပါ၊ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်က သူကို သနားပါ။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်သွားပြီ။ အပြင်က အာရုံကို မယူပါနဲ့။ သမ္မာကိုယူပါ။ မိစ္ဆာကိုမယူပါနဲ့။ ကိုယ့်စိတ်လည်း ကိုယ်စစ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ အဲဒါ သီလမဂ္ဂင်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ပညာမဂ္ဂင်။ အဲဒီသိက္ခာ(၃)ပါးကို အဆီအနှစ် ထုတ်တော့ ဇကောဓမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ်နာမ်ပေါ် အဲဒါခံစားပြီး ဇကောဓမ္မော ခံစားသွားပြီနော်။ အလုံဒီပါသီလာရေမြေ သီလကရေဖြစ်ပြီနော်။ အပြင်သီလ ပညတ်သီလပယ်လည်း အတွင်း ဓမ္မသီလကိုသွင်းထားပြီး ပညတ်သီလတောင်မဟုတ်၊ ပရမတ်သီလတောင်မဟုတ်၊ ဓမ္မသီလခေါ်တယ်။ ဒါကြောင့်မို့ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဆိုတာ နောက်သိပါလိမ့်မယ်။ ခေါ်ပါ။ ခေါ်ပေးပါတယ်။ ဦးပဏ္ဍိတ သာမှန်ပါစေ။ ဦးပဏ္ဍိတ ကလည်း ကိလေသာနဲ့ တဏှာထမ်းထားရသေးတယ်။ မလွတ်ပါဘူး။ သတိ အမြဲတမ်းထားရတယ်။ အပ္ပမာဒေန သမ္မာဒေထ ကိလေသာက ရုပ်တရား၊ တဏှာက နာမ်တရား။ အဲဒါက ရုပ်နာမ်ပဲ။ အဲဒါ ဝိဇ္ဇာဉာဏ်နဲ့ကြည့်မှသိမယ်နော်။ အဲဒီရုပ်နာမ်က ကိုယ့်ဒုက္ခပေးနေတာနော်။ ဒါကြောင့်မို့ ဒီတရားတွေကိုကျင့်ကြပါ။ ကိုယ့်ဖအေလိုအောက်မေ့တယ်၊ ကိုယ့်မအေလိုအောက်မေ့တယ်။ ကိုယ့်အစ်မကြီးလို အောက်မေ့တယ်။ ကိုယ့်ညီလို အောက်မေ့တယ်။ မသိရင်လာမေးပါ။ အဲဒီတော့ ငါဘာမှ အာရုံမရဘူးဗျ။ လောကီအာရုံလည်း မရဘူး။ (၃)လုံးလည်းမရဘူး။ (၂)လုံးလည်း

မရဘူး။ ငါ့ ဒါတွေလာမလုပ်နဲ့တဲ့။ ငါလည်း မပေးတတ်ဘူးတဲ့၊ ဘာမှလည်း ငါမသိဘူးနော်တဲ့။ မင်းကံနဲ့မင်း အကျိုးပေးတာတဲ့၊ မင်းကံက ငါ့ကိုယုံကြည်တဲ့စေတနာ ပုပ္ပ မုဋ္ဌ ပရစေတနာ သဒ္ဓါ ကြည်ဖြူ။ အဲဒါလည်း ဓမ္မဖြစ်နေတာကွ။ မင်းကလည်း ကံကွ၊ ငါတို့လည်း ယုံကြည်တယ်။ စေတနာ အဲဒီတော့ မင်းရဲ့စေတနာ ငါ့ရဲ့ ဓမ္မ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယော။ ဝေဒနီယဒိဋ္ဌ လက်ငင်း မျက်မှောက်အကျိုးပေးတယ်။ ငါ သိုက်တွေလာလည်း လာလှူပြီ။ ခါတ်တွေကလည်း လာပွင့်ပြီ။ နတ်တွေကလည်း ကူကုန်ပြီ။ မဂ်အောင်တဲ့ရဟန်းနဲ့ပေါင်းတော့ အဲဒါလေးကျွန်းသာသနာခေါ်တယ်။ လေးကျွန်းခေါ်တယ်နော်။ ဦးပဏ္ဍိတ ဘာတွေများများလုပ်နေလဲဆိုတာ မေးပါ။ ဘာတွေ အဆောက် အဦးတွေလုပ်နေတယ်ဆိုတာ တောထဲမှာနေတာ။ ဘာမှ စာတတ်တာမဟုတ်ဘူးနော်။ ဘာမှသိတာ မဟုတ်ဘူး။ ခန္ဓာ သိတာနော်။ အဲဒီတော့ ခန္ဓာကသိတဲ့အသိနဲ့ ခင်ဗျားတို့ ပစ္စုပ္ပန်တည့်တည့် အခု ခင်ဗျားမြင်ပြီမလား။ မြင်တော့သိတယ်၊ အဲဒီအသိက သစ္စာထားရမယ်။ ပစ္စုပ္ပန်တည့်တည့်လေးသိတဲ့ အသိက သစ္စာထားရမယ်။ အဲဒါ အရိယတ္ထသစ္စာပဲနော်။ အရိယဋ္ဌသစ္စာဆိုတာ အာရုံနောက်ကို မနောကမလိုက်တော့ဘူး။ ဒါကြောင့်မို့ ခက်တယ်လို့ပြောတာ။ ဦးပဏ္ဍိတ ရဟန္တာလည်းမပြောဘူး၊ အနာဂါမ်လည်း မပြောဘူး၊ သကဒါဂါမ်လည်း မပြောဘူး။ သောတာပန်လည်း မပြောဘူး။ ငါစိတ်ပဲ ကျင့်တယ်တဲ့။ အဲဒီတော့ ဘုရားက စိတ်ပဲဟောတာကွတဲ့၊ စိတ္တာတဏှာနံ ခယမစ္စက စိတ်တာရှင်စော ဘုရားဟောတဲ့၊ ငါ့စိတ်ကလေး ငါထားတတ်ပြီကွတဲ့၊ အရင်တုန်းက ငါ့စိတ်ကလေး ငါမထားတတ်ဘူး ကွတဲ့၊ အခု ငါ့စိတ်ကလေး ထားတတ်ပြီကွတဲ့။ စိတ်ဆိုတာ ပညတ်နယ်ထဲမှာ ခေါ်ဝေါ်သမုတ်ထား တာကွ။ အမှန်တော့ ရုပ်နာမ်တွေက အဲဒါတွေပေါ့ကွာတဲ့၊ ရုပ်တရားခါတ်တွေပါပဲကွာတဲ့၊ ခါတ်တရား ကြီးပါကွာတဲ့၊ အဲဒီခါတ်တရားဟာ သဘာဝသဘောတရား သူလုပ်တာ ငါလုပ်တာမဟုတ်ဘူး။ အဲဒီ ခါတ်ပဲတဲ့၊ အခုက ငါလုပ်တွေဖြစ်ကုန်ပြီတဲ့၊ ငါမြင်တယ်၊ ငါသိတယ်၊ ငါကြားတယ်။ အဲဒီတော့ ခင်ဗျားတို့ တွေးတောင်ကြည့်ပေတော့ဗျို့နော်။ အပါယ်ပိတ်ဖို့က အမိသီလရမှာ။ အဲဒါအပါယ်ပိတ်မှာပဲ၊ အမိသီလ ဆိုတော့ အာရုံမှာ သမ္မာနဲ့ပေါင်း၊ မိစ္ဆာနဲ့မပေါင်းနဲ့။ ငါမြင်တယ်၊ ငါမြင်လို့ ငါသိတယ်၊ ငါ့နားကြားလို့ ငါသိတယ် မှတ်တယ်။ အဲဒီတော့ အမှတ်မှားတယ်၊ အယူမှားတယ်၊ အစွဲမှားတယ်၊ အဲဒါက သက္ကာယ ဒိဋ္ဌိတဲ့၊ ကြည့်စမ်း သွားပြီ။ အဲဒါကြောင့်မို့ ကိုယ့်ဖအေလို ကိုယ့်အမေလိုနော်။ တဏှာကလွှမ်းမိုးထား တာ။ တဏှာကနိုင်းနေတာ။ အဲဒီတော့ တဏှာကနိုင်းနေတော့ ကိလေသာ ကမ္မဝဋ်ကမသိတော့ဘူး။ ကမ္မက ကံနဲ့ရတဲ့ဝဋ်ကောင်ကြီးက မသိဘူး။ တဏှာကလွှမ်းမိုးထားတာ အိုးအိုး ငါ့မယားတွေစားဖို့ကွ ဟော့ဒီရွှေဒင်္ဂါးပြားလေး ဟောဒီပိုက်ဆံတွေကွ။ ငါ့မိန်းမစားဖို့၊ ဟော အရသာကိုလည်း သောက်လိုက်

တဲ့ အရက်။ တဏှာကခိုင်းနေတယ်နော်။ တဏှာခိုင်းတာ တစ်ခါတည်း ရုပ်ပျက်မယ်၊ နာမ်ကြောင့် ရုပ် ဒုက္ခရောက်မယ်။ တစ်ခါတည်း ရုပ်ပျက်မယ်။ အဲဒါသေမှာပဲ။ မကောင်းတဲ့ဒုစရိုက်တွေကို မလုပ်ပါနဲ့။ အသက်ကို ဉာဏ်စောင့်တယ်၊ ဥစ္စာကို ကံစောင့်တယ်။ ဉာဏ်လေးနဲ့စဉ်းစားပါ။ ဩော် ဒါတွေ မကောင်းပါလား။ ဩော် ငါနေတဲ့ရပ်ကွက်တွေမှာ အဲဒီတော့ အမိအဖတွေအားလုံး သင့်သင့် မြတ်မြတ်ရှိကြပါစေ။ စားနိုင်ကြပါစေ။ သောက်နိုင်ကြပါစေ ငါကူညီမယ်။ ငါမစားပါဘူး။ သူတို့စား ပါစေ။ ဒီလိုစိတ်မျိုးတွေ ထားပါ။ အခုဟာက ခင်ဗျားတို့တွေကြည့်ပါ။ မြေဥပမာ ခင်ဗျားတို့ခေါင်းရင်က မြေတွေ ဈေးသွားတုန်း ခေါင်းရင်းကလူတွေက တစ်ခါတည်း ခြံတိုးပြီးတော့ ငုတ်တိုင် ရိုက်တာပဲဗျို့ ပြန်လာတော့ ဈေးကပြန်လာတော့ ငါ့မြေကိုယူထားတာ (၂)တောင်လောက်ယူထား တယ်။ တစ်ခါတည်း အဲဒါကို သွားစွဲတာ။ တစ်ခါတည်း ဒေါသဖြစ်တာပဲဗျို့ ဆွဲခြင်းကို လွှင့်ပစ်ပြီး ဘာလဲ နင်တို့က မတရားသဖြင့် လုပ်တာ။ အမှန်ကတော့ သည်းခံရမယ်။ သမ္မာအယူနဲ့လုပ်။ မိစ္ဆာ အယူနဲ့လုပ်တော့ တစ်ခါတည်း သီလပျက်ပြီ။ သမ္မာလေးနဲ့ ဩော် အေး အေး အေး၊ အေးအေး ဆေးဆေးမှပဲ ငါလျော့ပြောမယ်။ ယူပါစေ။ အေး အေး အေး ကြမ်းကြမ်းတမ်းတမ်း တွေ့တွေ့ခြင်း လုပ်လိုက်တော့ ဒေါသနဲ့ လောဘဖြစ်ကုန်ရော။

ကားလည်းလှူ အာ အကြီးအကျယ်လှူ။ အဲဒီ ချောင်းဝဆရာတော်ကြီး က ရန်ကုန်မှာ ချောင်းဝ ဆရာတော်ကြီး မေးပါ။ ခင်ဗျားတို့နော် ချောင်းဝဆရာတော်ကြီး နိုင်ငံတော်အစိုးရက ကိုးကွယ် တာပါနော်။ မေးကြည့်ပါ။ အဲဒီတော့ ဒီဟာကဘာလဲဆို သီလတန်ခိုးတွေ။ ဟိုတုန်းက သီလမကောင်း ခဲ့ဘူး။ သူများဟာ ခိုးချင်တယ်၊ လုချင်တယ်၊ လိမ်ချင်တယ်၊ စာရိတ္တပျက်တယ်၊ သီလပျက်တယ်၊ ကံနိမ့်တယ်၊ ကံနိမ့်တော့ ဆေးလိပ်တိုတောင် မသောက်ရဘူး။ အဲဒီတော့ အာသဝေါတရားတို့ဆိုတာ က သောမနဿ၊ ဒေါမနဿ အာရုံကြောင့် ကံဖြစ်တယ်ဗျ။ ရုပ်ကြောင့်လည်း ကံဖြစ်တယ်ဗျ။ ခင်ဗျား တို့တွေးကြည့်ပါဗျာ။ အဲဒီတော့ တွေးနေတာက မနောကံ၊ ထပြီးကြံစည်တာက တစ်ကံ။ အဲ စိတ် နှစ်သက်တာက တစ်ကံ။ အဲဒီကံ(၃)ကံက သွားတွဲဖက်ဖြစ်လို့ ဒုစရိုက်ကံခေါ်တာ။ အဲဒါ မပစ်နိုင်၊ မခွါနိုင်းနဲ့ ဖြစ်နေတာနော်။ အဲဒါကျတော့ ဒီကံလေးတွေဟာ သေးပါတယ်။ အပါယ်ကျတယ်လို့ ပြောတာမဟုတ်ပါဘူး။ အပါယ်ကျတဲ့စိတ် ဘယ်လိုလဲ။ လောဘတွေ၊ ဒေါသတွေ။ အဲဒီတော့ စီးပွားရေး နဲ့ရှာ လိမ်လိုက်၊ ခိုးလိုက်၊ လုလိုက်၊ ဝက်တွေ သတ်လိုက်၊ ကြက်တွေ သတ်လိုက်။ ဟာ ဝက်တွေ၊ ကြက်တွေချည်းသတ်တယ်။ သူများလည်း မဟုတ်တာတွေ မစ္ဆရိယစိတ်တွေ၊ မနာလိုတဲ့စိတ်၊ လူကြီး လည်း မရှိသေတော့ဘူး။ နင်ပဲငဆတွေ ပိုက်ဆံရှိတိုင်းလျှောက်လုပ်တယ်။ ဟာ အဲဒီလူတွေ ဝက်သတ်

လိုက်၊ ကြက်သတ်လိုက်။ လောဘတွေ၊ ဒေါသတွေဖြစ်နေတာ။ မသိဘူး။ ကံကို နားမလည်ဘူး။ ဟာ ငါ့ရှာလို့ ငါရတာ။ ငါလုပ်လို့ ငါဖြစ်တာ။ ငါ ငွေ(၁၀)သိန်းပေးလို့ (၁၀)သိန်းနဲ့ရင်းတာ ငါငွေရလို့ ဟာ မလုပ်နဲ့ ကံကွတဲ့။ ကံဆိုတာ လေတဲ့။ ပြောပြမယ် လွန်ဆန်လို့မရဘူးကွတဲ့။ တစ်သမတ်တည်း ကောင်းနေတယ်လို့မထင်နဲ့တဲ့။ ကံဟာ နိမ့်ချင် နိမ့်တာကွ။ ဟော့ကောင်ရဲ့ မလုပ်နဲ့ကွ။ ကံဆိုတာ လွန်ဆန်လို့မရဘူးကွ။ ကံနိမ့်တဲ့အခါကျတော့ မင်း ဒုက္ခရောက်တာပေါ့ကွ။ သူငယ်ချင်းရယ် အဲဒီလို ကံတွေမြင့်အောင် လှူကြပါ၊ ဒါန်းကြပါ။ ဆရာကြီးတွေရဲ့စကားကို နားထောင်ပါ။ ခင်ဗျားတို့ ဒီဟာကြီး တွေ လှူပါ၊ ဒါန်းပါ။ အများနဲ့ရှန်းရင် ပြီးပါတယ်ဗျာ။ ဒါကောင်းတဲ့ကုသိုလ် ကိုယ့်စေတနာမှန်ဖို့ အရေးကြီးတယ်။ ဩော် ရော့ ကျွန်တော်တို့လှူမယ်ဗျို့။ ကျွန်တော်တို့ လှူပါ့မယ်။ ဂေါပကလူကြီး တွေ ကျွန်တော်တို့ လှူမယ်ဗျာ။ ဒါ အင်မတန်ကောင်းတယ်ခေါ်မယ်။ ဒါကြောင့်မို့ ကုသလာနံ ခမ္မာနံ ဟောတုပစ္စယောတဲ့။ ဘုရားဟောထားတာ။ အင်မတန်ထူးပါတယ်။ အဲဒီတော့ ကံပြတ်တဲ့လူကို လှူတာနဲ့ ကံမပြတ်တဲ့လူ လှူတာ မတူဘူးဗျ။ သဘောလေးပဲ။ အဲဒီ ဒါနနဲ့ နိဗ္ဗာန်သွားတာရှိတယ်။ ဒါနနဲ့ နိဗ္ဗာန်မရောက်တာရှိတယ်။ သီလနဲ့ နိဗ္ဗာန်ရောက်တာရှိတယ်။ သီလနဲ့ နိဗ္ဗာန်ရောက်တယ် ဆိုတာ ဘယ်လိုလဲ။ ခင်ဗျားကလည်း ပုဗ္ဗ၊ မုဉ္စ၊ ပရဆိုတဲ့ စေတနာမှန်ရမယ်။ ယုံကြည်တဲ့စေတနာ ယုံကြည်တယ်။ ဘာလဲ။ ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ်ကွ။ ငါယုံကြည်တယ်ကွ။ အဲဒီ ယုံကြည် ဘာဖြစ်လာလဲ။ ယုံကြည်တဲ့အသိကနေ စေတနာအသိ။ ငါတော့ ပါတယ်ကွာ ပိုက်ဆံလေး (၅)ကျပ်ပါတယ်ကွ။ ငါ ဒီဘုန်းကြီး အားကြီးပေးချင်တယ်ကွတဲ့။ ဒါလေး သူပေးလိုက်တာ ညောင်စေ့ လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ သူက စေတနာပါထားတာကို။ မနောက စေတနာ ပါထားတာဗျ။ ယုံကြည်ထားတဲ့ စိတ်တွေဗျ။ အဲဒါ ပရမတ်စိတ်ခေါ်တယ်။ အဲဒီဝတ္ထုက (၅)ကျပ်က အဲဒါလေးက ဝတ္ထုဗျ။ ပညတ်ခေါ်တယ်။ နှလုံးသားလေးက စေတနာပရမတ်ခေါ်တယ်နော်။ တွဲဖက် သွားတာ။ အဲဒီတော့မှ အလှူခံတဲ့ဘုန်းကြီးဟာ အာရုံ(၆)ပါးလွတ်တာ။ လွတ်ရမယ်။ တစ်ကယ်လွတ် ရမယ်။ ဟ ဒီလိုဘုန်းကြီးမျိုးကလည်း ရှားတယ်။ ရှာပေတော့ တွေ့အောင်သာရှာနော်။ မေးပါ ခင်ဗျား တို့ ဆရာတော်ကျင့်တဲ့ပုံကိုမေး ကျင့်တဲ့သူသာမေး အဲဒီလိုက ဒီပြင်ဘုန်းကြီးကလည်း ကံပြတ်ထား တာနော်။ သူ့မှာ ဝမ်းထဲမှာ ဉာဏ်ရှိတယ်။ ဒါကြောင့် အတွင်းဉာဏ်၊ အပြင်ဉာဏ်ရှိတယ်။ အပြင်ဉာဏ် ကတော့ ခင်ဗျားမေးခွန်းတွေပေးတယ်။ ဦးနှောက်ကောင်းကောင်းနဲ့ ခင်ဗျားမျက်စိမြင်တာပေါ့ဗျ။ အဲဒါ လောကီဉာဏ်ခေါ်တယ်။ မြင်ပြီ။ အဲဒီတော့မှ ဦးနှောက်ကောင်းကောင်းနဲ့ စာမေးပွဲကို ဟာ ဒီဂဏန်း ဒီဘာသာ ငါ ဒါဖြေရင်ဖြစ်မှာပဲ။ အဲဒါ လောကီသစ္စာဗျ။ အတွင်းဉာဏ်က သူပဲသိတယ်နော်။ အဲဒီဉာဏ်

က နတ်လည်းမသိဘူး။ ဗြဟ္မာလည်းမသိဘူး။ အဲ မသိဘူးဗျ။ လူလည်းမသိဘူး။ ဒါ သဘောလေးပဲ။ အဲဒီတော့ ဘာသိလဲ။ စိတ်ကလေးငြိမ်တာ ဟို သမထပုဂ္ဂိုလ်ကြီးက သူ့ကို ငွေပုဝါနဲ့ ဆွဲကြည့်တာ။ သူဟာ မနော တယ်ထူးပါလား။ ဒါပဲသိတယ်။ ဉာဏ်ကိုမသိတော့ဘူးနော်။ ဉာဏ်ဆိုတာ အင်မတန်မှ ထူးပါတယ်နော်။ အင်မတန်မှ ဒါကြောင့်မို့ အဲဒီလိုပုဂ္ဂိုလ်မျိုးကိုလှူရင် သူကတစ်ကယ်မစွဲတာ။ ကံက စွဲတယ်၊ ဉာဏ်က မစွဲဘူး။ သူမစွဲတဲ့နှလုံးသားရဲ့စေတနာကို သူ ရမယ်တဲ့။ စရဏကို သူ ရမယ်။ ဝိဇ္ဇာ စရဏ သမ္ပန္နော။ စရဏဆိုတာ အေး စရဏဆိုတာ ကျင့်တာခေါ်တယ်ဗျနော်။ ပါဠိလိုပြောရရင် စရဏ ကျင့်တာ ဘာကျင့်လဲ။ စိတ်ကျင့်တာ။ တူတဲ့စရဏ ရမယ်။ အဲဒီတော့ သူ့လောက်တော့ ခင်ဗျားမခံစား ရဘူးပေါ့ဗျာ။ အဲဒါ ခင်ဗျားဘာအဆင့်လဲ။ သောတာပန်အဆင့်ပေါ့ဗျာ။ သဘောလေးပြောတာပါနော်။ ဒီတရားဟာ ဥပမာ ဦးပဏ္ဍိတ ပြောပြပါ့မယ်။ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ကြပါနော်။ ခင်ဗျားတို့ သဘောလေးပြောတာ။ သစ္စာနဲ့ပေါတာ။ အကယ်၍များ ဘုရားရှိခိုးရင် ရွှေတိဂုံဘုရားကြီး သွားသွား ရှိခိုးတယ်။ ရွှေတိဂုံဘုရားကြီး သွားရှိခိုးတယ်။ သဘောပြောတာနော်။ ဒီလိုရှိခိုးတိုင်းသာ အပါယ်ပိတ် မယ်ဆိုရင် ဦးဇင်းလည်း ရှိခိုးမယ်နော်။ ခင်ဗျားတို့ တွေးပါ။ အဲဒါကံပဲဖြစ်သေးတယ်ဗျ။ ဒီနေ့ရှိခိုးပြီး မနက်ဖြန်ခါ၊ သဘက်ခါ စိတ်တွေဟာ မမှန်တော့ဘူးဗျနော်။ ဒီဝိပဿနာတရားကိုလုပ်ပါနော်။ ပိုက်ဆံ လည်း တစ်ပြားမှမကုန်ဘူး။ ကိုယ့်အိမ်မှာကိုယ်လုပ် အဲဒီလူကြီးမင်းများပြောတာလဲ နားထောင်။ ခံ မပြောနဲ့။ ဘာတစ်ခုမှ ခံ မပြောနဲ့။ ဟုတ်ကဲ့အစ်ကိုကြီးရေ ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ဒါပြော။ သူခိုင်းရင် လုပ်ပေးလိုက်။ စေတနာအောင်လုပ်ပေးလိုက်နော်။ ယဉ်ယဉ်ကျေးကျေးနဲ့ သိမ်သိမ်မွေ့မွေ့နဲ့ ပစ္စုပ္ပန် မှာ သမုတိသစ္စာ ယဉ်ကျေးစွာနဲ့နေမှ သူတော်ကောင်းလိုနေမှ ပရမတ်ကိုရမှာ။ အဲ ပစ္စုပ္ပန်မှာ သူတော် ကောင်းလိုမနေရင် ပရမတ်တရားကို ခင်ဗျားတွေးပေါ့ဗျာနော်။ ဒါကြောင့်မို့ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ။ ပရိယတ္တိဟာ ဒါတွေးကြည့်ပေါ့။ ထိပ်ဆုံးကတင်ထားတာ။ သူက သာသနာမှာ ပြုပေးနိုင်တဲ့ မိခင်ကြီး ခေါ်တယ်။ သူကမွေးထုတ်မှ သားသမီး။ အဲဒီတော့မှ လူစွမ်းကောင်းပါလာတတ်တယ်နော်။ ဒါ သဘောလေးပြောတာပါ။ အဲဒီတော့မှ အဲဒီသားသမီးလေးက ဒါကျင့်တာ။ အဲဒီတော့ ပရိယတ္တိရဲ့ ဝိနည်းတွေနဲ့ ဒီသဒ္ဒါတွေနဲ့ သူကလုပ်ပြီးတော့ကျင့်တာ။ ဒီလိုကျင့်မှ ရမှာ။ ဒီဝိနည်းကို မှန်မှ။ အဲဒီတော့ ပရိယတ္တိကို မှန်မှ ပဋိပတ္တိကို ကူးမှာ။ ကူးအောင်လုပ်ချင် ကူးတယ်နော်။ သူတို့ ဒီလိုအဆင့်တွေရှိပါ တယ်။ ဒါ ရဟန်းသံဃာတွေလုပ်ရမယ့်တရားတွေ။ ကြည့်စမ်းနော်။ အဲဒီတော့ ပရိယတ္တိမှာ သူ့အသိနဲ့ သူပေါ့ဗျာ။ ကိုယ့်အသိနဲ့ သူပေါ့ဗျာနော်။ ဒါကြောင့်မို့ ဝါဆိုလပြည့် ခင်ဗျားတို့ပြောပြီ။ မနက်ဖြန်ခါ၊ သဘက်ခါ ဝါဆိုလပြည့် ဘုရားဟာ ဥတု(၃)မျိုးဟာ နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု။ အဲဒီတော့

ဒီဥတုဟာ ဘာလဲ။ အင်မတန် ဆောင်းဥတု မဟုတ်ဘူးဗျ။ ပူတဲ့လလည်းမဟုတ်ဘူးဗျ။ အဲဒီဝါဆိုတဲ့ လလေးဟာ (၃)လလေးဟာ အင်မတန်မှ ချမ်းသာတဲ့၊ အင်မတန် အဲဒီဥတုတွေဟာ နွေမိန့်ဥတု တွေ။ အင်မတန်မှ ကောင်းတဲ့ဥတု။ အဲဒါ ဝိပဿနာလုပ်ရမယ်။ အဲဒါ ဘုရားက ဥတု(၃)မျိုးကို ကောင်းတဲ့ ဥတုကိုချပေးတာ။ အဲဒါ ဝါဆိုတာဗျနော်။ အခုတော့ ဝါဆိုသင်္ကန်းကပ်လိုက်တဲ့သင်္ကန်း တွေ လုပ်တာကောင်းပါတယ်ဗျာ၊ ကောင်းပါတယ်ဗျာနော်။ ဦးဇင်း ဘာမှမပြောဘူး။ အဲ ဒကာ၊ ဒကာမ တွေကတော့ ရပြီ။ စေတနာတော့ ယူထားတဲ့လူကတော့ မပြောတတ်ဘူးဗျို့နော်။ အဲဒီတော့ အတ္တနဲ့ ယူသလား၊ အနတ္တနဲ့ယူသလား။ သူ့အပေါ်မူတည်တယ်ဗျနော်။ အနတ္တနဲ့ယူရင်တော့ ထူးပြီပေါ့ဗျာ။ အတ္တကြီးနဲ့ယူရင်တော့ ခင်ဗျား ဒုက္ခပဲနော်။ အဲဒါ ခင်ဗျားစိတ် ခင်ဗျားစစ်။ ရဟန်းလုပ်တာ မချောင် ပါဘူးနော်။ ချောင်တယ်လို့ မလွယ်ပါဘူး။ အဲဒီလူလုပ်တာမှ တော်သေးတယ်ဗျာနော်။ အဲဒီဟာ အဲဒီတော့ ဦးဇင်း ကလေ စာမတတ်ဘူးဗျနော်။ ပြောပါ့မယ်ဗျာ။ ဦးဇင်း က ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ စာမှမတတ်တာ။ ဦးဇင်း ကျောင်းပန္ဒက်ဝိုင်းထဲမှာ ဦးဇင်း ဒကာမ က လာတယ်။ ဟာ ဒါ ဘုရားအရည်၊ ဘုရားအရည်။ ဒါ သစ္စာ။ အဲ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာနော်။ လူဟာ တော်တော်အရေးကြီးတယ်ဗျ။ တရားဟာ တရားပဲဗျနော်။ ဒါ အဝိဇ္ဇာဗျနော်။ ဥပမာလေး ပြောကြစတမ်းဆိုရင် ဖွဲတစ်ဆုပ်မနိုင်မှပဲ မနိုင်ပါဆို သေမှမနိုင်တာဗျ။ ဖွဲတစ်ဆုပ်နိုင် ဒီစိတ်ရှိသေးတာ ပဲဗျ။ တွေးပါ။ ဒါ ဦးဇင်း စာမတတ်ဘူးနော်။ အမှန်ကို အမှန်၊ အရှိကို သစ္စာနဲ့နေတယ်။ နတ်တွေ၊ သိကြားတွေ စီးကြည့်နေတာ။ ဦးပဏ္ဍိတ ဘာလုပ်လဲ။ လူမကြောက်ဘူး။ အဲဒီပုဂ္ဂိုလ် ကြောက်ရတယ် နော်။ ဒါကြောင့်မို့ သစ္စာရှိတယ်ကွ။ ဒီရေပုလင်းတွေလာခိုင်းပါနော်။ မြောင်းမြမြို့ ကိုယ့်ဖအေတွေ၊ ကိုယ့်မအေတွေ ဘယ်သူခိုင်းခိုင်း လုပ်ပေးပါ့မယ်။ အဲဒီတော့ ယုံကြည်တာနဲ့ မယုံကြည်တာ အဲဒါ ကွာတယ်။ မယုံကြည်တော့ မတတ်နိုင်ဘူးပေါ့နော်။ တစ်ကယ်ကျင့်ထားတာပါ။ စာမတတ်။ အခု တရားဟောသွားတာ အစဉ်အလိုက် မရပါဘူးနော်။ သူက ဘာပဲဖြစ်ဖြစ် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ ဒီဘဝပြန်မယ်။ မတော်တဆ အပါယ်လေးဘုံရောက်သွားရင်တော့ မလွယ်တော့ဘူး။ ဒကာကြီးမရှောင် တော့ဘူးနော်။ အဲဒီတော့ ဒီဘဝမှာ ပိုက်ဆံမရှိရင် ရှာရင်ရတယ်။ တရားစစ်၊ သံဃာစစ်၊ ဘုရားစစ် ခုနက ဥပမာလေးပြောမယ်။ ဘုရားကို စေတီကကွယ်တယ်၊ တရားကို စာကကွယ်ထားတယ်။ ရဟန်း ကို သံဃာကကွယ်ထားတယ်နော်။ တွေးကြည့်ပေါ့ဗျာ။ ဒါ သဘောလေးပဲပြောမယ်။ ဘယ်အကျိုး ဘယ်အကြောင်း သူကဘုန်းကြီးကျောင်းမှာဆိုတော့ သူက အုပ်ချုပ်တာကို ကြောက်ဖို့သိပ်ကောင်း တာ။ ဒါကြောင့်မို့ ဦးဇင်း တို့ နှင်ချပစ်လိုက်တာ။ တရားအားထုတ်တာ ပြေလည်ချင်ရင် ပြေလည်၊

မဂ်ကို ငါရရှိတဲ့ ဂမ္ဘီရဉာဏ်။ ဒီဉာဏ်ဟာ ဘယ်လို အတိတ်၊ ပစ္စုပ္ပန်အကြောင်းတွေကို ဒီလိုဉာဏ်ဟာ အင်မတန်လျင်မြန်ဖျတ်လတ်သော အဲဒီဉာဏ်ဟာ ဘာနဲ့တူသလဲ၊ ဘာနဲ့တူသလဲ အမေးကို ဘယ်လို လုပ်ပြီးတော့ ဒီဉာဏ်ဟာ သူဘယ်လိုပေးသွားသလဲ။ ဦးပဏ္ဍိတ အဲဒီဂမ္ဘီရဉာဏ်အကြောင်းကို ပေးတဲ့ မဂ်က အဲဒီမဂ်ဉာဏ်ကို နင်ပူဖော်ပြစမ်းလို့ ငါကလည်း စာက တစ်လုံးတစ်လေလောက်ပဲသိတယ်။ အခုကာလမှာ ငါ့ကိုကိုးကွယ်။ နာမ်ပုဂ္ဂိုလ်တွေက ကိုးကွယ်တဲ့သူသိသလို မကိုးကွယ်တဲ့သူသိတယ်။ အဲဒီနာမ်ပုဂ္ဂိုလ်တွေ ကိုးကွယ်မှုရိပ်မိတဲ့သူက ခန့်မှန်းပြီး သြော် ဒီပုဂ္ဂိုလ် ဉာဏ်ပဲ။ သံယောဇဉ်ပြတ်နေ တဲ့ ဉာဏ်ကောင်ကြီးပဲဆိုတာ အင်မတန်ကြီးမားတဲ့ပညတ်မှာ သူ့အကုန် ပညတ်မှန်သမျှ သူပြတ်နေ ပြီတဲ့။ ခါတ်ပရမတ်ဆိုတဲ့ ခါတ်ကို အောင်သွားပြီ။ ခါတ်ကိုအောင်သွားလို့ ခါတ်ပေါက်တာ။ အဲဒီတော့ ခါတ်က အဲဒီကဆိုတဲ့ ခါတ်ကတစ်မျိုး၊ ဦးပဏ္ဍိတ ဆိုတဲ့ ခါတ်ကတစ်မျိုးနော်။ အဲဒီတော့ ခါတ်တွေ သူအောင်သွားပြီ။ ဉာဏ်ပုဂ္ဂိုလ်တွေက သူ့ရဲ့ခါတ်ပေါက်တော့မှ နာမ်ပုဂ္ဂိုလ်တွေပါ။ တစ်နေ့သောအခါ မှာ ဦးပဏ္ဍိတ က ပိန္နဲကုန်းမှာ သူမှာလင့်စင်ကလေးနဲ့။ ဝါကဆိုရင် (၆)ဝါပြည့်လိမ့်မယ်။ သူ့အောက်မှာ နွားတွေက ပုံစံခွက်နဲ့ အဲဒီတော့ အဲလောက်မြင့်တဲ့လင့်စင်လေး အဲဒီလင့်စင်လေးမှာနေပြီး တစ်နေ့ သောအခါမှာ ဦးပဏ္ဍိတ ခေါ် ဦးမြမောင် သူက သူ့မအေကသေသွားတော့ မအေ့ဗိုက်ထဲမှာ ကလေး လေးပါသွားတယ်။ ကလေးလေးပါသွားတဲ့အခါကျတော့ စန္ဒာလအပေါက်ကလေးတွေက ခါတိုင်းဆို အမြဲတမ်း ဒီဟာကိုသူတို့ဖွင့်တယ်။ ဒီတစ်ခါတော့ ကလေးရကုသိုလ်နဲ့တူပါတယ်။ စန္ဒာလမင်းကြီး ဆိုတာ သိလိုက်တော့ သြော် မအေတော့သေပြီ၊ ကလေးကတော့ ငုတ်တုတ်လေးထိုင်နေတယ်။ မင်းကို ငါမွေးမယ်။ မွေးမယ့်သူကတော့ သူပေါ်လိမ့်မယ်။ ငါမွေးမယ်ဆိုပြီးတော့ အဲဒီတော့ စန္ဒာလ ကောင်ကြီးက တောင်ပိုင် ဦးပဏ္ဍိတ က အဲဒီတောင်ပိုင်သစ်ကိုင်းကို သွားခုတ်မိလိုက်လို့ သိုက်တို့ ခါတ်တို့၊ နတ်တို့ အားလုံးဖြစ်သွားကြတယ်ဆိုတဲ့သဘော ဟုတ်၊ မဟုတ် ငါ့ကိုပြန်ပြောပြစမ်း။ ဒါဖြင့် ဒကာ၊ ဒကာမအသိလေးနဲ့ ဘယ်အသိဝင်သွားသလဲ။ ဝိသုဒ္ဓိအသိဆိုတဲ့ သုဒ္ဓိမနော သူ့ရဲ့ဝိဉာဉ်၊ သုဒ္ဓိ စေတနာရဲ့ အလွန်စင်ကြယ်တဲ့ စေတနာဝိသုဒ္ဓိ သူ့စေတနာကို သူ့ဟာသူသိလို့ ဝိသုဒ္ဓိအသိဆိုတာ ဝိသုဒ္ဓိဆိုတာ မနော၊ မနောရဲ့စေတနာဟာ အလွန်စင်ကြယ်တယ်။ အဲဒီ ဒကာ၊ ဒကာမများ ဆွေတော် အပေါင်း၊ မျိုးတော်အပေါင်းများ ဒီဝိသုဒ္ဓိမနောစေတနာဟာဆိုရင် ဤသို့ သွားရမယ့်လမ်း မဂ်ကော လမ်းဆိုတဲ့အကြောင်းလေး ရှင်းပြစမ်းပါတဲ့။ အဲဒီတော့ ဦးပဏ္ဍိတ ကျန်ရစ်ခဲ့ပြီ။ ဝိသုဒ္ဓိမနောလေးက အလွန်စင်ကြယ်တယ်။ သူ့မနောလေးက အလွန်စင်ကြယ်တယ်။ စေတနာစင်ကြယ်တယ်။ အဲဒီတော့ ပညတ်အနေနဲ့ဆိုရင်တော့ ဦးဇင်း က ရေပုံးပဲရှိတယ်။ အဲဒီတော့ ပုံးရှိတော့ သူဘာလို့လဲဆိုတော့

သူသိလိုက်တယ်။ သူအင်မတန်အေးတဲ့ခါတ်တွေကို သူလိုချင်တယ်။ ရေလိုချင်တော့ ငါပုံးပဲရှိတယ်။ ရေတွေကလည်း (၄-၅-၁၀)တောင်လောက်ရှိမယ်။ ငါ့မှာ ဒီရေရဖို့ ဘာလိုနေလဲ။ ဘာလိုအပ်လဲ။ ပုံးမှာ ငါကြိုးလိုအပ်နေတယ်။ ခုနက ဝိသုဒ္ဓိအလွန်စင်ကြယ်တဲ့စေတနာက သူပေးတဲ့ သူလာလှူလိုက်တဲ့ကြိုးသည် ဦးပဏ္ဍိတ ရဲ့ပုံး။ ပုံးကိုင်းကို ကြိုးချည်ပြီးတော့ သူလိုချင်တဲ့ရေကို သူကြိုးစားရတဲ့ရေ အဆင်သင့်ပုံးထဲမှာဝင်တယ်ဗျို့ အဲဒီပုံးထဲဝင်တဲ့ရေသည် ဦးပဏ္ဍိတ ဝီရိယအား သဒ္ဓါအား၊ စေတနာအားနဲ့ သူ့ဟာသူ ဒီရေကိုရအောင် ရလာတော့ ဒီရေကိုသာ ခုနက ငါသာမက ငါ့ထက်မက ငါတစ်ပုံးရှိတဲ့အကောင် ငါ့မှာကြိုးမရှိလို့ ဒီရေမရဘူး။ အဲဒီတော့ ပုံးနဲ့ကြိုးနဲ့လာပေါင်းတော့ ငါအေးသလို အေးကြပါစေဆိုတဲ့ သူ့ရဲ့စေတနာလေးနဲ့ ယုံယုံကြည်ကြည်နဲ့ ဝိသုဒ္ဓိစေတနာလေးနဲ့လာလှူတာ။ အဲဒီပုဂ္ဂိုလ်တွေရဲ့ ခုနက ဆွေတော်အပေါင်း၊ မျိုးတော်အပေါင်းဆိုတဲ့ ဘုရားဟောထားတယ်။ အဲဒီတော့ ဒီလိုပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့နှလုံးသားထဲက စေတနာတွေနဲ့ ဖြစ်ပေါ်လာတဲ့အသိတွေ ဘယ်လမ်းကို သူတို့သူတို့သွားကြမယ်ဆိုတာ ဦးပဏ္ဍိတ ကို ပြောပြစမ်း။ ဒါနဲ့ ဦးပဏ္ဍိတ က ခင်ဗျားကိုမေးပြီတဲ့။ ဘာမေးမလဲဆိုတော့ အခုကာလရလိုက်တာ ခန္ဓာ(၅)ပါး၊ ရုပ်နာမ်(၅)ပါးတဲ့နော်။ မှတ်ထား။ ဝိပဿနာနဲ့ မနောက အာရုံကိုမလွတ်လို့ ဥပါဒါန်တွေဖြစ်ကြတာတဲ့။ ကောင်းပြီတဲ့။ ဖြေနိုင်မှလားတဲ့ မေးပြီတဲ့။ ငါ ရုပ်နာမ်နှစ်ခုရှိတယ်တဲ့။ ရုပ်ရှိတယ်၊ နာမ်ရှိတယ်။ အဲဒီတော့ ငါ့ရုပ် အကယ်၍ ဥပမာပေါ့လေ ငါ့ရုပ်ကို ငါခွာပြီတဲ့။ ခွာရင် နာမ်ကွာသွားလိမ့်မယ်တဲ့၊ နာမ်နော်တဲ့၊ မှတ်ထား နာမ်။ အဲဒီတော့ ဒကာ၊ ဒကာမများလည်း သူလည်း ရုပ်ရှုရင် နာမ်ကွာသွားလိမ့်မယ်တဲ့။ အဲဒီတော့ ဒီနာမ်က ဘာကြောင့် မကွာလဲ။ ငါ့ကိုပြောစမ်းတဲ့။ ဥပမာ ဦးဇင်း မှာ ရုပ်နာမ်ရှိတယ်။ စာကရေးထားတယ်။ ဒီရုပ်ကြီးက မမြဲဘူးဆိုပြီးတော့ မင်းချပစ်လိုက်ကွာ။ ချပစ်လိုက်ဆိုရင် နာမ်ကွာသွားမယ်။ နာမ်ဆိုတာက လောကမှာ ဓါတ်လေးပါးကိုပိုင်ဆိုင်တဲ့ဟာ သုညာတရောက်သွားတော့ ဒီရုပ်နာမ်နဲ့ ဦးဇင်း ဘာမှ မပတ်သက်တော့ဘူး။ ဘာမှမပတ်သက်ဘူး။ ဘာမှမပတ်သက်ရင် ပြေလည်က ယခုကာလမှာ ဦးပဏ္ဍိတ နဲ့ လက်တွဲပြီးတော့ ပဋိဝေဓသာသနာပြုတဲ့အခါမှာ ခင်ဗျားက မသင်ပဲနဲ့ ဦးပဏ္ဍိတ အသိတရားများကို ခန္ဓာသိ အသိတရားများကို ခုနက စီစဉ်နိုင်တဲ့ပုဂ္ဂိုလ်တစ်ယောက်ဖြစ်တဲ့အတွက် ဒီနာမ်ကို ခင်ဗျားက ခုနကပြောသလို လူကောင်းများကို ဟုတ်လား။ မှန်နေတဲ့လူကောင်းများ ဘုရားက ဥပမာနဲ့ပြတာ။ ကဲ မှန်တဲ့လူကောင်းများကို မဂ်ဉာဏ်က ဒကာ၊ ဒကာမတွေလည်း ခုနက ရုပ်ကွာသွားရင် နာမ်ကွာသွားမယ်။ ကွာသွားရင်သေရော။ ဝိဉာဉ်ဆိုတာရှိတယ်။ အဲဒီဝိဉာဉ်နဲ့ သူသွားမှာ။ ခုနကအကောင်းမြင်တယ်။ ကောင်းတဲ့ဘဝကိုရောက်ရင် နတ်ပြည်ရောက်သွားမယ်။ ဖွဲလမ်းတဲ့ ဥပါဒါန်

ကို ဒီဝိညာဉ်လေးက တစ်ခါတည်းသွားပြီးတော့ လူ့ဘဝမှာသွားပျော်မှာ။ ဖြစ်လာရင် ရုပ်နာမ်ပြန်ရဦးမှာ။ ပြန်ရဦးမယ်။ အဲဒီတော့ ပြေလည်က ဒီနာမ်ကို လူကောင်းကို ဥပမာပေးပြီးတော့ မှန်တာပေါ့။ ခုနက လူကောင်းများကို ဥပမာပေးသွားတာ နင်ရဲ့အသိတရားများ ယခုလို ဦးပဏ္ဍိတ နဲ့လက်တွဲပြုရတဲ့ အကျိုးကြောင့် အကြောင်းလေးတွေကို နင်ပြတ်ရမယ်။ ဒါကို ဦးပဏ္ဍိတ ပြောသွားတာပါ။ ငါကတော့ အနတ္တနဲ့ အတ္တတွဲထားတာကို အတ္တအသိနဲ့ အနတ္တဆိုတာ ငါ့အပေါ်မှာမူတည်တာ။ နင်က ငါ့အသိလေးတွေကိုပောပြောတာ။ ငါ့ကိုငါကလည်း နင့်ကို ဩော် ငါ့လို ဒကာ၊ ဒကာမများ နင်ရဲ့ဝိဉာဉ်လေးဟာ ကောင်းရာသုဂတိ။ နာမ်ကလည်း နင်နောက်မလိုက်တော့ဘူး။ ရုပ်ကလည်း နင့်နောက်မလိုက်တော့ဘူး။ နင့်ရဲ့ဝိဉာဉ်စိတ်ကလေးဟာ အဲဒါလေးကို နင့်ကိုမေးတာပါ။ အဲဒါ ငါကတော့ ဒါပဲပြောတတ်တာ။ ဒါဖြင့် နင်နဲ့ ငါနဲ့ ဘယ်မှာသွားတွေ့နိုင်သလဲ။ ဒါဖြင့် အခုကာလမှာ အားလုံးရှိကြတဲ့ တရားနာတဲ့ပုဂ္ဂိုလ်များရှိတယ်။ တရားမနာတဲ့ပုဂ္ဂိုလ်များရှိတယ်။ နာမ်ပုဂ္ဂိုလ်လည်းရှိတယ်။ ဒါ အခုကာလ ဒီအပေါ်မှာ ဂုဏ်ယူဖို့ သူတို့ကိုယ်ကို ဩော် တို့ရဲ့စေတနာရဲ့အကျိုးတွေပဲ။ ဘာတစ်ခုမှ မမြဲဘူး။ ဘာတစ်ခုမှ တို့မမြဲဘူး။ အတွင်းတဏှာတော့ မပယ်နိုင်ဘူး။ တို့အတွင်းတဏှာမပယ်နိုင်ရင် ပယ်နိုင်တဲ့ဟာကို တို့ရအောင်ပယ်မယ်။ အပြင်ကမာန်ကို တို့ချိုးပစ်မယ်။ တို့ဘာမှ တို့မှာ ကိုယ့်ကိုယ်ကို တန်ဖိုးမရှိတော့ပါသလားဆိုတဲ့ သူလည်း အသိအားလုံးရဖြစ်ကြဖို့ နိဗ္ဗာန်ရောက်ဖို့၊ ဘာရောက်ဖို့၊ ညာရောက်ဖို့ ဒီအပေါ်မှာ ဇောအာရုံ။ ဩော် ဆန္ဒမစောနဲ့တဲ့။ ကိုယ့်ကိုယ်ကို အရင်နှိမ်ပါတဲ့။ အဲဒီတော့ တို့တွေဟာ အတွင်းတဏှာမပယ်နိုင်လို့ တို့မှာ ကောင်းပြီတဲ့။ အတွင်းတဏှာမပယ်နိုင်ရင် အပြင်မှာ ရှိတဲ့ အာရုံ(၅)ပါးနဲ့ မနောနဲ့ အဲဒီမာန်ကို တို့ချိုးပစ်ပါတယ်။ တို့တွေကတော့ တန်ဖိုးမရှိတော့ပါဘူး။ အသိလေးကို အပ္ပမာဒေန သမ္ပာဒေထ ဆိုပြီး ဒီအသိ ဦးပဏ္ဍိတ ပေးလိုက်ပြီ။ တရားထိုင်နေတယ်။ ဩော် ကြာရင်လာလှူကြတယ်။ အရှင်ဘုရားလာပြီဗျ။ (မှန်ပါဘုရား) ထရတယ်။ ကိုယ်က ဟိုက ပြောလိုက်တဲ့အသံကို ဒီကမကြားဘူး။ ကြားလို့ရှိရင်က အကြောင်းမဟုတ်ဘူး။ သူကလည်းထိုင်နေလို့တော့ ခဏခဏ လောကီအာရုံကို မလိုချင်တော့ဘူး။ မရဘူး။ အားနာတယ်။ (မှန်လှပါဘုရား)။ နေသည်းတောင်းချင်ရင် (မှန်ပါဘုရား) တစ်ကယ်ရတာ။ စီးပွားကတော့ ခင်ဗျားရဲ့ ရေးဘုန်းရေးကံပေါ့။ (မှန်ပါ့)။ ခင်ဗျားကံကောင်းရင်တော့ ရမှာပေါ့။ ကျန်းမာရေးလာဘ်ကတော့ တကယ်သိရမယ်။ (မှန်ပါတယ်ဘုရား) ကျိုးတာတို့ ကန်းတာတို့၊ ဝဲတာတို့၊ မြွေဟောက်ကိုက်တာတို့က ချက်ချင်းပျောက်တယ်။ အဲဒါ ကျန်းမာရေးလာဘ်ပဲ။ (မှန်ပါတယ်ဘုရား) ဘယ်သူသိမလဲ။ ဘယ်သူမှမသိဘူး။ (မသိပါဘူးဘုရား) အဲဒီလိုဘုန်းကြီး။ အဲဒီဘုန်းကြီးလည်း မလုပ်တတ်ဘူး။ (မှန်ပါတယ်ဘုရား) လမ်းလွှဲ

နေကြတယ်။ အများကြီးလွဲနေတယ်။ ကျန်းမာရေးလာဘ်ရတယ်။ ခင်ဗျားတို့က လွဲနေတာပဲ။ လုပ်ရင်းကိုင်ရင်း ဒကာမလေးက တစ်ခါတည်းနောက်ကျမှလဲတော့မှ သိမှာပေါ့ဗျာ။ ကျန်းမာရေးလာဘ်ရရင် တစ်ကယ်လဲမလားလို့ ဒါက မသိလို့ပါ။ ဒါကမသိပေမယ့် တရားရှိတယ်။ ဒါကြောင့် မသိတဲ့သူ မင်းတို့ယုံကြည်ပါကွာတဲ့။ အဲဒါပဲပြောတယ်။ အဲဒီတော့ ကိုယ့်ဟာကိုယ်ဖြစ်လာတော့ ခံပေါ့ဗျာ။ တစ်ကယ်ရလာတဲ့အခါကျတော့ (မှန်လှပါ) မလုပ်တတ်လို့ မသိလို့ စီးပွားရေးလာဘ်၊ အပါယ်လေးပါးပိတ်တဲ့လာဘ် ဒီသုံးချက်က တစ်ခုခုကို စိတ်ဝါသနာပါရင် ရပြီးမှတ်။ တဏှာကတော့ ဘယ်သူမှမပြတ်ဘူး။ (မှန်လှပါဘုရား) ဟောဒီဘုန်းကြီးတစ်ပါးပဲပြတ်တယ်။ ဘယ်သူ့အတင်းမှမပြောတော့ဘူး။ ဒီကျင့်ဝတ်လိုတာပေါ့ဗျ (မှန်ပါ့) ခံစားတဲ့သူကတော့ ခံစားတာပါလေ။ မခံစားတဲ့သူကတော့ မခံစားဘူးပေါ့။ ယုံကြည်တဲ့သူကတော့ ယုံကြည်တာပေါ့လေ။ မယုံကြည်တဲ့သူကတော့ မယုံကြည်ဘူး။ ဒီလောက်ဘုန်းကြီးလာခဲ့ရတာ။ အဲဓါ ခင်ဗျားတို့မှတ်ထား။ ဟော ရုပ်ကြီးကထားပစ်ခဲ့ရမှာ။ ဘုန်းကြီးကလဲနေပြီ။ (မှန်ပါ)နော်။ လောကီမှာ ကံအလုပ်တွေလျှောက်လုပ်နေတယ်။ ကိုယ်ကစွဲတာမဟုတ်ဘူး။ ဒါကံအလုပ်တွေ။ (မှန်ပါ)။ ဒါကြောင့် သူမသိဘူး။ သူမစွဲလို့ မလုပ်တာပေါ့။ (မှန်ပါဘုရား) စွဲလိုရှိရင် ခင်ဗျားရုပ်နာတာရယ်။ မနေ့ကလည်း ဘယ်လဲကြည့်။ ယနေ့ဘယ်လိုနာတာ။ ဝဋ်က ဘယ်သူမှမလွတ်ဘူး။ (မလွတ်ပါဘုရား) ကျောင်းက ဦးဇင်းတွေပြောထားတယ်။ ဘယ်မှမသွားချင်ဘူး။ စာမတတ်သေးလွန်းလို့ ဘယ်လိုတရားကိုသွားတွေ့တာ သွားရတာ ထုတ်လည်းမပြတတ်ဘူး။ (မှန်ပါ) တွေ့လာခါမှ တရားတွေ ဒီတရားတွေ တွဲယူတာ မလွတ်ဘူး။ မင်းတို့ကမ္ဘာလောကကြီးက အပါယ်လေးဘုံလို့ ဘုရားကဟောထားတာပဲ။ အပါယ်ဘုံကိုလွတ်အောင်သာသွားကြတဲ့။ အခုတော့ လူ့ဘဝကဘယ်လောက်ဒုက္ခရောက်သလဲ။ အဲဒီတော့ (မှန်ပါ) ရုပ်နာမ်နှိပ်စက်ခံနေရတယ်။ ရုပ်ကမသိလို့ နာမ်ကနှိပ်စက်နေတော့ ရုပ်သိတော့ နာမ်သေ။ မစွဲတော့ဘူး။ မစွဲတော့ ငြိမ်နေတယ်။ ခင်ဗျားတို့ ဒီသီလရှိရင် ချော့ပြီးတော့ အဆုံးထိအောင် ကိုယ်ကကောင်းလာတယ်။ တရားက တက်တက်လာတော့ ခြေလွတ်၊ လက်လွတ်တွေဖြစ်ကုန်ရော။ (မှန်ပါတယ်ဘုရား) ဟော သူတို့လုပ်ရော တရားဆိုတာ တက်တက်လာတယ်။ ဉာဏ်က တက်တက်လာတယ်။ ကိုယ်ရတဲ့ဉာဏ်နဲ့ သူတို့ရတဲ့ဉာဏ် မတူဘူး။ (မှန်ပါ့ဘုရား)။ အဲဒါ ဝိမုတ္တိအစစ်ပဲ။ မင်းတို့သားတွေ၊ သမီးတွေ၊ မယားတွေ တစ်နေ့ခွဲရဦးမှာပဲ။ (မှန်ပါ့) စိတ်သာချ ခွဲရဦးမယ်။ ကိုယ်စွဲရင် အဲဒီလူမလွယ်တော့ဘူးသာမှတ်။ လည်ဦးမှာပဲ။ (၃၁)ဘုံ (မှန်ပါ) ကိုယ့်စိတ်ကိုစစ်ပေါ့။ ကိုယ့်စိတ်ကို ကိုယ်စစ်တတ်လို့ သူများစိတ်ကို အကုန်သိတာ။ (မှန်ပါ့) အကုန်သိနေတယ်။ (မှန်ပါတယ်) သူ့စိတ်ကို သူစစ်တတ်သွားပြီ။ အဲဒါ ဥပါဒါန်တရားကိုဟောတာ။

ဥပါဒါန်တရားဆိုတာ ပစ္စုပ္ပန်ဖြစ်နေတဲ့ ဥပါဒါန်ဖြစ်နေတယ်။ အစွဲဖြစ်နေတယ်။ တရားပြောတာ။ ဘယ်သူမှမလွတ်ဘူး။ အဲဒါ ဘုန်းကြီးလည်းမလွတ်ဘူးတဲ့။ ဒီအစွဲသည် (မှန်ပါ) သံသရာဘယ်က စသလဲ။ ခန္ဓာကစတယ်။ ခန္ဓာဆိုတာ မနောက ကံကြောင့်ဖြစ်တာ။ (မှန်ပါ) ကံဘာကြောင့်ဖြစ်ရသလဲ။ ဥပါဒါန်ကြောင့် အစွဲကြောင့် ကံဖြစ်ရတာဟုတ်လား။ (မှန်ပါတယ်ဘုရား) ကံ ကဲ သူဟာသူနေတာ (မှန်ပါတယ်ဘုရား) သွားစွဲရင်ကံပဲ။ (မှန်ပါတယ်) ဒါပေါ့။ အဲဒီကံကိုပြောတာ။ အဲဒီကံကိုမပြတ်ဘူး။ သူက ဝိနည်းမဟုတ်ဘူး။ ဝိနည်းနဲ့ကြည့်မယ်ဆိုရင် ဒီဘုန်းကြီးလျှုတောင်မလျှုချင်ဘူး။ (မှန်ပါဘုရား) ဝိနည်းသမားက ထွက်ပြေးရမယ်။ အဲဒီဥပါဒါန်တွေကိုစွဲရင် ကံမစွဲရင် ဉာဏ်။ ဒါပဲ (မှန်ပါ့) ဟိုက ဝိနည်းကြောက်တယ်။ ကိုယ်က ညီအစ်ကိုလိုနေတာ။ (မှန်ပါ) ဟုတ်လား။ ဒီလိုတိုင်း ဘယ်သူလာရင် ပြော၊ ထမသွားနဲ့။ ကောင်းကောင်းပဲနေ။ သူ့အလိုလို သိနေပြီ။ ခင်ဗျားတို့လူ လာပြီဆိုရင် အေး တို့ပေးလိုက်တာကွာ။ တက်လာတာပေါ့။ အောက်ကကြည့်နေတာ။ မအောက်ဘူး။ ကိုယ်က မဝှက် တတ်ဘူး။ အကုန်ပြောတယ်။ အေးကွာတဲ့ လိမ်လိမ်မာမာနေကြတဲ့၊ သစ္စာရှိပါတဲ့။ ကပ္ပိယ ဆိုတာက ကပ္ပိယလို့သိပါစေကွာတဲ့။ ဒီတော့ ဒီလောက်အနားထားတယ်ဆိုရင် ငါ့အကြောင်း တစ်စိတ်တဒေသ မင်းသိရောပေါ့ကွာတဲ့။ အဲဒီတော့ သူသိသလို မသိတော့ သူလိုမလုပ်တဲ့လူလည်း ပါရမီတွေဖြည့်ကြ လေကွာတဲ့။ သူကတော့ သာသနာအကျိုးအတွက်ကတော့ အသေခံပြီးတော့ ချကုန်ပြီ။ (မှန်ပါ တယ်ဗျာ) အဲဒီတော့ နှိပ်စက်ခံတာပေါ့။ နှိပ်စက်ထားတော့ အချိန်မရွေးကောက်ချလိုက်တာပေါ့။ ဘုန်းကြီးက (မှန်ပါဘုရား) ဒီမနောဓါတ်ကို (မှန်ပါဘုရား) ထိစပ်မှုရှိခြင်းများကို ဓါတ်တိုက်တာ ဓါတ်သွင်းပစ်လိုက်တာ ကောင်းသွားပါတယ်ဗျာ။ ကျောင်းမှာလည်း ဒီလူနာတွေ အကုန်ကောင်း (မှန်ပါ) လူနာတွေ ကရင်မတွေ အို ဒီလိုဖြစ်နေတာ။ အကုန်ကောင်းတယ်။ ဒီဘုန်းကြီးနဲ့ပေါင်းတာ ကျန်းမာရေးလာဘ်ရတာ (မှန်ပါ့ဘုရား) သူတို့မသိလို့။ ပြီးတော့ သွားချင်တဲ့လမ်း တပည့်တော် မန္တလေးသွားတယ်နော့ (မှန်ပါ) ဆရာကိုတော့မစွဲပဲ လမ်းသွားစွဲနေတာ (မှန်ပါဘုရား) အဲဒါကို မသိကြဘူး။ (မှန်ပါ) အဲဒါပေါ့ဗျာ။ လူတွေမသိကြတာပဲ ပညတ်နဲ့ ပရမတ်ကို တစ်ကယ် အထင်အရှား သိနေလို့ (မှန်ပါ) အဲဒီသဘောလေးပဲ (မှန်ပါ) ဒါဘာလဲဆိုတော့ ဥပါဒါန်ရဲ့ စိတ်အကြောင်းတွေ (မှန်ပါဘုရား) ပညတ်နဲ့ ပရမတ်ကိုသိသွားပြီ။ (မှန်ပါ) အကုန်သိတာပေါ့။ သူက မိန်းမဆိုလည်း သိတာပဲ။ ယောကျ်ားဆိုလည်း သိတာပဲ (မှန်ပါ) ကျင့်တဲ့လူက ပေါက်သွားတယ်ဗျို့။ (မှန်ပါ) ဦးဇင်း လာတော့ အိတ်ပေါက်ကတစ်ပေါက်ပဲဖွင့်ထားတယ်။ ဘယ်နှစ်ပေါက်ဖောက်ထားလဲ။ (ဦးဇင်း ရန်ကုန် တိုင်းနောက်ခံလူတွေ) အေးလေ ဟုတ်တယ် (မှန်ပါ) ဥပါဒါန် (မှန်ပါ) ဒါတွေဟာ ကံပါပဲ။ ကံအလုပ်

တွေ့ပါ (မှန်ပါ) မင်းပြန်မှာ ပုသိမ်ကားနဲ့ပြန်မယ်ကွာ။ အခု သူဒါတွေသိတာပေါ့။ (ကြိုသိတာ) ကြိုသိထားတာ။ သူ့စိတ်ကို ဘယ်သူသိလဲ။ မမြင်ပဲနဲ့ သူပြောတာ (မှန်ပါ) ဟုတ်တယ်မလား။ တစ်ခါမှ မမြင်ဘူး။ ဦးဇင်း ရုပ်ကိုကြည့်လိုက်တယ်။ ဟာ ဒီပုဂ္ဂိုလ်မှန်တယ်တဲ့။ တရားရတာ။ သူတို့ချော့မေးတာပဲ။ အကုန်ချော့မေးတယ်။ ဟော့လူ ဟော့လူ ခင်ဗျား ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ သာသနာ သုံးရပ်ရှိတယ်။ သုံးရပ်က ဒါ အဓိပတိပဲ။ (မှန်ပါ) ဒါ ဘုရားဟောတဲ့ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဒတဲ့ သာသနာ(၃)ရပ်ရှိတယ်တဲ့။ အခုသူမေးတာက ဦးဇင်း တို့မေးတာက သူတို့ရဲ့ ပရိယတ္တိစကားကိုမေးတာ။ (မှန်ပါ) ပရိယတ္တိပေါ့လေ။ စာသင်တာတို့ ဘာတို့၊ ပဋ္ဌာန်းရွတ်တာတို့ ဘာတို့ ညာတို့ ပရိယတ္တိရဲ့နယ်ထဲမှာ သူကရှိတယ်။ ပဋိပတ္တိက ဘာမှမရှိတော့ဘူး။ ဟုတ်လား။ အဲဒီ ရုပ်နာမ်သိသွားပြီ။ ဘာမှမလုပ်တော့ဘူး (မှန်ပါ) ဒီဝါတွေ ဘာတွေ ဥပုသ်တွေ ဘာတွေ ငါမယူတော့ဘူးကွာ။ (မှန်ပါ) ဒီစကားပဲ (ဉာဏ်စဉ်နဲ့တက်နေတာ) အဲဒီသဘောပဲ (မှန်ပါ) ကိုယ့်ကိုယ်ကို သီလလေး ဘာလေး ငါယူစရာမလိုတော့ဘူး (မှန်ပါ) ပဋိဝေဓ နဲ့နေတော့ ပဋိပတ္တိက ပေါက်သွားတယ်။ သူမေးတာ။ ပရိယတ္တိကိုမေးတာ။ သူတို့နယ်ထဲကလူ အစတုန်းက တွေ့ကွာ ရုပ်မမြင်တော့ ပထမတော့ ပုသိမ်သား၊ ဒုတိယတော့ ရန်ကုန်သား၊ တတိယအကောင်ကျမှ သူယူထားတဲ့အခြေခံ။ အဲဒါပညတ် အယူ (မှန်ပါတယ်) အဲဒီတော့မှ မေးလိုက်တော့မှ ပြန်ပြောတော့မှ ပထမ စစခြင်း မေးလိုက်တယ်။ ပြောတော့ သူစဉ်းစားရတယ်။ ဩော် သာသနာ(၃)ရပ်ရှိတယ်။ သူရှန်းထွက်လာတာ ပညတ်အာရုံပဲ။ လူက ပရမတ်နဲ့ဖြေပြီ။ အဲဒီတော့ သူက တရားသမား သူရှောင်ပြီလေ (မှန်ပါ) မမေးတော့ဘူး။ ဒီသဘောပဲ (မှန်ပါ) တစ်ချို့ကြတော့ ရခိုင်ဆရာတော်ကြီးတွေကြတော့ တွေ့လား။ စာတတ်တယ်နော်။ ဘယ်နှစ်တန်းထိတတ်လဲ။ (မတတ်ဘူး။ ဘုရားစာတတ်တာက (၄-၅)တန်းလောက်ထိပဲတတ်ပါတယ်ဘုရား) မဟုတ်လေ သူ ဝိနည်းစာတွေဘာတွေ ဝါတွေကျတော့ သူသိတာပေါ့။ (သိပါတယ်ဘုရား) ဟုတ်လား (သိတယ်ဘုရား) အဲဒါစာတတ်တွေပဲ။ စာတတ်တွေ (မှန်ပါဘုရား) ဦးဇင်း တို့ သူပြောတာပဲ။ ဘာပြောတော့ (၄-၅-၁၀)ဝါ ဟုတ်လား။ သူ့မေးတော့ (၃-၄-၅)ဝါ။ ဘယ်ဟာယုံရမလဲကွ။ ဟုတ်တယ်မလား။ (ဟုတ်တယ်ဘုရား) ဟုတ်လား။ ဟုတ်တယ်နော်။ အဲဒါတွေးကြည့်ပေါ့။ ခင်ဗျား အဲဒါတွေးကြည့်ပေတော့ (မှန်ပါဘုရား) အဲဒါတွေကခွဲခြားပြီး အေးလေ (ခွဲခြားတဲ့သဘောပဲ)။ ဘုန်းကြီးမေးတော့တစ်မျိုး၊ ဒကာတွေပြောတော့တစ်မျိုး၊ ဘယ်ဟာကိုယုံရမလဲ ဟုတ်လား။ အဲဒါသာကြည့်။ (မှန်ပါဘုရား) မှန်တာပေါ့။ သိပ်မှန်တာပေါ့။ မှန်တာက လူကဘာလဲဆိုတော့ ကိုယ့်ကိုယ်ကို လုံအောင်မနည်းထိန်းနေရတယ်။ တွေးကြည့် သိလား။ ကိုယ့်ကိုယ်ကိုယ်လုံအောင်မနည်းထိန်းနေရတယ်။

အဲဒီက ထိန်းတာမဟုတ်ဘူး။ ဟာ သွားတော့တာပဲဗျာ။ ခင်ဗျားတို့ လာဆိုတောင်လာမှာမဟုတ်ဘူး။ သွားပြီ။ အဲဒါသွားတာလာတာပဲ။ မောတာ မောပါစေကွာ။ သေလည်း ပြီးတာပဲ။ သူက ဒီရုပ်ကို သူက မညှာတော့ဘူး။ အဲဒီလိုဖြစ်နေတာ။ စိတ်လွတ်နေတာ (လွတ်နေတာပေါ့)။ အေး သွားတာပေါ့။ ခုနက ဟိုဒကာမေးတော့ (၄-၅-၈)ဝါ၊ သူမေးတော့ (၃-၄)ဝါ၊ ဘယ်ဟာယုံရမလဲဆိုတော့ အကယ်၍ သူ့ခန္ဓာမှ သိသွားရင် အေးပါကွာတဲ့။ ပညတ်နယ်ကတော့ မလွတ်တဲ့အကြောင်းတွေရှိတာပဲကွာတဲ့။ ငါလည်း ပညတ်နယ်ထဲမှာပဲတဲ့။ အကြောင်းတွေရှိတယ်တဲ့။ ဒါပေမယ့် ဒီအကြောင်းကို ဖော်ထုတ်လိုက်တာ။ ငါသိသွားပြီ။ ဟုတ်လား။ ဒကာကြီးက ငါသိသွားပြီ။ ဒကာပြောတော့ (၄-၅)ဝါ ဒါတွေက ပညတ်အယူတွေပဲ။ အဲဒါ စဉ်းစား။ သူကဘယ်နည်းယူရမယ်ဆိုတာ (ပြန်ပြောဘုရား ဦးဟန်မြင့် သဘောပေါက်အောင်) အဲဒီက သဘောပေါက်ပြီ။ သူ သီလမရဘူးလားဆိုတော့ ရတယ်။ (မှန်ပါဘုရား) တစ်မျိုးစီဖြစ်နေတယ်။ ဟိုမှာ ချောင်းဝမှာ ကိုရင်လေးနဲ့ ဒီ ဒကာ ဟိုကပိုတယ်ကွ။ ဟိုက ကိုရင်ကွ။ (မှန်ပါ) မင်းဒီကိုယ်တော်ကြီးကိုကြည့်ကွ။ ကိုရင် ကို ချောင်းဝက အဲဒီလိုပြောလိုက်တယ်။ (မှန်ပါ) အဲ ဒကာ၊ ဒကာမတွေလည်း ဦးဇင်း က နပန်းလုံးတယ်။ ဦးဇင်း လုပ်တယ်။ သူက အကြားအမြင်ရတာကိုဗျ။ ဒီကမရဘူး။ ဦးဇင်း က မရဘူး။ ဒီဟာတွေ အဲဒီသီလ။ အဲဒါ ကွာနေတယ်။ ဉာဏ်ကျတော့တစ်မျိုးသိလား။ မပေါက်ဘူး။ မသိတော့ဘူး။ ပြီးတော့ သူတို့က နတ်ပုဂ္ဂိုလ်တွေ၊ ကိုယ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ သူတို့က သမာဓိအားကောင်းတယ်။ ခွက်ထဲမှောက်နေတာ ဘာလဲဆိုတာ သူတို့ပြောလို့ရတယ်။ ရှင်းလား (ရှင်းတယ်ဘုရား) အဲဒါ သမထပဲ။ ဟောဒီခွက်ထဲမှာ မှောက်ထားတယ် (မှန်ပါ) ယုံကြည်တဲ့သူတွေက ဟောဒီကျွန်းမာရေးအရ ရှိတာပေါ့။ ဘာလဲကွ။ အနီလား၊ ဘာလားဆိုတာ အဲဒါ သမထပဲ (မှန်ပါ) လောကီကိုသိသွားတာလေ ခင်ဗျားတို့ သဲအင်းဂူဆိုတာ တရားထိုင်နေရတယ်တဲ့။ တရားထိုင်နေရင် အနီရော၊ အဝါပေါ်မှာ ဟုတ် ခွက်လေးမှောက်ထားတာ။ တရားကျင့်ရင်သိတယ်၊ အဲဒီအချိန်ရောက်သွားတယ်။ တောကနေ သဲအင်းဂူမှာ ငါဖွက်ထားတယ်။ ဟုတ်တယ်မလား။ ဒီတရားဟောတယ်။ (သူနဲ့ကိုယ်နဲ့ ကံပါနေလို့) အဲဒီသဘောပဲ။ သူက သိတယ်။ ဒီကမသိဘူး၊ ဦးဇင်း က မသိဘူး။ ဟုတ်တယ်မလား။ ကောင်းကောင်းထားရတယ်။ အနီလား၊ အဖြူလားတော့မသိဘူး။ ကိုယ်က ချမ်းအေးကျော် ကလည်း ဦးဇင်း ကို မေးတယ်။ (မှန်ပါဘုရား) သူမသေခင် အရှင်ဘုရားတဲ့ စာဝါ ဒုလ္လဘဆိုတာ မေးပါမယ်ဘုရား။ လည်လည်ပတ်ပတ် ဘုရားတွေ ဘာတွေရှိခိုးတတ်သလားတဲ့။ ဘာမှမတတ်ပါဘူးဘုရား။ ဘာမှ တပည့်တော် ဥပုသ်သီတင်းလည်း မစောင့်တတ်ပါဘူးဘုရားတဲ့။ တပည့်တော်သိတာကတော့ ခန္ဓာမှာရှိတဲ့သဘောလေးပေါ့ဗျာ။

ဟုတ်လား။ အဲဒါတော့ တပည့်တော်သိတယ်။ သူပြောတာက ဂမ္ဘီရဉာဏ်ဆိုတာ အဲဒီဆရာတော် ပြောတာ။ ဦးဇင်း မသိဘူး။ ဆရာတော်ကမေးတာ။ မကြိုက်ဘူး။ တပည့်တော်ကိုတော့ ကိုယ်တိုင် မေးပါတဲ့။ အေး ကိုယ်တိုင်မေးပေါ့ဗျာ။ ဟိုပြေးကပ်လိုက်၊ ဒီပြေးကပ်လိုက် ဒီလိုဖြစ်ကုန်ပြီးပြောတာ။ ချမ်းအေးကျော် ဆရာတော်က ဦးဇင်းတို့သွားတာပဲ ဟိုဒကာတွေကောင်းလို့ပါ။ (မှန်ပါ) ပြီးတော့ ဟိုယက္ခန်းကွေ့ လူပါပဲ။ အဘိုးလူလှ၊ အဘိုးလူလှ အဲဒီလူကလည်း တရားပေါက်သွားတယ်။ သူပေါက်တဲ့တရားကလည်း တစ်မျိုး၊ ဘုန်းကြီးမှန်သမျှကို မရှိခိုးဘူး။ ဟော ပညတ်ကို လုံးဝပယ်တာ။ သူက ဒါကိုပညတ်လို့ပေါ့ဗျာ။ ဘုန်းကြီးကို စာတွေဘာတွေမသိဘူး။ ရှိမခိုးဘူး။ ဘုန်းကြီးတွေဘာတွေ ကို အဲဒီအဘိုးကြီးနဲ့လည်း ဦးဇင်း တွေ့ခဲ့ပါတယ်။ ယက္ခန်းကွေ့တစ်ဘက်ကမ်းမှာ (ဘာပြောလိုက်လဲ ဘုရား) သူက ကျုပ်က သူ့တပည့်တွေပေါ့ဗျ။ သူ့ထမင်းကျွေးတဲ့လူတွေက သူပညတ်ကိုပယ်သွားပြီ တဲ့။ ဘုန်းကြီးတွေကိုလည်း ရှိမခိုးဘူးပေါ့ဗျာ။ ပညတ်ကို ခိုးကြတာ။ (မှန်ပါ) ဦးဇင်း တွေ့တာလည်း ရှိမခိုးဘူး။ မခိုးတဲ့ဘုန်းကြီးက ခေါင်းတွေဘာတွေကိုင်တယ်။ ကိုယ်တွေဘာတွေကိုင်တော့ အကိုင်ခံ တယ်။ ကိုယ်ပါစေတဲ့။ ခေါင်းတွေဘာတွေကိုင်တယ်။ ကိုယ်တွေဘာတွေကိုင်တယ်။ သူက ဦးဇင်းကို ဘုရားရှိခိုးတာမဟုတ်ဘူး။ ဟို သဘော်ဆိပ်ရောက်သလိုတော့မဟုတ်ဘူးပေါ့ဗျာ။ ဦးဇင်း ကျောင်းထဲ မှာမဟုတ်ဘူး။ အဲဒီဥယျာဉ်တွေ တောထဲမှာ။ ပြန်မယ်ဗျာဆိုတဲ့အခါ သူက အေး အေးလို့မပြောဘူး။ သူပါထပြီးတော့လိုက်တယ်။ ဦးဇင်း နောက်ကနေလိုက်လာတယ်။ အဘိုးလူလှ ခင်ဗျားဟိုဟာက ယက္ခန်းကွေ့ကိုမရောက်ဘူး။ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း သူက အာရုံနဲ့သွားနေတယ်။ (မှန်ပါဘုရား) ယက္ခန်းကွေ့က ဗမာတွေရော၊ ခရစ်ယာန်တွေရော။ အဲဒီအဘိုးကြီးဟာတဲ့ (ဘယ်လိုနေတဲ့သဘော လေး) အေးပေါ့ကွာ။ (ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းကူးမှာ ဘယဉာဏ်ရမှကူးလို့ရမှာ) ဒီလိုလည်း မပြောတတ်ဘူးဗျ။ ဟို ကုလားကျွန်းတို့ သာယာကုန်းတို့ တစ်ဖက်ကမ်းက အဲဒီမှာရှိတယ်။ သူတို့က အဲဒီ ဘုန်းကြီးကို ဆရာတော် ဦးဉာဏောက သူပါသွားပြီးတော့ သင်္ကန်းတွေဘာတွေစီးပေးတယ်။ ဆရာတော် ဦးဉာဏော က နားက သာယာကုန်းလား ဘာလားမသိ။ ထော်လီကုန်းတစ်ဘက်လမ်းက (တပည့်တော်ဖူးလိုက်ရတယ်၊ ဝါးခယ်မနဲ့ စက်လှေနဲ့သွားရင်ရောက်တယ်။ တပည့်တော် အဲဒီသင်္ကန်း တောင် အဲဒီကိုယ်တော်ကြီးခြုံထားတဲ့သင်္ကန်းတောင် တပည့်တော်ရခဲ့တယ်) ပြော် (အဲဒီနားမှာ မပုပ်မသိုးတဲ့ဘုန်းကြီးရှိတယ်ဆိုပြီး တပည့်တော်သွားဖူးတာ။ စက်လှေနဲ့သွားရတယ်ဗျ) ဟုတ်တယ်၊ စက်လှေနဲ့သွားရတယ်။ မှန်ပါဘုရား၊ အဲဒီဟိုဟာကိုရောက်တယ်ဘုရား။ အဲဒီတုန်းကရောက်တယ်ဗျာ။ မှန်ခေါင်းနဲ့ထားတယ်ဗျ) အဲ သူ့ကိုထားပေးတယ်။ ဆရာတော် ဦးဉာဏော က သူ့ကို အမြဲတမ်း

နှုတ်ဆက်တယ်ပေါ့ဗျာ။ (မှန်ပါဘုရား) ဒီလိုဖြစ်ခြင်းကို ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ အဲဒီရုပ်အပျက်ပေါ်က သူမရှာဘူး။ ဉာဏ်ကိုမရှာဘူးပေါ့ဗျာ) ဒါပေါ့ ဦးစီးသွားရင်း ယူချင်တဲ့ သူကိုပေးမှာ။ မှန်တယ်လို့ အရှင်ဘုရား။ သိပ်မှန်တယ်လို့။ ရုပ်အစစ်နဲ့အတုကတော့ရှိမှာပေါ့ဗျာလို့။ မိရိုးဖလာရဲ့အယူတွေကို ဦးဇင်း လည်း မိရိုးဖလာရဲ့ ရုပ်ပေါ်မှာ ဉာဏ်ရတာ (မှန်ပါတယ်၊ အမြတ်ဆုံး သော ဘယဉာဏ်ကိုရတာ။ သူတို့က နေရဦးမှာ၊ ကျင့်နေရဦးမှာ) အဲ သူကနေရဦးမယ်။ အခုလာတော့ လည်း ဘုရားစေတီ သူလုပ်ပေးတာပေါ့ (ဝိဇ္ဇာထိုရ် ဦးပဏ္ဍိတ ကလည်း အဲဒီမှာနေတာမဟုတ်ဘူး၊ အဲဒီကျောင်းမှာ နေတာမဟုတ်ဘူး။ ဦးပဏ္ဍိတ က သူက အချိန်ရတဲ့အခါပြန်ကြွမှာ) ပြန်သွားပြီ။ ဉာဏ်ရလို့၊ အဲဒါပေါက်သွား။ အဲဒါ ဂမ္ဘီရရဉာဏ်ခေါ်တယ်။ (မှန်ပါ့ဘုရား) တပည့်တော်တို့ (၁၀)မိုင်ကုန်း ဆရာတော် ဦး ကို အရှင်ဘုရားကို တပည့်တော်ပင့်သွားသေးတယ်လေ။ အရှင်ဘုရားတောင် တရားဆွေးနွေးတယ်လေ။ ဆယ်မိုင်ကုန်းက သူကတော့ ပျံလွန်တော်မူသွားပြီလေ) ဩော် ဩော် (အသက်(၈၀)လောက်မှာ သူကတော့ဖြစ်တာကတော့ ရုပ်ခါတ်၊ နာမ်ခါတ်၊ နိရောဓခါတ် ဒီ(၃)ခုပဲ။ သူက ရုပ်ကလည်း ခါတ်ပဲ၊ နာမ်ကလည်း ခါတ်ပဲတဲ့။ ချုပ်သွားတာလည်း ဒီသဘောပဲ။ ရုပ်ခါတ်၊ နာမ်ခါတ်၊ နိရောဓခါတ်ပဲရှိတယ်။ သူလုပ်လိုက်တာမှန်ပါတယ်။ အဲဒီဆရာတော်ကြီးက တော်တော် တရားဟောတယ်) (ဆရာတော်လိုပဲ) အေး သူကလည်း စာမတတ်တော့ စာမတတ်တာများလာတော့ ဟုတ်တယ်မလား။ စာမတတ်တော့ သူက ဝိနည်းလမ်းမဟုတ်တော့ဘူး။ ဝိနည်းလမ်းမဟုတ်တော့ ဘူး။ (မှန်ပါ) အစက တရားထိုင်၊ တရားအားထုတ်တာ။ ဝိနည်းလမ်းမဟုတ်ဘူး။ သူက အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အဲတော့ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော ကိုယ်ကံတွေမလား။ ကံတွေ အနိစ္စ မမြဲတာကို မြဲပါတယ်လို့ယူတာ။ အဲ ယူတာ အနိစ္စ။ အားလုံးပဲမမြဲဘူး။ မမြဲတဲ့ဟာကို သိသွားတဲ့ဟာ ပြောပါတယ် (မှန်ပါ) အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ အဲဒီသဘာဝကို မူလကိုယ်တွေ့ရော (မှန်ပါ) ဘာနဲ့မှ မတာတ်ဘူး။ ဦးဇင်း သူကျင့်တာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ (မှန်ပါ) ကိလေသာ၊ တဏှာသတ်တာ ဟိုက ပယ်တာမဟုတ်ဘူး။ ဟိုကမသတ်ဘူး။ ဟုတ်လား။ အဲဒီသဘောပဲ။ (မှန်ပါ ဝိနည်းဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တရဲ့သဘာဝလက္ခဏာပဲ) တစ်ချို့ဟို မိရိုးဖလာအယူတွေကတော့ ကလေးတွေ ကျောင်း တက်ဖို့၊ စာမေးပွဲအောင်ဖို့ ဒါက လူတိုင်းလိုဖြစ်နေတယ်။ ဦးဇင်း က ပိုက်ဆံပေးတာ။ ဟို မြေးလေး က ပုသိမ်မှာကျောင်းမထားနိုင်ဘူးလို့ကြားတယ်။ ကလေးတွေကိုက ကစားပွဲကမတက်ဘူး။ အေး အေး မိုးရေထဲမှာ လျှောက်သွားတယ်။ ဦးပဏ္ဍိတ ပြောတာတွေကို မစွဲဘူး။ အဲဒါတွေလုပ်မနေနဲ့ သိမှာပေါ့ဗျာ။ ဒါ ဦးဇင်း က အမှန်ကိုပြောတာ။ အမှန်ကိုပြောရတာကို (မင်္ဂလာတရားနဲ့ ညီပါတယ်

ဘုရား)။ ခုနကပြောသလို ဝိနည်းကိုယ်မှမတတ်တာကြီး။ တရားလမ်းစဉ်ပြတ်တာတော့ မဟုတ်ပါဘူး။ (သူတို့က အဲဒါတွေကိုစွဲတယ်ဗျ) စွဲရင် စေတသိတ်ရုပ်တွေပဲ အကြောင်း(၃)ခုကို မြင်စိတ်၊ ခင်ဗျားနား ကြားတဲ့စိတ်၊ မျက်စိမြင်တဲ့စိတ်၊ နှာခေါင်းနံတဲ့စိတ်၊ လျှာပေါ်မှာစားတဲ့စိတ်၊ ကိုယ်မှာထိတဲ့စိတ်။ အဲဒီစိတ်ကို ဉာဏ်ဖြစ်သွားရင် ပြီးပြီပေါ့ဗျာ။ (မှန်တာပေါ့) ဘုရားဟောတာ ဒီစိတ်က ခါတ်ပျက်သွား ရင်ပြီးပြီ) ဒါပေါ့ ဉာဏ်ဖြစ်သွားပြီ။ ကိုယ်ဉာဏ်မဖြစ်လို့ ကံတွေဖြစ်နေတယ်။ (မှန်လှပါဘုရား) ကံတွေ ဖြစ်ဆိုတာ သွားစွဲလို့ (မှန်ပါ) ဒီအစွဲလေးပဲ (မှန်ပါတယ်) နောက်ဆုံးတော့ ဒီတစ်လုံးတည်း သူပြောတာ ဒီအစွဲပဲကွာတဲ့။ မင်းအစွဲကိုလိုက်တာ မှားတာပဲကွ (မွေးကတည်းက ပါလာတာ၊ ဘဝအနန္တက ပါလာ တာ) အေး (မှန်ပါ) အဲဒီအစွဲလေးဟာလေတဲ့ မင်းကို ဒုက္ခပေးတာပဲတဲ့။ (မှန်ပါတယ်ဘုရား) အဲဒီ အစွဲကို ဒုက္ခပေးတာ ဒီဝိပဿနာက သညာ၊ ပညာ မင်းမပြောင်းတတ်ဘူးတဲ့။ သညာကြောင့် နင်စွဲ နေတာတဲ့။ နဂိုက မိရိုးဖလာအစွဲကရှိလာပြီပဲ။ မွေးလာကတည်းကပါလာတာ။ ဒီအစွဲက (မှန်ပါ) တရားတွေဘာတွေမထိုင်သေးဘူး။ မွေးကတည်းက ဒီအစွဲပါလာတာ။ အဲဒီအစွဲရှိတယ်ကွတဲ့။ တရား ကလေ အဲဒီအစွဲလေးတစ်ခုပဲကွ (သံသရာလည်နေတယ်) ဒါပေါ့။ ဒီအစွဲကြောင့် အခုစွဲနေတာ။ စာနဲ့ ပညတ် ပရမတ်။ အဲဒါ ခါတ်ပရမတ်က ပရမတ်ဆိုတာမဟုတ်ဘူး။ အစွဲလေးပဲ။ အဲဒါမင်းစွဲရင် ကံပဲကွ။ အဲဒါ သစ္စာခေါ်တယ်ကွ။ မင်းပဲသိတယ်မလား။ မင်းသိရင် မှားမှန်းသိသွားပြီမဟုတ်လား။ ဒါ အစွဲတွေ ပဲ (မှန်ပါ) အဲဒီတော့ မစွဲဘူး၊ ရှောင်ကြဉ်နေမယ်ပေါ့။ ဒါပဲရှိတယ်။ နောက်မစွဲတော့ဘူး။ ဘာဖြစ်လာ မယ်ဆိုတော့ တရားလမ်းစဉ် ကာယကံ၊ ဝစီကံ၊ မနောကံတွေ လုံအောင်လုပ်မှာပေါ့။ (မှန်ပါ) ဒီအစွဲ ပဲကွ။ ဒီအစွဲကိုပြတ်သွားရင် ပြီးပြီပေါ့ကွ။ မပြတ်လို့ ဒီအစွဲကိုပြတ်တယ်ဆိုတာနဲ့ ပြတ်ပြီဟုတ်လား။ ဒီအစွဲကိုပြတ်သွားပြီ။ ဘာနဲ့ဖြတ်လဲ။ မဂ်ဉာဏ်နဲ့ဖြတ်တယ်။ (မှန်ပါ) ပြတ်သွားပြီ၊ ပြတ်ပြီ၊ အဲဒီအစွဲကို မဂ်ဉာဏ်နဲ့ဖြတ်ပြီးမှ လောကကိုကစားတာပဲကွ။ (မှန်ပါ) ကစားတဲ့အခါမှာ ဇာတိရလာတယ် (မှန်ပါ) သာသနာပြုသွားတယ်။ အကုန်ဖြစ်ကုန်ပြီ။ သူက တစ်နေ့တစ်နေ့ ဆဲတာပဲ၊ တိုင်းတာပဲ။ အဲဒီလို သူ ရဲရဲတင်းတင်းထွက်တာပဲ။ သူဆဲတာမှ အကြီးအကျယ်ဆဲတာ။ အဲဒါကြောင့် ဒကာ၊ ဒကာမတွေဟာ မြောင်းမြက အကုန်လာကြတယ်ဆိုတာက သူ့အာရုံက ဆန္ဒက ဘယ်လိုအသိနဲ့လာတယ်ဆိုတာကို သူတို့လာတာ ဆဲနေလည်းလာတယ်။ (လာတယ်) ကြာလာတဲ့အခါကျတော့ ဆဲတာမဟုတ်တော့ဘူး ဗျို့။ သူတို့ကြားလာတာတဲ့ ဒါ တရားလေးနဲ့ဖြစ်လာတယ်။ ဆွမ်းလေး လာလာကပ်ကြတယ်။ (၇)လမ်းက တပည့် တရုတ်တပည့်၊ (၇)လမ်းကလေ။ အမှန်တော့ ချဲတွေပေါက်တယ်။ ဆဲရင်းနဲ့ လာရင်းလာရင်းနဲ့ နောက်ကြတော့ သူသိပ်ပြီးတော့ ဆွမ်းနဲ့ဟင်းလေးတွေစားရတာပေါ့။ စားရ မရဘူး

ကြာလာတော့ သူတစ်မျိုးဖြစ်လာတယ်။ ချွေးစေးတွေထွက်လာတယ်။ သူပြောတယ်။ နေချင်ပါတယ် တဲ့။ သူနေလို့မကောင်းဘူး။ (ဖျားတယ်) အဲ ဖျားလို့၊ အဲဒါ တရုတ်ဆိုတော့ မုန့်တွေနဲ့ ကပ်လိုကပ် ပြုလို့ပြု သူ့ရဲ့ပညာက နည်းတာမှမဟုတ်တာ (ပညတ်သွားရော ဓါတ်သဘာ) အဲ အဲဒီပညာတွေ သူရသွားတာ။ (မှန်ပါ) အဲဒါ အပါယ်ပိတ်တယ်။ ဒါနဲ့ ပိတ်သွားတာ။ သူက တဏှာတော့ ဘယ်ပယ်မလဲ ဗျ။ အဲဒါ ဒါနနဲ့ပိတ်တာ။ အဲဒါ သူကိုဘာနဲ့ဖြစ်ဖြစ် ပန်းလေးပဲဖြစ်ဖြစ် ဘာလေးပဲဖြစ်ဖြစ်ပေါ့ဗျာ။ စေတနာ သူ့အပေါ်မှာလွှန်ကဲနေတာ။ အဲဒါ သူ့ အဲဒီဒါနနဲ့ အဲဒီစိတ်က တစ်မျိုးဖြစ်သွားတာ။ သူစိတ်ကိုက တစ်မျိုးဖြစ်သွားတာ။ အဲဒီသဘောပဲ။ ဦးဇင်း သွားတဲ့လမ်းက အဲဒီလမ်းမရှိ ရှိရှိ လာခဲ့ ကျောင်းကို နောက်ဆုံးကတော့ ရေလေးလာထမ်းပေး၊ တံမြက်စည်းလာလှဲပေး။ အဲဒီလိုတွေဖြစ်ကုန်ပြီ။ ငါလုပ် ပေးပြီး (မှန်ပါ) သူက လာဘ်ခေါ်စရာမလိုဘူး။ ဦးဇင်း ကလေ လာဘ်ခေါ်စရာမလိုဘူး။ သူ့ဟာသူဖြစ် သွားတာ။ တဖြည်းဖြည်းတော့ ယိုင်ယိုင်လာတာပေါ့ဗျာ။ ဟော ထစ်ကနဆို အဲဒီလိုပါ။ ဟိုပုသိမ်က ကုလားဝဝကြီးက သူအမြဲတမ်းလာတယ်။ အဲဒီဒကာကြီးလည်း ချဲတွေဘာတွေပေါက်တယ်။ အမြဲတမ်း လာတယ်။ ချဲနဲ့ပတ်သက်ပြီးတော့ သူ့လုပ်ငန်းက နည်းနည်းအောင်မြင်တယ်၊ ဒီဘုန်းကြီးကျောင်း ရောက်ရင် အောင်မြင်တယ်ဆိုတာ သူက သတ်မှတ်ချက်ယူထားတယ်။ အဲ သူ လာရင်း လာရင်းနဲ့ နောက် သူ့လူတွေခေါ်လာပါတယ်။ ပုသိမ်ကနေ။ ဒါနပေါ့ဗျာ။ (မှန်ပါ)ကုလားကြီးကလည်း လှူတာပဲ။ မွေ့ယာတွေ လှူလို့လှူ ဟာ စုံနေတာပဲ။ ကုလားကြီးက (မှန်ပါ) ဦးဇင်း တို့ ဒကာကြီးတို့ ကံကိုဗျ။ (မှန်ပါ) ကံကြောင့်ရုပ်ရတာ။ အဲဒီရုပ်ကြောင့်ပဲ ဥပါဒါန်ဖြစ်တာပဲ။ (မှန်ပါ) အကုသိုလ်ကံ၊ ကုသိုလ်ကံ ဖြစ်ပြီပေါ့။ အဲဒီ အကုသိုလ်ကံနဲ့ ကုသိုလ်ကံကိုက မဂ်မျိုးနဲ့ဖြတ်ပစ်လိုက်တယ်။ မဂ်ဉာဏ်နဲ့ဖြတ်တာ။ မဂ္ဂင်ရှစ်ပါးလမ်းဆုံးတော့ ဒါ မဂ္ဂင်ရှစ်ပါးခေါ်တယ်။ (မှန်ပါ) အဲဒါ အောင်သွားတာ။ အကုသိုလ်ကံ၊ ကုသိုလ်ကံ မစွဲတော့ဘူး။ ဒါပါပဲ။ (မှန်ပါဘုရား) ဟုတ်တယ်မလား (ဟုတ်ပါတယ်) အကုသိုလ်ဆိုတာ ဘာလဲ။ ဆဲတာ။ ဒါ အကုသိုလ်ကံပေါ့။ ပါးစပ်ကပြောတာကြီး (မှန်ပါ) သူမှမစွဲတော့တာ။ စွဲတဲ့သူက တော့ ရုက်လို့လာတောင်မလာတော့ဘူး။ အဲဒီလိုရှိတယ်။ အကုသိုလ်၊ အကုသိုလ်ကံဆိုတာ အဲဒါပဲ။ (မှန်ပါ) ကုသိုလ်ကံနဲ့ သူမစွဲဘူး လုပ်နေတာပဲ။ ဘုရားတည်တာတွေ့လား (မှန်ပါ) ဟိုကုသိုလ်ကံ၊ အကုသိုလ်ကံနဲ့ ဆဲတာပဲ။ ဒါ အကုသိုလ်ကံပေါ့။ (မှန်ပါဘုရား) အဲဒီလိုဖြစ်ပါတယ်။ (တပည့်တော် သဘောပေါက်တာကတော့ ဘုရားသာသနာ(၂၅၀၀)မှာ ဘုရားသာသနာမှာ ဝိနည်း၊ သီလတွေ အားကောင်းနေတယ်ဘုရား။ တကယ့်အဘိဓမ္မာဆိုတာ စိတ်ပိုင်းအားနည်းနေတာဘုရား။ အဲဒီမှာ ဆရာတော်ကနေပြီး ဝိနည်းကိုစွမ်းဆောင်ဖို့သာ နှစ်ဖြာပေါ်ထွန်းလာတယ်လို့ တပည့်ထင်တယ်

ဟုတ်တယ်။ ဝိနည်းကိုတော့ မဖျက်တာလဲ သမ္မာ (စိတ်ပိုင်းဆိုင်ရာသာသနာပြန့်ပွားတင်တာပေါ့ ဘုရား) စိတ်ပဲဟုတ်တယ်မလား။ စိတ်ကလေးကောင်းကောင်းထား။ စိတ်ကလေးက တို့မြင်စိတ်၊ ကြားစိတ်၊ နံစိတ်တွေ စိတ်ကလေးက စေတနာကောင်းကောင်းထား။ ဒီစိတ်ပေါ်မှာ စေတနာက ထည့်ထားတာ။ အဲဒီစေတနာလေးတွေနဲ့ ကျေးတယ်၊ မွေးတယ်။ အဲဒီ ဒါနလေးတွေနဲ့ သူထောက်ပံ့ နေတယ်။ သူ့စိတ်ကိုက တည်ကြည်နေတာ (မှန်ပါဘုရား) စိတ်ဆိုတာ ဘယ်လို သူ ဝိပဿနာရှာတိုင်း မရဘူး။ (မှန်ပါဘုရား) အဲဒါ သူ့ကိုယ်ကဖြစ်နေတာ။ အဲဒါပြီးပြီပေါ့တဲ့။ အဲဒါ ဘုရားကပြောတာ (မှန်ပါ ဆရာတော်ပြောတာတဲ့သီလက အဲဒီသီလကိုပြောတာဗျ။ ဟိုကံဘုန်းကြီးက ရှစ်ပါးသီလ ယူလိုက်၊ ရှစ်ပါးသီလယူလိုက်၊ ကိုးပါးသီလယူလိုက်။ ဒီသီလပဲပေးတာပါဗျ။ သူက သစ္စာပြုတာပေါ့ ဗျာ။ အရှင်ဘုရားလောက် ဝိသုဒ္ဓိ မေနာသီလပေါ့ဗျာ) ဟုတ်တယ်။ မနောသီလ (တင်ပါ့ မနောသီလ သမ္မာလေးနဲ့ထိန်း၊ စေတနာလေးထား။ ဒီလို အဲဒါခေါ်တယ်အရှင်ဘုရား) ဒါပဲပေါ့သမ္မာ။ (ကံဘုန်းကြီး တောင်မှ ငါးပါးသီလပေးတယ်၊ ရှစ်ပါးသီလပေးတယ်) တစ်ခြားစီဖြစ်သွားတယ်။ (တစ်ခြားစီဖြစ်သွား တာ) အဲဒီသာသနာအားကောင်းတယ်ဘုရား။ နိုင်ငံတော်အစိုးရကလည်း အခုခေတ်ဆိုရင် တီဗွီကနေ လွှင့်ပေးတယ်ဘုရား။ ကိုးပါးသီလကို တီဗွီကနေလွှင့်ပေးတယ်) ဆရာတော်က ဘယ်လိုဖြစ်နေလည်း ဆဲတော့ အများနဲ့ ဗုဒ္ဓဘာသာ မြန်မာဗုဒ္ဓဘာသာလူမျိုးတွေပေါ့ဗျာ။ အဲဒီတော့ ဘုန်းကြီးကျောင်းမှာ ရွာတစ်ရွာမှာ ဘုန်းကြီးလုပ်တယ်။ လောကီကျောင်းတစ်ကျောင်း ပရိယတ်စာပေကျောင်းရှိတယ်။ ရှိတဲ့အခါကျတော့ ဒါတွေကို ဘုန်းကြီးကသင်ပေးတာ။ သုတ္တန်နည်းနဲ့တစ်မျိုး၊ အဘိဓမ္မာစာ အဘိဓမ္မာ နဲ့ကတစ်မျိုး သူသင်ပေးတာ။ သင်ပေးတော့ ဒါတွေကို ပေါ့ပေါ့ပါးပါးသင်သွားတာ။ ပေါ့ပေါ့ပါးပါးပဲ။ စိတ်အကြောင်းကိုသင်ပြီးတော့ သားသေတော့မှ သားသေတော့ သူပူတာပဲ။ အဲဒီ ဥပါဒါန်ကို မင်း သံသရာလည်တဲ့ ဥပါဒါန်ကို နှလုံးမသွင်းနဲ့ကွတဲ့။ ဟုတ်တယ်မလား။ (မှန်ပါ) အဲဒီတော့ ကျွန်တော် မရဘူး။ ကျွန်တော့်မှာ တဏှာရှိတယ်။ ကျွန်တော် သံယောဇဉ်တဏှာရှိတယ်။ အဲဒီ သံယောဇဉ် တဏှာရှိရင် ပြန်ပြန် ပြောပြရတယ်။ မင်းမနိုင်သေးဘူး။ ဒီအထုပ်ကြီး မင်းမနိုင်ဘူး။ သံယောဇဉ် တဏှာရှိတယ်ဆိုရင် သမ္မာလေးနဲ့လုပ်လိုက်။ ရှင်းလား (ရှင်းပါတယ်) သမ္မာလေးနဲ့ လုပ်လိုက်။ သမ္မာလေးနဲ့ မင်းသမ္မာဒိဋ္ဌိပေါ့ဗျာ။ ဟုတ်တယ်မလား။ အဲဒီသမ္မာလေးနဲ့လုပ်လိုက်။ သမ္မာ၊ သမ္မာနဲ့ ဒိဋ္ဌိပေါ့ဗျာ။ ဒိဋ္ဌိကိုမပယ်နိုင်ဘူး။ သူက အဲဒီလို ဒိဋ္ဌိဆိုတာ အာရုံကိုမပြတ်ဘူးပေါ့ဗျာ (မှန်ပါဘုရား) အာရုံ(၅)ပါးကိုမပြတ်ဘူးပေါ့။ စွဲတာပေါ့။ (မှန်ပါ့ဘုရား) အဲဒါ ဒိဋ္ဌိပေါ့၊ ဒိဋ္ဌိဆိုတော့ ကံဖြစ်သွားတာပေါ့။ ဒိဋ္ဌိဆိုတာ ငါလို့ယူထားတယ်။ ငါ့မယား၊ ငါ့သား၊ ငါ့အိမ် ဟုတ်လား။ အယူမှားနေတယ်။ အဲဒီ

အယူမှားတာကို သမ္မာလေးနဲ့အုပ်ထားတာ။ နှမ်းဖြူးလိုက်။ (မှန်ပါ) မိန်းမတော့ မိန်းမပေါ့။ အဲဒါ တဏှာပေါ့ဗျာ။ အဲဒါ စေတနာနဲ့ဖြူးလိုက်၊ နှမ်းဖြူးလိုက်ပြီးတော့ ဘာတဲ့ မင်းစေတနာနဲ့ဖြူး။ မင်း ပင်ကိုယ်မှာရှိတဲ့ စေတနာနဲ့ သူ့ကို ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အဲဒီလိုစေတနာတွေထားလိုက်။ ချော့ပြော မင်းကဟုတ်လား။ ပြတ်မှမပြတ်တာကြီး ဟုတ်လား။ (မှန်ပါ သူက မဂ်သီလခေါ်မှာပေါ့ ဘုရား) ဒါကိုပြောတာပါ။ နှလုံးသားကကိုဖြစ်နေတာ။ (မှန်ပါ) ပကာသနစေတနာ၊ ဘယာစေတနာ တော့မလုပ်နဲ့ (မှန်ပါ) ဟုတ်တယ်မလား။ အဓိပတိစေတနာလုပ် အခုခေတ်ကလုပ်နေတာ။ ပကာသန စေတနာတွေကများနေတယ်။ ဘယာစေတနာတွေများနေတယ်။ အဓိပတိစေတနာတွေ ခေါင်းပါး သွားတယ်။ (မှန်ပါ) ခွေးဖြစ်မှာ (မှန်ပါ) အပါယ်လေးပါးတံခါးပိတ်သွားမှာ။ ပိတ်သွားတော့ ခင်ဗျား နတ်ဘုံရောက်သွားမှာပေါ့ဗျာ။ ပန်းရထားနဲ့ ကျွဲဆို တက်သွားတာ။ အဓိပတိစေတနာက ပကာသန စေတနာ၊ ဘယာစေတနာဆိုတာက အဲဒါ ပုဂ္ဂိုလ်တွေပေါ်မှာ အတ္တပါတယ်။ အဲ အတ္တဖြစ်သွားပြီ။ အတ္တသုံးသွားပြီ (မှန်ပါ) အဓိပတိစေတနာဆိုတော့ လူတော့လူပဲ။ လင်မယားပဲ တဏှာတော့ရှိတာ ပေါ့။ သားသမီးတဏှာရှိတာပေါ့။ နှလုံးသားရဲ့စေတနာနဲ့ သူလုပ်တာပေါ့နော်။ သားမယားအပေါ် ဇနီးမယားအပေါ်၊ သားသမီးအပေါ်မှာ နှလုံးသားထဲက စာနာတဲ့စေတနာပေါ့ဗျာ။ (မှန်ပါတယ်ဘုရား) မဂ္ဂင်နဲ့သုံးထားတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တပေါ့) နှလုံးသားကသုံးထားတဲ့စေတနာက သားလေးက တဏှာပေါ့။ နှလုံးသားထဲကစေတနာ ကိုယ်မှသွားမစွဲတာ။ စေတနာတော့ထားတယ်။ (မှန်ပါ) သားရယ် ဒီအပြစ်ကတော့ မင်းကသွားလုပ်တာကိုကွ။ တို့လည်းလိုက်။ တာဝန်ကျေတယ်ကွာ။ ဒါပေါ့ဗျ။ ဟိုကသားလေးတွေလှူလိုက်တာ။ ဝေဿန္တရာက ဟုတ်လား (ဟုတ်တယ်) ပုဏ္ဏားကို သူက စေတနာ က နှလုံးသားထဲကစေတနာ (မှန်ပါ) လှူလိုက်တာ ကလေးကို ကလေးကို ရိုက်တော့မှ ဘာလို့ ဒီသံလျက်ပါလဲ။ သံလျက်ပါနေတယ်။ (တဏှာ) ဟုတ်လား။ သံလျက် ဘာလို့သွားစွဲလဲ။ သံလျက် ခင်ဗျားတို့မစွဲဖို့ (သံလျက်ဆွဲတာမဟုတ်၊ သားစွဲတာမဟုတ်လားဘုရား) ဒါပေါ့ သားက တဏှာကိုဗျ။ (မှန်ပါ) မိရိုးဖလာဖြစ်သွားတာပေါ့။ အဲ အဲဒီမှာ သံလျက်ဆွဲတာ သံလျက်မဆွဲဘူးဆိုရင် သူဘာမှ မဖြစ်သေးဘူး။ ကိုယ်ကလှူလည်း လှူခဲ့ပြီးပြီ။ ပြတ်မှလှူလေ။ သူမပြတ်လို့ သံလျက်ဆွဲတာပေါ့ဗျ။ (တဏှာရှိသေးတာပေါ့) အဲဒီသံလျက်လေးပါနေတယ်။ ခင်ဗျားတို့ကတော့ သံလျက်တင်မဟုတ်ဘူး။ ဓမ္မပါအကုန်လုံးပျောက်သွားတာ (မှန်ပါ) ဝေသန္တရာတွေလား။ သံလျက်လေးဆွဲမိတာ မခုတ်သေး ဘူး။ သူသွားစွဲတာ။ အဲ ကိုယ့်ရင်သွေး ဥပမာပေါ့ဗျာ။ ကိုယ့်ရင်သွေး ကိုယ့်တဏှာပေါ့ဗျာ။ တဏှာတော့ ရှိနေသေးတယ်။ အဲဓါ သံလျက်သွားစွဲတာ။ အဲဒီတဏှာပဲ (တဏှာကြောင့် ဒေါသဖြစ်သွားတာ)

တဏှာကြောင့် ဒေါသဖြစ်သွားတာ မပြတ်ဘူး။ အဲဒီလိုစိတ်မျိုးတွေမထားနဲ့တဲ့ (မှန်ပါ့) ဥပမာပေါ့ မောမော် ကို ဆေးပေါက်တယ်။ ထားပစ်ခဲ့ပေါ့။ ဝါနီတရှိတယ်။ ဒါကျတော့ အရှင်ဘုရားရဲ့ စေတနာ မော်မော် အပေါ်ပျက်လို့ ကားခဲ့တာပေါ့။ ကျိန်ပြီးပြောရဲတယ်။ ဟုတ်တယ်ကွတဲ့။ မင်းရဲ့အသိကတော့ ဒါပဲရှိတယ်တဲ့။ မင်းအသိမှန်တယ်ကွတဲ့။ သူကပြန်ပြောတယ်။ မင်းကိုပြောမယ်။ ခင်ဗျား မော်မော် ကို ဆေးပေါက်တော့ မဟုတ်ဘူးဗျာ။ တရုတ်ကြီးကို ပြောတာ။ ဝါနီတနဲ့ လိုက်မှာပေါ့။ ဟုတ်တယ် မဟုတ်လား။ အဲဒီလိုလုပ်တာ။ သူလည်းလာရော ကားနဲ့လေ။ ဝါနီတနဲ့သွားတာ မြင်တောင်မမြင်ရ သေးဘူး။ အဲဒီလိုလုပ်တာ။ ဒါ စေတနာပျက်လို့ ထားပစ်ခဲ့တာ။ သူစောင့်ပါလား။ သူ့ကားနဲ့ ပါလာတယ်။ ဒကာမလေးပဲ ကိုယ်ကစောင့်ရမှာပေါ့။ မစောင့်ဘူးထားပစ်ခဲ့တာပဲ။ ဒါ စေတနာပျက်လို့ အဲဒီ စေတနာပေါ်မှာ စေတနာဆိုတာ လောကီ ဟို သူက လာဘ်စားတာ။ အရမ်းဟုတ်လား။ ကျွေးတယ်၊ မွေးတယ်ဆိုတာ ဒါ စေတနာတွေနဲ့ပေးတာပဲ။ သူက ဉာဏ်ခံထားတာ။ စေတနာဆိုတာ ကုချင် တဲ့စေတနာရှိတာပဲ။ ဟုတ်တယ်မလား။ အခု တချို့ကသိလား (ထင်ရှားတော့ ကိုယ့်ကိုယ်ကိုလုပ်သွား တာပဲ၊ သူစေတနာရှိတာပေါ့၊ သိုက်ကလှူတယ်။ ဟိုဒီမနက် ဦးဇင်း ကို ဆဲသွားတာ။ အား ဒီမနက် ဒီမနက်လာတယ်မှလား။ (လာပါတယ်) ဆဲသွားတာ တွေ့တယ်။ မင်း သည်းခံနေတာပေါ့။ ဟိုက ခြောက်တာပေါ့။ ဒါပေမယ့် ထိုးမယ်ဘာညာနဲ့လုပ်တာ။ ဒါ စေတနာပျက်တာ သူ့မှာဉာဏ်ရှိတယ်။ တစ်ခါတည်း သမထဖြစ်တာပဲဗျို့။ အာ နတ်တွေ သွားတွေ့တာ။ ဒိုဒိုး နတ်ပြည်ရောက်ပြီးတော့ဗျို့။ အဲဒီတော့မှ ဦးဇင်းကြီး မျက်လုံးဖွင့်ကြည့်တော့မှ ဩော် ငါဟာ ဘယ်လိုဖြစ်တာပါလိမ့်။ ဩော် ငါ တရားထိုင်တာ ဘယ်လိုဇဝေဇဝါဖြစ်လို့ အဲဒီဖြူးဘုန်းကြီးမေးတဲ့အခါကျတော့ အရှင်ဘုရား တပည့် တော် တရားအားထုတ်တဲ့အခါမှာ အဲဒီလိုဟာကြီးတွေပေါ်တယ်ဘုရား။ ဘယ်လိုလုပ်ရ ဦးမြမောင် ဒကာကြီးတဲ့ အဲဒီအာရုံကိုမလိုက်နဲ့နော်။ ဦးမြမောင် အဲဒီ မီးရထားလမ်းမှာ ရှူးနေကြတယ်။ အဲဒါတွေမလုပ်နဲ့။ ဖျက်ပစ်။ ဒီအာရုံတွေကို ဖျက်ပစ်။ ခင်ဗျား ဝိပဿနာလိုက်ဆိုတယ်။ အဲဒီလိုပဲ။ ဝိပဿနာလေးလိုက်လိုက်ပြီးတော့ အဲဒီတော့ ဘယ်လိုဖြစ်လာလဲဆိုတော့ ကိုယ့်မှာ အာရုံတွေမှာ အကုန်အပြင်အာရုံတွေမှာလည်း စင်ကြယ်တယ်။ တရားထိုင်လိုက်တဲ့အခါမှာ ရုပ်နဲ့ပါတ်သတ်နဲ့ နာမ်ခန္ဓာ(၄)ပါးလာပေါ်ပြီတဲ့နော်။ နာမ်ခန္ဓာ(၄)ပါးဆိုတာ အဲဒီရုပ်ကဖောက်ပြန်တယ်။ နာမ်က ခံစား တယ်။ ဩော် အကျိုးနဲ့အကြောင်းသာဖြစ်ပါလား။ အကျိုးနဲ့အကြောင်းသာ ပျက်ပါလား။ အဲဒီတော့ တရားထိုင်တဲ့အခါမှာ ဝေဒနာတွေ မခံမရပ်နိုင်အောင်လာတယ်တဲ့နော်။ ဒုက္ခရဲ့ ဝေဒနာတွေလာလိုက် တာ ဝေဒနာမှာ ငါမရောစေနဲ့နော်။ ဝေဒနာမှာ သညာနဲ့ ပညတ်ကထိုးထားတယ်။ ဩော် ဝေဒနာဟာ

မမြဲပါလား။ ငါဟာ နောက်ဆုံးပဲ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ် ငါသည် ဝေဒနာကိုဆုံးအောင် ငါလိုက်မယ်။ ဝေဒနာကိုဆုံးအောင်လိုက်တာပဲနော်။ မခံသာ မှန်ပါဘိဒီတရား၊ ဝေဒနာတွေ အိုအိုး အဲဒီလိုဖြစ်ပြီး လိမ်ပိန်ပြီးတော့ အဲဒီလိုဖြစ်ပြီးတော့ဗျို့။ ဝေဒနာဟာ တစ်ခါတစ်လေ မဆုံးတာများပါတယ်ဗျာ။ ဆုံးတာဟာ နည်းပါတယ်ဗျာ။ အဲဒီတော့ ဆုံးလိုက်တော့ ဘာသိလည်းတဲ့နော်။ ဘာသိလည်းဆိုတော့ ဒီရုပ်တရားကြီး မစုံမက်တော့ဘူး၊ ပုံပျက်လာပြီ။ ဒီရုပ်တရားကြီးကို မတွယ်တာတော့ဘူးတဲ့။ ဒီရုပ်တရားကြီးကို မတွယ်တာတော့ဘူးတဲ့နော်။ အဲဒီတော့ စိတ်တစ်မျိုးဖြစ်သွားတယ်တဲ့။ အဲဒီတော့ ဝေဒနာတွေများလာတော့ ဩော် နာမ်လေးက စိတ်ဆင်းရဲတယ်။ စိတ်ဆင်းရဲတော့ ဘာဖြစ်လဲ။ ဒုက္ခဖြစ်ရော။ ဩော် နာမ်လေးက စိတ်ဆင်းရဲတော့ ဒုက္ခတွေဖြစ်နေပါလား။ ဒုက္ခ၏ သစ္စာ ဆင်းရဲခြင်းအမှန်တရား။ ဩော် နာမ်လေးကလည်း မမြဲပါလား၊ ဝေဒနာကလည်း မမြဲပါလား၊ ရုပ်တရားကလည်း မမြဲပါလား။ အဲဒီလိုတရားကရှုပြီးတော့ ဝေဒနာတွေနင်းကန်လိုက်ရတာ ဝေဒနာကိုလိုက်တဲ့အခါကျတော့ တရားစင်ပေါ်ကထွက်တော့ ဘာဖြစ်လာလဲဆိုတော့ မိန်းမ အောက်မေ့တယ်ဗျို့။ မယား မပြတ်ဘူး၊ ထိုင်ပြီးငိုတယ်ဗျ။ ဩော် ငါမေ့လို့ ဒီတရားတွေကိုကျင့်မိတယ်။ မေးလို့လုပ်မိတယ်။ အဲ တရားစင်ကထွက်နေတဲ့အခါမှာ ကိလေသာဘဝတွေက တိုးကုန်ပြီတဲ့နော်။ ကိလေသာတွေ တိုးကုန်ပြီဗျ။ တောင်ပြောမြောက်ပြော၊ တောင်လုပ်မြောက်လုပ်တွေဖြစ် ကိလေသာတွေ တိုးကုန်ပြီ။ တိုးကုန်တာနဲ့တပြိုင်တည်း တရားပြန်ထိုင်ရတယ်ဗျို့။ တရားလည်း ပြန်လည်းထိုင်ရော ဩော် သဗ္ဗေ သင်္ခါရအနိစ္စ၊ သဗ္ဗေသင်္ခါရဒုက္ခ၊ သဗ္ဗေသင်္ခါရအနတ္တ။ ဩော် လာတုန်းကလည်း တစ်ယောက်တည်းပါလား။ ပြန်တော့လည်း တစ်ယောက်တည်းပါလား။ ဩော် အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားတဲ့။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်။ ဩော် အတိတ်က ငါ့ကံနဲ့လာတာလား။ ငါဒီမှာလည်း ကံတွေကိုဖြတ်မယ်။ အဲဒီတော့ ကောင်းမှုကံ၊ မကောင်းမှုကံ။ အဲဒီကံနှစ်ကံက အလယ်ကနေ ငါ လျှောက်မယ်။ ကောင်းတဲ့ ကုသိုလ်ကံ၊ မကောင်းတဲ့ အကုသိုလ်ကံ ဒီနှစ်ခုကို အပြစ်မပြောပါဘူးဗျာ။ အလယ်က မဂ်ကောလမ်းကို လျှောက်ပေတော့။ ဩော် သဘော သဘော သဘောလေးတွေနာ။ သဘောလေးတွေနာ။ အဲဒီအာရုံ(၆)ပါးဗျ။ အာရုံ(၆)ပါးသတ်ရတော့မှာကိုဗျနော်။ အာရုံ(၆)ပါး ဉာဏ်နဲ့မှ သတ်ရတော့မယ်။ အဲဒီအာရုံ(၆)ပါးကို သူသတ်တော့ အဲဒီမနောစိတ်၊ သညာ သညာ ဒီ သညာကြောင့် ဥပါဒါန်တွေဖြစ်တယ်။ ဒီဥပါဒါန်တွေဟာ သံသရာကိုလည်နိုင်တဲ့အကြောင်း။ အတိတ်၊ ပစ္စုပ္ပနတ်၊ အနာဂတ် အဲဒါ ဘုံ(၃)ပါးလွတ်အောင်ရုန်းထွက်နေပြီတဲ့။ ဩော် သဗ္ဗေသင်္ခါရအနိစ္စ၊ သဗ္ဗေ သင်္ခါရဒုက္ခ၊ သဗ္ဗေ သင်္ခါရအနတ္တ။ ဩော် ငါဟာ ဝေဒနာတွေပါလား။ ဝေဒနာမှာ ငါမရောစေနဲ့။ ငါသွား

မရောနဲ့။ ဩော် အတိတ်က ဝဋ်ကြွေးတွေ။ ပစ္စုပ္ပန်ဘဝရဲ့ ဝဋ်ကြွေးတွေ။ ဒီဝဋ်တွေကို ငါကုန်ခံမယ် ဆိုပြီး။ ခံတယ်ဗျို့။ ဩော် ဘုရား ဘုရား။ သဗ္ဗေ သင်္ခါရ အနိစ္စ၊ သဗ္ဗေ သင်္ခါရ ဒုက္ခ၊ သဗ္ဗေ သင်္ခါရ အနတ္တ။ ဩော် လိမ်ပိန်ခံနေရတာပဲ။ အဲဒီတော့ တရားဝင်ပေါ်ကထွက်တယ်ဆိုပဲ။ ငါတော့တော်ပြီ။ ဒီဝိပဿနာတရားတွေ ဘာမှလည်း အဲ တရားတွေ ငါမရပါလား။ ဘာမှလည်း ဉာဏ်လည်းမပေါက်ပါလား။ ဘာမှလည်း ငါဒီမှာ ဒီတရားတွေကိုမမြင်ရပါလား။ ဉာဏ်လည်းမရပါလား။ တစ်နေ့တစ်နေ့ ဝေဒနာတွေချည်းပါလား။ အဲဒီတော့ သူတွေးကုန်ပြီတဲ့၊ မယားကိုလည်း မပြတ်တော့ဘူး။ ထိုင်ပြီးတော့ တွေးတာပဲဗျို့။ တရားစင်ကဖြုတ်ပြီးတော့ တွေဝေနေတဲ့အခါကျတော့ ဩော် ငါအိမ်ပြန်တော့မယ်။ ဖြူးကနေပြီး မြောင်းမြ ပြန်တော့မယ်။ ငါ့မိန်းမနဲ့ ပြန်ပေါင်းမယ်။ ဒီတရားတွေ ငါမကျင့်တော့ဘူး။ ဘာမှလည်း တရားရဲ့အရသာတွေ ငါမတွေ့ဘူး။ ငါ ဝေဒနာတွေတွေ့တယ်။ ငါ့မိန်းမနဲ့ပြန်ပေါင်းမယ်။ ဩော် ဦးမြမောင်ကြီး ကြံစည်ပြီတဲ့နော်။ ဒါကြောင့်မို့ သဘောလေး ဦးဇင်း ပြောပါ့မယ်။ ဖျိုင်းလေး တစ်ကောင်သည် အချိန်ကာလကလည်း နေဝင်ရီ နေလေးကလည်း စောင်းလာပြီ။ ဖျိုင်းလေးက အဲ ရေအိုင်လေးကိုနားလိုက်တယ်တဲ့။ ဖျိုင်းလေးကလည်း အဲ ဝမ်းမှာဆာတယ်တဲ့။ အဲဒီအိုင်လေးကို ဖျိုင်းက ကြည့်လိုက်တယ်တဲ့။ ငါးလေးက တစ်ကောင်နှစ်ကောင်၊ ရေခမ်းငါးလေးတွေ့တယ်။ ဖျိုင်းက လည်း ဒီငါးလေးတွေကို ကောက်စားတယ်။ ကောက်စားတဲ့အခါမှာ ဒီငါးကုန်ရင် ဘယ်အိုင်များရှိ သလဲ။ ဖျိုင်းက ရှေ့အိုင်ကိုလည်းမျှော်တယ်။ နောက်အိုင်ကိုလည်း တွေးတယ်တဲ့။ ဖျိုင်းက စားနေရင်း နဲ့ ရှေ့အိုင်ကိုလည်းမျှော်တယ်။ နောက်အိုင်ကိုလည်း တွေးတယ်တဲ့။ အဲဒါ ဦးမြမောင်ကြီး တွေးပြီ။ ဦးမြမောင် ကြီးရှေ့လည်း မတတ်နိုင်တော့ဘူး။ ဝေဒနာတွေ ဒင်းကြမ်းဖြစ်ပြီ။ နောက်ကို သားမယား အကြောင်းတွေကို တွေးကုန်ပြီတဲ့နော်။ အဲ သူ့အတွေးမှားကုန်ပြီနော်။ တရားစင်မှာ သိပ်အရေးကြီး တယ်ဗျို့။ သည်းခံကြ၊ သည်းခံကြ၊ သည်းခံကြ။ အေး ဒီဘဝဟာ နောက်ဆုံးဘဝလဲ။ လာတုန်းကလည်း တစ်ယောက်တည်း၊ ပြန်တော့လည်း တစ်ယောက်တည်း။ သဗ္ဗေသင်္ခါရအနိစ္စ၊ သဗ္ဗေသင်္ခါရဒုက္ခ၊ သဗ္ဗေ သင်္ခါရအနတ္တတဲ့နော်။ အဲဒီတရားလေးတွေ ကိုယ်နောက်ပါမယ့်တရား၊ ကိုယ့်နောက်ကိုပါမယ့်တရား ကို ဦးဇင်းကြီးပြောပါ့မယ်တဲ့နော်။ အဲဒီတော့ ဒီတရားလေးတွေကို နှလုံးကြည်ဖို့၊ နှလုံးလှဖို့အရေးကြီး ပါတယ်။ ဘယ်သူဘာပြောပြော သည်းခံပါ။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ၊ ကိုယ့်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဖြဟ္မစိုရ်တရားထားပါ။ သံဝေဂ တရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန်တွေ၊ ခနမာန်တွေ၊ ပစ္စည်းမာန်၊ ဥစ္စာမာန်၊ ဗလမာန်၊ ငါမာန်တွေ မလုပ်ပါနဲ့တဲ့။ အဲဒီမာန်ဟာ နိဗ္ဗာန်တံခါးကြီးကို ပိတ်ထားပါတယ်တဲ့။ ငါခိုတဲ့မာန် အင်မတန်

ကြောက်ဖို့ကောင်းတယ်ဗျို့နော်။ အေး အဲဒါတွေ အခုတော့ အဲ ဦးမြမောင်ကြီး က ဝေဒနာတွေဖြစ်လာတဲ့အခါကျတော့ ဗျိုင်းလေးက ရှေ့အိုင်ကိုလည်းမျှော်တယ်၊ နောက်အိုင်ကိုလည်းတွေးတယ်။ ဩော် ငါ့အတွေးမှားနေပါလား။ မထူးပါဘူး၊ ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်။ ငါတတ်တယ်။ သဒ္ဓါဗိုလ်တွေ၊ သီလဗိုလ်တွေ၊ ဝီရိယမှာ ဇွဲသတ္တိငါတင်တော့မယ်။ ဝီရိယမှာ ငိုက်ငိုက်ကျတယ်။ ဇွဲသတ္တိသေရင် သေပါစေ။ ဘုရားရဲ့တရားသစ္စာလေးပါးကို ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာကို ငါရောက်အောင် တက်မယ်။ ဘုရားရဲ့စကားကို နားထောင်မယ်။ မြေဝယ်မကျ နားထောင်မယ်။ အဲဒီတော့ ဝေဒနာကိုတက်ပြီတဲ့ အဲဒီတော့ ဒီဝေဒနာမှာ တက်တယ်တဲ့၊ ဩော် မခံသာမှန်ပါဘိ ဒီတရား၊ ဝေဒနာတွေကို တစ်နေ့လုံးမှာလေ ဝေဒနာတွေချည်းပဲ။ အဲဒီလိုလာပါတယ်တဲ့၊ အဲဒီလိုလာတဲ့အခါကျတော့ အသေခံတတ်တဲ့အခါကျတော့ ဝေဒနာဆုံးတော့ ဘာသိလဲတဲ့နော်။ ဝေဒနာ ဆုံးသွားပြီ။ ဝေဒနာဆုံးတော့ ဘာသိသလဲ။ လောဘရဲ့စိတ် ခမ်းလာပါတယ်။ ဒီရုပ်တရားကြီးတွေ မလိုချင်တော့ဘူးတဲ့၊ မစုံမက်တော့ဘူးတဲ့။ ချီးပုံပဲကြည့်ချင်တယ်။ ဒီရုပ် မကြည့်ချင်တော့ဘူးတဲ့၊ အဲ သူ့ဉာဏ်စဉ်လေးတွေတက်လာပြီ။ အဲဒီတော့မှ ဘုရား ဘုရား ဘုရား။ အဲဒီလိုတရားတွေကို ကျင့်လိုက်တော့ ဖြူးကနေပြီး မနေနိုင်ဘူး။ ပြန်လာတယ်။ ပြန်လာတဲ့အခါကျတော့ အဲဒီအိမ်မှာလည်း မနေနိုင်တော့ဘူးဗျ။ ကွက်သစ်မှာ တရားအားထုတ်တယ်။ ကွက်သစ်ကနေ တရားအားထုတ်တော့ ဦးဇင်း ကို လာပြီးတော့ ဗေဒင်တွေလာကြည့်ကြတယ်ဗျာ။ ဦးဇင်း ကလည်း စာမတတ်၊ ပေမတတ်။ သူတို့ပြောတော့လည်း မှန်တယ်လို့ပြောတယ်။ ဒီက ရမ်းပြီးတော့ပြောလိုက်တာ။ သူတို့က မှန်တယ်ဆိုလာတော့ လာကြတာပဲဗျို့၊ လူအုပ်ကြီးတွေနဲ့။ ဟိုကလာ၊ ဒီကလာ။ မြို့သူမြို့သားတွေ လာတယ်။ လာတဲ့သူ အပြစ်မပြောပါဘူးဗျာနော်။ ဦးဇင်း က လာတဲ့အခါမှာ သူ့ရဲ့ဆန္ဒကို ဦးဇင်း က အလိုလိုက်မိပါတယ်။ သူတို့ဟာ ဆန္ဒတွေရှိပါလား၊ သဒ္ဓါတွေရှိပါလား၊ အဲဒါလေးတွေ သူတို့တွေပြောလိုက်တော့ အေး ငါတော့ ဒီမှာကြာကြာနေရင်တော့ ဒုက္ခရောက်မှာပဲ။ ငါ ဒုက္ခတွေအကြီးအကျယ်ရောက်မယ်။ စဉ့်ကူးနားက ညောင်ပင်ကြီးကိုသွားမယ်။ စဉ့်ကူးနားက ညောင်ပင်ကြီးကိုသွားပြီဗျို့၊ မနေတော့ဘူး။ စဉ့်ကူးနားက ညောင်ပင်ကြီးကိုသွားတဲ့အခါကျတော့ ကရင် ဦးဇင်း ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်နော်။ ကရင်လူမျိုး ဦးပေါ်လု နဲ့ သုံးပန်လှ က ဦးမြမောင် တဲ့ အဲဒီတုန်းက ကိုရင်ကြီးဗျ။ အဲ ကိုရင်ကြီးဖြစ်လာလားတဲ့။ ဟုတ်ကဲ့ဗျာလို့။ ကိုရင်ကြီး ဒီတောင်ဟာ အားကြီးဆိုးတယ်။ နေ့ခင်းတောင်မှ ဖက်ခြောက်တွေ မကောက်ရဲဘူးတဲ့။ အဲဒီတော့ ဒီဖက်ခြောက်တွေကိုကောက်ပြီးတော့ ကွမ်းကိုအုပ်ရပါတယ်တဲ့။ အဲ ကိုရင်ကြီးဖြစ်ပါ့မလားတဲ့။ ဖြစ်ပါတယ်ဗျာလို့။ ကိုရင်ကြီး အဲဒီတောင်မှာပဲ ကျင့်ပါမယ်ဗျာလို့။ သူတို့

ကျောင်းလေးဆောက်ပေးတယ်။ အဲဒီမှာကျင့်တယ်။ သူတို့ဆွမ်းလေးတွေလာပေးတယ်။ အဲ သူတို့ အဲဒီ ဦးပေါ်လု သိပါတယ်။ အဲဒီလိုတရားတွေထိုင်တဲ့အခါကျတော့ အဲဒီတောင်ပေါ်မှာပဲ တရားသဘော လေးပေါ့ဗျာ။ နည်းနည်းပါးပါးတွေ့သွားပါလိမ့်မယ်။ အဲဒီတော့မှ အဲဒီတောင်ကနေ ဖြူးဆရာတော် ကြီးကြွလာတယ်ဆိုတော့ အဲဒီတောင်ကနေ ဆရာတော်ထံလာတယ်လို့ ပတ္တမြားကျောင်းမှာနေပါ တယ်။ သီတင်းသုံးပါတယ်။ အဲဒီဆရာတော်လာတဲ့အခါကျတော့ တောင်ပေါ်ကိုမတက်တော့ဘူးဗျို့ ဆရာတော်ရှိတာနဲ့ ဆရာတော်ကလည်း ကိုရင်ကြီး တရားအားထုတ်လား။ သူတရားတွေကိုစစ်တယ်။ စစ်တဲ့အခါကျတော့ အဲဒီတော့ ဘယ်ကိုရောက်လာလဲဆိုတော့ မောင်တင်မြင့် တို့ ဥယျာဉ်ထဲရောက် လာတယ်။ ဥယျာဉ်ထဲရောက်လာတဲ့အခါကျတော့ မောင်တင်မြင့် ကနေပြီတော့ အဘရယ် ကိုရင်ကြီး ရယ် ဒီမှာမနေတော့ဘူးဗျာလို့ ခင်ဗျားဆီ ဦးထွန်းရွှေ တို့ဆီမှာသွားပြီးတော့ တရားအားထုတ်မယ် ဆိုပြီးတော့ ဦးထွန်းရွှေ တို့ဆီမှာ တရားအားထုတ်ပါတယ်ဗျာ။ အဲဒီလိုတရားအားထုတ်တဲ့အခါမှာ ဘားအံဆရာတော်တစ်ပါးရောက်လာတယ်။ နောက် ပဏ္ဍောတာရုံကျောင်းက ဆရာတော်တစ်ပါး ရောက်လာတယ်။ နှစ်ပါး နောက် ကိုရင်ကြီး၊ ကိုရင်ကြီးက ဆွမ်းမခံသေးဘူး။ ဆွမ်းလေးဘာလေး ချက်တယ်။ ရောင့်ရဲတင်းတိမ်ခြင်းနဲ့ ရတာစား။ အဲဒီတော့ သူတို့က ကိုရင်ကြီး ကြွပါဦးတဲ့ဆိုတော့ ကြွတယ်။ ဘားအံဆရာတော်ကခေါ်တော့ ကြွတော့ ဦးဇင်း တရားတွေကိုမေးကြတဲ့အခါကျတော့ မှန်လှပါဘုရား သူကမေးတယ်။ ဒီကဖြေတယ်။ ဩော် ဒီကိုရင်ကြီးဟာ ဘောဇ္ဈင်(၇)ပါးလွတ်ပြီ။ အဲ သူက ဘယ်လိုပြောလဲဆိုတော့ ကိုရင်ကြီးရယ်တဲ့ ကိုရင်ကြီးရဲ့ မေတ္တာလေးတွေ တပည့်တော်ကိုပေးပါ ဘုရားတဲ့။ တပည့်တော်က မနက်ဖြန် ဘားအံကို ကြွရမယ်ဘုရားတဲ့။ အရှင်ဘုရား၊ တပည့်တော် ဘွဲ့နာမည်ကဘယ်လို၊ အဲဒီတော့ အရှင်ဘုရား ဘုရားရှိခိုးတိုင်း တပည့်တော်ကို မေတ္တာလေးတွေ ပေးပါဘုရားတဲ့။ အဲဒီဘားအံဆရာတော်က ပြောသွားတယ်။ ပြောသွားတဲ့အခါကျတော့ ဆရာတော် နှစ်ပါးကြွသွားတော့ အဲဒီတော့ တရားတွေကျင့်တော့ တစ်နေ့သောအခါကျတော့ ဘယ်ရောက်သွား လဲဆိုတော့ ပိန္နဲကုန်းရောက်သွားတယ်ဗျို့ ပိန္နဲကုန်းမှာ တောထဲမှာ တရားအားထုတ်တယ်။ တရား အားထုတ်တဲ့အခါကျတော့ သဘောလေးတွေပဲ။ အဲဒီတရားတွေ ဒါကြောင့်မို့ ရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာ(၄)ပါးတရားလေးတွေ သဘောပေါ့ဗျာ။ နာမ်ခန္ဓာ(၄)ပါးကို နာမ်ရဲ့အာရုံ ဒီရုပ်နဲ့ပတ်သက်တဲ့ အာရုံ။ နာမ်ကသဘောလေးပေါ့ဗျာ။ ဦးဇင်း က စာတော့မတတ်ဘူး။ ရုပ်နဲ့ဖောက်ပြန်လိုက်တဲ့ ဝေဒနာ ကို သဘောလေးပဲ။ ဒါပေမယ့် ဦးဇင်း က ချုပ်တယ်လို့တော့မပြောဘူး။ မပြောရဲဘူးနော်။ အဲဒါ ဉာဏ်ပဲ။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံးတယ်၊ သီလမှာချုပ်တယ်။ အဲဒီတော့ ဒုက္ခဝေဒနာ၊ သုခဝေဒနာ၊

ဒုက္ခဝေဒနလည်း မမြဲပါလား။ လိုက်တယ်။ သုခဝေဒနာလည်း မမြဲပါလား။ ဒုက္ခဝေဒနာကဏ္ဍ ပညာ၊ သုခဝေဒနာ သန်ခံတ ပညာ ဒီသဘောရှိတယ်။ အဲဒီတော့ သုခဝေဒနာဆိုတာ ခုနက ဦးဇင်း ပြောများဆိုများရှိရင် ခွင့်လွှတ်။ ခန္ဓာထဲက ပဋိစ္စ၊ သမုပ္ပါဒ်ဆိုတာ ပေါ်လာပါတယ်နော်။ ဦးဇင်း က ပေါ်လို့ပေါ်တယ်ပြောတာ။ အဲဒီတော့ ဒီ ပဋိစ္စသမုပ္ပါဒ်ရဲ့ အာရုံကို ဦးဇင်း က သိသိပြီးတော့လိုက်ရပါတယ်။ ဒုက္ခဝေဒနာက တဖြည်းဖြည်းလျော့လာပါတယ်။ ဒုက္ခဝေဒနာတွေလျော့လာတဲ့အခါမှာ သုခရဲ့ ဝေဒနာလေးတွေ အာရုံ။ အာရုံကင်းရှင်းနေပါတယ်။ အဲဒီအာရုံကို အသာလေးဖြည်းဖြည်း ဒီလိုပဲရှုပွားရပါတယ်။ အဲဒီတော့ နေတာလည်း အထူးအရေးကြီးပါတယ်။ သွားတာလည်း အထူးအရေးကြီးပါတယ်၊ ပြောတာလည်း အထူးအရေးကြီးပါတယ်။ အဲဒီတော့ ကိုယ့်စိတ်ကို ကိုယ်စစ်။ နေတဲ့အခါမှာလည်း ကိုယ့်စိတ်ကို ကိုယ်စစ်ပါ။ စကြိန်လျှောက်တဲ့အခါမှာလည်း ကိုယ့်စိတ်ကိုယ် ကိုယ်စစ်ပါ။ ထိုင်တဲ့အခါမှာလည်း ကိုယ့်စိတ်ကို ကိုယ်စစ်ပါ။ အေး ကိုယ့်စိတ်ကို ကိုယ်စစ်။ မမြဲပါလား၊ မမြဲတာ နှလုံးသွင်းထားပါတဲ့။ မမြဲတာ နှလုံးသွင်းရင် မစွဲဘူး။ မစွဲရင် ဥပါဒါန်လွတ်တယ်။ ဥပါဒါန်လွတ်ရင် ကံပြတ်မယ်။ ကံပြတ်ရင် ဉာဏ်ခြုံလိမ့်မယ်တဲ့နော်။ အဲဒီတော့ ဒုက္ခဝေဒနာလည်း သဘောပါပဲဗျာ။ အဲ ဒုက္ခဝေဒနာရဲ့ အကြောင်းကိုလည်းသိတယ်။ သုခဝေဒနာရဲ့ အကြောင်းကိုလည်းသိတယ်။ ရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာ(၄)ပါး။ အဲဒါ ဉာဏ်တွေပဲ။ အဲဒါလေးတွေကို သိပါပြီတဲ့။ ဒါပေမယ့် ဥပေက္ခာတယ်ဆိုတော့ ဦးဇင်း က စာမတတ်ဘူး။ ခင်ဗျားတို့ စာတတ်တဲ့သူတွေ ပေတံနဲ့တိုင်းပါ။ အဲဒီအာရုံကို မစွဲတော့ဘူးတဲ့နော်။ ဒီရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာ၊ ဒီရုပ်နဲ့ ဖောက်ပြန်လာတဲ့ ဝေဒနာတွေကို နာမ်ကမစွဲတော့ဘူးတဲ့။ ဒီသဘောပါပဲဗျာ။ အဲဒီတော့ မစွဲတော့ ဥပါဒါန် သညာပေါ့ဗျာ။ သဘောလေးက ဦးဇင်း က စာမတတ်လို့နော်။ အဲဒီလိုဖြစ်သွားတာနဲ့ ရုပ်မှာ ဘယ်လိုဖြစ်လာလဲဆိုတော့ တရားထိုင်လိုက်တဲ့အခါမှာ ဩော် အေး အေး အေး၊ အေး အေး ကဲ ဖြစ်ပြီဗျို့။ အာရုံ(၆)ပါးကိုလည်း မြင် မြင်တာပဲရှိတယ်တဲ့။ ကြား ကြားတာပဲရှိတယ်တဲ့။ နံ နံတာပဲရှိတယ်တဲ့။ အာရုံကို ဥပေက္ခာသွားပြီတဲ့။ မြန်မာလိုပြောမယ်ဆို အာရုံကို မစွဲတော့ဘူးတဲ့။ အပြင်အာရုံကိုလည်း မစွဲပါဘူး။ ဒါ ကိုယ့်စိတ်ကို ကိုယ်စစ်တာနော်။ လိမ်ပြောရင် ဦးဇင်း က မဟာအဝီစိကိုကျသွားလိမ့်မယ်တဲ့နော်။ ဝိဇ္ဇာဉာဏ်ရရင်သစ္စာဉာဏ် အမှန် အမှန်ပြောသွားမယ်။ အဲဒီတော့မှ ဒီအာရုံ(၆)ပါးကိုသတ်တာ ဉာဏ်ပဲတဲ့။ အဲဒီအာရုံ(၆)ပါး အတွင်းထဲက ရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာ(၄)ပါးကို ကဏ္ဍကြေသွားပြီတဲ့။ သိသွားပြီတဲ့။ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ကမ္မာသဝ၊ ဘဝါသဝ။ သိသွားပြီ။ အဲဒီခန္ဓာထဲက အကြောင်းရုပ်တာ။ အကျိုးပေါ်က ပေါ်နေတဲ့အကြောင်းတရားကြီးကို ရုပ်တာနဲ့ အပြင်အာရုံ(၆)ပါးလည်း ရုပ်တာပဲတဲ့နော်။ သိသွားပြီ

တဲ့။ သူလက်ဦးတုန်းက အပြင်အာရုံကို ပရိယတ္တိနဲ့ ဆင်ခြင်တယ်။ အဲ စာတော့ မတတ်တော့ ကျင့်အောင်းတယ်။ သူကနေပြီး ကျင့်အောင်းပြီးတော့ ရှုတယ်၊ ရှိုက်တယ်၊ ရှုတယ်၊ ရှိုက်တယ်။ အဲဒီတော့ ဘယ်သူ့ကိုအရင်သတ်ရလဲ။ ဒိဋ္ဌိကိုအရင်သတ်ရမယ်။ ဒိဋ္ဌိကိုဘယ်လိုသတ်ရလဲ။ တစ်နေ့ တစ်နေ့ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာ။ ကြာလာတော့ ဒီရုပ်တွေ၊ ဒီနာမ်တွေ မလိုချင်တော့ဘူး။ မစုံမက်တော့ဘူး။ အဲဒီတော့မှ ဒီရုပ်တွေ၊ ဒီနာမ်တွေ မတွယ်တာတော့ဘူး။ မဆုံမက်တော့ဘူး။ အဲဒီတော့မှ ကြည့်လိုက်တော့မှ ဩော် ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိဘာဂဝဋ်ပါလား။ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်းရယ်။ မြင် မြင်တာပဲရှိတယ်တဲ့။ အဲဒီတော့ အဲဒီအတွင်း ထဲကနေပြီးတော့ အဲဒီအတွင်းခါတ်လေးပါးဟာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ခါတ်လေးပါးဟာ ခါတ်ကတော့ရှိပါတယ်တဲ့နော်။ ခါတ်ကြီးကတော့ ရှိပါတယ်တဲ့။ အဲဒီခါတ်ပေါ်မှာရှိတဲ့ဟာကို သူမစွဲ တော့ဘူးပေါ့ဗျာ။ စာမှမတတ်တာ။ အဲဒီတော့မှ အဲဒီအာရုံကိုလည်း သဘောပေါ့ဗျာ။ အဲဒီအတွင်းထဲ က အာရုံ(၄)ပါးကိုချုပ်မှ အပြင်အာရုံ(၆)ပါးက အကုန်လက်နက်ချကုန်ပြီတဲ့။ သူက ဒီကောင် အရင်ချုပ်မှ ဟိုကောင်က လက်နက်ချတယ်။ အဲဒီတော့မှ ဩော် အဲဒီတော့မှ တရားထိုင်တဲ့အခါမှာ ခုနက ခင်ဗျားတို့ဖွက်ချက်ကလေး ဗေဒါတွေတိုက်တော့ ပန်ကာမှာပတ်ပတ်နေရတယ်။ ဆင်းဆင်း ဖြုတ်နေရတယ်။ အခုတော့ ဖြုတ်စရာမလိုတော့ဘူး။ အဲ ဖြူးဖြောင့်ပြီးတော့ သမာဓိတွေကောင်း၊ ပညာတွေကောင်း၊ သီလတွေကောင်း။ အဲဒီ(၃)ခုကို ဆွဲဆောင်သွားပြီတဲ့။ တစ်နေ့လုံး ထိုင်သွားပြီ။ အဲဒီတော့ ပညတ်ကနေပြီးတော့ ပရမတ်အာရုံကို သွားတွေးလိုက်တယ်တဲ့။ ပရမတ်အာရုံကို မနောနဲ့ သွားပြီးတော့ အာရုံဖြစ်နေပြီတဲ့။ ခန္ဓာဝန်ကြီးကတော့ ပညတ်နယ်ထဲမှာတဲ့ မနောရဲ့အာရုံသည်တဲ့ လောကုတ္တရာထဲမှာဖြစ်နေပြီတဲ့။ ကိလေသာ ဘာမှမရှိဘူး။ ဒီရုပ်ကလည်း ဘာမှ သဘောပဲ။ ဒါပေမယ့် ရုပ်သဘော၊ နာမ်သဘောသိတယ်။ ဒီရုပ်တွေကို သူသိသေးလား၊ သူသိတယ်မပြောဘူး။ မသိဘူး လည်းမပြောဘူး။ သဘောပဲတဲ့။ အာရုံကို သူဖြစ်သွားပြီတဲ့။ တရားသဘောပဲ။ အဲဒီတော့မှ ပရမတ် ကနေပြီးတော့ ပြန်ဆင်းလာတယ်တဲ့။ ပြန်ဆင်းလာတော့ ပညတ်တွေဟာ ဩော် ဘာမှ သဘောပါ လား။ ငါသိပြီတဲ့။ အဲဒီတော့ ပရမတ်ကိုမြင်မှ ပညတ်စင်တယ်တဲ့နော်။ ပညတ်စင်ပြီဗျ။ ဟိုမှာ အတွယ် အတာသွားပြီးတော့ရတာနဲ့တစ်ပြိုင်နက်ထဲ ဒီဟာတွေသိသွားပြီဗျ။ သဗ္ဗေ သင်္ခါရ အနိစ္စာ၊ သဗ္ဗေ သင်္ခါရ ဒုက္ခာ၊ သဗ္ဗေ သင်္ခါရ အနတ္တာ။ ဩော် အိုခြင်းတရား၊ နာခြင်းတရာ၊ သေခြင်းတရားတဲ့နော်။ အဲဒီတော့ မလွတ်နဲ့။ ပရမတ်လောကီကနေ လောကုတ္တရာ။ အဲဒီတော့ သူအာရုံလေးကို အဲ သူဖြစ်နေပြီတဲ့။ ဩော် ပြန်ဆင်းလာတော့ ဩော် အေး အေး အေး၊ အေး အေး ပဲပြောပြီတဲ့။ ဦးဇင်း က ဒီလိုပဲသဘော

လေးတွေပေါ့ဗျာ။ အဲဒါလေးတွေဟာဆိုရင် သီလက အရေးကြီးပါတယ်ဗျာ။ ကိုယ့်စိတ်ကို ကိုယ်စစ်ပါဗျာ။ တရားထိုင်တဲ့အခါမှာ ခင်ဗျားတို့ ယောဂီပုဂ္ဂိုလ်တွေ တရားထိုင်တဲ့အခါမှာ တရားစင်ပေါ်မှာ နီဝရဏတွေဝင်သလား၊ ကိလေသာတွေထိုးသလား၊ ထိုးလို့ရှိရင် အတွင်းအာရုံမှာ ကိလေသာတွေနဲ့ ထိုးရင် အဲဒီတော့ ဘာလို့ ငါထိုးသလဲ။ ကိုယ့်စိတ်ကိုယ်စစ်၊ ငါနေတာထိုင်တာ မဟုတ်လို့ ငါထိုးပါလား။ ငါ့မြေးတွေ၊ သားတွေ၊ သမီးတွေနဲ့နေလို့ ထိုးပါလား။ ငါ ကိလေသာအာရုံထဲမှာနေပါလား။ ငါဘာဖြစ် လို့ ဉာဏ်မပေါက်လဲ။ အဲဒီတော့ ငါနေတာက မစင်ကြယ်လို့ ငါဉာဏ်မပေါက်တာ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာလည်း မစင်ကြယ်ဘူးတဲ့။ အဲဒီတော့ ခင်ဗျားတို့ ထိုင်တာ။ ထိုင်နေတာကတော့ ကံပဲဗျ။ ကောင်းတဲ့ကံတွေပဲ။ ကောင်းတဲ့အကျင့်တရားတွေပါပဲ။ မှန်တယ်ဗျို့ သိပ်မှန်တယ်ဗျ။ အဲဒီဉာဏ်ရမှ အဲဒီအာရုံ(၆)ပါး ရုပ်နဲ့ပတ်သက်တဲ့ နာမ်ခန္ဓာ(၄)ပါး။ အဲဒါကိုကြည့်ပေါ့ဗျာ။ အဲဒါ ဉာဏ်က အဲဒါ ဉာဏ်၊ ဒါကြောင့်မို့ ဝိဇ္ဇာဉာဏ်၊ သစ္စာဉာဏ်နော်။ အဝိဇ္ဇာကို ပယ်လိုက်တယ်။ အဝိဇ္ဇာကိုပယ်ရင် ဝိဇ္ဇာဉာဏ်ဝင်လာပြီ။ တစ်ချက်တည်းလုပ်တာ နှစ်ချက်ပြီးတာ။ အဲဒါပဲ တစ်ချက်လုပ်တာ အလုပ်နှစ်ခုပြီးတာ။ အဲဒါပဲဗျို့ ကိုယ့်စိတ်ကို စစ်ပေတော့။ အထူးသဖြင့် သည်းခံပါတဲ့။ ကိုယ့်စိတ်ကို ကိုယ်စစ်ပါတဲ့။ ဘယ်သူဘာပြောပြော သည်းခံ။ အေး အေး အေး ကလေးလေး ခွေးကိုက်တာတောင် သွားမရိုက်နဲ့တဲ့နော်။ ကိုက်ပါစေကွာ။ သည်းခံလိုက်။ အဲဒါ တရားလေးထိုင်လိုက်။ အဲဒီတော့ ဒီအာရုံတွေကို မစွဲပါနဲ့တဲ့။ တွယ်တော့ တွယ်ထားပါတဲ့နော်။ မစွဲနဲ့ စွဲရင်တော့ ကိုယ့်အကြောင်းပဲတဲ့။ အကြောင်းကို သတ်တတ်အောင်သတ်ပါတဲ့။ အကျိုးပေါ်က အကြောင်းကြီးဖြစ်နေပြီ။ အကျိုးပေါ်က မြင်လိုက်တာအကြောင်း၊ ကြားလိုက်တာအကြောင်း၊ နံလိုက်တာအကြောင်း။ အဲဒါ လို၊ မလို အဲဒါလေးတွေ အဲဒီအာရုံလေးတွေကတော့ သဘာဝမျက်စိနဲ့ မြင်လိုက်တဲ့ အာရုံပဲ။ အဲဒီအာရုံကို ကိုယ်က လို၊ မလိုဆိုတဲ့ စိတ်ကလေးဖြစ်သွားရင် အဲဒါ ဥပါဒါန်ပဲတဲ့နော်။ အနုစယကိလေသာကိုသတ်ဖို့က အင်မတန်အရေးကြီးတယ်။ အနုစယကိလေသာကို သတ်နိုင်အောင် ကြိုးစားပါတဲ့။ အဲဒီအနုစယကိလေသာကိုသတ်ချင်ရင် ခင်ဗျားဤမဂ်ဘက်ကမ်းက ဟိုဘက်ကမ်းကို တွေ့ပါလိမ့်မယ်တဲ့။ ဒီဟာက သိပ်အရေးကြီးပါတယ်နော်။ ဒီဘုံဟာ အင်မတန်မှ ထူးမြတ်ပါတယ်တဲ့။ ဘာနဲ့မှ မတူပါဘူးတဲ့နော်။ ဦးဇင်း တို့က ကမ္ဘာတည်ဦးကတည်းက ဘဝတွေ၊ ဘဝတွေ၊ ဘဝတွေ မြုပ်မျောလာရတယ်တဲ့။ နောက်ကိုကြည့်လိုက်တဲ့အခါကျတော့ ဦးဇင်းတော့ ကြောက်သွားပြီတဲ့။ ဟာ ကျင့်တော့သိတယ်၊ သိတော့ မြင်တယ်တဲ့။ မြင်တော့ ကြောက်ပြီတဲ့။ တစ်ခါတည်း အလွတ်ရုန်းတော့တာပဲ။ အဲဒီလိုလုပ်ပါတဲ့။ အဲဒါ ဒကာကြီးတို့၊

ဒကာမကြီးတို့၊ ဒကာလေးတွေ၊ ဒကာမလေးတွေ နောက်ဆုံးဘာလဲ ဓမ္မသာဝက ဒါကြောင့်မို့ ဒုလ္လဘ(၅)ပါးထဲမှာပါပါတယ်။ သဒ္ဓမ္မသာဝနံ သူတော်ကောင်းရဲ့တရားစကား နာကြားရပေခြင်းကိုလည်း ခဲယဉ်းစွာရအပ်ပေ၏။ သူ့ဆီက စကားက ခန္ဓာထဲကကျင့်တဲ့တရားပါတဲ့။ အမှန်ကိုပေးလိုက်တာပါ။ အင်မတန်သည်းခံပါတဲ့။ လာတာလည်း တစ်ယောက်တည်းတဲ့။ ပြန်တော့လည်း တစ်ယောက်တည်းပဲတဲ့နော်။ အဲဒါတွေ ကိုယ်က စွဲတာ။ စွဲရင် ဥပါဒါန်တဲ့။ ဥပါဒါန်ဖြစ်တာနဲ့ ကံဖြစ်တယ်တဲ့။ ကံက ကောင်းတဲ့ကံ၊ မကောင်းတဲ့ကံပဲတဲ့။ ကိုယ်ကတွေးကြည့်ပေါ့တဲ့။ အဲဒီတော့ ဥပမာလေးပြောရမယ်ဆိုရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးရဲ့ ဘုရားကြီးဟာ ပရိနိဗ္ဗာန်စံတော်မူတယ်လို့ ပြောပါတယ်တဲ့။ အာယုသင်္ခါရလွှတ်တယ်လို့ ပြောပါတယ်။ အဲဒီနှစ်ချက်ရှိတယ်။ အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အာယုသင်္ခါရလွှတ်လိုက်တဲ့အခါ အရှင်အာနန္ဒာကျန်ပါတယ်တဲ့။ ရှင်အာနန္ဒာဟာ စာ အားကြီးတတ်ပါတယ်တဲ့။ အကုန်လုံး သူက နတ်ပြည်ဟောလည်း အကုန်လုံး ဒီတရားတွေ သူ ရတယ်၊ ဟိုအောက်လည်း သူ ရတယ်။ လူ့ပြည်လည်း ရတယ်။ ဘုရားကြီး ပရိနိဗ္ဗာန်စံတော်မူတဲ့အခါကျတော့ အဲ သူ့မှာ ရဟန္တာမဖြစ်ဘူး။ စာတော့ တတ်နေတယ်။ အဲဒီတော့ ရဟန္တာပေါင်း (၅၀၀)က ခုနက ဆဋ္ဌသံဃာတင်ဖို့ မပြောတတ်လို့၊ အဲဒါကြီးတွေကို သူ့ကိုပိတ်တယ်တဲ့။ ဒီပုဂ္ဂိုလ်က စာအားကြီးတတ်တယ်။ ဒီပုဂ္ဂိုလ်ကိုပင့်မယ်ဆိုတော့ ပင့်တဲ့အခါကျတော့ သူက ရဟန္တာမဖြစ်သေးဘူး။ မဖြစ်တော့ သူကလည်းကျင့်ရတယ်နော်။ စာတတ်ကြီး။ အဲ သူတစ်ညလုံးကျင့်တာပဲ။ မရတဲ့အဆုံးကျတော့ မနက်မိုးလင်းတော့ ဟာ ငါတော့မရတော့ပါဘူးဆို စိတ်ပျက်သွားတယ်။ အဲဒီတော့မှ ဟုတ်ဆို ရဟန္တာဖြစ်သွားတယ်။ အဲဒီတော့မှ ဖြစ်တော့မှ ရသွားတယ်တဲ့။ ဒီတရားကို ကျင့်ပေးရတယ်တဲ့။ ဒါကြောင့်မို့ ကိုယ့်ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ဒကာလေး တွေ၊ ဒကာမလေးတွေ ကျင့်ကြပါတဲ့နော်။ အထူးသဖြင့် ဒီတရားကို အဲ ကျင့်ကြပါတဲ့။ ဦးမြမောင် နဂိုမူလက ခင်ဗျားတို့မြင်ဖူးပါတယ်၊ ကြားဖူးပါတယ်။ ဒီလူကြီးဟာ လူဆိုးပါ။ ပုလိပ်ကိုတော့ အပြစ်မပြောပါဘူး။ ပုလိပ်လဲရောက်လာတော့ အဲ ပေါ့ပေါ့နေတာကိုဗျ။ လခလေးက အချိန်ကြ သွားထုတ်တာပေါ့။ အဲ ဟိုနေရာဝင်သွား၊ ဟိုနေရာဝင်သွား။ ပိုက်ဆံက ပေါ့ပေါ့ရနေတာကိုဗျ။ ပေါ့ပေါ့ရတော့ အဲဒါတွေစားလိုက် သောက်လိုက်၊ စားလိုက်သောက်လိုက် ပျောက်နေတာ။ သူပျော်နေတာ။ အပါးလည်တော့ အပါယ်ဆိုက်တော့မယ်နော်။ အေး ဦးမြမောင် မသိတော့ လုပ်မိပါတယ်။ အပြစ်မပြောပါဘူး။ စိတ် စိတ် စိတ်ကိုအလိုလိုက်တာ။ အဲဒီအကျိုးပေါ်ကနေအကြောင်းတွေက အင်မတန်မှ ဒီအကြောင်းက အင်မတန်မှအလိုလိုပေါ့ဗျာ။ မပြောတတ်လို့နော်။ အဲဒါလေးတွေကို ဒီလိုလုပ်လာရင်တဲ့ အဓိသီလမရှိပါဘူးတဲ့။ ခင်ဗျားတို့

သီလတွေယူလာတယ်တဲ့။ ပါဏာတိပါတာ၊ အဒိန္နာဒါန ယူလာပြီးတဲ့အခါမှာ အဲဒါ သညာသီလ ခေါ်ပါတယ်တဲ့။ အဲဒီသီလထက်ကြီးတဲ့အာရုံမှာ ဟိုမှာ သားသမီးတစ်ခုခုဖြစ်သွားရင် ဒီအာရုံကို မေ့သွားပါပြီတဲ့။ ဟိုအာရုံကိုသွားစွဲတယ်တဲ့။ အဲဒါ သင်္ခါရကြောင့်ပြောင်းတာတဲ့။ အဲဒါ အာရုံပြောင်း လိုက်တာနော်။ ဒါကြောင့်မို့ ကိလေသာကာမဂုဏ်အာရုံကြီးကို သူ့ကို အဲဒီလိုပေါ့ဗျာ။ အဲဒါကို ကိုယ်ကသိထားရမှာပေါ့ဗျာ။ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ (၃)ချက်ကို ပြီးမြောက်အောင်လုပ်လိုက်ပါ တဲ့။ တစ်ချက်တည်းနဲ့ ဝပ်မနေပါနဲ့တဲ့။ ပရိယတ္တိနဲ့ မနေပါ နဲ့တဲ့။ ပဋိပတ္တိကို လုပ်လိုက်ပါတဲ့။ ပဋိပတ္တိ ကို လုပ်မှသာလျှင် မနောရဲ့အကြောင်းတွေကို သိပါလိမ့်မယ်။ ကိုယ့်စိတ်ကို ကိုယ်စစ်တဲ့အခါကျတော့ ခြောက် ကိလေသာများကို ဝေးကွာတော်မူပြီး တစ်ခုသောအာရုံ ငါ့မှာဖြစ်နေပါလား။ အဲဒီတော့မှ ခင်ဗျားတို့ရဲ့စာထဲမှာရေးထားတာတော့ ဖတ် သတိပေါ့ဗျာ။ အဲဒီလိုဖြစ်တော့မှ ဟာ အဲဒီတော့မှ ကိလေသာ ကာမဂုဏ်ကနေပြီးတော့ လောကီကာမဂုဏ်ကနေ လောကုတ္တရာအာရုံကိုရောက်သွားပြီ။ ဘာမှ သူ့မှာ ကိလေသာနဲ့ပတ်သက်တဲ့ဟာကို စွဲလမ်းခြင်း သူ့မှာမရှိတော့ဘူး။ အဲဒီမှာ အခုခင်ဗျားတို့ တရားထိုင်တာလည်း ကိုယ့်စိတ်ကို ကိုယ်စစ်။ ခိုင်းတယ်တဲ့။ အာရုံတွေရှိသလားတဲ့။ ရှိရင် အဲဒါ ခင်ဗျား တို့ရှိရင်တဲ့ အပြင်မှာမစင်ကြယ်လို့ ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ် ဘူး။ အပြင်မှာ ခင်ဗျားစင်ကြယ်ပါ။ ကြည့်ပြီးနေပါတဲ့။ ကြည့်ပြီးထိုင်ပါတဲ့။ စကားမပြောပါနဲ့တဲ့။ အဲ လူတွေနဲ့သွားသွားပြီးတော့ ပိုင်းမဖွဲ့ပါနဲ့တဲ့။ ကိုယ့်တရားကို အခြေခံမူလ အခြေလုပ်ပါတဲ့။ ကိုယ့်စိတ် ကို ကိုယ်စစ်ပါတဲ့။ အဲ တောထဲမှာထိုင်တဲ့အခါကျတော့ ကျောင်းမှာပဲထိုင်၊ ပြန်စစ်ဦးတဲ့။ စစ်တဲ့အခါ ကျတော့ ကိလေသာများကို ဝေးကွာတော်မူပြီ။ တစ်ခုသောအာရုံဖြစ်ပြီး အဲဒါ အဓိသီလခေါ်တယ်။ အပ္ပမာဒေန သမ္ပာဒေထ။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အဲဒါသီလပဲတဲ့။ အဲဒါ ပဋိပတ္တိရဲ့ သီလ၊ ပရိယတ္တိရဲ့သီလက သီလလေးယူလာပြီးတော့ အဲ အိမ်ရောက်တော့ ထမင်းလေးတွေ၊ ဘာလေးတွေ စားတော့ အခုနကပြောသလို မုဆိုးကြီးခွေးကိုက်နေရော။ အဲဒီအမြင် မြင်တော့ ခွေးဆင်းရိုက်ရော။ လည်ပင်းမှာတော့ စိပ်ပုတီးနဲ့နော်။ အဲဒါ ခွေးရိုက်တယ်ဆိုပဲ။ ခွေးရဲ့အာရုံကို သွားစွဲတာကိုဗျ။ ခွေးရဲ့ အာရုံစွဲတော့ အဲဒီအာရုံကို ကိုယ့်ရဲ့သိတဲ့သညာက အဲဒီမှာ အမယ်လေး မုဆိုးကြီးမြဲသွားပါလား ဘာလားဆိုတော့ အဲ ဒေါသ၊ မောဟတွေဖြစ်တာပေါ့ဗျာ။ အဲ သဘောလေး၊ သဘောလေး။ အဲဒီ အာရုံ(၆)ပါးတဲ့ ကိုယ့်ကိုဒုက္ခပေးနေပါတယ်တဲ့။ အဲဒီအာရုံ(၆)ပါးကိုသတ်နိုင်တာက ဉာဏ်ပါပဲတဲ့ဗျာ။ အတွင်းရဲ့စိတ်ကလေးတွေကြည်နေအောင် အဲ အတွင်းရဲ့တရားထိုင်တဲ့အခါမှာ အတွင်းမှာကြည်လင်မှ အပြင်မှာကြည်လင်တယ်။ အဲဒီလိုလုပ်ပါတဲ့။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

( သာဓု .... သာဓု .... သာဓု .... ပါ ဘုရား။ )

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်

ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း

ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတ ၏

# ဝိသုဒ္ဓိဝိပဿနာတရားအားထုတ်နည်း

ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်အမှတ်(၁၀၀)

ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးအဖွဲ့
09-250432050, 09-251620128
09-447572355

ရောဂတိတိုင်းဒေသကြီး ၊ မြောင်းမြမြို့
ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)
အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်
ဝိသုဒ္ဓိ နှင့် အောင်သစ္စာ
ဝိသုဒ္ဓိ မှ ဝိမုတ္တိ

# ဝိသုဒ္ဓိဝိပဿနာ

ဝိသုဒ္ဓိဝိပဿနာသည်

**မဂ္ဂင် (၈) ပါး**

အခြေခံထား၍

**သတိပဋ္ဌာန် (၄) ပါး**

ကျင့်စဉ်ဖြင့်

**ဗိုလ်ငါး (၅) ပါး**

ဦးစီး၍

**ဝိသုဒ္ဓိ (၇) ပါး**

ပိုင်ဆိုင်အောင်

**သစ္စာ (၄) ပါး**

သိမြင်အောင်

အားထုတ်နည်းပင်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီး ၊ မြောင်းမြမြို့

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း (ဝိသုဒ္ဓိကျောင်း)

အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်


ဝိသုဒ္ဓိ နှင့် အောင်သစ္စာ

ဝိသုဒ္ဓိ မှ ဝိမုတ္တိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဝိသုဒ္ဓိ မှ ဝိမုတ္တိ

( သီလ ၊ သမာဓိ ၊ ပညာ )




## ❀ ဝိသုဒ္ဓိမေတ္တာပို့ ❀

သတ္တဝါများစွာ ဘေးရန်ကွာ လောဘဒေါသငြိမ်းပါစေ။
သက်ရှည်ကျန်းမာ စိတ်ချမ်းသာ လိုရာဆန္ဒပြည့်ပါစေ။
မေတ္တာလွှမ်းခြုံ (၃၁)ဘုံ ကြည်လင်အေးမြကြပါစေ။

# ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတ ထေရုပ္ပတ္တိ သာသနာမှတ်တမ်းအကျဉ်း

## ငယ်နာမည် ဦးမြမောင်

ဝိသုဒ္ဓိဆရာတော်ကြီးသည် ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာတွင် ခမည်းတော် ဦးချိုးတိုး၊ မယ်တော် ဒေါ်အုံးမေ တို့မှ ၁၂၉၀ ခုနှစ်၊ တော်သလင်းလဆန်း(၁၃)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သည်။ လူ့ဘဝနာမည်မှာ ဦးမြမောင် ဖြစ်သည်။

## ဦးမြမောင် စာမတတ်

မွေးချင်း(၆)ယောက်ရှိပြီး ငယ်စဉ်ကပင် မွေးချင်းအားလုံးသေဆုံးခဲ့သည်။ ဆရာတော်တစ်ပါးသာလျှင် ကျန်ရှိသည်။ ငယ်စဉ်က အခြေခံမူလတန်း(၂)တန်းသာ တက်ရောက်ခဲ့သည်။ ထို့ကြောင့် စာမတတ်ချေ။ စာမတတ်ပါ။

## ရဲသားဘဝ

အသက်(၁၃)နှစ်သားအရွယ်တွင် မိဘများနှင့် မြောင်းမြမြို့သို့ရောက်ရှိခဲ့ပြီး ကြုံရာကျပန်း ကူလီအလုပ်ဖြင့် အသက်မွေးခဲ့ရသည်။ (၁၈)နှစ်တွင် ရဲတပ်ဖွဲ့သို့ဝင်ရောက်အမှုထမ်းခဲ့သည်။ ရဲသဘောတွင် သဘောကြိုးချည်ရသော ရဲသားဖြစ်သည်။

## ဒေါ်မြ နှင့် အိမ်ထောင်ကျ

အသက်(၂၄)နှစ်အရွယ်တွင် ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့မှ ဒေါ်မြ နှင့် အိမ်ထောင်ကျခဲ့သည်။ မြောင်းမြမြို့ မြိုင်မာလာရပ်ကွက်၊ (၂)လမ်းတွင်နေထိုင်ခဲ့သည်။ သားသမီး(၃)ယောက် ထွန်းကားခဲ့သည်။

## လူ့ဘဝမကောင်းမှုများပြုလုပ်ခဲ့

ရဲတပ်သားဘဝတွင် ထီပေါက်ပြီး ရဲတပ်သားဘဝမှ ဆေးပင်စင်နှင့်ထွက်ခဲ့သည်။ ထီပေါက်သော ငွေဖြင့် သုံး၊ ဖြုန်း၊ သောက်စား၊ မူးယစ်၊ အပျော်အပါးလိုက်စား၊ မိန်းမရှုပ်ခဲ့သည်။ ထီပေါက်သော ငွေများကုန်သောအခါ အရပ်ထဲတွင် ရေထမ်းရောင်းရခြင်း၊ အနှိပ်သည်လုပ်ရခြင်းတို့ဖြင့် အသက်မွေး ခဲ့ရသည်။ လူ့ဘဝမကောင်းမှုများနှင့် ဆိုးသွမ်းလွန်းသဖြင့် မိသားစုများကပင် ဦးမြမောင် ၏ ဆိုးသွမ်း မှုဒဏ်ကို မခံနိုင်တော့သဖြင့် ဇနီးဖြစ်သူမှာ ဦးမြမောင် တစ်ယောက်တည်းကို ထားပစ်ခဲ့ကာ သမီးကြီး ရှိရာ ဧရာဝတီတိုင်း၊ လပွတ္တာမြို့သို့ သွားရောက်နေထိုင်ခဲ့သည်။

## သံဝေဂရခြင်း

ထိုအခါကျမှ သံဝေဂရကာ ကောင်းတာလုပ်၊ ကောင်းတာဖြစ်မှာပဲလို့ စဉ်းစားမိပြီး တရားစတင် လုပ်ခဲ့သည်။ တစ်နေ့ ရေထမ်းလာရင်း ရပ်ကွက်ထဲ အိမ်တစ်အိမ်မှ သဲအင်းဂူဆရာတော်ဘုရားကြီး တရားကက်ဆက်ခွေ ဖွင့်သံကြားရ၍ ရေထမ်းချကာ တရားနာခဲ့သည်။ သဲအင်းဂူဆရာတော်ကြီး တောင် ခါးပြတိုက်၊ ဆိုးသွမ်းရာကနေ တရားရအောင်လုပ်နိုင်သေး၊ ငါလည်း ဓားပြတော့မတိုက်ခဲ့ ဘူး။ တရားလုပ်ရင် ရမှာပဲလို့ ဆုံးဖြတ်ချက်ချကာ အသက်(၄၅)နှစ်တွင် တောထဲထွက်၍ တရားစတင် ကျင့်ခဲ့သည်။

## သွေးသားလည်းပြောင်း စိတ်လည်းပြောင်းပြီ

လူဝတ်ဖြင့် တောထဲတွင် (၂)နှစ်ကျော်ကြာ တရားကျင့်ခဲ့သည်။ အသက်(၄၇)နှစ်တွင် ကိုရင်ကြီးဝတ်ခဲ့သည်။ ကိုရင်ကြီးဘဝဖြင့် (၆)နှစ်ကျော်ကြာ မြောင်းမြမြို့ပတ်ဝန်းကျင် တောထဲတွင် တရားကျင့်ခဲ့သည်။ ဆရာတော်ကြီးမှာ သွေးသားလည်းပြောင်းခဲ့သည်။ စိတ်လည်းပြောင်းခဲ့သည်။

## ရဟန်းဘောင်ဝင်ရောက်ခြင်း

အသက်(၅၄)နှစ်တွင် မြောင်းမြမြို့ ပဋ္ဌာတာရုံပါဠိတက္ကသိုလ်(တိုက်ဟောင်း)တွင် ဆရာတော် ဦးဝံသပါလ ကို ဥပဇ္ဈာယ်ပြု၍ ၁၉၈၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်၊ ၁၃၄၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက် နေ့တွင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ရဟန်းဒါယကာမှာ ဦးဆန်းအောင် (ဦးစန်းလွင်) ဖြစ်သည်။

## ပဋိပတ္တိ ပွင့်လင်းစေခြင်း

ဝိသုဒ္ဓိဆရာတော်ကြီး ပရိယတ္တိမကျွမ်းကျင်သော်လည်း ပဋိပတ္တိဖြင့် ကျင့်ကြံပွားများအားထုတ်ခဲ့ပြီး ရရှိထားသော ခန္ဓာကျင့်၊ ခန္ဓာသိတရား အကျင့်များဖြင့် ဝေနေယျတို့အား ဟောကြားပြသဆိုဆုံးမခဲ့ပါသည်။

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်းဝန်းတွင် သံဃာအပါး(၈၀)ကျော်၊ သီလရှင်အပါး(၈၀)ကျော်၊ အမြဲနေယောဂီ(၂၀)ကျော်တို့အား စားသောက်ရေး၊ နေထိုင်ရေး၊ ဝတ်ဆင်ရေး၊ ကျန်းမာရေး အစစတာဝန်ယူကာ မကြောင့်မကြဘဲ တရားဘာဝနာ ပွားများနိုင်ရန် ဆောင်ရွက်ပေးထားတော်မူသည်။

## သာသနာ့အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း

မြန်မာပြည်အရပ်ရပ်မှ ဒကာ၊ ဒကာမများကလည်း ဆရာတော်ကြီးအား လာရောက်ဖူးမျှော်ကြည်ညိုခဲ့ကြပြီး တရားဘာဝနာ အားထုတ်ခဲ့ကြသည်။ ဆရာတော်ကြီးမှ ဒကာ၊ ဒကာမများ လှူဒါန်းသော ဝတ္ထုငွေကြေးများဖြင့် ကျောင်း၊ ရေတွင်း၊ ရေကန်များကို သိန်းပေါင်း(၂၀၀၀)ကျော်မျှ ဆောင်ရွက်ပေးထားတော်မူသည်။

## စေတီတော် ၂၃ ဆူ တည်ထားပေးခြင်း

အတိတ်က ပဋ္ဌာန်းဆက်များ၏ တောင်းပန်လျှောက်ထားချက်အရ စေတီတော် ၂၃ ဆူကို မြောင်းမြ၊ ဝါးခယ်မမြို့နယ်၊ အိမ်မဲမြို့နယ်များတွင် သိန်းပေါင်း ၃၀၀၀ ကျော်မျှ အကုန်ကျခံကာ တည်ထားပေးခဲ့သည်။ ၎င်းစေတီ ၂၃ ဆူအနက် မြောင်းမြမြို့နယ်၊ ပိန္နဲကုန်းကျေးရွာရှိ အောင်သစ္စာမဟာဓါတ်ပေါင်းချုပ်ဘုရားမှာ လွန်ခဲ့သော ၁၈ နှစ်က စတင်တည်ထားခဲ့ပြီး ပြီးစီးနေသည်မှာ ၁၆ နှစ်ကျော်ပြီဖြစ်သည်။ ယခုတိုင် ထီးမတင်သေးပေ။ (ဘုရားသမိုင်းအကျယ်ကို အမှတ်(၄၈)မှစ၍ နေလဂျာနယ်တွင် ဖတ်ရှုနိုင်ပါသည်။) ၎င်းဘုရားနှင့် ဆရာတော်ကြီးမှာ အတိတ်သမိုင်းကြောင်း အကျိုးဆက်ရှိခဲ့သည်။

## ခန္ဓာကျင့်၊ ခန္ဓာသိတရား

ဆရာတော်ကြီး ဟောကြားခဲ့သော ခန္ဓာကျင့်၊ ခန္ဓာသိတရား အနည်းငယ်ဖော်ပြရလျှင် -

ငယ်စဉ်တောင်ကျေးက မိဘက ကျောင်းမထားနိုင်လို့ စာမတတ်တာပါ။ စာမတတ်တဲ့အတွက်

ကိုယ်လုပ်နိုင်တဲ့ ဝိပဿနာခန္ဓာကျင့်ကို ကျင့်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ထားခဲ့သော ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ သာသနာသုံးရပ်မှာ ပရိယတ္တိကို မကျွမ်းကျင်၍ ပဋိပတ္တိအကျင့်ကို ခန္ဓာနှင့်ရင်းပြီး ကျင့်ပါတယ်။ စာကို မပယ်ပါ။ ဒီလိုကျင့်နိုင်တာကလည်း သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဆိုတဲ့ ပရိယတ္တိစာတွေရှိလို့ ကျင့်နိုင်တာပါ။ ခန္ဓာကို တကယ်ကျင့်ပြီး သိလို့ ခန္ဓာသိတရား ဟောနိုင်တာပါ။ ဦးပဥ္စင်း ကို ကြည်ညိုပါလို့မပြောဘူး။ ဦးပဥ္စင်း ဟောတဲ့အသိကိုတော့ ယူထားပါ။

အသိတစ်လုံး အမြတ်ဆုံး၊ မရှိတာ ရှာရင်ရတယ်၊ မသိတာ အခက်ဆုံး။ ဘယ်အသိတွေလဲ။ ခင်ဗျားတို့တစ်တွေမှာ စက္ခုအာရုံ၊ နားသောတအာရုံဆိုတဲ့ အာရုံငါးပါးကို မနောက အမှတ်နဲ့ယူထားတယ်။ အမှတ်ဆိုတာ ပါဠိလို သညာလို့ခေါ်တယ်။ ဒီအမှတ်နဲ့ယူလိုက်တဲ့အတွက် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတွေဖြစ်ကုန်တာပဲ။ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်။ တဏှာပြတ်မှ မာန်ပြတ်မယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိပြတ်မှ သံသရာပြတ်မယ်။ သံသရာလည်စေတာ သူတို့ပဲ။ တရားထိုင်ကြ၊ တရားထိုင်နေတဲ့အချိန် ကာယကံ၊ ဝစီကံလုံနေပြီ။ မနောကိုသတိ၊ ဝင်သွားတဲ့လေ၊ ထွက်သွားတဲ့လေကို သတိလေးကပ်မှတ်ရတယ်။ ထိ၊ သိ သိလို့ မှတ်နေ။ ဆိုလည်း မနေရဘူး။ ထိတာက ရုပ်၊ သိတာက နာမ်၊ ထိတာလည်း မမြဲဘူး၊ သိတာလည်း မမြဲဘူး။ အဲ့ဒါ အနတ္တ၊ မမြဲတော့ မစွဲဘူး။ မစွဲတော့ အေးတယ်။ တရားထိုင်ချိန်မှာ မဂ္ဂင်ရှစ်ပါး အကျုံးဝင်နေပြီ။ ကိုယ့်စိတ် ကိုယ်စစ်ပါ။ ဘာနဲ့စစ်မလဲ။ မဂ္ဂင်ရှစ်ပါးနဲ့စစ်ပါ။ ဒီတရားတွေဟာ ခန္ဓာကျင့်၊ ခန္ဓာသိတရားတွေ။ ယူတတ်ရင် လိုက်နာတတ်ရင် သိပ်ထားတာပေါ့။ ပစ္စည်းဥစ္စာဆိုတာ ပေးလို့ရတယ်။ အသိကိုတော့ ပေးလို့မရဘူး။ ယူတတ်မှရတယ်။ ဒီက ဉာဏ်ရထားတော့ ဉာဏ်ရတဲ့သူဆီက အသိကို မိမိနှလုံးသားမှာ အသိဝင်သွားရင် ဉာဏ်မျိုးစေ့ရတာပဲ။ အဲဒါ ပဋိဝေဓခေါ်တယ်။ ဉာဏ်ရမှာ ပေးလို့ရတာ။

ဓမ္မစေတီ

ဆရာတော်ကြီး၏ ခန္ဓာကျင့် ခန္ဓာသိ တရားတော်များ ဟောကြားခဲ့သောနေရာများမှာ -

မြောင်းမြ ရွှေသာလျောင်းဘုရား၊ ပုသိမ် ရွှေမုဋ္ဌောဘုရား၊ ရွှေမြင်တင်စေ တီ၊ ဝါးခယ်မဓမ္မာရုံ၊ မန္တလေးမဟာမြတ်မုနိဘုရားကြီး၊ ပဲခူး ရွှေမုဓောဘုရား၊ ပျဉ်းမနား ဈေးကုန်းစာသင်တိုက်၊ မိတ္ထီလာ ဖောင်တော်ဦးဘုရား၊ မုံရွာ ဆုတောင်းပြည့်ဘုရား၊ ပခုက္ကူ ဖောင်တော်ဦးဘုရား၊ ပြည်မြို့ ရွှေလက်လှ ဓမ္မာရုံ၊ ရန်ကုန်မြို့ကတွင် ရွှေတိဂုံဘုရား၊ ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရား၊ ကျိုက္ကဆံဘုရား

(သင်္ကန်းကျွန်း)၊ ဖိနတ်မာန်အောင်ဘုရား (သာကေတ)၊ ကိုးထပ်ကြီးဘုရား (စမ်းချောင်း)၊ ကြေးသွန်းဘုရားကြီး၊ ရွှေဘုန်းပွင့်ဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ အောင်ဇောတိဘုရား (တောင်ဒဂုံ)၊ မိုးကောင်းဘုရား၊ ရန်မျိုးအောင်ဘုရား (သင်္ကန်းကျွန်း)၊ မဟာသက္ကြိန်ဘုရားကြီး(ဒလ)၊ သန်လျင်မင်းကျောင်း၊ ပထမပြန်စာသင်တိုက်၊ ရွှေပြည်သာ ပဋ္ဌိပတ္တိစာသင်တိုက်၊ ဘုရားဖြူစာသင်တိုက် (ပုဇွန်တောင်)၊ ကျောက်တန်း သာသနာ့ဗိမာန်တို့တွင် တရားပွဲပေါင်း ၇၀ ကျော် မြန်မာပြည်အနှံ့ ခန္ဓာသိတရား ဟောကြားခဲ့သည်။ တရားပွဲများတွင် ဒကာ၊ ဒကာမများ လှူဒါန်းသော အလှူငွေစုစုပေါင်း ၇၄ သိန်းကျော်ကိုလည်း သက်ဆိုင်ရာဂေါပကနှင့် အဖွဲ့များသို့ ဆရာတော်ကြီးမှ ပြန်လည်လှူဒါန်းခဲ့သည်။

တရားပွဲများတွင် တရားနာပရိသတ်အပေါင်းမှ ဆရာတော်ကြီး၏ ခန္ဓာသိတရားတော်များကို နှစ်သက်ကြည်ညိုကြသည်။ တရားပွဲတစ်ပွဲလျှင် ပရိသတ်ထောင်ကျော်ရှိသည်။ လှူဒါန်းကြသည်မှာလည်း ကြိတ်ကြိတ်တိုးလှူဒါန်းကြသည်။ 'ဝတ္ထုငွေကြေးကို ယူတာမဟုတ်၊ စေတနာကို ယူသွားတာ။ စေတနာကလည်း မှန်ရမယ်။ ဝတ္ထုပစ္စည်းကလည်း စင်ကြယ်ရမယ်။ အလှူခံပုဂ္ဂိုလ်ကလည်း မှန်ရင် ဆုမတောင်းနဲ့။ ခင်ဗျားတို့ မင်္ဂမျိုးစေ့ရပြီ။ စေတနာမှန်ဖို့လိုတယ်။ ပကာသန စေတနာ၊ ဘယာစေတနာ လှူတာနဲ့ အဓိပတိစေတနာနဲ့ လှူတာမတူဘူး။ လှူတဲ့သူအပေါ်မူတည်တယ်။ ဘုရားလှူရင် ဘုရားမျိုးစေ့ရမယ်။ ရဟန္တာလှူရင် ရဟန္တာမျိုးစေ့ရမယ်။ ကံလှူရင် ကံမျိုးစေ့ရမယ်။ ဉာဏ်သမားလှူရင် ဉာဏ်မျိုးစေ့ရမယ်။ လှူတတ်ဖို့လိုတယ်' ဟု ဟောကြားခဲ့သည်။

## ပြည်ပသာသနာပြု

ဒကာ၊ ဒကာမများ၏ ပင့်လျှောက်ချက်အရ တရုတ်ပြည်၊ ထိုင်ဝမ်သို့ ၁၉၉၄ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၉၆ ခုနှစ်တွင် ထိုင်ဝမ်သို့ ဒုတိယအကြိမ်၊ ၂၀၀၁ ပြည့်နှစ်တွင် ဟောင်ကောင်သို့တစ်ကြိမ်၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ ထေရဝါဒဗုဒ္ဓဘာသာပြန့်ပွားရေးအသင်း၏ ပင့်လျှောက်ချက်အရ ဂျပန်နိုင်ငံသို့တစ်ကြိမ် ကြွရောက်၍ ပြည်ပသာသနာပြုခဲ့သည်။

ဆရာတော်ကြီးသည် (၂၅.၂.၂၀၀၆)ရက်နေ့ သက်တော်(၇၈)နှစ်၊ ဝါတော်(၂၄)ဝါတွင် ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း၊ မြောင်းမြမြို့တွင် ခန္ဓာဝန်ချခဲ့ပါသည်။

(ဆရာတော်ကြီး၏ ထေရုပတ္တိကို သီးခြားစာအုပ်ထုတ်ဝေပါမည်။)

## ရောဝတီတိုင်း၊ မြောင်းမြမြို့
## ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း
## ဝိသုဒ္ဓိဆရာတော် ဦးပဏ္ဍိတ
## (မြောင်းမြ ဝါးကျောင်းဆရာတော်)
## ဝိသုဒ္ဓိဆရာတော် တရားအနှစ်သာရများ

- ★ စာမတတ်တဲ့အတွက် ပြောလိုက်တဲ့စကား မှားယွင်းသွားရင် ဆရာတော်ကြီးများ၊ ကိုရင်လေး ကအစ သီလရှင်၊ ယောဂီများ၊ တရားနာပရိတ်သတ်အပေါင်း သည်းခံခွင့်လွှတ်ကြပါလို့ မေတ္တာ ရပ်ခံတောင်းပန်ပါတယ်။ ငယ်စဉ်တောင်ကျေးက မိဘက မူလတန်းမထားလို့ စာမတတ်တာပါ။ စာကို ပယ်တာမဟုတ်ပါဘူး။ ကိုယ်တတ်တဲ့အထိ လုပ်ပါတယ်။ သဘောလေးပြောပြပါမယ်။
- ★ စာမတတ်တဲ့အတွက် ဝိပဿနာ ခန္ဓာအသိနဲ့ ဟောပါတယ်။
- ★ စာတွေက မှန်ပါတယ်ဗျာ။ ကိုယ့်စိတ်မှန်ဖို့လိုတယ်။
- ★ ဦးပဏ္ဍိတ ဘာမှ စာမတတ်ပါဘူး။ အသိထုတ်ပြလို့တော့မရဘူး။ သဘောလေးနဲ့သာနာ၊ စာနဲ့ ခန္ဓာနဲ့ တစ်ထပ်တည်းဟောပေးမယ်။
- ★ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတရားတွေရှိလို့ ဒီအကျင့်ကို ကျင့်နိုင်တာပါ။
- ★ ဦးပဏ္ဍိတ ဟောသွားတဲ့အသိ မယုံနဲ့ဦး၊ လေ့လာပါ။ စုံစမ်းပါ။ မေးမြန်းပါ။ သုံးသပ်ပါ။ လုပ်ကြည့်ပါ။ လုပ်မှ သိမယ်။ သိမှ ပယ်မယ်။ ပယ်မှ မဂ်ဆိုက်မယ်။ ဖိုလ်ဆိုက်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွားလို့ စာကရေးထားပါတယ်။
- ★ အသိကိုဟောသွားတာပါ။ တစ်ဦးနဲ့တစ်ဦး အသိမတူဘူး။ လင်မယားတောင် မတူဘူး။ စေတနာချင်း မတူဘူး။ ကံချင်းမတူဘူး။ ကံချင်းမတူတော့ ဘုံချင်းမတူဘူး။
- ★ တရားအသိကိုယူကြ၊ သည်းခံကြ၊ စေတနာ မပျက်ကြနဲ့။ သမ္မာလေးနဲ့ နေကြ၊ ဘယ်သူ ပြောပြော သည်းခံ၊ မြေကြီးလိုနေ။
- ★ ညောင်စေ့လောက်လှူရင်လည်း ညောင်ပင်ကြီးလောက်ဖြစ်တယ်။ ညောင်ပင်ကြီးလောက် လှူရင်လည်း ညောင်စေ့လောက်ဖြစ်တယ်။ ပဏာသနစေတနာ၊ ဘယာစေတနာ၊ အဓိပတိ စေတနာတွေရှိတယ်။ လှူတတ်သူပေါ်မူတည်တယ်။
- ★ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ဖြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ်ကျင့်တရားထားပါ။ ကိုယ့်ကိုယ်ကိုယ် ရာဇမာန်၊ ဓနမာန်၊ ပစ္စည်းမာန်၊ စာမာန်၊ ငါမာန်တွေ မစွဲနဲ့။

★ ပညတ်ကို မပယ်ပါဘူး။ ဒါပေမယ့် မစွဲနဲ့။

★ မစွဲနဲ့။ စွဲရင် ကံဖြစ်မယ်။ အစွဲကို သတ်။ မစွဲတော့ အေးတယ်။

★ အပေါင်းအသင်းကောင်းလို့ တက်တတ်တယ်။ အပေါင်းအသင်းမကောင်းလို့ ပျက်တတ်တယ်။ အပေါင်းအသင်း ကြည့်ပေါင်းရတယ်။

★ မှော်တွေရှိတဲ့ရေကန်ထဲ ခဲတစ်လုံးပစ်ချလိုက်တော့ ရေကြည်လေးတော့ တွေ့ပါရဲ့ တော်ကြာ မှော်က ပြန်အုပ်သွားသလိုပဲ။ အခု ခင်ဗျားတို့လည်း တရားနာပြီး အိမ်ပြန်ရောက်တော့ အာရုံ ခြောက်ပါး မှော်တွေက ပြန်အုပ်သွားတာပါပဲ။ ခြင်းကြားနဲ့ ရေယူသလို မဖြစ်စေနဲ့။

★ အားကိုး မမှားကြနဲ့။ ကိုယ့်ကိုယ်ကိုယ် အားကိုးကြ။ ဒါန၊ သီလ မကျေနပ်ကြနဲ့။ ဝိပဿနာ အားထုတ်ကြ။

★ ရခဲတဲ့လူ့ဘဝ ရလာကြပြီ။ ဘုရားသာသနာကြီးနဲ့လည်း ကြုံရပြီ၊ သူတော်ကောင်းတရားကို လည်း နာကြားကြရပြီ။ အဲဒီတော့ အယူမှား၊ အမှတ်မှား၊ အစွဲမှားတွေ မဖြစ်ကြအောင် တရား အားထုတ်ကြ။ အမှောင်ကလာရင် အလင်းပြန်ကြ။ မိရိုးဖလာအသိတွေနဲ့ မနေကြနဲ့။

★ အစွဲဥပါဒါန်ကို ဒါနနဲ့လည်း သတ်လို့မရဘူး။ သီလနဲ့လည်း သတ်လို့မရဘူး။ ဝိပဿနာ မဂ်ဉာဏ်နဲ့မှ သတ်လို့ရတယ်။ အဲဒီတော့ ဝိပဿနာအားထုတ်ကြ။ ဘယ်နေ့သေမယ်ဆိုတာ မသိနိုင်ဘူး။ မသေခင် ဉာဏ်ရအောင် အားထုတ်ကြ။

★ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးမှာ ဘယ်ကံက သံသရာလည်သလဲ။ မနောကံက စလို့ လည်တယ်။ မနောကံသတ်ရင် ကာယကံ၊ ဝစီကံပါ လုံတယ်။

★ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတွေကို သမ္မာလေးနဲ့သုံးသွား။ သမ္မာဆိုတာ ဩော် .... အေး .... အေး .... ။ ဩော် .... အေး .... အေး .... ။ သည်းခံထား။ ဘယ်သူပျက်ပျက် မင်းစေတနာမပျက်နဲ့။ ဘုရားက စေတနာကိုဟောတာ၊ စိတ်ကိုဟောတာ၊ မနောစင်ကြယ် အောင်နေ။

★ ခင်ဗျားစိတ်ကလေးက မိစ္ဆာအယူကိုပယ်။ သမ္မာအယူကိုယူထားတော့ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတွေ ငြိမ်ဝပ်ပိပြားပြီး အဓိစိတ္တဖြစ်လာလိမ့်မယ်။

★ ဇကော၊ ဓမ္မော ဘယ်ကလာသလဲ။ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဘယ်သီလလဲ။ ပညတ်သီလနဲ့ ပရမတ်သီလမှာ ချုပ်တယ်။ ပညတ်သီလဟာ အပြင်သီလ၊ အကာခေါ်တယ်။ ကာယကံနဲ့ ဝစီကံဖြစ်တယ်။ ပရမတ်သီလဟာ အတွင်းသီလ၊ အနှစ်ခေါ်တယ်။ မနောကံဖြစ်တယ်။

★ ကိုယ့်ပြုလုပ်လိုက်တဲ့ ကံက ဘာလဲ။ သူ့အသက်သတ်တယ်။ သူ့ဥစ္စာခိုးတယ်။ မုသားစကားပြောတယ်။ စတာတွေက ကာယကံ၊ ဝစီကံတွေဖြစ်တယ်။ ကိုယ်မပြုလုပ်လိုက်တဲ့ ကံက ဘာလဲ။ သားလေး တစ်ခုခုဖြစ်တယ်။ အမေက ပူတယ်ပဲ။ စွဲလို့ပူတာ။ မနောကံကြောင့်ဖြစ်တယ်။ ဒီအပူကို ကိုယ်ယူထားတဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလနဲ့ဖြတ်လို့မရဘူး။ ဂုဏ်တော်တွေနဲ့လည်း ဖြတ်လို့မရဘူး။ မဂ်ဉာဏ်နဲ့မှ ပြတ်တာ။

★ တရားထိုင်နေတဲ့အချိန် ကာယ၊ ဝစီ လုံနေပြီ။ မနောကိုသတ်။ ဝင်သွားတဲ့လေ၊ ထွက်သွားတဲ့လေကို သတိလေးကပ်ပြီးမှတ်ရမယ်။ ထိ-သိ-သတိ။ သတိလေး ကပ်ထား။ သိ-သိ-သိလို့မှတ်နေ၊ ဆိုလည်း မနေရဘူး။ ထိတာက ရုပ်၊ သိတာက နာမ်၊ ထိတာလည်း မမြဲဘူး၊ သိတာလည်း မမြဲဘူး။ အဲ့ဒါ အနတ္တ။

★ သညာကို ပညာဖြစ်အောင်လုပ်။ အတ္တကို အနတ္တဖြစ်အောင်လုပ်၊ ကံကို ဉာဏ်ဖြစ်အောင်လုပ်၊ ပညတ်ကို ပရမတ်ဖြစ်အောင်လုပ်၊ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်လုပ်။ ကံတရား၊ ဈာန်တရားကို ဉာဏ်တရားဖြစ်အောင်လုပ်။ သီလ၊ သမာဓိကနေ ပညာဖြစ်အောင်လုပ်။ အနိစ္စ၊ ဒုက္ခကနေ အနတ္တမြင်အောင်ကြည့်။

★ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အပြင်စင်ကြယ်အောင် သမ္မာလေးနဲ့နေ။ စေတနာထား၊ အပြင်သီလမှန်မှ အတွင်းသမာဓိ ငြိမ်ဝပ်ပိပြားလာလိမ့်မယ်။

★ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာမှာ မြင်အောင်ကြည့်တတ်ဖို့လိုတယ်။

★ ပညတ်ကို သညာနဲ့ကြည့်ရင် ကံဖြစ်တယ်၊ ပညတ်ကို ပညာနဲ့ကြည့်မှ ဉာဏ်ဖြစ်မယ်။

★ ကိုယ့်စိတ်ကို ကိုယ်စစ်၊ သူများစိတ် သွားမစစ်နဲ့။ သူများအကြောင်းကို ကိုယ့်အကြောင်း မလုပ်နဲ့။ ကိုယ့်စိတ်ကို မဂ္ဂင်ရှစ်ပါးနဲ့ စစ်ပါ။

★ ရှေ့လည်း မမျှော်နဲ့။ နောက်လည်း မတွေးနဲ့။ ပစ္စုပ္ပန်တည့်တည့်ကြည့်။

★ ပယ်တာမှန်ဖို့လိုတယ်။ ကျင့်တာမှန်ဖို့လိုတယ်။ သိတာမှန်ဖို့လိုတယ်။ ပယ်ရမယ့်တရား၊ ကျင့်ရမယ့်တရား၊ သိရမယ့်တရားတွေရှိတယ်။ ပယ်ရမယ့်တရားက ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ ကျင့်ရမယ့်တရားက မဂ္ဂင်(၈)ပါး။ သိရမယ့်တရားက ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ် ခေါ်တယ်။

★ စိတ်၊ စေတသိတ်၊ ရုပ်။ အဲ့ဒီ(၃)ချက်လွတ်ရင် နိဗ္ဗာန်ပဲပေါ့။

★ သမုတိသစ္စာကနေ ဝိရတီသစ္စာ၊ ဝိရတီသစ္စာကနေ သဘာဝသစ္စာ၊ သဘာဝသစ္စာကနေ ပရမတ္ထသစ္စာ၊ ပရမတ္ထသစ္စာကနေ အရိယာသစ္စာ ရအောင်လုပ်။

★ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ။ အဲဒီ ၃ ခု အဆီညှစ်ထုတ်တော့ ဇကော မဗ္ဗော ဖြစ်တယ်။

★ ဇာတိ မသိတော့ ဇရာ၊ မရဏကို မကြောက်တော့ဘူး။ သတ္တာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတွေရှိတယ်။ ဒါတွေက မွေးကတည်းကဖြစ်လာတဲ့ ဇာတိစိတ်တွေပဲ။ ဒါတွေကို သိအောင် လုပ်ရမယ်။ သိမှ ဇရာ၊ မရဏကြောက်မယ်။ သဘောပေါက်မယ်။ ဒီအသိရအောင် တရားထိုင်ကြ။

★ အရိယာသစ္စာဆိုတာ အာရုံနောက် မနောမလိုက်ဘူးပေါ့။ အာရုံပြတ်သွားပြီ။ အာရုံတွေနောက် ဒိဋ္ဌိသတ်တော့ အာရုံသိပြီပေါ့။ တဏှာသိပြီပေါ့။ သွေးသားလည်းပြောင်းတယ်။ စိတ်လည်း ပြောင်းတယ်။ သွေးသားဟာ ဘာသွေးသားလဲ။ ကိလေသာသွေးသားတွေပေါ့ကွာ။ ဒီအာရုံ ကိုလည်း ငါသိပြီ၊ ထုတ်မပြတတ်ဘူး။ သဘောလေးနဲ့သာ နာကြပေတော့။

★ အာရုံတွေကို သညာနဲ့ယူထားတဲ့အတွက် အမှတ်မှားတယ်။ အယူမှားတယ်။ အစွဲမှားတယ်။ အဲဒါကို ဒိဋ္ဌိလို့ခေါ်တယ်။

★ အာရုံတွေနောက်လိုက်လို့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေဖြစ်နေကြတယ်။

★ ရုပ်နာမ်မသိတော့ အာရုံမထိန်းနိုင်ဘူး။

★ အာရုံနဲ့ သညာပေါင်းတော့ သင်္ခါရဖြစ်သွားတယ်။ စွဲလမ်းရင် ဥပါဒါန်ဖြစ်တယ်။ ဥပါဒါန်ဖြစ်ရင် ကံဖြစ်တယ်။ ကံကြောင့် ဒုက္ခဖြစ်တယ်။ ကံကြောင့် သံသရာလည်တယ်။

★ အာရုံပယ်မှ ဥပါဒါန်လွတ်မယ်။ ဥပါဒါန်လွတ်မှ ကံပြတ်မယ်။ ဥပါဒါန်လွတ်တာ အာသဝက္ခယ ဉာဏ်ပဲ။ ဒီဉာဏ်ရမှ သံသရာပြတ်မယ်။

★ စေတသိတ်တော့ မမြင်ချင်တော့ဘူး။ မကြားချင်တော့ဘူး။ မသိချင်တော့ဘူး။ မထိချင်တော့ ဘူး။ အာရုံငါးပါးပယ်ပြီ။

★ အပြင်အာရုံနဲ့ အတွင်းအာရုံ (မနော) ပေါင်းလိုက်တော့ တဏှာဖြစ်သွားတယ်။ ဝတ္ထုကာမနဲ့ ငါ့မှာရှိတာက ကိလေသာကာမ၊ ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်းကြိုက် ၏။ အရိယာ မကြိုက်ဘူး။

★ အပြင်သီလ (ကာယကံ၊ ဝစီကံ)အာရုံကို ဉာဏ်နဲ့ချုပ်ထားလိုက်တော့ (ကာယကံ၊ ဝစီကံ) လှုပ်စရာမရှိတော့ဘူး။ အတွင်းညှစ်ဖြစ်တော့ အပြင်သီလ ချုပ်တာပေါ့။

- ★ နေတတ်ဖို့လိုတယ်။ သေတတ်ဖို့လိုတယ်။
- ★ ရုပ်က အကျိုး၊ ရုပ်အကျိုးတရားမှာ အကြောင်းတရားနာမ်က ခံစားရတယ်။ ရုပ်အကျိုး၊ နာမ်အကြောင်း၊ အကျိုးပေါ်မှာ အကြောင်းဖြစ်တယ်။
- ★ သံသရာ ဘယ်ကစသလဲ။ ခန္ဓာက စတယ်။ သံသရာ ဘယ်ကပြတ်သလဲ။ ခန္ဓာက ပြတ်တယ်။ သံသရာပြတ်အောင် မဂ္ဂင် ၈ ပါးနဲ့ သွားကြရမယ်။
- ★ ဘုရားဆုပန်ရင် ဘုရားဖြစ်အောင်ကြိုးစား၊ ကြိုးစားရင် ရမှာပဲ။ သူများတစ်တောင်ကျင့်ရင် ကိုယ်က နှစ်တောင်ကျင့်၊ ကိုယ်လုပ် ကိုယ်ရမယ်။
- ★ သညာနဲ့မယူနဲ့၊ ပညာနဲ့ယူ။ အတ္တနဲ့နှလုံးမသွင်းနဲ့ အနတ္တနဲ့ နှလုံးသွင်း။
- ★ ရုပ်ဆင်းရဲရင် ဆင်းရဲပါစေ၊ စိတ်မဆင်းရဲပါစေနဲ့။
- ★ မဂ္ဂင် ၈ ပါးနဲ့သွား။ လမ်းဆုံးတော့ ရွာတွေ့လိမ့်မယ်။
- ★ ရုပ်၊ နာမ်သိချင်ရင် ဝိပဿနာ ကျင့်ကြ။
- ★ ရုပ်၊ နာမ် မသိတာက အဝိဇ္ဇာ။ ရုပ်၊ နာမ် သိတာက ဝိဇ္ဇာ။
- ★ အသိတစ်လုံး အမြတ်ဆုံး။ မရှိတာ ရှာလို့ရတယ်။ မသိတာ အခက်ဆုံးပဲ။
- ★ ရုပ်က အနတ္တ၊ ကိုယ့်စိတ်က အတ္တတွေဖြစ်နေတယ်။
- ★ ဓမ္မအစစ်ဖြစ်မှာ ဓမ္မစေတီခေါ်တယ်။
- ★ ခန္ဓာက တကယ်သိလို့ လာဟောတာ။
- ★ ပညတ်သီလ၊ ပရမတ်သီလ နှစ်ခုချုပ်မှ ရုပ်နာမ်ချုပ်မယ်။ အဲဒီကျမှ စိတ်ကလေးဟာ စင်ကြယ်ပြီ၊ လွတ်မြောက်သွားပြီ။
- ★ ဟိုဘက်ကမ်းက အင်မတန်အေးတယ်။ ဒါပေမယ့် ဒီရုပ်ခန္ဓာကြီးရှိတော့ ဒီဘက်ကမ်း ပြန်လာရသေးတယ်။
- ★ ခန္ဓာကိုယ်ကျင့်ပြီးသိလို့၊ ခန္ဓာသိတရား လာဟောတာ။

×××××××××××××××××××××××××

## စီစဉ်သူ၏ မိတ်ဆက်

ကျေးဇူးတော်ရှင် ဝိသုဒ္ဓိဆရာတော် ဦးပဏ္ဍိတ မြန်မာပြည်အနှံ့ဟောကြားတော်မူခဲ့သော တရားကက်ဆက်ခွေ(၁၀၀)ကျော်မှလည်းကောင်း၊ ရန်ကုန်မြို့ ဦးမျိုးအောင်+ဒေါ်မြဲအေး အလုံအိမ်တွင်လည်းကောင်း၊ မြောင်းမြမြို့ "ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း" တွင်လည်းကောင်း၊ ဒကာ၊ ဒကာမများအား ဟောကြားခဲ့သောတရားတော်များကို ကက်ဆက်ခွေ ကူးယူထားရာ အခွေပေါင်း(၁၀၀) ကျော်ရှိပါသည်။ ၎င်းတရားခွေစုစုပေါင်း(၂၀၀)ကျော်မှ တရားကျင့်စဉ်များကိုထုတ်နုတ်၍ ကျေးဇူးတော်ရှင် "ဝိသုဒ္ဓိဆရာတော်ကြီး"၏ ခန္ဓာကျင့် ခန္ဓာသိ၊ ဓမ္မခန္ဓာကျင့်စဉ်များကို တရားထိုင်သူများ လွယ်လင့်တကူသိရှိကျင့်ကြံပွားများနိုင်ရန်အတွက် စုစည်းတင်ပြအပ်သည်။

၎င်းအပြင် ၂.၈.၁၉၉၇ ရက်နေ့နှင့် (၃၀.၇.၂၀၀၂)ရက်နေ့များတွင် "ဝိသုဒ္ဓိဆရာတော်ကြီး ဦးပဏ္ဍိတ၊ မြောင်းမြမြို့ ဝိသုဒ္ဓိဓမ္မာရုံကြီး" တွင် တရားထိုင် သံဃာတော်၊ သီလရှင်၊ ယောဂီများအား တရားထိုင်နည်း၊ ကျင့်စဉ်များကို ဟောကြားခဲ့ရာတွင် ကက်ဆက်ခွေဖြင့် အသံသွင်းယူထားခဲ့ရာ တရားထိုင်ကြသော ဓမ္မမိတ်ဆွေများ သိရှိကျင့်ကြံနိုင်ရန် ၎င်းကက်ဆက်ခွေ နှစ်ခွေမှ ကူးယူဖော်ပြ ဓမ္မဒါနပြုအပ်ပါသည်။

ဗိုလ်မှူးသန်းမြင့်အောင်(ငြိမ်း)<br>
( ဗိုလ်မှူးဆရာတော် )<br>
ဝိသုဒ္ဓိကျောင်း<br>
မြောင်းမြ<br>
၂၅.၂.၂၀၂၀

## ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဦးပဏ္ဍိတ ဒကာ၊ ဒကာမများအား ဟောကြားတော်မူခဲ့သည့် တရားရှုမှတ်နည်း

"အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်၊ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်"ဟု ဟောကြားခဲ့ပါတယ်။ အပြင်မှာစင်ကြယ်အောင် ကျင့်ကြံပွားများနည်းများကို ဆရာတော် မိန့်ခဲ့ပါတယ်။

### သည်းခံ

"ဘယ်သူဘာပြောပြော မြေကြီးလိုနေ၊ မြေကြီးဆိုတာ ဘယ်သူနင်းနင်း ခံတယ်။ တံတွေး ထွေးလည်း ခံတယ်။ အပေါ့အလေးစွန့်လည်း ခံတယ်။ ဘာမဆို သည်းခံတယ်။ တရားကျင့်တဲ့သူ ကလည်း ဘာမဆိုသည်းခံပါ"။ အာရုံငါးပါးပေါ်မှာ သည်းခံပါ။

### စေတနာထား

"ရပ်ကွက်လူကြီးများခိုင်းရင် လုပ်ပေး၊ ငါ့ချည်းခိုင်းတာပဲ၊ သူများတွေတော့ မခိုင်းဘူး။ စေတနာ ပျက်တတ်တယ်။ ဟုတ်ကဲ့ လူကြီးမင်း၊ ကျွန်တော်လုပ်ပေးပါ့မယ်ဗျာ။ စေတနာနဲ့လုပ်ပေး။ ခွေးလေး၊ ကြောင်လေးကအစ သတ္တဝါအားလုံးပေါ် စေတနာထားပါ။ ကိုယ့်ကိုဆဲရင် မကြိုက်ဘူး။ ဆဲတဲ့လူ အပေါ် စေတနာပျက်တတ်တယ်။ စေတနာမပျက်စေနဲ့။ စေတနာ အားလုံးအပေါ်ထားပါ။ စေတနာ ကနေ တက်ယူရတယ်"။ ဘယာစေတနာ၊ ပကာသနစေတနာမဟုတ်ဘဲ အဓိပတိစေတနာဖြစ်ပါစေ။

### သမ္မာနဲ့နေ

"သမ္မာဆိုတာ မျှတတဲ့စိတ်၊ မုန့်ပေးရင် ကိုယ့်သားသမီးပေးချင်တယ်၊ ကျွေးချင်တယ်။ သူများ သားသမီးကိုတော့ မကောင်းတတ်လို့ပေးရမယ်။ မပေးချင်ဘူး။ သမ္မာမဖြစ်ဘူး။ ကိုယ့်သားသမီး၊ သူများသားသမီး တန်းတူထားနိုင်မှ သမ္မာဖြစ်တယ်။ ကာယကံ၊ ဝစီကံ၊ မနောကံတွေပေါ်မှာ မှန်အောင် နေ။ မိမိစိတ်ဟာ ဖြူစင်သန့်ရှင်း၍ မှန်သားလိုဖြစ်နေရပါတယ်။

### ဒုစရိုက် ၁၀ ပါးရှောင်

ဒုစရိုက် ၁၀ ပါးမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

ကာယကံ ၃ ပါး

| | | |
|---|---|---|
| ပါဏာတိပါတာ | - | သူ့အသက်သတ်ခြင်း။ |
| အဒိန္နာဒါန | - | သူများပစ္စည်း ခိုးယူခြင်း |
| ကာမေသုမိစ္ဆာစာရာ | - | သူများသားမယား ဖျက်ဆီးခြင်း |

ဝစီကံ ၄ ပါး

| | | |
|---|---|---|
| မုသာဝါဒါ | - | လိမ်လည်ပြောဆိုခြင်း |
| ပိသုနဝါစာ | - | သူများချစ်ခင်မှု ပျက်ပြားစေရန် ပြောဆိုခြင်း၊ အတင်းပြောခြင်း၊ သူများအကြောင်း ကိုယ့်အကြောင်းလုပ်ပြောခြင်း |
| ဖရုသဝါစာ | - | အကျိုးမရှိ သိမ်ဖျင်းသောစကားပြောခြင်း |
| အဘိစ္ဈာ | - | သူများကောင်းစား ကြီးပွားတိုးတက်မှုကို မနာလိုဝန်တိုခြင်း |
| မိစ္ဆာဒိဋ္ဌိ | - | မကောင်းသော အယူမှားခြင်း |

★ ဗုဒ္ဓဟောကြားခဲ့သော ယဉ်ကျေးမှုအားလုံးနှင့်ကိုက်ညီအောင် ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့နေပါ။

★ ၃၈ ဖြာ မင်္ဂလာတရားတွေနဲ့ နေပါ။

★ သမုတိသစ္စာ မှန်အောင်နေပါ။

★ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ကိုယ်ချင်းစာတရားထားပါ။ စာနာတဲ့စိတ်ထားပါ။ ဖြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။

★ မာန်တွေကိုဖြုတ်ပါ။ ကိုယ့်ကိုယ်ကိုယ် ရာဇမာန်၊ ဓနမာန်၊ ပစ္စည်းမာန်၊ ငါမာန်တွေဖြုတ်ပါ။

မာန်ဖြုတ်ရန်နှင့်ပတ်သက်၍ ဆရာတော်ပြောခဲ့သည်မှာ ဥပမာ - "ကိုရင်တွတ်ပီ ဆီသွားပြီး လိုအပ်တဲ့ပစ္စည်းသွားတောင်းတဲ့အခါ ကိုရင်တွတ်ပီ က ဟိန်းလား၊ ဟောက်လား လုပ်တဲ့အခါ ခင်ဗျားစိတ်ဘယ်လိုနေလဲ။ မခံချင်စိတ်ဖြစ်တယ်ဘုရား။ အေး အဲဒီ မခံချင်စိတ်ဖြစ်တဲ့မာန်လေးကိုဖြုတ်လိုက်၊ အဲဒါ မာန်ချတာပဲ"ဟု မိန့်ခဲ့ပါတယ်။

★ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ အကြောင်းသက်ပါ။ အကျိုးရပ်လိမ့်မယ်။ အကြောင်းသတ်တရား၊ အကြောင်းသတ်မှ အကျိုးရပ်မယ်။

## အာရုံကို အမြဲထိန်းထားပါ။

အာရုံ ၆ ပါးထိန်းသိမ်းပါ။

မြင်ချင်သေးသလား။ မြင်တဲ့အခါမှာ လောဘ၊ ဒေါသမဖြစ်စေနဲ့။ သမ္မာနဲ့ နေပါ။

ကြားချင်သေးသလား။ ကြားတဲ့အပေါ်မှာ လောဘ၊ ဒေါသမဖြစ်စေနဲ့။ သမ္မာနဲ့ နေပါ။

စားချင်သေးသလား။ စားတဲ့အပေါ်မှာ လောဘ၊ ဒေါသမဖြစ်စေနဲ့။ သမ္မာနဲ့ နေပါ။

ထိချင်သေးသလား။ ထိတဲ့အပေါ်မှာ လောဘ၊ ဒေါသမဖြစ်စေနဲ့။ သမ္မာနဲ့ နေပါ။

တွေးချင်သေးသလား။ တွေးတဲ့အပေါ်မှာ လောဘ၊ ဒေါသမဖြစ်စေနဲ့။ သမ္မာနဲ့ နေပါ။

## အာရုံ ၆ ပါးအပေါ်မှာ သီလ မပျက်စေနဲ့

ဆရာတော်ကြီးဆိုလိုသည့် သီလမှာ "စေတနာပျက်ရင် သီလပျက်တယ်၊ သီလဆိုတာ လောဘ၊ ဒေါသ၊ မောဟ ခေါင်းပါးရမယ်။ စေတနာပျက်ရင် လောဘဖြစ်မယ်။ ဒေါသဖြစ်မယ်။ မောဟ ဖြစ်မယ်။ ဒါကြောင့် စေတနာပျက်ရင် သီလပျက်တယ်။ သီလမှာ ပညတ်သီလ၊ ပရမတ်သီလ နှစ်မျိုး ဟောခဲ့ပါတယ်။ ပညတ်သီလက အကာ၊ ကာယကံသီလ၊ ဝစီကံသီလဖြစ်ပြီး ပရမတ်သီလကတော့ မနောကံသီလ လုံအောင်ထိန်းပါ။ အနှစ်သီလဖြစ်ပါတယ်။ "မနော"မှာ သည်းခံ၊ စေတနာထား၊ သမ္မာလေးနဲ့သွားပါ။ အသီးတစ်ရာ အညှာတစ်ခု၊ အညှာဆိုတဲ့ မနောထိန်းထားရင် ကာယ၊ ဝစီ လုံပါတယ်။ အညှာဖြတ်လိုက်ရင် အသီတွေ ကြွေကျသလို၊ မနောဖတ်ရင် ကာယကံ၊ ဝစီကံ လုံပါတယ်။

- မြင်တဲ့နေရာမှာ စေတနာဖြစ်ပါစေ။
- ကြားတဲ့နေရာမှာ စေတနာဖြစ်ပါစေ။
- နံတဲ့နေရာမှာ စေတနာဖြစ်ပါစေ။
- စားတဲ့နေရာမှာ စေတနာဖြစ်ပါစေ။
- ထိတဲ့နေရာမှာ စေတနာဖြစ်ပါစေ။
- တွေးတဲ့နေရာမှာ စေတနာဖြစ်ပါစေ။

အာရုံ ၆ ပါးမှာ သီလဖြစ်ပါစေ။

- မြင်တဲ့နေရာမှာ သီလဖြစ်ပါစေ။
- ကြားတဲ့နေရာမှာ သီလဖြစ်ပါစေ။
- နံတဲ့နေရာမှာ သီလဖြစ်ပါစေ။

- စားတဲ့နေရာမှာ သီလဖြစ်ပါစေ။
- ထိတဲ့နေရာမှာ သီလဖြစ်ပါစေ။
- တွေးတဲ့နေရာမှာ သီလဖြစ်ပါစေ။

အာရုံ ၆ ပါးမှာ အကြောင်းသတ်ပါ။

- မြင်လိုက်တဲ့ အကြောင်းသတ်ပါ။
- ကြားလိုက်တဲ့ အကြောင်းသတ်ပါ။
- နံလိုက်တဲ့ အကြောင်းသတ်ပါ။
- စားလိုက်တဲ့ အကြောင်းသတ်ပါ။
- ထိလိုက်တဲ့ အကြောင်းသတ်ပါ။
- တွေးလိုက်တဲ့ အကြောင်းသတ်ပါ။

အာရုံ ၆ ပါး ဖြစ်ဆဲခဏ ပစ္စုပ္ပန်တည့်တည့် နှလုံးသွင်းပါ။

- မြင်ကာမတ္တ အနတ္တ။
- ကြားကာမတ္တ အနတ္တ။
- နံကာမတ္တ အနတ္တ။
- စားကာမတ္တ အနတ္တ။
- ထိကာမတ္တ အနတ္တ။
- တွေးကာမတ္တ အနတ္တ။

အာရုံ ၆ ပါးနဲ့တွေ့တိုင်း ရုပ်နာမ်မမြဲပါလား နှလုံးသွင်းပါ။

- မြင်တာရုပ်၊ သိတာနာမ်၊ မြင်သိရုပ်နာမ်၊ မမြဲပါလား။
- ကြားတာရုပ်၊ သိတာနာမ်၊ ကြားသိရုပ်နာမ်၊ မမြဲပါလား။
- နံတာရုပ်၊ သိတာနာမ်၊ နံသိရုပ်နာမ်၊ မမြဲပါလား။
- စားတာရုပ်၊ သိတာနာမ်၊ စားသိရုပ်နာမ်၊ မမြဲပါလား။
- ထိတာရုပ်၊ သိတာနာမ်၊ ထိသိရုပ်နာမ်၊ မမြဲပါလား။
- တွေးတာရုပ်၊ သိတာနာမ်၊ တွေးသိရုပ်နာမ်၊ မမြဲပါလား။

★ အာရုံနဲ့ မနော ပေါင်းသွားရင် ကံတွေဖြစ်မယ်။ သံသရာလည်မယ်။

★ သမုတိသစ္စာ မှန်အောင်နေ၊ အရိယာသစ္စာ ရောက်အောင်လုပ်၊ သစ္စာတွေနဲ့တက်ပါ။ တက်ရမည့် သစ္စာများမှာ -

## သမုတိသစ္စာ

တရားမထိုင်ချိန်၊ အပြင်အာရုံများနှင့် ပေါင်းနေချိန်များတွင် သမ္မာဖြစ်အောင်နေပါ။ လောဘ၊ ဒေါသ၊ မောဟ ခေါင်းပါးအောင်နေပါ။ အပြင်မှာစင်ကြယ်အောင်နေပါ။ ပညတ်မှန်အောင်နေပါ။

## ဝိရတီသစ္စာ

ဝိပဿနာတရားကို မဂ္ဂင် ၈ ပါးလမ်းစဉ်အတိုင်း ကျင့်ပါ။

## ပရမတ္ထသစ္စာ

ပညတ် သဘောပေါက်၍ ပရမတ်ဆိုက်ပါမည်။ ဓာတ်သဘောတွေ သိလာပါမည်။ ရုပ်ဓာတ်၊ နာမ်ဓာတ်နှင့် ဓာတ် ၁၈ ပါးတို့ကို သဘောပေါက်လာပါလိမ့်မည်။ ပညတ်အသိမှ ပရမတ်အသိသို့ ရရှိလာလိမ့်မည်။

## အရိယာထသစ္စာ

အရိယာပုဂ္ဂိုလ်များ သိသော အသိများရရှိလာမည်။ ရုပ်ချုပ်၊ နာမ်ချုပ်၊ ဒုက္ခဝေဒနာချုပ်၊ သုခဝေဒနာချုပ်၊ ဒုက္ခသစ္စာချုပ်၊ သမုဒယသစ္စာချုပ်၊ ကုသိုလ်ချုပ်၊ အကုသိုလ်ချုပ်၊ အားလုံးချုပ်ပြီး၊ နိရောဓသစ္စာဆိုက်ကာ အရိယာတို့ သိသင့်သိထိုက်သော အသိများရရှိလာပါတယ်။

★ ခန္ဓာငါးပါးကို ရုပ်၊ နာမ်ကွဲအောင် ကျင့်ပါ။

## ခန္ဓာငါးပါး

| | | | | |
|---|---|---|---|---|
| (၁) | ရူပက္ခန္ဓာ | | ရုပ်ခန္ဓာ ၁ ပါး | ရုပ်၊ နာမ် ၂ ပါး |
| (၂) | ဝေဒနက္ခန္ဓာ | စေတသိတ် | နာမ်ခန္ဓာ ၄ ပါး | |
| (၃) | သညက္ခန္ဓာ | | | |
| (၄) | သင်္ခါရက္ခန္ဓာ | | | |
| (၅) | ဝိညာဏက္ခန္ဓာ | စိတ် | | |

**ရူပက္ခန္ဓာ**

ကိလေသာ အညစ်အကြေးဖြင့် အဖ၏ ဥတုမိုးရေ၊ အမိ၏ လယ်ယာမြေ ပေါင်းစပ်ကာ ကံတည်းဟူသောအကြောင်းတရားကို အရင်းခံ၍ ကံ၊ စိတ်၊ ဥတု၊ အာဟာရ (သွေး၊ သည်းခြေ၊ လေ၊ သလိပ်)တည်းဟူသော ထောက်ပံ့မှုတို့ကြောင့် အမြဲထာဝရ အစဉ်ဖြစ်ပျက် ဖောက်ပြန်ပြောင်းလဲ နေသော သဘာဝ သဘောပင်ဖြစ်သည်။ ဉာဏ်မျက်စိဖြင့်ကြည့်မှသာ သိနိုင်သည်။ မဂ်ဉာဏ်ရမှ သိနိုင်သည်။ ရုပ်၊ နာမ် ကွဲပြားသိသော ဉာဏ်ရမှသာ ခွဲခြားသိနိုင်သည်။

**ဝေဒနက္ခန္ဓာ**

ရုပ်-ရုပ်ချင်း ထိတွေ့ရာမှ ဖြစ်ပေါ်လာသော "ခံစားမှုတည်းဟူသော သိမှု နာမ်တရားဖြစ်သည်"။ ဝေဒနာတွင် မိမိခံစားလိုသော ဒုက္ခဝေဒနာနှင့် မိမိလိုလား ခံစားလိုသော သုခဝေဒနာရှိသည်။ ၎င်းနှစ်ခုစလုံးကို ဥပေက္ခာပြု(မစွဲ)ဘဲ နေနိုင်အောင် ကျင့်ကြံရသည်။ ဒုက္ခဝေဒနာလည်းချုပ်(မစွဲ)၊ သုခဝေဒနာလည်းချုပ်(မစွဲ)အောင် ကျင့်ကြံရသည်။ ဝေဒနာကို ဥပါဒါန်(စွဲကာ) နှစ်သက်မှု၊ မနှစ်သက်မှု(တဏှာ)ဘက် ကူးသွားတတ်သည်။

**သညာက္ခန္ဓာ**

"မှတ်သားတတ်သော သိမှု နာမ်တရားပင်ဖြစ်ပါသည်"။ သညာ တည်းဟူသော အမှတ်တရား ကြောင့် ကံကိုဖြစ်စေတယ်။ သညာကနေ ပညာဖြစ်အောင်လုပ်ရမည်။ ရုပ်နာမ် အမှန်မြင်အောင် မဂ္ဂင် ၈ ပါးနှင့် ကျင့်ပါတယ်။

**သင်္ခါရက္ခန္ဓာ**

ပြုပြင်စေ့ဆော်တတ်သောသဘော နာမ်တရားဖြစ်ပါတယ်။ လောကသုံးပါးတွင် ဖြစ်ပျက်ပြုပြင် ပြောင်းလဲနေသော သင်္ခါရသဘောဖြစ်တယ်။ ဘာမှမမြဲပါတကား။ ပြုပြင်စေ့စော်မှု ရပ်မှသာလျှင် (အသင်္ခါရ) ချုပ်ငြိမ်းမှု၊ အေးငြိမ်းမှု ရရှိမည်ဖြစ်ပါတယ်။

**ဝိညာဏက္ခန္ဓာ**

သိမှုသဘော ဖြစ်တယ်။ သိမှုကို အရောင်ဆိုးပေးသော စေတသိတ် (ဝေဒနာ၊ သညာ၊ သင်္ခါရ) တို့ကြောင့် သိမှုစိတ်သည် လောဘ၊ ဒေါသ၊ မောဟာဖြစ်လာရတယ်။ စေတသိတ်ကို သတ်နိုင်ပါက သိမှုလေးသည် အင်မတန်စင်ကြယ်လာပါတယ်။ စေတသိတ် (ဝေဒနာ၊ သညာ၊ သင်္ခါရ)ကို သတ်နိုင်ပါက သိမှုလေးသည် အင်မတန်စင်ကြယ်လာပါတယ်။ စေတသိတ် (ဝေဒနာ၊ သညာ၊ သင်္ခါရ)ကို သတ်နိုင်သောလက်နက်မှာ မဂ်ဉာဏ်ဖြစ်တယ်။ မဂ်ဉာဏ်ရနိုင်သောနည်းလမ်းမှာ မဂ္ဂင် ၈ ပါးဖြစ်ပါတယ်။ မဂ္ဂင်ရှစ်ပါးကျင့်က ခန္ဓာငါးပါးကို လက်တွေ့သဘောပေါက်ကာ ရုပ်နာမ်နှစ်ပါး အမှန်သိ၊ အမှန်မြင်လာပါလိမ့်မယ်။ ယခုဖတ်နေရသည်မှာ "စာ" ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးဖြစ်၍ ရှင်းရှင်းလင်းလင်း ကွင်းကွင်းကွက်ကွက် မသိနိုင်ပါ။

ခန္ဓာသိက ရှင်းမှသာ ရှင်းရှင်းလင်းလင်း သိမြင်လာပါလိမ့်မည်။ ယခုရေးသားထားသော ဆရာတော်ကြီး နည်းနာနိဿယအတိုင်းကျင့်ပါက ခန္ဓာသိ၊ ခန္ဓာမြင် ဖြစ်လာပါလိမ့်မည်။ ကျင့်ဖို့က ကိုယ့်အကြောင်း။ ယခုကဲ့သို့ ဝိဇ္ဇာဆိုတဲ့ အသိတရားတွေသိလာ၍ စရဏဆိုတဲ့ အကျင့် မိမိတို့ ကျင့်ဖို့ပဲလိုပါတော့တယ်။ ကျင့်နည်း မဂ္ဂင်ရှစ်ပါးနှင့် လျှောက်နည်း သတိပဋ္ဌာန်လေးပါးကို ဆက်လက် ဖော်ပြပါမည်။

★ ကိုယ့်စိတ် ကိုယ်စစ်။ ဘာနဲ့စစ်မလဲ။ မဂ္ဂင်ရှစ်ပါးနဲ့စစ်ပါ။
တရားထိုင်နေတဲ့အချိန် မဂ္ဂင်ရှစ်ပါးနဲ့ ညီညွတ်နေပါတယ်။
မဂ္ဂင်ရှစ်ပါးဆိုသည်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။

**သမ္မာဝါစာ**

တရားထိုင်နေတဲ့အချိန် စားတောင်မပြော၊ သမ္မာဝါစာဖြစ်နေပါတယ်။

**သမ္မာကမ္မန္တ**

တရားထိုင်နေတဲ့အချိန် မဂ်ဖိုလ်တရားရအောင် ကျင့်ကြံအားထုတ်နေတဲ့ အလုပ်ဖြစ်တဲ့အတွက် သမ္မာကမ္မန္တ ဖြစ်နေပါတယ်။

**သမ္မာအာဇီဝ**

တရားထိုင်နေချိန်မှာ ကိုယ်အသက်ရှင်ရန်အတွက် အစာစားရပါတယ်။ ဒီတွင် မိမိအသက်ရှင်ရန်အတွက် အာဟာရစားရတဲ့အခါ ကျွေးတဲ့အာဟာရကိုပဲစားပါတယ်။ ငစိန်ထမင်းမစားဘူး။ ပေါ်ဆန်းမွှေးထမင်း စားမယ်။ ဒီဟင်း ငံတယ်၊ ဒီဟင်း ပေါ့တယ်။ စပ်တယ် မပြောဘူး။ မိမိရုပ်

အသက်ရှင်ရန်အတွက် ကျွေးတာပဲ စားတယ်။ စားတဲ့အခါမှာလည်း မိမိရုပ်က တောင့်တလို့ အာဟာရ ထည့်ပေးရတာ။ ငါစားချင်လို့ မဟုတ်။ ရုပ်ကတောင့်တတဲ့အတွက် လိုအပ်တဲ့ အာဟာရ ထည့်ပေး တယ်လို့သဘောထားပါ။ စားချင်တာက ရုပ်၊ စားတာက နာမ်၊ ရုပ်နာမ်ငါမဟုတ်ဘူး။ သဘာဝ သူ့သဘော ရုပ်တောင့်တလို့ အာဟာရထည့်ပေးရတယ်လို့ သဘောနှလုံးသွင်းဆင်ခြင်စားရင် သမ္မာ အာဇီဝဖြစ်နေပါတယ်။ စားတဲ့အခါမှာလည်း ကိုင်တယ်၊ မျိုတယ်၊ ကိုင်တယ်၊ မျိုတယ်လို့ အာဟာရ ဖြည့်ပေးရတယ်လို့ နှလုံးသွင်းဆင်ခြင်စားက သမ္မာအာဇီဝဖြစ်ပါတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သည့် သီလမဂ္ဂင်သုံးပါးဖြစ်၍ ဂုဏ်းမဂ္ဂင်သုံးပါးပြည့်စုံပါက အဓိသီလဖြစ်ပါတယ်။ အပြင်မှာစင်ကြယ်လာပါတယ်။ သမုတိသစ္စာ၊ ပရမတ်သစ္စာ နှစ်ပါး ပြည့်စုံလာပါတယ်။

## သမ္မာဝါယမ

မင်္ဂဖိုလ်ရရန်အတွက် မနေမနား မီးပွတ်သမားကဲ့သို့ ဖွဲ့သတ္တိတင်၍ အရိုးအသားတွေကြေပါ စေ၊ အသွေးတွေ ခန်းခြောက်ပါစေ၊ အကြောတွေပြတ်ပါစေ၊ တရားမရ ရအောင် လုပ်မယ်ဆိုပြီး ဖွဲ့သတ္တိတင်ပြီး ကျင့်ကြံပါ။ ရေထဲငုပ်ရင် သဲရအောင်ငုပ်၊ တိုင်ထိပ်တက်ရင်လည်း တိုင်ပေါ်ရောက်အောင် တက်။ "ငုပ်မိသဲတိုင်၊ တက်နိုင် ဖျားရောက်" ဆိုသည့်အတိုင်း ဝီရိယမှာ ဖွဲ့သတ္တိတင်၍ မဂ်ဖိုလ်ရလို သောစိတ်ဖြင့် ကျင့်ကြံအားထုတ်နေပါက သမ္မာဝါယမဖြစ်ပါတယ်။

## သမ္မာသတိ

မဂ်ဖိုလ်ရလိုသောဆန္ဒဖြင့် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးပေါ်တွင် သမ္မာသတိဖြစ်ပါတယ်။

## သမ္မာသမာဓိ

မဂ်ဖိုလ်ရလိုသော သဒ္ဓါစိတ်ဖြစ်လာတဲ့အခါမှာ ဖောက်ပြန်နေတဲ့ရုပ်နဲ့ သိနေတဲ့နာမ်တရား နှစ်ပါးသာရှိပြီး ရုပ်နာမ်ကိုသိမြင်လာပါလိမ့်မယ်။ ရုပ်နာမ် မမြဲတာကို သိပြီး မမြဲသော အနိစ္စ၊ မမြဲ တာကြောင့် ဆင်းရဲခြင်း ဒုက္ခ၊ မမြဲသောကြောင့် အစိုးမရတဲ့ အနတ္တသဘောတွေကို သိမြင်လာပြီး ရုပ်တွေက ဖောက်ပြန်နေတဲ့သဘောသဘာဝတွေပါလား။ နာမ်ကလည်း ခံစားနေတဲ့ သဘောသဘာဝ တွေပါလား။ ငါ မဟုတ်ပါလား။ သူ့သဘော သူဆောင်၊ သူ့သဘော သူဖောက်ပြန်နေတဲ့ ဓာတ်သဘော တွေပါလားဆိုတာ အမှန်သိမြင်လာပါလိမ့်မယ်။ ဒီလိုအသိတွေဖြစ်လာရင် မှန်ကန်တဲ့အသိ သမ္မာဒိဋ္ဌိ ဖြစ်လာပါပြီ။ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတွေပယ်ပြီဆိုရင် သမ္မာဒိဋ္ဌိဖြစ်ပါတယ်။

### သမ္မာသင်္ကပ္ပ

ရုပ်နာမ်ရဲ့ မမြဲမှု အနိစ္စ၊ ဆင်းရဲမှု ဒုက္ခ၊ အစိုးမရတဲ့ အနတ္တရဲ့ သဘောသဘာဝကို သိလာတဲ့အခါ ရုပ်ကလည်း ငါမဟုတ်၊ မမြဲတဲ့သဘော။ နာမ်ကလည်း ငါမဟုတ်၊ မမြဲတဲ့ သဘောသဘာဝ။ သူ့ဟာသူ ဖောက်ပြန် သူ့ဟာသူ ဖြစ်ပျက်နေတဲ့သဘောကိုသိမြင်လာပြီး ရုပ်ကိုလည်း မစွဲ။ ဥပါဒါန်လွတ် ရုပ်ချုပ်။ နာမ်ပေါ်မှာလည်း မစွဲ၊ ဥပါဒါန်လွတ်၊ နာမ်ချုပ်။ ရုပ်နာမ်ပေါ်မှာ ခံစားတဲ့ ဒုက္ခဝေဒနာနဲ့ သုခဝေဒနာလည်း ချုပ်၊ သုခဝေဒနာလည်း ချုပ်၊ ဒုက္ခဝေဒနာလည်း ချုပ်၊ သုခဝေဒနာလည်းချုပ်၊ ဒုက္ခဝေဒနာနဲ့ သုခဝေဒနာကြား အလယ်ကသွားတဲ့ မှန်ကန်သောအသိ၊ မှန်သောဉာဏ် သမ္မာသင်္ကပ္ပ ဖြစ်ပါတယ်။

သမ္မာဒိဋ္ဌိ (မှန်ကန်သောအသိ)၊ သမ္မာသင်္ကပ္ပ (မှန်ကန်သောဉာဏ်)သည် ပညာမဂ္ဂင် နှစ်ပါးဖြစ်ပါတယ်။ အဓိပညာဖြစ်ပါတယ်။ ပရမတ္ထသစ္စာ၊ အရိယာသစ္စာဖြစ်ပါတယ်။ ဉာဏ်မှာစင်ကြယ်လာပါသည်။ ဒါကြောင့် ဆရာတော်ကြီးက အပြင်မှာစင်ကြယ်ခြင်းဆိုတဲ့ အဓိသီလနဲ့ သမုတိသစ္စာမှန်ရင် ခန္ဓာစင်ပြယ်မယ်။ ခန္ဓာစင်ကြယ်ခြင်းဆိုတဲ့ အဓိစိတ္တနဲ့ သဘာဝသစ္စာမှန်ရင် ဉာဏ်မှာစင်ကြယ်မယ်။ အဓိပညာနဲ့ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ ဖြစ်လာမယ်ဟု မိန့်ခဲ့ပါတယ်။

## ဗိုလ်ငါးပါး ဦးစီးထားပါ

### သဒ္ဓါဗိုလ်

မဂ်ဖိုလ်တရား ရလိုသော ယုံကြည်ဆန္ဒရှိရပါတယ်။

### ဝီရိယဗိုလ်

"အရိုးကြေကြေ အရေခန်းခန်း မနေမနား မီးပွတ်သမားကဲ့သို့ မဂ်ဖိုလ်မရမချင်း ငါမထ" ဟူသော ဇွဲ၊ သတ္တိ၊ လုံ့လ၊ ဝီရိယဖြင့် အားစိုက်၍ အားထုတ်ရပါတယ်။

### သတိဗိုလ်

နေ့စဉ်အချိန်တိုင်း၊ အမြဲတမ်း မမေ့မလျော့သော သတိတရားဖြင့် ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်ဖြင့် အမြဲတမ်းမပြတ် သတိကပ်၍ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးအပေါ် ရှုမှတ်နေရပါတယ်။

သမာဓိဗိုလ်

ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးပေါ်တွင် ရှုမှတ်နေသော အသိနှင့် သတိ တစ်ထပ်တည်းကျကာ စိတ်တည်ကြည် ငြိမ်ဝပ်လာပါတယ်။

ပညာဗိုလ်

ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးဟာ သူ့သဘာဝ သူဖောက်ပြန်နေပါလား။ မမြဲပါလား။ မမြဲတဲ့ အတွက် မစွဲ။ ဥပါဒါန်လွတ်၍ ပညာဗိုလ်ဖြစ်လာပါတယ်။

## ဆရာတော်ကြီး မိန့်ခဲ့သော တရားထိုင်သူများလိုက်နာရမည့် အချက်(၆)ချက်

၁။ သိပ်မအိပ်နဲ့

၂။ သိပ်မစားနဲ့

၃။ ဘယ်သူနဲ့မှ စကားမပြောနဲ့၊

၄။ စာမဖတ်နဲ့ ( TV-VIDEO ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်)

၅။ ချင် ၅ ချင် ရှောင် (မြင်ချင်သေးလား၊ ကြားချင်သေးလား၊ စားချင်သေးလား၊ ထိချင်သေးလား၊ သိချင်သေးလား)

၆။ မပြတ်လုပ် (အရိယာပုဒ်လေးပါးနဲ့ တရားမမြဲနှလုံးသွင်းနေပါ။)

## ဆရာတော်ကြီး မှာကြားခဲ့သော တရားထိုင်သူများထားရှိရမည့် စိတ်နေစိတ်ထား ၉ ချက်

၁။ သည်းခံပါ။

၂။ စေတနာထားပါ။

၃။ သမ္မာနဲ့နေပါ။

၄။ ကိုယ်ချင်းစာစိတ်၊ စာနာတဲ့စိတ် ထားပါ။

၅။ မေတ္တာထားပါ။

၆။ အတ္တနည်းရမယ်။

၇။ မာန်၊ မာန ချထားရမယ်။

၈။ သီလဖြစ်အောင်နေ (ဆရာတော်ကြီးဆိုလိုသော သီလမှာ လောဘ၊ ဒေါသ၊ မောဟ ခေါင်းပါးတာကို "သီလ" ဟု သတ်မှတ်သည်။

၉။ ဒုစရိုက် ၁၀ ပါး ရှောင်နိုင်ရမည်။ (ရှင်းလင်းဖော်ပြပြီး) ဆရာတော်ကြီးက အုန်းတုံးနဲ့ လက်တန်း ဥပမာပြခဲ့ပါတယ်။ ချောင်းကိုကူးတဲ့အခါမှာ အုန်းတုံးခင်းထားတယ်။ အုန်းတုံးက လှုပ်တုတ် လှုပ်တုတ်နဲ့ဆိုတော့ ပြုတ်ကျတတ်သည်။ ပြုတ်မကျအောင် ဘေးက လက်တန်းလေး လုပ်ပေး ပါတယ်။ လက်တန်းလည်းကိုင်၊ အုန်းတုံးလည်း လျှောက်တဲ့အခါ လိုရာခရီး ချောချော မောမောရောက်ပါတယ်။ ဒီဥပမာလိုပါပဲ။

လက်တန်းက အပြင်မှာ စင်ကြယ်အောင်နေတာပါ။ အုန်းတုံးက ခန္ဓာမှာ စင်ကြယ် အောင်နေတာပါ။ ဟိုဘက်ကမ်းက ဉာဏ်မှာစင်ကြယ်တာကို ပြောတာပါ။ ဉာဏ်မှာ စင်ကြယ် ခြင်းဆိုတဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုရအောင် အဓိပညာ၊ ပရမတ္ထသစ္စ၊ အရိယာသစ္စာတွေ ဖြစ်အောင် ခန္ဓာမှာ စင်ကြယ်ရပါမယ်။ ခန္ဓာမှာစင်ကြယ်ခြင်းဆိုတဲ့ အဓိစိတ္တ၊ သဘာဝသစ္စာ တွေဖြစ်အောင် အပြင်မှာစင်ကြယ်ရပါတယ်။ အပြင်မှာစင်ကြယ်အောင် အထက်ကဖော်ပြခဲ့တဲ့ အချက်တွေ လိုက်နာနိုင်မှသာ အပြင်မှာစင်ကြယ်မှာဖြစ်ပါတယ်။

ဒါကြောင့် ဆရာတော်ကြီးက "အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်မှ ဉာဏ်မှာ စင်ကြယ်မယ်။ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး။ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး" ဟု မိန့်ခဲ့ခြင်းဖြစ်ပါတယ်။

**ခန္ဓာမှာစင်ကြယ်အောင် သမာဓိ၊ အဓိစိတ္တ၊ သဘာဝသစ္စာတွေဖြစ်အောင် ကျင့်ကြံရမည့်အချက်များမှာ သတိပဋ္ဌာန်လေးပါး ဖြစ်ပါတယ်။**

**တတိယဋ္ဌာန် လေးပါး**

၁။ ကာယသတိပဋ္ဌာန်

၂။ ဝေဒနာသတိပဋ္ဌာန်

၃။ စိတ္တသတိပဋ္ဌာန်

၄။ ဓမ္မာသတိပဋ္ဌာန်

## (၁) ကာယသတိပဋ္ဌာန်

မိမိဆောက်တည်လိုသော သီလကို ခံယူဆောက်တည်ပါ။ မိမိကြိုက်နှစ်သက်ရာ ပရိကံ (သို့) အဓိဋ္ဌာန်ပြုပါ။ မိမိခန္ဓာကိုယ်ကို အရိယာပုတ် မျှတအောင် ထိုင်နိုင်သောအနေအထား ဖြင့် မိမိစိတ်ကြိုက် ထိုင်နိုင်ပါသည်။ ခါးကို မမတ်လွန်း၊ မလျော့လွန်း၊ အရိယာပုတ်ကြာကြာ ထိုင်နိုင်တဲ့အနေအထားဖြင့် ထိုင်ပါ။ ခေါင်းကို မငုံ့လွန်း၊ မမော့လွန်း၊ အနေအထား ထားပါ။ လက်ဖဝါးနှစ်ဖက်ထပ်လျက် အလိုက်သင့်အနေအထား ထားပါ။ အဓိကအားဖြင့် မိမိအာရုံ ကျသလို ကြာကြာထိုင်နိုင်သော အရိယာပုထ်ဖြင့်သာ အားထုတ်ပါ။ မနောမှာ သမာဓိတည်ဖို့ အဓိကဖြစ်ပါတယ်။ ကိုယ်ကို တောင့်မထားပါနှင့်၊ တင်းမထားပါနှင့်၊ ဖျော့မထားပါနှင့်။ အလိုက်သင့် အနေအထားဖြင့် စတင်ထိုင်ပါ။ အပြင် ဝီစိကစ္ဆ ဘာဟီရများကို ကြိုတင်ဖြတ် ထားပါ။ စိတ်ရှင်းနေပါစေ။ အစားကို အနေတော်စားပါ။ အပေါ့ အလေးသွားတာကို ကြိုတင် ပြုလုပ်ထားပါ။ ဝတ်ဆင်သည့်အဝတ်များကို ရာသီဥတုနှင့် လိုက်လျောညီအောင် ကြိုတင် ဝတ်ဆင်ထားပါ။

ဆရာတော်ကြီး မိန့်ခဲ့သည်မှာ "တောင်ပို့ထဲမှာ ဖွတ်ရှိတယ်။ တောင်ပို့မှာ ဂယ်ပေါက် ခြောက် ပေါက်ရှိတယ်။ ငါးပေါက်ကိုပိတ်ပါ။ တစ်ပေါက်တည်းဖွင့်ထား၊ ကြာလာရင် ဒီဖွတ်ထွက်လာလိမ့်မယ်။ ထွက်လာတဲ့ဖွတ်ကို ရိုက်သတ်လိုက်ပေတော့" ဟု ဥပမာထား မိန့်ခဲ့ ပါတယ်။

တောင်ပို့မှာရှိတဲ့ ဂယ်ပေါက်ခြောက်ပေါက်ဆိုသည်မှာ မိမိမှာရှိသော အာရုံခြောက်ပါး ကိုခေါ်ပါတယ်။ ဖွတ်ကတော့ မိမိမနောစိတ်ကိုခေါ်ပါတယ်။ ဂယ်ပေါက် ငါးပေါက်ဆိုသည်မှာ မျက်စိတံခါး (မြင်ရာ)၊ နားတံခါး (ကြားရာ)၊ နှာခေါင်းတံခါး (နံရာ)၊ ဇိဝှါတံခါး (စားရာ)၊ ကိုယ်တံခါး (ထိရာ)။ တံခါးအာရုံငါးပါးကို ပိတ်ထားနိုင်ခြင်းဖြစ်ပါတယ်။ တရားထိုင်နေချိန် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ငါးပေါက်ပိတ်ထားပါပြီ။ စိတ်(မနော)ကို အမိဖမ်းရပါတော့မယ်။ နှာသီး၊ နှာဖျားမှာ လေကလေးဝင်တာ/ထွက်တာ ဒလစဉ် ဒလစပ် လှုပ်ရှားနေတာကို သတိ ပြုပါ။ ဝင်တာ သိတာ၊ ထွက်တာ သိတာ မှတ်နေပါ။ လေကလေးက နှာသီး၊ နှာဖျားဝက မွေးညှင်းလေးကို ထိသွားတာ သတိပြုပါ။ ထိတယ်၊ သိတယ် သတိပြုပါ။ ထိ၊ သိ၊ သတိ၊ ထိသိ သတိ၊ သတိလေးကပ်ထား။ ကြာလာတော့ သိ၊ သိ၊ သိ အသိလေးပဲဖြစ်လာလိမ့်မယ်။ ဆိုလည်း မနေရဘူး။ မနောက သူ့ဘာသာသူ သိလာလိမ့်မယ်။ အသိလေးက နှာသီးဖျားဝမှာ

ကပ်ထား။ ဘယ်မှ စိတ်အပြင်မထွက်စေနဲ့။ ယုံကြည်မှု သဒ္ဓါ၊ ဝီရိယ၊ သတိနဲ့ ကပ်မှတ်။ သတိအမြဲကပ်ထားရင် အသိဖြစ်လာလိမ့်မယ်။ တရားတွေ သိလာလိမ့်မယ်။ ကိုယ့်အလုပ်က ဝင်လေ၊ ထွက်လေကို တစ်ချက်ဝင် တစ်ချက်သိရမယ်။ ထွက်ရင်လည်း တစ်ချက်ထွက် တစ်ချက်သိရမယ်။ အသိလွတ်မသွားစေနဲ့။ သတိ ကပ်ထား။ ဒါကြောင့် စွန်းလွန်းဆရာတော်ကြီးက "ထိမှု၊ သိမှု ထိုနှစ်ခု သတိကြပ်ကြပ်ပြု" ဟု ဟောခဲ့တာ။ သဒ္ဓါ၊ ဝီရိယ၊ သတိနဲ့ စိုက်ရှု။ တွေးစိတ်တွေ ပေါ်လာတတ်တယ်။ ပေါ်လာရင် လေကို ပြင်းပြင်းရှုပေး။ လွှဆွဲသမားလို လေကို မှန်မှန်နဲ့ ပြင်းပြင်း ရွှမ်း-ရွှမ်း-ရွှမ်း၊ မှန်မှန်ရှုပေး။ ဆရာတော်ကြီး ဥပမာမှုပြုသည်မှာ ရှူး-ရှူး-ရှူး ဆရာတော်ကြီး တရားစတင်ကျင့်ကြံချိန်တွင် လေပြင်းပြင်းရှူသည်။ ဆရာတော်ကြီး မိန့်တော်မူသည်မှာ လေကိုပြင်းပြင်းရှူမှ တွေးစိတ်တွေ မဝင်တာ။ တရားထိုင်ရင်းနဲ့ ငါ့မယား၊ သမီးတွေ၊ သားတွေ ဘယ်လိုစားနေကြသလဲ၊ ဘယ်လိုနေကြသလဲ။ လင်တွေများရနေပြီလား။ လှမ်းလှမ်းတွေးတယ်။ မတွေးနိုင်အောင် လေကို ပြင်းပြင်းရှူတော့ တွေးစိတ်တွေ မဝင်တော့ဘူး။ တရားထိုင်ချိန် တွေးစိတ်က တရားအနှောက်အယှက်ဖြစ်တယ်။ တွေးစိတ်အာရုံတွေနဲ့ မျောနေတတ်တယ်။ မျောတရားဖြစ်တတ်တယ်။ တွေးတရားဖြစ်တတ်တယ်။ ဒီလို တွေးတော စိတ်နဲ့ထိုင်နေရင် အကြာကြီးထိုင်နိုင်တယ်။ အလကားပဲ။ ဖင်ပြုတ်တက်တာပဲ အဖက်တင်မယ်။ ခြင်းကြားနဲ့ ရေခပ်သလိုပဲ။ ရေမပါဘူး။ တွေးစိတ်မဝင်ရင် စိတ်ကလေး ကြည်လင်သန့်ရှင်းလာလိမ့်မယ်။ စိတ်က ငြိမ်ဝပ်ပိပြားလာလိမ့်မယ်။ ကာယကံ၊ ဝစီကံကို လူတွေပဲ သိတယ်။ မနောကို လူမသိဘူး။ မိမိစိတ် တွေးတယ်၊ မတွေးဘူးဆိုတာ နတ်သိတယ်။ မနောကံကို နတ်တွေက သိတယ်။ မနောလုံရင် နတ်တွေက ဦးတိုက်တယ်။ ရပ်ရွာမှာ လုံခြုံမှု ရှိအောင် ရဲက စောင့်ရှောက်ရတယ်။ ရဲရှိရင် လူဆိုး၊ သူခိုး၊ ဓားပြ မဝင်ရောက်နိုင်ဘူး။ ဒီလိုပဲ မိမိ မနောမှာ သတိဆိုတဲ့ ရဲစောင့်ရှောက်မှုအမြဲရှိရင် လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ လူဆိုး၊ သူခိုး၊ ဓားပြတွေ မဝင်ရောက်နိုင်ဘူး။ ထိ၊ သိ၊ သတိကိုသာ အမြဲလုပ်နေပါ။ သတိထားပါ။ သတိရှိရင် ကာယကံသုံးပါး၊ ဝစီကံ လေးပါး၊ မနောကံ သုံးပါး၊ ဒုစရိုက် ၁၀ ပါး လုံခြုံနေပါတယ်။

တရားထိုင်ရာက ဖြုတ်လိုက်ရင်လည်း မိမိစိတ်ကို လွှတ်မထားပါနဲ့။ အာရုံ ၆ ပါးကို ထိန်းထားပါ။ ဒီလို အာရုံကို ထိန်းမထားရင် အပြင်အာရုံနဲ့ မနောပေါင်းရင် လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေဖြစ်ကုန်ရော။ ကိုယ်တရားထိုင်ပြီးရထားတဲ့ သမာဓိပျက်သွား

ရော။ ဒီလိုဖြစ်ရင် ခြင်းကြားကြီးနဲ့ ရေခပ်သလိုပဲ။ ရေတော့ ခပ်ပါရဲ့၊ ရေမပါဘူးဖြစ်နေတယ်။ ဒါကြောင့်မို့ တရားထိုင်ရာက ဖြုတ်လိုက်ရင် မိမိနေရာပြန်တဲ့အခါ လမ်းလျှောက်ရင်း ကြမ်းပြင် (သို့) မြေကြီးနဲ့ထိတဲ့အခါ ထိတာလေး သတိထား။ ထိ၊ သိ၊ သတိ၊ ထိ၊ သိ၊ သတိ။ ထိတာက ရုပ်၊ သိတာက နာမ်၊ ထိရုပ် သိနာမ်ပဲရှိပါလား။ ငါမဟုတ်ပါလား။ ထိတာလည်း မမြဲ၊ သိတာလည်း မမြဲ၊ ရုပ်နာမ် မမြဲပါလား။ အနတ္တပါလားလို့ မိမိအသိလေးကပ်ထား။ သတိနဲ့ အသိ အမြဲကပ်ထား။ စားတဲ့အခါမှာလည်း ဇိဝှါ(လျှာ)နဲ့ အရသာ၊ ထိတာက ရုပ်၊ အရသာကို ခံစားလို့သိတာက နာမ်၊ စားရုပ် စားနာမ် ငါမဟုတ်ပါလား။ သိရင် သက္ကာယဒိဋ္ဌိ စင်ပြီ။ စားရုပ် စားနာမ်လည်း စားတုန်းခဏပဲဖြစ်ပြီး မရှိတော့ပါလား။ စားရုပ် စားနာမ် မမြဲပါလား။ အသိဖြစ်ရင် အနတ္တကို သဘောပေါက်ပြီ။

ဒီလိုပဲ ကြားတဲ့အခါမှာလည်း သောတ(နား)နဲ့ အသံထိတွေ့တာက ကြားရုပ်၊ သိတာက ကြားနာမ်၊ ကြားရုပ်၊ ကြားနာမ်ပဲရှိပါလား။ ငါ မဟုတ်ပါလား။ ကြားရုပ်၊ ကြားနာမ် မမြဲပါလားလို့သိရင် သတ္တတဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ စင်ပြီ။ သမ္မာဒိဋ္ဌိ ဖြစ်နေပါပြီ။

မြင်တဲ့အခါမှာလည်း စက္ခုပသာဒနဲ့ အဆင်းတိုက်ဆိုင်တဲ့အခါ မြင်ရုပ်၊ သိတာက မြင်နာမ်၊ ငါမဟုတ်၊ မမြဲပါလားလို့ နှလုံးသွင်းရမယ်။

နံတဲ့အခါမှာလည်း ဂန္ဓ အနံ့ရုပ် တိုက်ဆိုင်တဲ့အခါ နံတာက ရုပ်၊ သိတာက နာမ်၊ နံတဲ့ရုပ်နဲ့၊ နံတဲ့နာမ် ငါမဟုတ်ပါလား။ မမြဲပါလား။ တိုက်လိုက်တုန်း ဖြစ်ပြီးနောက် မရှိတော့ပါလား။ အနတ္တပါလား နှလုံးသွင်းဆင်ခြင်ရမယ်။

တွေးတောစရာ (ဓမ္မာရုံ)နဲ့ ဟဒယနှလုံးနဲ့ တိုက်လိုက်တဲ့အခါ သိတဲ့ တွေးတောစိတ်နာမ်တရားပေါ်လာတယ်။ တွေးရုပ်၊ တွေးနာမ် ငါမဟုတ်။ မမြဲပါလားလို့ နှလုံးသွင်းရမယ်။

ဒီလို အာရုံခြောက်ပါးပေါ်မှာ ငါမဟုတ်၊ ရုပ်နာမ်ပါလား။ မမြဲပါလားလို့ အမြဲနှလုံးသွင်းနေရင် အပြင်အာရုံတွေကို မနောက သတ်ထားတယ်။ သက္ကာယအယူတွေ၊ မိစ္ဆာအယူတွေ၊ အတ္တအယူတွေပယ်ပြီး သမ္မာအယူ ယူထားတော့ သီလ၊ သမာဓိဖြစ်နေတယ်။ အဓိသီလဖြစ်တယ်။ သမုတိသစ္စာနဲ့ ဝိရတီသစ္စာဖြစ်ပါတယ်။ အပြင်မှာစင်ကြယ်အောင်နေတော့ တရားထိုင်တဲ့အခါ တရားလွယ်လွယ်ရနိုင်တယ်။ ခန္ဓာမှာ စင်ကြယ်လာတယ်။ သမ္မာဓိဖြစ်လာတယ်။ ခန္ဓာမှာ စင်ကြယ်ရင် အဓိစိတ္တဖြစ်တော့ ဉာဏ်မှာစင်ကြယ်တယ်။ ပညာ(ဉာဏ်) အဓိပညာဖြစ်ပါတယ်။ ဤကဲ့သို့ နှလုံးသွင်းခြင်းကို ထိုင်ရာမှာသော်လည်းကောင်း၊ လျောင်း(အိပ်)ရင်း

သော်လည်းကောင်း၊ အရိယာပုတ်လေးပါးနဲ့ မပြတ်မှတ်နေပါ။ စားရင်လည်း မှတ်၊ သွားရင်လည်း မှတ်၊ ထမင်းချက်ရင်လည်း မှတ်၊ ရေခတ်ရင်လည်း မှတ်၊ အမှိုက်လှဲရင်းလည်း မှတ်၊ အိပ်ရင်းနဲ့လည်း မှတ်။ ဒလစဉ် ဒလစပ် အမှတ်မလွတ်ရင် သီလ၊ သမာဓိဖြစ်ပါတယ်။

## (၂) ဝေဒနာသတိပဋ္ဌာန်

တရားထိုင်ချိန်ကြာတဲ့အခါ ခန္ဓာမှာ ဝေဒနာတွေပေါ်လာပါတယ်။ တောင့်တာလည်း ဝေဒနာ၊ အောင့်တာလည်း ဝေဒနာ၊ ပူတာလည်း ဝေဒနာ၊ ကျင်တာလည်း ဝေဒနာ။ ဝေဒနာတွေပေါ်လာတယ်။ တောင့်အောင့်ပူကျင် ဖြစ်နေတာက ရုပ်တွေက ဖောက်ပြန်နေပါလား။ ကြမ်းပြင်ခက်မာတဲ့ ပထဝီဓာတ်နဲ့ ရုပ်ခန္ဓာရဲ့ ပထဝီဓာတ်နဲ့ ထိတွေ့တဲ့အခါ ရုပ်က ဖောက်ပြန်တယ်။ ဝေဒနာ နာမ်တရားက ခံစားတယ်။ အကြောင်းကြောင့် အကျိုးဖြစ်တယ်။ ရုပ်အကြောင်း နာမ်အကျိုးဖြစ်တယ်။ သူ့သဘာဝ သူဖြစ်တယ်။ ငါလုပ်တာ မဟုတ်၊ သဘာဝတရားပဲ။ ငါနဲ့ ဘာမှမဆိုင်။ ရုပ်က သူ့ဘာသာသူ ဖောက်ပြန်သလို နာမ်ကလည်း သူ့ဘာသာသူ ခံစားတာပဲ။

ဒီလိုပါပဲ။ ပူတဲ့ ဥတုနဲ့ ရုပ်ခန္ဓာနဲ့ ထိတွေ့တော့ ပူတဲ့သဘော၊ အိုက်တဲ့သဘောကို ဝေဒနာ နာမ်လေးက သိတယ်။ ခံစားတယ်။ ငါမဟုတ်၊ ပူတာ ရုပ်၊ သိတာက နာမ်၊ ပူရုပ် ပူနာမ် ငါမဟုတ်။ သူ့သဘာဝ သူ့သဘောပဲ။ ဒီလိုသိရင် သက္ကာယဒိဋ္ဌိစင်ပါတယ်။

ဒီလိုဝေဒနာပေါ်လာရင် သည်းခံပြီး ထိုင်ပါ။ ဝေဒနာကို တောင့်မထားနဲ့၊ တင်းမထားနဲ့။ အံကြိတ်မထားနဲ့။ မျှော့ပြီးလိုက်။ ဝေဒနာဟာ ငါလုပ်တာမဟုတ်။ မနာနဲ့ဆိုလို့လည်း မရပါလား။ သူ့ဘာသာသူ ဖောက်ပြန်နေပါလား။ အနတ္တပါလားလို့ နှလုံးသွင်း။ မခံသာမှန်ပါဘိ။ ဒီတရား ခံသာရင် သံသရာကြောမျှောလိမ့်အများ။ မခံသာလို့ ခံသာအောင် တရားထိုင်ပြင်လိုက်မယ်။ ဖြုတ်လိုက်မယ်ဆိုရင် သံသရာထဲမျောသွားမယ်။ မြုပ်သွားမယ်။ သတိလေးထားပါ။ မလှုပ်နဲ့၊ မပြင်နဲ့၊ မဖြုတ်နဲ့၊ သည်းခံပြီးထိုင်။ ဒီလိုသည်းခံထိုင်ရင် ခန္တီသံဝရသီလဖြစ်နေပါတယ်။ ခန္တီသံဝရသီလဖြစ်နေပါတယ်။ သီလကနေ သမာဓိတည်ကြည်လာပါတယ်။ ဒါကြောင့် ဝေဒနာကိုသည်းခံပြီး တက်ယူရတယ်။ သည်းခံရင် နိဗ္ဗာန်ရောက်လို့ဆိုတယ်။ ဝေဒနာ သည်းခံနိုင်ရင် တစ်ဆင့်တစ်ဆင့်တက်သွားပြီး နိဗ္ဗာန်ရောက်လိမ့်မယ်။ ဒါကြောင့် စွန်းလွန်းဆရာတော်ကြီးက "ဝေဒနာကျော်မှ သာဓုခေါ်မယ်" လို့ မိန့်ခဲ့ပါတယ်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ က "တရားထိုင်လား"၊ "ထိုင်ပါတယ် ဘုရား"၊ ဝေဒနာဆုံးပြီလား"၊ "မဆုံးသေးပါ ဘုရား"၊ "ဝေဒနာဆုံးအောင်လိုက်" ဟု မိန့်ပါတယ်။

ဝေဒနာဆုံးသည်ဆိုသည်မှာ ဒုက္ခဝေဒနာများ မချိမဆံ့ခံစားရသော ဒုက္ခဝေဒနာမှ သုခဝေဒနာဘက်သို့ ကူးပြောင်းသွားခြင်းဖြစ်ပါတယ်။ သုခဝေဒနာဟာ အင်မတန်ကောင်းတယ်။ မျောနေတတ်တယ်။ သုခဝေဒနာကလည်း မမြဲဘူး။ မမြဲဘူးဆိုတာ သိလာရင် သုခဝေဒနာကိုလည်း မစွဲ၊ ဥပါဒါန်လွတ် သုခဝေဒနာချုပ်ပါတယ်။ ဒုက္ခဝေဒနာလည်း မစွဲ ဥပါဒါန်လွတ် ဒုက္ခဝေဒနာလည်းချုပ်၊ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာချုပ်ရင် နိရောဓထဲရောက်ပါတယ်။ ဖောက်ပြန်နေတဲ့ရုပ်လည်း မမြဲတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သိတော့ ရုပ်ကိုမစွဲ၊ ဥပါဒါန်လွတ်၊ ရုပ်ချုပ်၊ သိတဲ့ နာမ်လည်း မမြဲတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သိတော့ နာမ်ချုပ်ပါတယ်။ ရုပ်ချုပ်၊ နာမ်ချုပ်တော့ အေးငြိမ်းခြင်းဓာတ် ခံစားရပါတယ်။ နိရောဓဆိုက်ပါတယ်။

ဝေဒနာပေါ်လာလို့ တောင့်ထား၊ တင်းထား၊ အံကြိတ်ထားရင် ဒေါသဖြစ်သွားမယ်။ အသိလေးနှလုံးသွင်းထား။ ရုပ်ဓာတ်တွေဖောက်ပြန်နေပါလား။ နာမ်က ခံစားနေပါလား။ မိုးဥတု၊ နွေဥတု၊ ဆောင်းဥတု သူ့သဘာဝ သူဖြစ်နေသလို ရုပ်ဖောက်ပြန်တာကလည်း သူ့သဘာဝ သူဖောက်ပြန်နေသလို နာမ်ကလည်း သူ့သဘာဝ သူခံစားနေပါတယ်။ သူ့သဘော သူဆောင်နေပါလား။ ဓာတ်တွေပါလား။ ငါနဲ့ ဘာမှမဆိုင်ပါလား။ အနတ္တပါလား။

ကံကြောင့် ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး ရလာတာ။ ဒုက္ခကြီးခံနေရပါလား။ ခန္ဓာရတော့ ခံရတာပါလား။ ခန္ဓာငါးပါးကို လိုချင်တဲ့သမုဒယကြောင့် ဒီဒုက္ခဝေဒနာကြီး ခံနေရပါလား။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရားပါလား။ ဒီ ဒုက္ခဝေဒနာကြီး ခံနေရတဲ့ ဆင်းရဲခြင်းအမှန်တရားဟာ လိုချင်တဲ့ အာရုံ၊ ဥပါဒါန် သမုဒယကြောင့်ပါလားဆိုတာ သိရမယ်။ ဒီ ဒုက္ခဝေဒနာနဲ့ သမုဒယဝေဒနာကို အရင်းခံပြီး ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို သိရမယ်။ သူ့ဘာသာသူ ဖောက်ပြန်နေတဲ့ ရုပ်နဲ့ ခံစားနေရတဲ့နာမ်ကို ငါလို့မယူနဲ့။ သွားမစွဲနဲ့။ သူ့သဘာဝ သူဖောက်ပြန်နေတာ၊ ဓာတ်တွေ ဖောက်ပြန်နေတာမှတ်။ အနတ္တ နှလုံးသွင်း၊ အနိစ္စကိုမြင်အောင်ကြည့်။ ဒုက္ခကို မုန်းအောင်ရှု၊ အနတ္တဆုံးအောင်သိ။ ဝေဒနာကို သွားမစွဲနဲ့။ ဥပါဒါန် မဖြစ်စေနဲ့။ အမယ်လေး ငါနာလိုက်တာဆိုရင် ပိုပိုနာမယ်။ သညာနဲ့ မမှတ်နဲ့။ ပညာနဲ့မှတ်။ အတ္တနဲ့ မတူနဲ့။ အနတ္တနဲ့ယူ။ ပညတ်နဲ့ မယူနဲ့၊ ပရမတ်နဲ့ယူ။ ကံနဲ့ မသုံးနဲ့၊ ဉာဏ်နဲ့သုံး။ ဝေဒနာဟာ ငါမဟုတ်၊ မမြဲပါလား။ သူ့သဘာဝ သူဖောက်ပြန်နေပါလား သိရင် ပညာဖြစ်တယ်။ ရှေ့ဆက်တက်တော့

မယ်။ ခံစားနေရတဲ့ ဝေဒနာကို အဖေကလည်း မကယ်နိုင်ဘူး။ အရိယာပုထ် မပြောင်းနဲ့၊ မပြင်နဲ့၊ မဖျက်လိုက်နဲ့၊ ဖွဲသတ္တိတင်းထား၊ ဝေဒနာကို သဒ္ဓါဗိုလ်တင်ထား။ ဒီတရား ကျင့်ရင် ရမယ်ဆိုတာ ယုံကြည်ထား။ ဝီရိယမှာ ဖွဲသတ္တိတင်းထား။ အရိုးကျေကျေ အရေခန်းခန်း မနေမနား မီးပွတ်သလားဝီရိယနဲ့ကျင့်။ ဝီရိယဗိုလ်တင်ထား။ ဝေဒနာပေါ်မှာ သတိအမြဲကပ်ထား။ သတိမလွှတ်စေနဲ့။ သတိမှာ ဗိုလ်တင်ထား။ ရုပ်ဖောက်ပြန်မှုကြောင့် ဝေဒနာတက်လာလေလေ သဒ္ဓါ ဝီရိယ သတိ တိုးတင်းပေးပါ။ ဝီရိယနဲ့ သတိက ဖောက်ပြန်တဲ့ရုပ်နဲ့ ခံစားနေရတဲ့ ဝေဒနာ၊ နာမ်တရားပေါ်မှာ အမြဲတမ်း အပေါ်ကနေဖိပြီးမှတ်နေ။ သတိကပ်ထား။ ဖောက်ပြန်နေတာက ရုပ်၊ ခံစားတဲ့ဝေဒနာက နာမ်တရား။ သူ့သဘာဝ သူ့သဘော ငါနဲ့ မဆိုင်ပါလား။ သူ့သဘာဝ သူ့သဘောဆိုတဲ့ အသိ (ပညာဗိုလ်)နဲ့ သတိကပ် မှတ်ထား။ ကြာလာတော့ ရုပ်ကလည်း တည်ငြိမ်၊ စိတ်ကလည်း တည်ငြိမ်၊ သမာဓိဖြစ်လာပါတယ်။ ဝေဒနာကို ဗိုလ်ငါးပါးနဲ့ ဦးစီးတိုက်လိုက်တဲ့အခါ ဝေဒနာသည် တဖြည်းဖြည်းလျော့ကျလာပါတယ်။ ဒါကြောင့် ဝေဒနာ တစ်မတ်သားဆိုရင် မိမိဗိုလ်ငါးပါးကိုလည်း တစ်ကျပ်သားနဲ့ လိုက်ရပါတယ်။ ဝေဒနာတက်ရင် ဗိုလ်ငါးပါး ဦးစီးပြီး၊ ဝေဒနာဆုံးသည်အထိ သည်းခံတိုက်ရပါတယ်။ ဝေဒနာကိုသည်းခံပြီး ဗိုလ်ငါးပါးနဲ့ရှင်း။ ရှေ့မှာ ကယ်မယ့်သူ ရှိပါတယ်။

ဥပမာဆိုရင် ဖားလေးဟာ နေကလည်း အလွန်ပူ၊ သဲကလည်း အလွန်ပူ၊ ရေကလည်း ငတ်၊ ဟစိဟစိနဲ့ အပူဒဏ် (ဒုက္ခဝေဒနာ)ခံစားနေရတယ်။ ရှေ့မှာ ရေအိုင် (သုခဝေဒနာ) တွေ့တဲ့အခါ "ဝုန်း"ဆို ခုန်ဆင်းတော့တာပဲ။ (ရှေ့မှာ ကယ်မယ့်သူရှိတယ်) သုခဝေဒနာဟာ အင်မတန်ကောင်းတယ်။ ဒီနေရာမှာ ကြာနေတတ်တယ်။ အဲဒီတောင်လည်း ငါတက်ရဦးမှာပဲ။ သုခဝေဒနာဟာလည်း ငါမဟုတ်ပါလား။ ဖောက်ပြန်နေတဲ့ ရုပ်နဲ့ ခံစားနေတဲ့ဝေဒနာ နာမ်တရားပါလား။ ရုပ်နာမ်မမြဲပါလား။ မမြဲတာကိုသိလာရင် သုခဝေဒနာကို မစွဲတော့ဘူး။ ဥပါဒါန်လွှတ်ပြီ။ သုခဝေဒနာချုပ်ပြီ။ ဒုက္ခဝေဒနာလည်း ချုပ်၊ သုခဝေဒနာလည်း ချုပ်ရင် ဉာဏ်ရတော့တာပါ။ မဂ်ဉာဏ်ရတော့ နိဗ္ဗာန်ရောမထဲဝင်တော့တာပါပဲ။

ဒါကြောင့် စွဲရင် ကာ၊ မစွဲရင် ဉာဏ်။ မစွဲတော့ ဥပါဒါန်လွှတ်၊ ဥပါဒါန်လွှတ်တော့ မဂ်ဉာဏ်ရတာပေါ့။ အစွဲဥပါဒါန်ကို ဒါနနဲ့လည်း သတ်လို့မရဘူး။ သီလနဲ့လည်း သတ်လို့မရဘူး။ သမာဓိနဲ့လည်း သတ်လို့မရဘူး။ မဂ်ဉာဏ်နဲ့မှ ပြတ်တာလို့ ဆရာတော်ဟောခဲ့ပါတယ်။

ဝေဒနာမှာ ငါ နာတယ်ဆိုရင် သညာ၊ သခၤါရ ဥပါဒါန်ဖြစ်သွားပြီ။ ဝေဒနာ မခံနိုင်တော့

ဖျက်ပစ်လိုက်ရော။ ဝေဒနာဟာ ငါမဟုတ်ပါလား၊ ဖောက်ပြန်နေတဲ့ ရုပ်နဲ့ ခံစားနေတဲ့ ဝေဒနာ နာမ်တရားပဲရှိပါလား။ အဲဒီရုပ်၊ နာမ်ကလည်း မမြဲတဲ့သဘောပါလားဆိုတာ သိလာရင် ပညာဖြစ်ပြီ။ ပညာဖြစ်ရင် အာသဝေါရဲ အနုပါဒါန်ဉာဏ်ဖြစ်သွားပြီ။ ဝေဒနာကို သဘောပေါက်သွားပြီ။ ဥပါဒါန်လွတ်ပြီ။

ရုပ်ရှိရင် ဝေဒနာရှိတယ်။ ဝေဒနာကို ငါလို့ ယူလိုက်ရင် မခံနိုင်တော့ဘူး။ တဏှာဘက်ကူးသွားပြီ။ ဝေဒနာကို လျှော့ပေးချင်တဲ့စိတ် (ကောသဇ္ဇ)ဖြစ်လာတယ်။ ဒါလည်း အစွန်းတစ်ပါးပါပဲ။ ဝေဒနာကို ဖိအားထုတ်ချင်တဲ့စိတ်ဖြစ်လာရင်လည်း ဒါဟာ အစွန်းတစ်ပါးပါပဲ။ ဒီနှစ်ခုကြား အလယ်ကနေ ဝေဒနာရဲ့ သဘာဝ၊ သဘောကို မြင်အောင်ကြည့်၊ သူ့သဘာဝ သူဖောက်ပြန်နေတဲ့ သဘော။ ခံစားနေတဲ့သဘော။ မမြဲတဲ့သဘောကို မြင်အောင်ကြည့်တတ်လာပါတယ်။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတည်းဟူသော ဗိုလ်ငါးပါးဦးစီးပြီး ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို မဂ္ဂင်ရှစ်ပါးအကျင့်တရားနှင့် ကျင့်သွားရင် ဝေဒနာကို သီလ၊ သမာဓိ၊ ပညာတွေနဲ့ ခံနိုင်သွားပါပြီ။ ဝေဒနာကို ကျော်နိုင်ပါပြီ။

## (၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်

ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ကနေ စိတ္တာနုပဿနာ သတိပဋ္ဌာန်ရောက်ရင် စိတ်မဟုတ်တော့ပါဘူး။ ဓာတ်ဖြစ်သွားပါပြီ။ သူ့သဘောသူ ဓာတ်တွေဖြစ်ပျက် ဖောက်ပြန်နေပါလားဆိုတဲ့ ဓာတ်သဘောတွေသိလာပါပြီ။ ဒါဆို စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြစ်ပါပြီ။ ပရမတ္ထသစ္စာ၊ အဓိစိတ္တ ဖြစ်လာပါတယ်။

## (၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်

ဒုက္ခဝေဒနာလည်း မမြဲပါလား၊ သုခဝေဒနာလည်း မမြဲပါလား၊ မမြဲတော့ မစွဲ၊ မစွဲတော့ ဥပါဒါန်လွတ်ပြီ၊ အေးတော့တာပါပဲ။ ဒုက္ခဝေဒနာနဲ့ သုခဝေဒနာတွေ ဉာဏ်မှာချုပ်တော့ နိရောဓထဲဝင်တော့တာပါပဲ။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာချုပ်ရင် နိရောဓထဲဝင်တော့တာပါပဲ။ ဒါကြောင့် ဝေဒနာနိရောဓော၊ တဏှာနိရောဓော၊ ဝေဒနာချုပ်ရင် တဏှာချုပ်တယ်။ ဒါဟာ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ရောက်ပါတယ်။ အရိယာသစ္စာထိုက်ပါတယ်။ အဓိပညာဖြစ်ပါတယ်။

## နိဂုံး

မဂ္ဂင်ရှစ်ပါးလမ်းစဉ်နဲ့ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ဗိုလ်ငါးပါးဦးစီးပြီး သတိပဋ္ဌာန်လေးပါးနဲ့ ရှုမှတ်ပွားများပါက သစ္စာလေးပါးသိမြင်ပြီး နိဗ္ဗာန်မျက်မှောက်ပြုနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျေးဇူးတော်ရှင် ဆရာတော်ကြီးက သူကျင့်ခဲ့တဲ့တရားများကို ဟောကြားပြသခဲ့ပါတယ်။ တပည့်၊ ဒကာ၊ ဒကာမအပေါင်းက ဆရာတော်ကြီး မီးမောင်းထိုးပြထားတဲ့လမ်းအတိုင်းလျှောက်ရင် လွယ်လွယ်ကူကူနဲ့ ရောက်နိုင်ပါတယ်။ ဆရာတော်ကြီးက ထမင်းပွဲကို ခူးခပ်ပြီးထားခဲ့တာပါ။ ဒကာ၊ ဒကာမတွေက အဆင်သင့်စားဖို့ပါပဲ။ ဒီလိုမှ အဆင်သင့်မစားချင်လည်း ဆရာတော်ကြီးလည်း ဘာမှ မတတ်နိုင်ပါဘူး။ မကယ်နိုင်ပါဘူး။ "အတ္တဟိ အတ္တနော နာထော" မိမိအားထုတ်မှသာ ဒီတရားသိနိုင်မှာပါ။ သံသရာတစ်လျှောက်လုံး ပေ့ါပေ့ါနေ၊ ပေ့ါပေ့ါစားလာခဲ့တာ ယခု ကျေးဇူးတော်ရှင်ဆရာတော်ကြီးနဲ့ တွေ့ပြန်သော်လည်း မကျင့်ရင်တော့ မရနိုင်ပါ။ ဆရာတော်ကြီးက လမ်းပဲပြနိုင်တာပါ။ လျှောက်ဖို့ကတော့ မိမိပါပဲ။ ကျင့်ဖို့ကတော့ မိမိပါပဲ။ ဒါကြောင့် ဆရာတော်ကြီးက "တရားထိုင်ကြပါ။ အားထုတ်ကြပါ"လို့ တဖွဖွမှာခဲ့တာပါ။ ကိုယ်က အဝိဇ္ဇာ၊ သညာ၊ ဥပါဒါန်၊ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ကံနယ်ပယ်မှာပျော်နေတော့ မကျင့်နိုင်ကြပါဘူး။ မကျင့်တော့ မသိနိုင်ကြတော့ဘူး။ ဒါကြောင့် ဆရာတော်ကြီးက "ခင်ဗျားတို့ မိုးကျော့ခိုင်းသွားကြမယ်လို့ အတန်တန်မှာခဲ့တာပါ။ ကျင့်ကြံအားထုတ်ဖို့ အဓိကပါပဲ။ ကျင့်နိုင်အောင် နည်းလမ်းတွေလည်းပြခဲ့ပါပြီ။ အို၊ နာ၊ သေဆိုတာ မုချတွေ့ကြရမှာပါ။ ကိုယ့်ရှေ့က အို၊ နာ၊ သေ လမ်းပြသွားတာ တစ်ပုံတစ်ပင်ကြီးပါ။ သံဝေဂယူကြရမှာပါ။ မအို၊ မနာ၊ မသေခင် ဒီတရားရအောင်ကျင့်ကြရမှာပါ။ "ဆရာတော်ကြီး ပျံလွန်တော်မမူခင် ၂ ရက်က ပတည့်ရဟန်း၊ သီလရှင်၊ ယောဂီတွေ၊ ဝိသုဒ္ဓိဓမ္မာရုံမှာစုပြီး နောက်ဆုံးဩဝါဒမိန့်ခဲ့ပါတယ်။ တစ်လုတ်စားဖူးသူ့ကျေးဇူးကို သိတတ်ပါလို့ နောက်ဆုံးမှာခဲ့ပါတယ်။ ဆရာတော်ကြီးရဲ့ကျေးဇူးကို ဘာနဲ့ဆပ်ကြရမလဲ။ ဆရာတော်ကြီး ကြိုက်နှစ်သက်တဲ့ ဓမ္မနဲ့ ပေးဆပ်ကြရမှာပါ။ ဆရာတော်ကြီးက တပည့်သားသမီးတွေကို သူသိထားတဲ့တရား သိစေချင်တယ်၊ ရစေချင်တယ်၊ ကျင့်စေချင်တယ်။ ဒါကြောင့် ကျေးဇူးတော်ရှင် ဆရာတော်ကြီးကို တရားကျင့်ကြံပွားများအားထုတ်ပြီး ဓမ္မနဲ့ ကျေးဇူးဆပ်ကြပါ။ ဒါကြောင့် ဆရာတော်ကြီးက "မင်းတို့အစား ငါကျင့်ထားတယ်"လို့ဆိုပါတယ်။ ဒကာ၊ ဒကာမတွေအတွက်ကို ကျင့်ကြံပွားများအားထုတ်ပြီး နိဗ္ဗာန်ကိုရောက်နိုင်အောင် သူကိုယ်တိုင်ကျင့်ပြီး ရရှိခဲ့တဲ့ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ဓမ္မခန္ဓာကျင့်စဉ်တရားများကို တဖွဖွဟောကြားပြသခဲ့တာပါ။ ဆရာတော်ကြီး ဟောကြားခဲ့တဲ့ တရားတော်တွေကို အလွယ်တကူကျင့်ကြံနိုင်ရန်အတွက် ကျေးဇူးတော်ရှင်

ဆရာတော်ကြီး ဦးပဏ္ဍိတ ဟောကြားသော တရားကက်ဆက်ခွေ ၂၀၀ ကျော်မှ ထုတ်နုတ်၍ ကူးယူဖော်ပြ ဓမ္မဒါနပြုအပ်ပါသည်။ ကြိုးစားကျင့်ကြံပွားများအားထုတ်နိုင်ကြပါစေလို့ နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဗိုလ်မှူးသန်းမြင့်အောင်(ငြိမ်း)
( ဗိုလ်မှူးဆရာတော် )
ဝိသုဒ္ဓိကျောင်း
မြောင်းမြ
၂၅.၂.၂၀၂၁

# ဝိသုဒ္ဓိ ဓမ္မ သစ္စာတရားတော်
# အမှတ် (၁၀၁)

ဦးဇင်းက မြန်မာစာ မတတ်ဘူး၊ အဲဒီတော့… မြန်မာစာမတတ်တော့ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ဟောကြားလို့မရဘူး၊ စာပေကျမ်းဂန် မတတ်တာလည်း မသိပါဘူး။ အဲဒါက အားလုံးသိကြတဲ့ တရားတော်တွေပဲ။ ယောဂီအများလာပြီး တရားနာကြတယ်။ ဒကာကြီး ဒကာမကြီး အပေါင်း ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။ စာမတတ်ဘူး။

ပညတ်တရားနဲ့ ပရမတ်တရား။ ပညတ်ကျတော့ ကိုင်တွယ်လို့မရဘူး။ သစ္စာနဲ့ပြောပါမယ်နော်။ သစ္စာ၊ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာ။

သမုတိသစ္စာ အခြေခံ ပြောပြမယ်။ ဘုရားက…. အခု ဦးပဥ္စင်းတို့ ဒီတရားတော်တွေကို နာခဲ့ရပါတယ်။ သီလထဲမှာလည်းပါပါတယ်။ ရှစ်ပါးသီလထဲမှာလည်း ပါတယ်။ အဲဒီတော့ ရှစ်ပါးသီလထဲမှာ ဘာပါလဲ ဆိုတော့… ဒီတရားထဲမှာ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ တရားလေးပါး ပါပါတယ်။ အဲဒီတော့… ဤလေးပါးသော ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ အာသဝေါတရားလေးပါး ကုန်ရာခန်းရာ ချုပ်ရာငြိမ်းရာ ပြည်နိဗ္ဗာန်သို့ ရရပါလို၏ အရှင်ဘုရား

တဲ့။ ဒါ ဦးဇင်းတို့ ဆရာတော်တွေ ဒကာ ဒကာမတွေ၊ ဆရာလေးတွေ၊ သံဃာတော်အရှင်သူမြတ်တွေ ဒီဆုတွေတောင်းကြပါတယ်။ မှန်ပါတယ်။ အဲဒီတော့ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဆိုတာ ယခု ဘဝမှာ ဦးဇင်းတို့ မျက်စိကမြင်ရပြီး နားကလည်း ကြားနေရတယ်။ ကြားတော့လည်း သိတယ်။

ဒါကြောင့်မို့ ဒီတရားဟာလည်းအစွဲတရားတို့တွေဟာ ကာယကံ၊ ဝစီကံ၊ မနောကံ… ကံသုံးပါးဟာ ဘယ်ကံ အကြီးဆုံးလဲ၊ မနောကံ ကြီးတယ်။ ဒီမနောကံကို သတ်မှပဲ။ ဒီမနောကံကို သတ်လို့ ရှိရင်တို့ သီလမဂ္ဂင်ဖြစ်မယ်၊ သမာဓိမဂ္ဂင်ဖြစ်မယ်၊ ပညာမဂ္ဂင်ဖြစ်မယ်။ ဒါ သဘောလေးပဲ ဟောပါတယ်ဗျာ။ သဘောလေးပဲနော၊ သဘောလေးပဲ ဟောပါတယ်။ အဲဒီတော့ သီလမဂ္ဂင်ဆိုတာက ခုနက စာနဲ့ရေးထား တယ်။ ဘုရားက ဟောထားပါတယ်။ အဓိသီလတဲ့။ အဓိ ဆိုတာ အာရုံ ငါးပါးနဲ့ မနောဓမ္မာရုံနဲ့…၊ အဲဒီတော့ မြင်လိုက်တဲ့အခါမှာ ဟောဒီ ကာလအချိန်လေးမှာ သူ့မှာ ဗျာပါဒစိတ်၊ ဝန်တို မိစ္ဆာစိတ်၊ ကုက္ကုစ္စစိတ်၊ အဲဒီလို စိတ်မျိုးတွေ ဒေါသစိတ်…၊ အဲလိုစိတ်လေးတွေ ဖြစ်တတ်တယ်။ မျက်စိအာရုံမှာကိုးဗျ။ အဲဒီတော့ မနောလေးပါသွားတယ်။

အဲဒါ ကာယကံရှင်ပဲ သိပါတယ်။ အဲဒီလိုဟာလေးတွေကို ကိုယ်က အော်…အေး…အေး၊ ကိုယ်က အဲဒီလို အေး… အေး လုပ်မှ သာလျှင်…၊ အပြင်အာရုံကို မနောကပါသွားရင် သမ္မာမဖြစ်နိုင်ဘူး။ အဲဒီတော့ သမုတိသစ္စာနဲ့ မကိုက်ဘူး။ သမုတိသစ္စာဆိုတာ အပြင်အာရုံ ကို ခေါ်တယ်။ အဲဒီတော့ သမ္မာက မနောအာရုံကို ခေါ်တယ်။ အဲဒီတော့ သမုတိသစ္စာနဲ့ သမ္မာ နှစ်ခုပေါင်းမှ သီလဖြစ်မယ်နော်။ ဒါက ခင်ဗျား အိမ်မှာ လျှာထိုးပျဉ် ဥပမာပေးတာ။ အဲဒီလူက ဒုန်းဒိုင်းဒုန်းဒိုင်းနဲ့လုပ် တော့ ခင်ဗျားနားကြားတာပေါ့။ ကြားတော့ ခင်ဗျား ဒေါသဖြစ်သွား

တယ်။ ဒီလို ဒေါသဖြစ်သွားရင် ခင်ဗျားအပြင်သီလ ဖြစ်နိုင်ပါ့မလား။ အပြင်ကို သွားစွဲလို့ မနောကံဟာ ခင်ဗျားဒေါသဖြစ်သွားပြီ။

ဒါကြောင့် အပြင်သီလ အတွင်းသီလ၊ အဲဒီနှစ်ခုကို သေသေချာချာ သတိထားပြီးတော့… အမြဲတမ်းဆောက်တည်ပြီးတော့ လုပ်မှသာလျှင် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာလို့ ခေါ်ပါလိမ့်မယ်။ ဒီလို သီလမျိုးကို အပြင်သီလကို ရအောင်ကြိုးစားပါ။ သူများအသက်မသတ်နဲ့၊ သူများ ပစ္စည်းမခိုးနဲ့၊ သူများသားမယား မဖျက်ဆီးနဲ့၊ မဟုတ်မမှန်သော စကား ကို မပြောနဲ့၊ သေရည်သေရက် မသောက်နဲ့။ ဒါ အပြင်သီလ။ အဲဒီတော့ အပြင်သီလတွေကို ကိုယ်ကစောင့်ထိန်းရင် ဘာလုပ်မလဲ။ အော်… ငါ့ အိမ်မှာ သူတက်နေပါလား။ ဖိနပ်လည်း မစီးဘူး။ သူ ငါ့အိမ်ပေါ် တက်လာတယ်… ဥပမာ အိမ်ပိုင်ရှင်က မြင်လိုက်တယ်ဆို မနောက လှုပ်ရှားသွားတယ်ဗျို့။ ဘာလို့ လှုပ်ရှားသွားတာလဲ။ ငါ့အိမ်ဆိုတဲ့ အစွဲ မှား၊ အယူမှား၊ အမှတ်မှားတဲ့အတွက်ကြောင့် သီလပျက်ပါတယ်ဗျာ။ အော်… အေး… အေး… ဒီလိုသီလမျိုးတွေကို အပြင်သီလ အတွင်း သီလ။ အပြင်မှာက သမုတိသစ္စာ၊ အတွင်းမှာ ဒီမနောက သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ လုပ်ရမယ့်တရား။ ဒီတရားမျိုးတွေကို လုပ်မှသာလျှင် အဲဒီတော့ အပြင်မှာစင်ကြယ်မယ်။

အော်… အေး… အေး၊ အော်… အေး… အေး၊ အာရုံနောက် မှာ… စက္ခုအာရုံနောက်မှာ ကိုယ်က ငါ့မနောလေးက ပါသေးသလား။ ငါ့မနောလေးက အကုသိုလ်စိတ်ကလေး ဖြစ်သေးလား။ ပစ္စည်းနဲ့ ပတ် သက်လို့ ငါ့မောဟစိတ်ကလေး၊ ပစ္စည်းနဲ့ ပတ်သက်လို့ ငါ့လောဘစိတ် ဖြစ်သွားသေးလား။ ပစ္စည်းနဲ့ ပတ်သက်လို့ ကုက္ကုစ္စစိတ် ဖြစ်သေးလား။ ပစ္စည်းနဲ့ ပတ်သက်ပြီးတော့ ဝန်တို မစ္ဆရိယစိတ်ဖြစ်သေးလား။ သောက ပရိဒေဝမီးဆိုတဲ့ အာရုံတွေနဲ့ ဒါတွေက တိုက်နိုင်တဲ့ အကြောင်းရှိတယ်။

ဘာလို့လဲဆိုတော့ သမီးလေး စွဲတယ်။ သမီးလေးကို သူများရိုက်လိုက်တာ ကိုယ်က မြင်လိုက်တယ်။ မြင်လိုက်တဲ့အခါကျတော့ ကိုယ်က အမြင်မရှင်းတော့ဘူး။ အမြင်မရှင်းရင် မနောမှာလည်း မရှင်းဘူး။ အပြင် သီလပျက်ရင် အတွင်းသီလလည်း ပျက်တယ်။ အပြင်သီလ အားကောင်းမှ အတွင်းသီလက ငြိမ်းတယ်။ အဲဒီတော့ ဒါတွေဟာ သိပ်အရေးကြီးပါတယ်။

ပြန်ကြမှာပဲ… ဦးပဥ္စင်းလည်း ပြန်ရမှာပဲ၊ ဒကာ ဒကာမတွေလည်း ပြန်ရမှာပဲ၊ သံဃာတော်အရှင်မြတ်တွေလည်း ပြန်ရမှာပဲနော်။ ခုနက ဘုရားဟောထားတဲ့ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ…၊ အာသဝေါတရားလေးပါးကို ပယ်ရင် အဲ… ခင်ဗျားတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်၊ ဤနိဗ္ဗာန်… ဒါတကယ်မှန်ပါတယ်ဗျာ။ နိဗ္ဗာန်ဆိုတာ အေးတာ၊ အေးတဲ့ဓာတ်ခေါ်တယ်။ အစွဲဓာတ်မဟုတ်ဘူး။ စွဲတာက ကံ။ ဒီကံဟာ အင်မတန်မှ နူးညံ့သိမ်မွေ့တယ်၊ အင်မတန် နုတယ်နော်။ ဒါကြောင့်မို့ ဒီလိုတရားကြီးတွေကို… ခုနက ကိလေသာကြမ်းကြီးတွေကို ပယ်ပါတယ်။ ကိလေသာကြမ်းကြီးတွေကို ပယ်ပြီးတော့… အနုသယကိလေသာ၊ အဲ… အနုသယကိလေသာကြမ်းကိုလည်း ပယ်ရမယ်။ အဲ… အနုဆုံး မဇ္ဈိမာရုံဆိုတဲ့ တရားကိုလည်း ပယ်ရမယ်။ ဒါမှသာလျှင် ခင်ဗျားတို့ ပန်းတိုင်ကို… ခုနက နိဗ္ဗာန်ရွှေပြည်မြတ်ကြီးကို ရောက်မယ်။

ဉာဏ်က ကိလေသာကြမ်းကြီးတွေကို ပယ်တယ်ဆိုတာ အဲ ခုနက ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ နစ္စ ဂီတ ဝါဒိတ စတာတွေကို ပယ်လိုက်တယ်။ အဲဒါ ကိလေသာကြမ်းကြီးတွေကို ပယ်လိုက်တဲ့အခါမှာ အနုသယကိလေသာဆိုတဲ့ သားအတွက်ပူသေးလား၊ သမီး အတွက်ပူသေးလား။ စီးပွားရေးအတွက် ပူသေးလား။ အဲဒါ မနောအပူလေး။

အနုသယအပူလေး။ အဲဒီလို အပူလေးတွေကို တဖြည်းဖြည်း ဝိပဿနာ တရားများနဲ့ အဲ... သူကနေပြီးတော့ ကျင့်ကြံအားထုတ်ရမယ်နော်။

ဦးဇင်းကြီးက ဦးပဏ္ဍိတဟာ လူနာမည် မြမောင်။ အဲဒီတော့ မြမောင်ဘဝဟာ မသေခင် သူ့ရဲ့ဘဝတွေဟာ အင်မတန်ဆိုးပါတယ်။ ဒါ နောက်ကြောင်းပေါ့ဗျာ။ နောက်ကြောင်းဆိုတာ အတိတ်ပေါ့။ ဟိုဘဝ မဟုတ်သေးဘူး။ အဲ ခုနကလိုပဲ လောဘ၊ ဒေါသ၊ မောဟတဏှာ၊ မာန၊ ဒိဋ္ဌိ အဲဒါတွေဟာက သူ့အသိနဲ့ထင်တာတွေလုပ်၊ ထင်သလိုနေ၊ ထင်သလိုတွေစား။ ဒါဘာလဲ၊ မကောင်းတဲ့အာရုံနောက်ကို တကောက်ကောက် မနောလေးကပါပါတယ်။ အဲဒါဘာလဲ မိစ္ဆာဒိဋ္ဌိပေါ့ဗျာနော်။ အဲဒါနဲ့သေသွားရင် အပါယ်လေးဘုံ ရောက်ပါတယ်။ အဲဒီတော့ ဒါတွေဟာ ဦးဇင်းကြီးသိလို့ ဒကာ ဒကာမများကို ဦးဇင်းကနေပြီးတော့ ဦးဇင်းရဲ့ ခန္ဓာအသိတွေနဲ့ ပြောတာ။

အဲဒီတော့ စက္ခုအာရုံ၊ သောတအာရုံ၊ ဇိဝှါအာရုံ၊ ဃာနအာရုံ၊ ကာယအာရုံ၊ ဒါတွေ အနုသယလေး၊ ဒီအာရုံလေးပေါ်မှာ ငါ့ရဲ့ မနောလေးက ပါသေးသလား။ သာယာသေးသလား၊ မသာယာဘူးလား ကိုယ့်စိတ်ကိုယ်စစ်။ အဲဒီလို စိတ်ကလေး စစ်လိုက်တဲ့အခါ ငါအစွဲဥပါဒါန် ရှိသေးလား။

အဲဒီတော့ဒီအစွဲတရားဟာသံသရာကရွတ်ကွင်းလျှောက်လည်နေ တာပါနော်။ တစ်ဘဝပြီးတစ်ဘဝပေါ့။ ဒီတော့ ဒီလိုအစွဲတရားတွေကို မသတ်နိုင်ရင် ခင်ဗျားတို့ သဒ္ဓါတဲ့ ယုံကြည်မှုအသိ၊ အဲယုံကြည်မှု အသိ၊ ငါယုံကြည်ပြီကွာ။ ယုံရင် ဘာလုပ်မလဲ။ ငါ သီလရအောင်လုပ်ရမယ်။ သီလကောင်းရင် သီလ၊ ဝီရိယဆိုတဲ့ အဲဒါတွေကို နှလုံးသွင်းရမယ်။ ဝီရိယကောင်းမှ သီလကောင်းမယ်။ အဲဒီတော့ ဘာတွေဖြစ်လာမလဲ။ ဗျာပါဒစိတ်၊ ဝန်တိုမစ္ဆရိယစိတ်ရယ်၊ မိစ္ဆာဒိဋ္ဌိစိတ်ရယ်၊ ဒီစိတ်တွေက

တရားထိုင်တဲ့အခါမှာ မပေါ်ပါဘူးဗျာ၊ မပေါ်ပါဘူး။ တရားသာထိုင်တယ်။ မနောကံက တောင်တွေးမြောက်တွေး။ အဲဒါဟာ တွေးတာကံ၊ အနုသယကံ မဖြစ်အောင် အဲခုနက ထိတယ်၊ သိတယ်၊ ထိတယ်၊ သိတယ်၊ အဲဒီတော့ ရုပ်နဲ့နာမ်ကို သဘောလေး မြင်လာလိမ့်မယ်။ အဲဒီ ရုပ်နဲ့နာမ်ကို မြင်လာတဲ့အခါမှာဆိုလို့ရှိရင် သီလမဂ္ဂင်၊ သမာဓိမဂ္ဂင် ဖြစ်လာမယ်။ သီလဆိုတာက လောဘနဲ့ ဒေါသခေါင်းပါးတာ။ သမာဓိဆိုတာက အနုသယစိတ်ကို လောကီရဲ့ အာရုံတွေကို သူကဖြတ်တောက်ထားတယ်။

အဲဒီတော့ လောကုတ္တရာအာရုံက အနတ္တအာရုံ။ အော်… ထိတာလည်း မမြဲဘူး။ သိတာလည်း မမြဲဘူး။ ဒါအနတ္တအာရုံခေါ်တယ်။ အဲဒီတော့ လောကီအကြောင်းတွေကို သွားစွဲရင် မနောကံဖြစ်တတ်တယ်။ အဲဒီကံကို ကိုယ်က သီလ၊ သမာဓိ၊ ပညာနဲ့ ဒီဟာတွေကို သတ်မှသာလျှင် ဒီအကျင့်တရားတွေကို ရမှသာလျှင် ခင်းဗျားရဲ့ခုနက ပြောသလို ဉာဏ်ဘက်ကို ကူးသွားမယ်။ သီလက အခြေခံပါတယ်။

အဲဒီတော့ အပြင်သီလ၊ အတွင်းသီလ။ အပြင်သီလကတော့… ဥပမာ "သူများမနာလို ကိုယ့်မှာအကျိုးမရှိ" မစ္ဆရိယစိတ်၊ မနာလိုတဲ့စိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမစ္ဆရိယစိတ်၊ ဒေါသစိတ်။ မြင်တာကိုးဗျ။ မြင်တော့ ဘေးကသူက ပစ္စည်းရှိလို့ ပေးလိုက်တယ်။ ဒါကို ဘေးကပူတယ်။ သူများကိုမနာလို ကိုယ်ကျိုးမရှိ။ အဲဒါ အပြင်သီလပျက်တယ်ဗျာ။ အတွင်းသီလမရှိလို့ အပြင်သီလပျက်တာပါ။ အတွင်းသီလသာရှိရင် အပြင် သီလမပျက်ဘူး။ အဲဒါတွေ သိပ်အရေးကြီးပါတယ်။

သီလဆိုတာ လောဘ၊ ဒေါသ၊ မောဟ ခေါင်းပါးရမယ်။ အဲဒီ လောဘ၊ ဒေါသ၊ မောဟ အာရုံနောက်ကို တကောက်ကောက်လိုက်နေတာနော်။ စက္ခုအာရုံနောက်လည်း လိုက်တယ်။ နားသောတအာရုံနောက်လည်း

လိုက်တယ်။ အာရုံငါးပါးနောက်ကို လိုက်တတ်တယ်။ ဘာလို့လဲဆိုတော့ ဂနာက မငြိမ်ဘူး။ သူကျင့်ထားတဲ့ စရဏလည်း မရှိဘူး။ နည်းပါးတယ်။ ဒါကြောင့်မို့လို့တရားထိုင်တဲ့အခါ ကိုယ့်ဟာကိုယ် တချို့သဘောပေါက်ကြပါတယ်။ တရားထိုင်တဲ့အခါ တွေးစိတ်သူ့မှာမလာဘူး။ တွေးစိတ်၊ လောကီအနုသယ ဥပါဒါန်ဆိုတဲ့ စိတ်ကလေးတွေမလာဘူး။ အဲဒီလို စိတ်ကလေးတွေမလာရင် အဲဒါ မနောလုံတယ်ဗျ။

အဲဒီတော့ မနောလုံရင် ငါဟာ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ ဖြစ်ပြီ။ ဒါဖြင့် ရုပ်နဲ့နာမ် လက္ခဏာကြီးသုံးပါးကို ရှုမယ်။ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်တွေဟာ အားကောင်းလာရင်··· အဲဒီတော့ ရုပ်၏လက္ခဏာ၊ နာမ်၏လက္ခဏာ၊ ရုပ်၏အကျိုး၊ နာမ်၏အကြောင်း၊ အကျိုးနဲ့အကြောင်းစစ်တယ်။ အဲဒီလို စစ်တဲ့အခါ သီလကလည်း မှန်ရမယ်။ သမာဓိကလည်း မှန်ရမယ်။ ပညာကလည်း မှန်ရမယ်။ ဒီသုံးပါးကို ပြည့်စုံမှသာလျှင် အကျိုးအကြောင်း ရုပ်နာမ်နှစ်ပါးကို ခင်ဗျားတို့ ရှုလို့သဘောပေါက်လာလိမ့်မယ်။

အဲဒီတော့ ရုပ်နာမ်နှစ်ပါးကို ရှုတာက ဉာဏ်၊ ခုနက သီလ၊ သမာဓိ၊ ပညာဆိုတာက အပါယ်ပိတ်တယ်။ အဲဒီတော့ အပါယ်ပိတ်တဲ့ ဝိပဿနာတရားအားထုတ်။ ခုနက သောတာပန်ရဲ့အဆင့်၊ သဒါဂါမ်ရဲ့အဆင့်၊ အနာဂါမ်ရဲ့အဆင့်၊ ဒါတွေ အဆင့်ဆင့် ကူးသွားတာ။ အဲဒီဘဝက နေပြီးတော့ ဒကာ ဒကာမများ သိရပါတယ်။

အဲဒီတော့ ကျင့်တဲ့အခါ ဘာတွေသိလာလဲ။ ငါသည် အရင်တုန်းက ငါထင်နေတာက ဘယ်လိုနေလဲ။ ဒုစရိုက် ၁၀ ပါးသင့်နေတယ်။ ကာယကံဒုစရိုက်တွေ၊ ဝစီကံဒုစရိုက်တွေ၊ မနောကံဒုစရိုက်တွေ၊ ဒီဒုစရိုက် ၁၀ ပါးကို ဒီနေ့ ငါအဓိဋ္ဌာန်ဝင်မယ်။ အဓိဋ္ဌာန် ၁၀ ရက် ငါဝင်မယ်။ ဒုစရိုက်တွေ မကျူးလွန်အောင် ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဘိစ္ဆာ

ကို ငါသတ်မယ်။ အဲဒီတော့ ငါတစ်ခုသော ဇကောမမွှော ဆိုတဲ့ အာရုံကို ငါမုန်းတော့မယ်ဆိုရင် အဲဒါ တရားထိုင်တာဗျို့။ အဲလို တရားထိုင်တဲ့ အခါမှာ ဒုစရိုက် ၁၀ ပါး ဗျာပါဒဒုစရိုက်၊ မိစ္ဆာဒိဋ္ဌိဒုစရိုက်၊ ဒီလို မနောကို ဝင်လေထွက်လေနဲ့ လိုက်တာနဲ့ ခုနက အပြင်သီလကလုံနေပါ တယ်။ ဘာလို့ အပြင်သီလက လုံလဲ။ သူက လမ်းလည်း မလျှောက်ဘူး။ ဈေးလည်းမသွားဘူး။ သူများတွေနဲ့လည်း စကားမပြောဘူး။ ကိုယ့်အိမ် မှာ ကိုယ်နေပြီး တရားထိုင်တဲ့အခါကျတော့ အဲဒါအပြင်သီလ သူ့မှာ စင်ကြယ်ပါတယ်။ အပြင်သီလစင်ကြယ်လာရင် အတွင်းသီလက ဗျာပါဒ စိတ် ရှိသေးလား။ ကုက္ကုစ္စစိတ် ရှိသေးလား။ ဝိန်တိုမစ္ဆရိယစိတ်ရှိသေး လား။ ဒါတွေကို စစ်ရမယ်။

တရားစဉ်က ထွက်တဲ့အခါကျတော့ ကိုယ့်အိမ်ပေါ်မှာ တစ်ခါ တည်း ခြေထောက် က ပေကျံတာနဲ့နင်းရင် လျှာထိုးပျဉ်ခင်း အိမ်ပိုင်ရှင် က ဒေါသဖြစ်တာပဲဗျို့။ အဲဒီတော့ ဒေါသဖြစ်ပြီး မကြိုက်ဘူး။ သူ့ အိမ်ပေါ်မှာ သူယုယုယယထားတာ။ တက်တဲ့သူက ကြမ်းကြမ်းတမ်း တမ်းနဲ့ တက်လာတာကို ကိုယ်က လောဘစိတ်၊ ဒေါသစိတ်၊ ဝန်တို မစ္ဆရိယစိတ်ဖြစ်သွားတယ်။ တရားတော့ထိုင်တယ် အပြင်မှာဉာဏ် မပေါက်ပါဘူး။ ဒါကို မသတ်တတ်ဘူး။ ဉာဏ်ပေါက်မှ သတ်တတ်တယ်၊ သတ်လို့ရတယ်။ နော် ဒါကြောင့်လို့ ဉာဏ်စခန်းလို့ ပြောတယ်။ အဲဒီတော့ အပြင်သီလအတွင်း သီလဆိုတာက ရှိပါတယ်။ အဲဒီတော့ ခုနကအတွင်းသီလတွေ အင်မတန် အားကောင်းမှ အပြင်သီလရဲ့ သဘောကို သိပါတယ်။ အဲဒီတော့ အပြင်သီလစင်ကြယ် လာတော့ အတွင်းသီလကလည်း စင်ကြယ်ပါတယ်။ ဒါက အပယ်ပိတ် မယ့် စခန်းတွေပါနော်။ ကိုယ့်အသိနဲ့ကိုယ် လုပ်ကြတယ်။ အဲ လုပ်တော့ လုပ်တာပဲဗျ။ အဲ လုပ်ကြတာပဲ။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာ

ကုသိုလ်၊ မှန်တာပေါ့။ တကယ်စိတ်ကိုစစ်ရတော့မယ်။

ဒီစိတ်ကလေး၊ တကယ် နိဗ္ဗာန်ရောက်တော့လည်း စိတ်ပဲ။ အပါယ်လေးဘုံသွားတာလည်း စိတ်ပဲ။ လူ့ကိုသွားတာလည်း စိတ်ပဲ သူက။ အဲ စိတ်ကလေး၊ ဘဝင်စိတ်ကလေး အဲဒီဘဝင်စိတ်ကလေးဟာ… ဥပမာပြောကြမယ်ဆိုရင် စိတ်လို့ဒီမှာတင်စားရပါတယ်။ အမှန်ကတော့ ပြောကြမယ်ဆိုရင် အဲ ခုနက ဦးဇင်းက စာပေကျမ်းဂန်တော့မတတ် ဘူး။ ခုတော့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ အဲဒီတော့ ခုနက ခန္ဓာအသိနဲ့ ပြောရရင် ၊ သတ္တာ သမ္ဘတိ၊ ရတနာသုံးတန် ကံကံ၏ အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဒါကြည်ဖြူခြင်းတို့လည်း ဒုလ္လဘော၊ ခဲရင်းစွာ ရရပေ၏။ ဘာလဲ စိတ်လို့မပြောတော့ဘူးနော်၊ ကံ။ အဲဒီဘက်ကျတော့လည်း လှည့်ပြောမယ်။

ကဲ အဲဒီကဲလေးဟာ ဘဝပေါင်းမြောက်များစွာက သူတော် ကောင်း သူမြတ်လောင်းနဲ့ သူဟာတွေ့ကြုံပြီးတော့ လှူခဲ့ရတန်းခဲ့ရပြီး တော့လာတဲ့ကံ၊ ဒါ သမ္မာကံခေါ်တယ်။ ကံဆိုတာ အစွဲတရားနော်။ ဗမာ လိုပြန်ရင် အဆွဲတရား။ ဒီကံလေးနဲ့ ဘာလဲဆိုတော့ ဟော- ဝိညာဉ် ခင်ဗျားရဲ့ဝိညာဉ်။ ကံနဲ့ ဝိညာဉ်နဲ့ပေါင်းထားတာ။ နိဗ္ဗာန်ကိုလည်း မရောက်သေးဘူး။ အဲဒီတော့ မင်းသည် အင်မတန်ထူးမြတ်တဲ့ ကံရတဲ့ အတွက်ကြောင့် ကံထူးကံမြတ်ရတဲ့ မနုဿဝဘာဝေါ ဒုလ္လဘောဆိုတဲ့ ဟော လူ့ဘုံမှာတော့ သာသနာတွေ ပွင့်နေတယ်ဟေ့၊ မင်းသွားကြ ဆိုတော့ ကံဟာ ကောင်းတဲ့ ကံလေးနဲ့ ဝိညာဉ်နဲ့ ပေါင်းလာရတယ်ဗျို့။

အဲတော့ ဦးဇင်းဟာ စာမတတ်ဘူး၊ ဥပမာလေးပြောတာ၊ ဦးဇင်း အသိပြောတာ။ အဲ ဝိညာဉ်နဲ့ ပေါင်းလာတဲ့အခါကျတော့ အော် ငါ့အဖေ ငါ့အမေ ဝိညာဉ်ထဲ ဝင်ရတော့မယ်။ ဒီသဘောလေး ပြောတာနော်။ ဟိုတုန်းက မသိဘူး။ အဲဒီတော့ ဝိညာဉ်လေးဟာ မိဘနှစ်ပါးထဲ အဲ

ခုနက အဖေအမေနဲ့ ဝင်တာ။ အဲဒီ အဖေအမေဟာ ကမ္မာသဝနဲ့ ဆောက်လုပ်ထားတဲ့ ဝိညာဉ်အိမ်ခေါ်တယ်ဗျို့။ ဒါ သဘောလေး ခင်ဗျားတို့ချဲ့သာ ယူလိုက်ပေတော့။

အဲဒီတော့ ကမ္မာသဝနဲ့ ဆောက်လုပ်ထားတဲ့ အိမ်၊ ဦးဇင်းက လာတာလည်းကံ၊ အဲဒီကံလေးဟာ ဝင်ကစွပ်လေးဟာ အဲဒီ ဒေါ်အုန်းမေရဲ့ ဗိုက်ထဲကို သွားဝင်ရတယ်။ ကံကိုးဗျ။ သူက ကံနဲ့လာရတာ။ ကောင်းတဲ့ကံနဲ့ လာရတာ။ အဲဒီတော့ မနုဿတဘာဝေါ ဒုလ္လဘော၊ ခွေးလည်း မဖြစ်ဘူး၊ ကြောင်လည်းမဖြစ်ဘူး၊ မိစ္ဆာကံမဟုတ်ဘူးနော်။ သမ္မာကံ ဝိညာဉ်လေးနဲ့ သမ္မာကံ တွဲပြီးလိုက်တော့ အဲခုနက ဒေါ်အုန်းမေ ဗိုက်ထဲဝင်ပြီးတော့ ပဋိသန္ဓေနေတည်ပြီး မွေးလာတာ၊ ပေါက်လာတာဖြစ်လေတော့ အမိနဲ့အဖ၊ အဲ… ကာမာသဝ ဆိုတဲ့ အိမ်ကြီး ဆောက်တော့တာပဲဗျို့။ အဲဒီတော့ ကာမာသဝဆောက်လုပ်ထားတဲ့ မြမောင်ကြီးဟာ တဖြည်းဖြည်းကြီးလာတော့…၊ အာရုံ ၆ ပါးဟာ၊ ကိလေသာ အာရုံအဝိဇ္ဇာဖုံးအုပ်ထားလိုက်တယ်။

အဲဒါဘာလဲဆိုတော့ ကိလေသာ အိမ်ကြီးက သူ့အုပ်ထားလိုက်တဲ့ အခါကျတော့ ကံကလေးက ကံပဲရှိတယ်။ ဘယ်နှယ်မှ မလုပ်တတ်ဘူး။ အဲဒီကံဟာ ဘယ်နှယ်မှမလုပ်ဘူး။ ဝိညာဉ်ကလေးကလည်း ဘယ်နှယ်မှ မလုပ်ဘူး။ အဲဒီနောက် ကြီးလာတဲ့အခါကျတော့…။ အဲဒါ အတိတ်က ပါလာ တဲ့ကံက ကောင်းတဲ့ကံ။ အဲ ခုနက ကိလေသာနဲ့ အုပ်ဆိုင်းထားလိုက်တော့ အာ အဲဒီဝိညာဉ်လေးဟာ ဘယ်နှယ်မှ မလုပ်တတ်တော့ဘူး။ အဲဒီတော့ အဲဒီကိလေသာအိမ်ကြီးထဲ ဝင်ရတဲ့အခါကျတော့ အဲ တဖြည်းဖြည်းကြီးလာတယ်။ ဟော သညာ၊ သင်္ခါရ၊ ဉပါဒါန်ဆိုတဲ့ အစွဲတရား ဒါတွေဖြစ်လာတယ်ဗျို့။

ကိလေသာနဲ့လုပ်ထားတဲ့ တဏှာက ကပ်နေတယ်။ အဲဒီတဏှာနဲ့

ကိလေသာ ဒီနှစ်ခုက ချယ်လှယ်လုပ်နေတာ။ ချယ်လှယ်လုပ်နေတော့ တစ်နေ့သောအခါ ကောင်းမှန်းလည်းမသိ၊ မကောင်းမှန်းလည်း မသိ၊ ထင်တာလုပ် ထင်တာစား၊ ကြီးတဲ့ ကိလေသာနဲ့ တဏှာဆောက်လုပ်ထားတဲ့ ဝိညာဉ်လေးဟာ အဲဒီထဲ ဝင်နေရတယ်။ တစ်နေ့သောအခါ အသက် (၅၀)၊ (၆၀) အရွယ်နီးပါးကျတော့ ထမင်းငတ်တယ်။ လောကီကို အားကိုးစရာမရှိဘူး။ ဒီလောက် လောကီဟာ ပျော်ဖို့ကောင်းတဲ့ဟာကြီးဗျာ၊ သိပ်ပျော်ဖို့ကောင်းတဲ့ လောကီမှာ အဲဒီတော့မှ ထမင်းငတ်၊ ဟင်းငတ်၊ ဘာမှမစားရဘူး။ စာမတတ်ပေမတတ်နဲ့ ဘာမှလည်း မလုပ်တတ်ဘူး ဖြစ်လာတယ်။

သဲအင်း၊ ဖွဲတင်း၊ အမြဲလင်း၊ အဲဒီတော့ တရားဘက်မှာ ယိမ်းလာတယ်။ လူက လက်တွေ့ခံစားနေရတယ်။ မက်တာကိုးဗျ။ အဲ သွားတဲ့ အခါကျတော့... သူတရားတွေဘာတွေ ကျင့်တဲ့အခါကျတော့... အာ ကျင့်နေတာပဲ။ သဘောလေး သူကလာတယ်။ အော်.. အရင်လို မဟုတ်တော့ပါလား။ ငါလည်း လူတွေနဲ့လည်း မနေတော့ပါလား။ အဲဒီတော့ လူတွေနဲ့လည်း စကားမပြောတော့ပါလား။ ငါ့ဟာငါ တဲကျောင်းလေးနဲ့ တခါးပိတ်ချနေပါလား။ အဲဒါစဉ်းစားတယ်။ အဲဒီတော့ အရင်လိုမဟုတ်တော့ပါလား။ မလိမ်ပါလား၊ မညာပါလား၊ မခိုးပါလား၊ မလုပါလား၊ ဖဲဝိုင်းမသွားပါလား။ ရှိတာနဲ့ ကျဘမ်းစားနေပါလား။

အော်... သစ္စာမှန်လာတယ်။ အနေအထိုင်မှန်လာပြီ။ အဲဒီ မနောကံကလည်း မှန်နေပြီ။ ဒါတွေးကြည့်ပါ။ အဲလိုဖြစ်လာတဲ့အခါ ကျတော့ သူမသိသေးဘူး။ ဒါ သူ့မှာသီလဖြစ်နေပြီ။ အပြင်သီလလည်း စင်ကြယ်နေပြီ။ အတွင်းသီလလည်း အဲဒီကနေပြီးတော့ တက်တက်သွားတဲ့အခါမှာ အော် ရုပ်လက္ခဏာ၊ နာမ်လက္ခဏာ၊ အကျိုးနဲ့ အကြောင်း၊ အဲဒီတော့ ရုပ်တရား နာမ်တရားဟာလည်း ရုပ်က အကျိုးတရား၊ အဲဒီ

အကျိုးတရား၊ အဲဒီအကျိုးတရားကြီးဟာ သူကနေပြီးတော့ ဖောက်ပြန်လိုက်တာ။ ဓာတ် လေးပါးဟာ ဘုရား ဘုရား တစ်နှစ်၊ နှစ်နှစ်နဲ့ ရှူနေတာ ရှူနေတာပဲ။ ဟိုလူတွေ မေးလိုက်၊ ဒီလူတွေမေးလိုက်၊ ဟိုဘုန်းကြီးမေးလိုက်၊ ဓာတ်တွေ အဲဒီ ဓာတ်တွေဟာ သူ့သဘောသူ့သဘာဝသဘောနဲ့ပေါ်လာတဲ့ ဓာတ်တွေ။ ဒါ ခင်ဗျားတို့ သစ္စာနဲ့ ပြန်ဟောတာ။ အဲဒီတော့ ဓာတ်တွေလည်း တဖြည်းဖြည်း ငြိမ်လည်းလာရော၊ သူ့အလိုအလျောက် ငြိမ်လာတယ်။ အဲဒီဓာတ်တွေလည်း ငြိမ်ရော အဲ ခုနက ဓာတ်ကိုမှီတင်းနေတဲ့ သညာ သင်္ခါရ ဥပါဒါန်ဆိုတဲ့အကောင်တွေဟာ အဲကောင်တွေဟာ မရှိတော့ဘူးဗျာ။ ဓာတ်ငြိမ်သွားတာကိုးဗျ။ မမှတ် တော့ဘူး၊ မစွဲတော့ဘူး၊ ဘာရယ်ညာရယ် မလုပ်တော့ဘူး။ ငြိမ်သွားတာ မှတ်စရာလည်း မရှိတော့ဘူး။ စွဲစရာလည်း မရှိတော့ဘူး။ ဘာမှမရှိတော့ဘူး။ ဟာ ဟာ ဘုရား ဘုရား၊ ဒီတော့မှ ဟာ ဘုရား ဘုရား။ ငါ့ရုပ် ငါ့နာမ် မဟုတ်တော့ပါလား ဆိုတာကို မိဘရဲ့ ကိလေသာရဲ့ ရုပ်တရား မိဘရဲ့ဟာတွေပါလား။ တဏှာနဲ့ ကိလေသာ။ မအေနဲ့ ဖအေ။ အဲဒါ ကိလေသာ ငါအခုထွက်လာပြီ။ ဝိညာဉ်နဲ့။ အဲဒီတော့မှ ဒီတရားကို သစ္စာနဲ့ ဟောပါတယ်။

ဒါကြောင့်မို့လို့ ဦးဇင်းကြီးလည်း ပြန်ရမှာပဲ။ ခင်ဗျားတို့လည်း ပြန်ရမှာပဲ။ ဒါနနဲ့ လှူလို့ အပါယ်ပိတ် ဆိုရင်ပဲ ဦးဇင်းလည်း ဒါနအလှူတော့ လှူမှာပေါ့ဗျာ နော်။ အဲဒီတော့ ဒါနက အထောက်အပံ့ခေါ်တယ်။ သီလရဖို့ အရေးကြီးပါတယ်။ အဲဒီတော့ ဒီလို သီလမျိုးကို ဘယ်လိုလုပ်ယူရသလဲ။ အပြင်မှာ အထူးအားဖြင့် သမုတိသစ္စာထားရမယ်။ ကိုယ့်လင်သားအပေါ်မှာ ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကိုယ့်သားလေးအပေါ်မှာ ဟုတ်ကဲ့ ဟုတ်ကဲ့။ ကိုယ့်အိမ်ကို အလှူခံလာရင် ကိုယ်စိတ်မခိုင်သေးရင် တံခါးပိတ်ထားလိုက်၊ ဖွင့်မထားနဲ့။ လာမှာပဲ။ အိမ်ရှင်ရှိရင် ဧည့်သည်လာမှာပဲ။

အဲဒီတော့ ဘာဖြစ်ဖြစ် စိတ်က မတုန်လှုပ်နဲ့။ အပြင်မှာ မြင်လိုက်တာနဲ့ ပစ္စည်းနဲ့ သော်လည်းကောင်း၊ အစားအသောက်နဲ့ သော်လည်းကောင်း၊ အခြွေအရံနဲ့ သော်လည်းကောင်း၊ ကိုယ့်မှာပိုင်ဆိုင်တဲ့ပစ္စည်းနဲ့ သော်လည်းကောင်း၊ အဲဒီပစ္စည်းက မလှုပ်နဲ့ဗျို့။ ဇွန်းကအစ စွဲနေတာ၊ ဇွန်းနဲ့ စကားများတတ်တယ်။ ဒန်အိုးနဲ့ စကားများတတ်တယ်။ ဒါတွေက မစွဲပါနဲ့။ အဲဒါတွေကို ဥပေက္ခာ။ ပါရမီ (၁၀) ပါးမှ နောက်ဆုံးမစွဲပါနဲ့တဲ့နော်။ ဘုရားက ဆုံးမတယ်။

အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်မှ ဉာဏ်ပေါက်မယ်။ ဒါတွေ သိပ်အရေးကြီးတယ်။ အတွင်းဉာဏ်၊ အပြင်ကကံခေါ်တယ်။ ကံက ဘာဖြစ်လို့လဲ။ အဲ ခင်ဗျားတို့ မနောကမှ မသတ်တော့ အာရုံနောက်၊ အဲ မနောကံက ပါကုန်ရော။ အဲပါတော့ ဒါတွေဖြစ်ကုန်ရောနော်။ အာရုံ (၅) ပါးထဲ မနောက လုပ်မှ မလုပ်တတ်တာကို အဲ မနောက ဉာဏ်ဖြစ်ရမယ့်အပြင် အာရုံက ကံဖြစ်ရမယ်။ အဲဒီကံကို ဉာဏ်က မစွဲဘူးဗျို့။ သဘောလေး အဲဒါ သစ္စာ ပြောလိုက်တာနော်။ အဲဒီတော့ ဒါတွေဟာ ဒကာ၊ ဒကာမ အခု လာပြီးတော့ နာကြားတဲ့ ပရိတ်သတ်ထဲ ဆရာတော်တွေ အဲ ခုနက သီလရှင်အားလုံး ဒီတရားဟာ အင်မတန် အရေးကြီးပါတယ်။ စိတ် အလုပ်ပါ၊ စိတ်အလုပ်က သိပ်အရေးကြီး ပါတယ်နော်။ နေတတ်ဖို့ လိုတယ်၊ စားတတ်ဖို့လိုတယ်၊ သွားတတ် ဖို့လိုတယ်။ အဲဒီအာရုံနောက်ကို ငါ့စိတ်ပါသေးသလား၊ အကြား အာရုံမှာ ငါ့စိတ်ကလေးက မကောင်း တာတွေဖြစ်သေးလား၊ ကောင်းတာတွေ ဖြစ်သေးသလား၊ အမြင်အာရုံမှာ ငါ့စိတ်ကလေးက ကောင်းတာတွေ ဖြစ်သေးလား၊ မကောင်းတာတွေ ဖြစ်သေးလား စိတ်ကို စစ်ရမယ်။ အဲဒီတော့ စိတ်စစ်တဲ့အခါမှာ ဝိပဿနာနဲ့ စစ်မှသာလျှင် ခင်ဗျားသိမယ်။

ဝိပဿနာ ကျင့်တဲ့အခါမှာ ဗျာပါဒစိတ်၊ ကုက္ကုစ္စစိတ်၊ မိစ္ဆာဒိဋ္ဌိစိတ်၊ မိစ္ဆာဒိဋ္ဌိစိတ် ပါလာနေပြီနော်။ အဲဒီတော့ တရားထိုင်တဲ့အခါမှာ ဗျာပါဒလည်း မပေါ်ဘူး၊ စိုးရိမ်ကြောင့်ကြလည်း မပေါ်ဘူး၊ သဝန်တို မိစ္ဆလည်းမပေါ်ဘူး၊ ကုက္ကုစ္စစိတ်လည်းမပေါ်ဘူး၊ ဒီလိုစိတ်မျိုးတွေ မပေါ်ရင် အပြင်မှာ အဲဒီလိုနေရမယ်။ အော် မြင်တာလည်း အာရုံနောက်ကို ငါမနောက မပါဘူး၊ ကြားတဲ့အာရုံနောက်ကိုလည်း မနောက မပါဘူး၊ အဲဒီတော့ ဒီလိုစိတ်ကလေးတွေ ကျင့်မှသာလျှင် ခင်ဗျား ဟာ သီလမဂ္ဂင်လို့ခေါ်ပါတယ်။ ဒါမဂ္ဂင်နဲ့တိုက်တဲ့ အဲဒီတော့အပြင်သီလ၊ အတွင်းသီလရှိတယ်။ အပြင်သီလက ကံသီလဗျို့။ ကံလည်း ကောင်းတဲ့ ကံ သမ္မာကံ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ တစ်ယောက်နဲ့ တစ်ယောက် သမုတိသစ္စာ။ သမုတိသစ္စာနဲ့ သမ္မာနဲ့ကို တစ်ထပ်ထဲ ဖြစ်နေရမယ်။

အဲဒီလိုအပြင်မှာ ယဉ်ကျေးမှု နှလုံးသားက သမ္မာဖြစ်မှ အဲဒါ သီလမဂ္ဂင်ခေါ်တယ်။ ကဲ ကံတော့ကံပဲ ဒါပေမယ့် ယဉ်ကျေးတယ်၊ သိမ်မွေ့တယ် အဲဒီအပြင်သီလတွေမှန်မှသာလျှင် အတွင်းသီလဟာ ဖြစ်လာမယ်၊ အဲအတွင်းမှာဉာဏ်ရတဲ့ ပုဂ္ဂိုလ်က အပြင်သီလရဲ့ကံတွေကို သဘောပေါက်သွားတယ်။ ဒီသဘောပဲနော် အဲဒီတော့ အတွင်းမှာက သူက ဉာဏ်ဖြစ်နေတာကို ကံထားတော့ ဆဲတာပေါ့၊ တိုင်းတာပေါ့၊ ဆိုတာပေါ့၊ ထကတာပေါ့ သူလုပ်ချင်တာလုပ်။ သူကအထဲတည်းမှာ ဉာဏ်ဖြစ်နေတာကိုက ဒီဘုန်းကြီးဆဲလိုက်တာဟဲ့၊ တိုင်းလိုက်တာဟဲ့၊ ဟိုဒကာမကြီးလုပ်လေ ခိုင်းလိုခိုင်း ဟိုဟာလေး လုပ်လိုလုပ် ခင်ဗျား တို့ကို တရားပေးလား၊ အဲဒီတော့ ပညတ်နဲ့ပရမတ် နှစ်ခုရှိတယ်။ စာကမတတ်ဘူး၊ စာမတတ်တော့ ဆဲလိုက်တာ တိုင်းလိုက်တာ၊ ဒီလို သာဆိုရင် ဦးပဏ္ဍိတ ခန္ဓာမှာ ဉာဏ်မပေါက်ရင်၊ ဒီတရား နိမ့်ကျမယ်

တက်သထက် တက်သွားမယ်၊ ခင်ဗျားတို့ကျသွားမယ်။ အေး ငါလုပ်သလို မလုပ်နဲ့၊ ငါစားသလိုမစားနဲ့၊ ငါနေသလိုမနေနဲ့။

အဲဒီတော့ ပညတ်တွေ မင်းတို့စွဲရော့လား ပညတ်တွေစွဲပါလား၊ မြင်တယ် အာရုံပညတ်၊ ကြားတယ် အာရုံပညတ်၊ အသံပညတ်နဲ့ သညာလိမ်ထားလိုက်တာ၊ ဒါကြောင့်မို့ ဒီမှာဉာဏ်က ခန္ဓာမှာ ဉာဏ်ရှိပြီ ငါကတော့ ဉာဏ်ပေါက်နေပြီ မပြောရုံတမယ်ဘဲ၊ ဒါအတွင်းတရားကို ပြောတာပါ။ ခုနက အတွင်းတရားကဘာလဲ၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့်တဏှာ၊ တဏှာကြောင့် ဉပါဒါန်၊ ဉပါဒါန်ကြောင့်ဘဝ၊ ဒီအစွဲတွေကို မသတ်ရင် ဒီအစွဲဟာ ဉာဏ်မနောမှာ ခိုအောင်းမှသာ သဘောပေါက်တာ၊ ကိုယ်က ကိုယ့်နေရာပေး ကိုယ့်နေရာလေး ယူထား၊ သီလအသိကလေးဖြစ်အောင် လုပ်ထား၊ ဒီသီလကို အကြောင်းပါလာလျှင် အပြင်သီလ အတွင်းသီလ အပြင်မှာ စင်ကြယ်မှ မတွင်းသီလ မှန်မယ်၊ အပြင်မှာမစင်ကြယ်ရင် အတွင်းသီလလည်း မမှန်ဘူး။ အဲဒါ သိပ်အရေးကြီးတယ်၊ ဒီဟာလေးကို ကိုယ်က လုပ်ရ မယ်နော်၊ ဗျာပါဒစိတ်ကလေး ရှိသေးသလား၊ ဝန်တိုစိတ်ကလေး ရှိသေးသလား၊ ဒါတွေကို ကိုယ့်စိတ်စစ်ရမယ်။ အဲဒီလို ကိုယ့်စိတ်ကို စစ်တတ်မှသာလျှင် ခင်ဗျားရဲ့သီလ၊ သမ္မာသတိသစ္စာလည်းမှန်တယ်၊ သမ္မာလည်းမှန်တယ်၊ အဲ့ဒါသီလမဂ္ဂင်ခေါ်တယ်။ သီလရသွားရင် ခင်ဗျားအပါယ်လွတ်ပြီ။

အဲ ခုနကဦးဇင်းရဲ့ ပါရမီကို ခင်ဗျားတို့ လာဖြည့်တယ်၊ ဒီပါရမီကလဲ ခုနကပြောသလိုပေါ့ အမတန်မှ ခင်ဗျားတို့ သိပါလိမ့်မယ်နော်။ ကိုယ့်ရဲ့ စေတနာမှန်ဖို့လိုတယ်၊ စေတနာဆိုတာ မနော၊ အဲဒီ မနောလေးမှန်ဖို့လိုတယ်၊ အဲဒီတော့ စေတနာလေးက ပြောင်းတယ်။ သူ့အပေါ်မှာ စေတနာရှိတယ်၊ ဟိုလူအပေါ်မှာ မရှိဘူး၊ ဒါတွေဟာ ခင်ဗျားတို့ သီလပျက်နေပြီ၊ သီလပျက်နေပြီဆိုရင် ခင်ဗျားတို့ သွားပြီ

ပေါ့ဗျာ။ ဒီနေ့ပြီးတော့ ခင်ဗျားတို့ ဆဲပြတယ်၊ တိုင်းပြတယ်၊ ဆိုပြတယ် ဘယ်ဘုန်းကြီးမှ မလုပ်ပါဘူးနော်၊ ဒါတွေပြောလာတယ်၊ အတွင်းမှာဉာဏ် အပြင်မှာကံခေါ်တယ်။

အဲ ဉာဏ်သမားက အဲဒီကံကို ကြိယာနဲ့ သုံးသွားတာ၊ ဒါသစ္စာတွေနဲ့လုပ်သွားတာ၊ အဲဒီတော့ ခုနက ဝိနည်း (၂၂၇) သွယ်က အဲဒီတော့ ဦးပဏ္ဍိတက ညစာတွေ စားနေလိုက်၊ နေ့စာတွေ စားနေလိုက်၊ ကလိုက် ခုန်လိုက်၊ ဟိုဒကာမနဲ့ကိုင်လိုက်၊ ဟိုခေါင်းကိုင်လိုက် ဟော ဝိနည်းသမား သီလသမားက မမြင်တော့ဘူးဗျို့၊ မမြင်တော့ဘူးနော်။ အဲ ခုနက သမာဓိသမားကလည်း မမြင်တော့ဘူးဗျို့၊ သမာဓိသမားကတော့ ဝိဇ္ဇာပေါ့ဗျာ။ ဝိဇ္ဇာဆိုတာ ဦးဇင်း ပြောပြပါမယ်။ ဒါ ဆရာတော်ပြော လို့ ဦးဇင်းပြောတာနော်။ ဒါက သစ္စာနဲ့ ပြောတာပါ။ ခင်ဗျားတို့ တရားဇေကန် ရထားသူက တရားကို နှလုံးသွင်းကြပါလို့ ဦးဇင်းကနေ ပြီးတော့ သစ္စာနဲ့ ပြန်ပြောပါတယ်။ ဦးဇင်း ရန်ကုန်သွားတယ်။ သွားတဲ့ အခါကျတော့ ရန်ကုန်ရောက်သွားတဲ့အခါကျတော့ ဆရာတော် ချောင်းဝ ဆရာတော်ကြီးဆီ ရောက်လာတယ်။ ဘုရားမြန်မြန်တည်လိုက်။ အဲဒါကို ဦးဝမ်သိန်းကလည်း… အရှင်ဘုရား တဲ့၊ ရန်ကုန်တော့ ရောက်ပြီတဲ့၊ ဆရာတော်ချောင်းဝကျောင်းရဲ့ လမ်းတော့ရောက်လာပြီတဲ့။ ဝင်အုံး မလားတဲ့။ အာ ဝင်လေဗျာတဲ့။ ဒီတော့ဝင်ရော၊ ဆရာတော်က ဘာပြောလဲ ဆိုတော့ ဟော့ ဒကာတွေ မင်းတို့ဘုရား မြန်မြန်တည်လိုက်။ ဟော ဦးဇင်က သိပြီဗျို့။ ကိုယ့်အပြစ်ကို သိတာပေါ့ဗျာ။ အဲဒီတော့ ဦးဇင်ဘာမှမပြော ဘူး။ ခေါင်းလေးစိုက်ပြီးတော့ ကဲ ဒကာကြီး သွားကြမယ်လို့၊ အဲဒီ တော့ သွားကြတယ်။ ပုဇွန်တောင်သွားပြီးတော့၊ ဒကာကြီးလည်းမသိပါဘူး။ ဦးဇင်းလည်း မပြောပါဘူး။ အဲလိုနဲ့ ဦးဇင်းလုပ်တာတွေလည်း ဒကာကြီးတွေ မသိပါဘူး။ ဦးဇင်းလည်း

မပြောပါဘူး။ အဲတော့ နေရင်းနဲ့ သုံးလေးရက်လောက်ကြာတော့ ဦးဇင်းသွားပြီး ဦးဇင်းမနောနဲ့ လျှောက်တယ်။

ဆရာတော်၊ အဲဒီချောင်းဝဆရာတော်၊ တပည့်တော်ဘုရားလို့ လမ်းပေါ်က ကျောက်ခဲလည်းကောက်ရပါတယ် ဘုရားလို့ ချောင်းထဲက ကျောက်ခဲလည်း ကောက်ရပါတယ်ဘုရားလို့။ တပည့်တော် စိတ်စစ်ပါတယ်ဘုရား။ ဟာ ငါ့ရဲ့ အရိယာဆရာတော်ကြီးပဲ၊ ဒကာကြီး အဲဒါ မနောနဲ့ လျှောက်လိုက်တယ်။

ဝိဇ္ဇာသိတာ၊ ဦးဇင်းလုပ်တာ ဒီမှာလုပ်တာ၊ သီလသမားက မသိဘူး။ သဘောပေါက်ပြီလား။ သီလသမားက မသိနိုင်ဘူးတဲ့၊ ဝိဇ္ဇာသမားကတော့ ဝိဇ္ဇာကြီးတွေကတော့ အကြားအမြင်ရတာပေါ့။ သိတာပေါ့။ အဲ ကိုယ်ကလည်း အစက နားမလည်ဘူးဗျ။ ဒါတွေကို ကိုယ်ကလည်း လုပ်မိခဲ့တယ်။ ဝန်ခံတယ်။ ဝန်ခံခဲ့တယ်။ ဒါပေမယ့် စိတ်က ပါတယ် မပါတယ်၊ ဦးပဏ္ဍိတအကြောင်း၊ အဲဒီတော့ဒါကြောင့် ခင်ဗျားတို့ ဒီနေရာမှာ ဘူမိနက်သန်မှန်တယ်။

အခုနက ဟိုမနေ့က၊ အဲဆရာလေး၊ အဲ ဘယ်ကဆရာလေးလဲ ဆိုတော့ ကျောင်းဆရာလေး။ သွေးလျှံတယ်၊ သွေးအန်တယ်။ သူတို့လာပြီးတော့ ဦးဇင်းတို့ဆီ အားကိုးကြပါတယ်။ အေး နေကြ ဒီမှာလေး ငါးရှစ်ရက် သူတို့ သွေးအန်တယ်၊ သွေးလျှံတယ် ဆိုတော့ ကလေးက ပျော့နေတယ်။ ဦးဇင်းက ဝါးကျောင်းမှာနေတယ် ဆိုတော့ ဘာမှမရှိဘူးလေ။ မေတ္တာလေးရှိတယ်။ လက်ဖက်ခြောက်ရှိတယ်။ ရေလေးရှိတယ်။ တစ်ရက်ပြီးတစ်ရက် နေကောင်းလာတော့ အဲဒီတော့ ဆရာတော်ကြီးဆီမှာ၊ ညောင်ပင်ကြီး ဆရာတော်ကြီး ဆီမှာ ဒေါက်တာတစ်ယောက် အမြဲတမ်း ဆေးလာလာရက်ပတ်ထိုးပေးတဲ့ အခါကျတော့၊ ဒေါက်တာကြီးက အဲဝါးကျောင်းရဲ့ ကလေးမလေးရဲ့

အကြောင်းကို စုံလင်စွာနဲ့ သွားမေးတယ်။ မေးတဲ့အခါကျတော့ ခင်ဗျား၊ သွေးလျှံတယ် သွေးအန်တယ်။ အခုတော့ အန်သေးလား။ မအန်တော့ဘူးတဲ့။ အပြင်မှာတော့ အန်ပါတယ်။ လျှံလည်းလျှံပါတယ်။ ဒါဖြင့် ခင်ဗျား နောက်ဖေးသွားတဲ့အခါကျရင် ဘယ်လိုအရောင်မျိုးလဲ၊ မည်းမည်းတွေပဲလာပါတယ်။ အဲဒီ ဒေါက်တာဆရာကြီးက သွေးကြောပေါက်လို့ပဲ ဝမ်းဘက်လှည့်ဆင်းတာပဲ၊ မည်သွားတာပဲ။ ပုသိမ် ဆေးရုံသွားပါ၊ အဲဒီတော့ ပုသိမ်ဆေးရုံပို့တဲ့အခါကျတော့…။ ကျွန်တော်လည်း ကုဖို့မလွယ်ဘူး။ ဆေးရုံ မြန်မြန်သွားပါတဲ့။ ဆရာကြီးက အကူအညီပေးပါ။ ပေးတဲ့အခါကျတော့ သွားမယ့်ပုဂ္ဂိုလ်က ဦးဇင်းကို လာတိုင်ပင်တယ်။ အရှင်ဘုရားတဲ့ သွားရမလားတဲ့။ ခင်ဗျားတို့အပေါ်မှာ မူတည်ပါတယ်။ ခင်ဗျားတို့ ဆန္ဒပဲလို့၊ သွားရင် သိပ်ကောင်းတာပေါ့ဗျား။ ဦးဇင်းက ဒါတော့ ပြောတယ်။ သူတို့စဉ်းစားတယ်။ အဲ စဉ်းစားတဲ့အခါကျတော့ စဉ်းစားရင်းမသွားတော့ဘူးဗျို့။ မသွားတော့ ဟော နေကောင်းလာတယ်။ ဒေါက်တာတောင်မှ မျက်စိလည်နေတယ်။

ဒါ ဥပမာပြောတာ။ ဒါတောင်မက အဆန်းအပြားတွေလည်း ပျောက်ကုန်တယ်။ ဒါတွေက ကံတရားပါ။ လောကီအကြောင်းတွေပါ။ လောကုတ္တရာမှန်တော့ လောကီမှာ ထူးပါတယ်။ ဒါကြောင့်မို့ ဒီရဲ့ ဘူမိနက်သန် အင်မတန် ထူးပါတယ်။ သွေးတစ်စက် မကျရပါဘူး။ ဒီလိုပြောထားတယ်နော်ခင်ဗျား။ အပြင်ဘက်က ဖြစ်တာကတော့ ဦးဇင်းလည်း မတတ်နိုင်ဘူး။ ဒီအတွင်းထဲမှာကို ပြောတာပါနော်။ ဒီနေရာတွေ သိပ်ပြီးတော့ ထူးပါတယ်။

ဒါကြောင့်မို့လို့ ခင်ဗျားတို့ကို ဦးဇင်းဟာ စာပေကျမ်းဂန်မတတ်ပေမဲ့ စိတ်နှလုံးဟာ ဦးဇင်းကြီး တည်ကြည်အောင်၊ သစ္စာရှိအောင် အဲဒီတော့ မယိမ်းမယိုင်ဘဲနဲ့ ဦးပဏ္ဍိတကလည်း အဲ သူက မသေခင်

ခင်ဗျားတို့ တရားစစ် တရားမှန်တွေကို ရအောင်လုပ်ဖို့က ခင်ဗျားတို့ တာဝန်။ စိတ်တွေပြောင်းကြပါ။ ဗျာပါဒစိတ်တွေ၊ မိစ္ဆာဒိဋ္ဌိစိတ်တွေ၊ အဘိဇ္ဈာစိတ်တွေ၊ ဝန်တိုမိစ္ဆာစိတ်တွေ၊ ကုက္ကုစ္စစိတ်တွေယူပါစေ၊ ယူသွားပါစေ၊ မနေမျောပါနဲ့။ အဲ… လိုတာတွေကို ဦးဇင်းဖြည့်ပေးပါမယ်နော်။ ဒါတွေကို တစ်ယောက်နဲ့တစ်ယောက် ခွန်းကြီးခွန်းငယ် ရန်တွေဖြစ်ကြမယ်ဆိုရင် ခဗျားတို့ နစ်သည်ထက်နစ်သွားလိမ့်မယ်နော်။

အင်မတန်မှ ဒီသာသနာက ထူးပါတယ်။ စာလည်းမတတ် ပေလည်း မတတ်နော်။ ဒါကြောင့်မို့ အော် ငါသည် ငါဟာ အရင်က သမ္မန်ခတ်ခဲ့ရတယ်၊ ရေထမ်းခဲ့ရတယ်။ ငါဒုက္ခအမျိုးမျိုး၊ ငါစွဲလို့ရောက်ခဲ့ရပါသလား။ ဒီအစွဲတရားဟာ ငါသံသရာတစ်လျှောက်လုံး ကရွတ်ကွင်းလျှောက်ပြီးလာတာ။ အာရုံငါးပါးက မလွတ်လို့ မနောကံတွေ ဖြစ်နေပါသလား။ သမုတိသစ္စာမှာလည်း ငါအလွန်စွဲပါလား။ အတိတ်ရဲ့ကံကလည်း မပယ်နိုင်ပါလား ဆိုပြီးတော့ အဲဒီအစွဲဥပါဒါန်တွေကို သိလာတဲ့အတွက်ကြောင့် သိုက်တွေကလည်းလှူ၊ ဓာတ်တွေကလည်းလှူ၊ နတ်တွေကလည်းလှူ၊ ဒီလှူလိုက်တဲ့ ပစ္စည်းတွေကို ဒကာ၊ ဒကာမများဟာ အလိုအလျောက် အဲ ခင်ဗျားတို့ မြို့ထဲကို မထွက်ကြနဲ့ဟဲ့ ဆွမ်းမခံကြနဲ့ဟဲ့ လိုတာရှိ ပြော။ ဆေးမရှိ ဆေး၊ ဦးဇင်းကြီးက ခင်ဗျားတို့လာတဲ့အခါ ဖယောင်းတိုင်လို ဖယောင်းတိုင်၊ အမွှေးတိုင်လို အမွှေးတိုင်။ လိုလေသေးမရှိဘူးဗျနော်။ မေးကြည့်ပါ၊ ဒါလည်း တရားကို နတ်စောင့်ပါတယ်။

ဦးပဏ္ဍိဟာ စာပေကျမ်းဂန်မတတ်ပေမယ့် သူ့ရဲ့အသိကလေးက နှလုံးသွင်းထားတယ် ဆိုတာ ခင်ဗျားတို့ အကဲခတ်လို့ရပါတယ်။ အစတုန်းက ဒီလူကြီးက လူရှုပ်ကြီး၊ ကောင်းတဲ့လူကြီးမဟုတ်ဘူး။ အခု ဒီလူကြီး ဒီလိုဖြစ်တယ်ဆိုတာ ခင်ဗျားတို့ စာတတ်ပေတတ် အသိတွေ

မှန်ဖို့ လိုပါတယ်နော်။

ဒါကြောင့်မို့ ကိုယ်မနောဟာ စေတနာမပျက်ပါနဲ့၊ အယုတ်အလတ် မရွေးနဲ့။ ညီလေးတွေ ညီမလေးတွေ လာတယ်၊ လာအားကိုးတယ်။ စားစရာမရှိ ချကျွေးလိုက်။ ဝှက်မထားနဲ့။ အဲဒီလို အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ အပြင်မှာ စင်ကြယ်တယ်ဆိုတာတွေ စေတနာတွေက မှန်ကုန်ပြီလေ။ အား အပြင်မှာ အယုတ်အလတ် မရွေးတော့ဘူး။ အယုတ်အလတ်မရွေးရင် မနောဓမ္မရုံကလည်း ကြည်နေလို့ အဲတရားပါပဲ။ အဲဒီတော့ အပြင်မှာ ငါ့ပစ္စည်း ငါ့ဥစ္စာ ငါ့အိုး ငါ့ဟာလို စေတနာ ပျက်ရင် မနောစိတ်ကလည်း ပျက်လာပါပြီနော။ အဲဒါလေးကို အကဲခတ်ပြီး ကျင့်ကြံကြပါ။ အားထုတ်ကြပါ။

သီလမဂ္ဂင်အခြေခံပြီးတော့၊ သဒ္ဓါဆိုတာယုံကြည်ရမယ်။ ဒီတရားတွေကို ယုံကြည်ရင် ဝီရိယထူထောင်ရမယ်။ ဝီရိယအားကောင်းလာရင် သီလအားကောင်းမယ်။ သီလရတယ်ဆိုရင် ခင်ဗျားတို့ ထူးပါပြီဗျာ။ သီလအစစ်၊ ဒါနအစစ်၊ ဘာဝနာအစစ် ပွားများပြီးတော့ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာကို သီလနဲ့ ဆေးကြောပါ။ ဒါနနဲ့ ဆေးကြောပါ။ ဘာဝနာနဲ့ ပွားများပါ။ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာတုံးကြီးဟာ အဓိသီလနဲ့ ဆေးကြောပါတယ်။ အဓိစိတ္တနဲ့ ဆေးကြောလာတယ်။ အဓိပညာနဲ့ ဆေးကြောပါတယ်။ ဦးပဏ္ဍိတက အဝိဇ္ဇာပဲ ပေါင်းသင်းနေရတယ်။ မချစ်လည်း ပေါင်းချစ်လည်းပေါင်း၊ ဒါကြီးက ပေါင်းသင်းနေရတယ်။ အဲဒီ ကိုယ်ပိုင်အိမ်ပြန်လာရတယ်။ အဲတော့ လာတဲ့အခါကျတော့ အာရုံ (၆) ပါးက အေးအေး အေးအေး၊ ဒီလိုဖြစ်နေတယ်။ အပြင်မှာ စင်ကြယ်နေပြီလေ။ အပြင်မှာ စင်ကြယ်တော့ အတွင်းဘက် ဉာဏ်ဖြစ်နေပြီ။ အပြင်ကလည်း ထူးလာပြီလေ။ အဲဒါတွေကို အတုမြင် အတတ်ခိုးပါ။ ပြန်ရတော့မယ်။ နီးနေပြီနော်။ အဲဒါလေးတွေ သတိထား။ ကန့်လန့် မလုပ်နဲ့။

အဲဒီတော့ သူများမနာလို ကိုယ်အကျိုးမရှိ၊ မစ္ဆရိယ မနာလိုတဲ့ စိတ်ဟာ ဘဝမှာ လောလောဆယ် လုပ်လိုက်တဲ့ အဲဒီကံက ကိုယ့်ကို ချက်ခြင်းခံရတယ်ဗျို့။ အဲဒါကြောင့် သိပါလို့၊ သိကြပါ၊ မြင်ကြပါ။ ဒီကံတွေကို မကောင်းတဲ့ အကုသိုလ်ကံတွေကို အဲ သွားပြောလိုက်တာ တို့၊ သွားကြားလိုက်တာတို့၊ သွားပြီးတော့ ဖြစ်လိုက်တာတို့ အဲဒီကံက လောလောဆယ် ဟော ဟိုတစ်ခုဒီတစ်ခု မျက်စိတွေဖြစ်လိုဖြစ်၊ နားတွေ ဖြစ်လိုဖြစ်၊ နှာခေါင်းတွေ ဖြစ်။ ကိုယ်မှ စိတ်ကောင်း မရှိတာကို အပြင် မှာသွားပြီးတော့ အား ဒေါသတွေဖြစ်လိုက်၊ မနောကဖြစ်လိုက် ကလိ ကလိဖြစ်နေ။ ခင်ဗျားတို့ အဲဒီလို စိတ်မျိုးတွေကို မမွေးပါနဲ့။

အော် မြင်တာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား၊ စားတာလည်း မမြဲပါလား။ ထိတာလည်း မမြဲပါလား၊ သိတာလည်း မမြဲပါလား။ မမြဲတော့ မစွဲဘူး။ မစွဲတော့ ဥပါဒါန်ပြတ်နေပြီနော်။ ပြတ် အောင်လုပ်ပါ၊ လိုက်ပါ။ နောက်ကနေပြီးတော့၊ ဒုက္ခက ခန္ဓာနဲ့ရင်းမှ ဒုက္ခသစ္စာမြင်ရလိမ့်မယ်နော်။ ဒုက္ခသစ္စာဆိုတာ အစွဲကိုခေါ်တာ။ အဲ ခင်ဗျား မွေးလာကတည်းက စွဲတာပဲဗျို့၊ အဲဒါ ဒုက္ခသစ္စာပဲ။ ကံတရား၊ အဲဒီတော့ ကံတရားဟာ သမ္မာကံကို ယူပါ။ မိစ္ဆာကံကို ပယ်ပါ။ မိစ္ဆာကံက ခုပယ်နေပြီ။ ဝိသုဒ္ဓိကျောင်းမှာ အဲ ခင်ဗျားတို့ ကံကြီး မနော ကတော့ ဗွက်ပေါက်နေတယ်ဗျို့။ မနောဗွက်မပေါက်ပါစေနဲ့။ ကြည့်နေပါစေ။ ဒီဘဝ သူဌေးလည်း ပြန်မှာပဲ၊ ဘုန်းကြီးလည်း ပြန်မှာပဲ။ လူမျိုးမရွေး ဘာသာမရွေး အကုန်ပြန်ရမှာ။ စိတ်ကောင်းနှလုံးကောင်းနဲ့ စိတ်စင်ကြယ်ဖို့လိုတယ်။ အပြင်မှာ စင်ကြယ်မှ မနောလေးက စင်ကြယ် တယ်။ အပြင်မှာ မြင်လိုက်ရတဲ့ အာရုံတွေပေါ်မှာ စေတနာ မပြောင်းဘူး။ အဲဒီ စိတ်ကလေးက မပြောင်းလဲဘူး။ ဒါ စေတနာပြောင်းတယ် ဆိုတာ ဟောတာကပြီးတော့ ဟောတာ ငါနဲ့ ဘာမှမဆိုင်ဘူး။ မနောအကြောင်း

ကြောင့် စေတနာပါသွားပြောင်းတာ။ စေတနာဟာ အယုတ် အလတ် အမြတ်မရွေးပါနဲ့။ စေတနာနဲ့ ခင်ဗျားတို့ သီလမဂ္ဂင်ကို ရအောင်ယူကြပါလို့။ ဒီလောက်ဆို ခင်ဗျားတို့ သဘောပေါက်ရောပေါ့ဗျာ။

သာဓု… သာဓု… သာဓု

# ဝိသုဒ္ဓိ ဓမ္မ သစ္စာတရားတော်
# အမှတ် (၁၀၂)

ဦးဇင်းက စာပေကျမ်းဂန် မတတ်ဘူး။ အဲဒီတော့ စာပေကျမ်းဂန် မတတ်သည့်အတွက်ကြောင့် အားလုံး ဆရာတော်တွေ သမားတော်တွေ ရှင်သာမဏေတွေအားလုံး တပည့်တော်အား စာမတတ်တဲ့အတွက်ကြောင့် ပညတ်နဲ့ ပရမတ် နှစ်ခုစပ်တာကိုးဗျ။ အဲဒီတော့ နှစ်ခုစပ်တော့ ပညတ်နယ်မှာ အသိတရားများ ဟောပြောတဲ့အခါမှာ မှားယွင်းလို့ရှိရင် တပည့်တော်က အားလုံး ဆရာတော်ကြီးတွေ၊ သံဃာတော်အရှင်မြတ်တွေ၊ ကိုရင်လေးတွေကအစ တပည့်တော် တောင်းပန်ပါတယ်။ စာမတတ်ဘူး။ တောထွက်ကြီးတဲ့။ ဝါကလည်း ဘာမှမရှိပါဘူးတဲ့။ နောက် ဒကာ ဒကာမများ အားလုံး တရားနာတဲ့ ပရိသတ်အပေါင်းများကိုလည်း ကိုယ့်အကိုလို ကိုယ့်အဖေလို ကိုယ့်အမေလို အသိတရားတို့ပြောပြတာပါတဲ့။ စာပေကျမ်းဂန်မတတ်ဘူး။ အားလုံး ဦးဇင်းကနေပြီးတော့ တောင်းပန်ပါတယ်တဲ့။

အဲဒီတော့ ညတ်တရားနဲ့ ပရမတ်တရား ဒါစာရေးထားတဲ့ ဒါပညတ်တဲ့ ဒါပရမတ်တဲ့။ စာအရ အသိလေးပြောတာပါဗျာ။ သံသရာ

ဘယ်ကစလို့လည်သလဲတဲ့။ ခန္ဓာက စလို့လည်တယ်တဲ့။ သံသရာ ဘယ်ကပြတ်သလဲတဲ့။ ခန္ဓာကစလို့ ပြတ်တယ်တဲ့။ လည်တာနဲ့ ပြတ်တာ ဘာကြောင့်ဖြစ်ရတာလဲတဲ့။ ဘာကြောင့် လည်သလဲတဲ့။ သံသရာဘာကြောင့် လည်ရသလဲတဲ့။

ယခု ဘဝ ပစ္စုပ္ပန်တည့်တည့်လေး ရှေ့လည်းမမျှော်နဲ့။ နောက်လည်း မတွေးနဲ့။ တည့်တည့်လေး ပေါလိုက်တာ။ လည်လိုက်တော့ သိတယ်။ အဲဒီသိစိတ်လေးကို ဖော်ပြတာ ဟိုနားလေးက ကြားတယ်။ ကြားတော့ နားကြားတော့ သိတယ်။ သိစိတ်ကလေးဖော်ပြတာ သဘောလေးနဲ့သာနာ။ အဲဒီတော့ ဒီသံသရာ ဘယ်ကစသလဲဆိုတော့ ခန္ဓာကစတယ်။ ခန္ဓာကစပြီး လည်ရပါတယ်။ ဘာကြောင့်လည်ရသလဲတဲ့။ အဲဒီတော့ ဒုက္ခသစ္စာ ဆင်းရဲခြင်း။ အမှန်တရား သမုဒယသစ္စာ၊ ဆင်းရဲခြင်းအကြောင်း အမှန်တရား နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ။ အဲဒါ သစ္စာလေးပါးမျိုး သစ္စာလေးပါး။ အဲဒီတော့ ဒီသစ္စာလေးပါးကို သဘောလေးနဲ့ ဦးဇင်းက ပြောပြပါမယ်။

ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရားတဲ့။ ဒါဘုရားဟောတာ။ အော် ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်တရား။ အဲဒီတော့ ဦးဇင်းတို့မှာရှိတဲ့ ကိလေသဝဋ္ဋ်၊ ကာမဝဋ္ဋ်၊ ဘဝဝဋ္ဋ်၊ ဝိဘာဂဝဋ္ဋ်။ ဒါ စာရေးထားတယ်။ ဒီကိလေသာဝဋ္ဋ်က ဦးဇင်းတို့ ရုပ်တရားခေါ်တယ်။ ဝဋ္ဋ်ကြီးရနေတယ် ဘနော်။ အဲဒီဝဋ္ဋ်ကြီး သိဖို့လိုတယ်။ အဲဒီတော့ မသိတာထက် မရှိတာ။ မရှိတာကို ရှာရင်ရတယ်။ မသိတာအခက်ဆုံး။ အဲဒီရုပ်တရား။ အဲဒီ ရုပ်တရားမှာ တဏှာရှိတယ်။ အဲဒီရုပ်မှာ တဏှာရှိတော့ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပဒိ၊ အာလောကောဥဒပဒိ၊ ဉာဏဥဒပါဒိလို့ ဒါ စာရေးထားတယ်။ အဲဒီကိလေသာမှာ တဏှာရှိတယ်။ ကပ်နေတယ်တဲ့ နော်။ ကိလေသာမှာ တဏှာ။ တဏှာလေးရဲ့သဘောလေးကို ပြောပြမယ်။

ကိလေသာရဲ့သဘောကိုလည်း ပြောပြမယ်။ အဲဒီတော့ ဒီတဏှာလေးဟာ ပေါ ဥပမာပေါ့ဗျာ။ စာမတတ်ဘူး။ ခင်ဗျားပိုင်ဆိုင်တဲ့ ပစ္စည်းလေးတစ်ခု ကလေးရှေ့မှာချထားလိုက်တယ်။ ထိုသူတစ်ယောက်က ရိုက်ချိုးလိုက် တယ်။ ပစ္စည်းကလည်း တန်ဖိုးအလွန်ရှိတဲ့ပစ္စည်း။ အဲဒီရိုက်ချိုးလိုက်တော့ ဟာ တောက်ခေါက်တယ်။ ဘာဖြစ်လို့လဲ။ ပစ္စည်းစွဲတာ တဏှာလို့ ခေါ်တယ်။ အဲဒါတဏှာဘဲ။

တဏှာကြောင့် ဒေါသဖြစ်တယ်နော်။ ဒေါသဖြစ်သွားတယ်။ ဒေါသဖြစ်ရင် သီလဝိသုဒ္ဓိဖြစ်နိုင်ပါ့မလားတဲ့။ မဖြစ်နိုင်ဘူးတဲ့။ အပြင်မှာ မစင်ကြယ်တော့ ခန္ဓာမှာလည်း မစင်ကြယ်ဘူး။ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်မယ်။ ဒါဉာဏ်စခန်းတွေခေါ်တယ်။ ဂမ္ဘီရဉာဏ်ခေါ် တယ်။ သဘောလေးနဲ့နော်။ ဒါအသေအချာ ဦးဇင်းက နောက်ဆုံး သေချာ လေး ပြောပြမယ်။ ကိလေသာမှာ တဏှာရှိတယ်။ ခုနကပစ္စည်းကို ရိုက်ချိုးပစ်လိုက်တယ်။ ပိုင်ရှင်က ဒေါသဖြစ်တယ်ဗျို့။ ဒေါသဖြစ်တော့ အဲဒီအာရုံဟာ စက္ခုအာရုံမှာ ဒီအာရုံမှာ သူမမှတ်ဘူးလား။ မှတ်တာပေါ့။ မှတ် ဒါက သညာနော်။ အဲဒီတော့ ပစ္စည်းတစ်ခုကို သူ မှတ်လိုက်တဲ့ အတွက်ကြောင့် အော် ငါ့ပစ္စည်းရိုက်ချိုးလိုက်ပါလား။ တန်ဖိုးက တစ်သိန်းလောက်တန်တယ်။ အခုကျိုးသွားပြီ။ ဒေါသဖြစ်တာပေါ့။ မှန် တယ်ဗျို့။ အတ္တနယ်ကတော့ မှန်တယ်ဗျို့။ တဏှာကို လိုက်စားတယ်။

အတ္တနယ်ကမှန်တယ်လို့ အနတ္တနယ်က အော် သဘောပဲ။ အော် အနတ္တမြင်တာလည်း မမြဲဘူး။ ကြားတာလည်း မမြဲဘူး။ နံတာလည်း မမြဲဘူး။ စားတာလည်း မမြဲဘူး။ ထိတာလည်း မမြဲဘူး။ သိတာလည်း မမြဲဘူး။ မမြဲတော့ မစွဲဘူးဗျို့။ ဥပါဒါန်မဖြစ်ဘူးဗျာနော်။ သဘောလေးနဲ့ နော်။ ဥပါဒါန်အကြောင်းလေးကို ထုတ်ထုတ်ပြသွားတာ ဥပါဒါန်ဟာ သံသရာလည်တယ်။ ဥပါဒါန်ဟာ ကံလို့ခေါ်တယ်။ ဘယ်ကံလည်း

မနောကံ။ အဲဒီကံဟာ သံသရာကိုဖြတ်ပေးမယ့် တံခါးပေါ့။ ဒါကြောင့်မို့ အတ္တကနေပြီးတော့ အနတ္တပြောင်းလိုက်တယ်။ အော် အသိတစ်လုံး အမြတ်ဆုံး။ အသိလေးကို ယူထားလိုက်တယ်။ အေးကွယ် မတော်တဆ ဖြစ်သွားတယ်။ ဘယ်လိုမှ မအောက်မေ့ပါဘူး။

မောင်ရင်ရယ် ဆုံးရှုံးပါစေ။ ဟော ပိုင်ရှင်က တောင်းပန်တယ်ဗျို့။ အဲဒါ တွေးတောင်ကြည့်ပေတော့ ဗျာ။ ခင်ဗျားတို့စိတ် ခင်ဗျားတို့သာစစ်။ တရားဟာ ခန္ဓာမှာရှိတယ်။ စာတရားရှိတယ်။ ခန္ဓာအသိတရားရှိတယ်။ စာနဲ့ပတ်သက်တဲ့ ဝိပဿနာရှိတယ်။ ခန္ဓာနဲ့ ပတ်သက်တဲ့ ဝိပဿနာရှိတယ်။ သဘောလေးနဲ့နော။ အမှန်ကတော့ စာပယ်တာ မဟုတ်ဘူး။ စာရှိလို့ ခန္ဓာသိလို့ သိလို့၊ ကြံလို့ သဘောပြောပြတာနော်။ ဒီစာတောင်မရှိ ရင် ပြောလို့မရဘူးဗျ။ လက်ပိုက်နေရမယ်။ အဲဒီတော့ ဒီ"စာတွေကမှန်၏ ဉာဏ်မမိ ထိအောင်သူမသိ" စာတွေ့၊ ငါတွေ့၊ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့က သာတယ်။ အဲဒါ ကိလေသာနဲ့ တဏှာပေါ့ဗျာ။ အဲဒီရုပ်တရားကနေပြီးတော့ တဏှာနဲ့တွဲနေတာတော့ လူမသိဘူး။ ဉာဏ်ကသိတယ်။ ကံကမသိဘူး။

အဲဒီတော့ ဥပမာလေးပြောပြမယ်ဆိုရင် ရုပ်မှာတဏှာရှိတယ်။ နာမ်မှာလည်း တဏှာရှိတယ်။ သဘောလေးနဲ့ပြောပြမယ်။ အဲဒီရုပ်မှာ တဏှာဆိုတော့ ဦးဇင်းက အဖေနာမည်က ဦးချိတိုး မှတ်ထား။ အမေ နာမည်က ဒေါ်အုန်းမေ။ တစ်ရွာတစ်ကျေးမှာ နေကြတယ်။ တစ်ရွာ တစ်ကျေးမှာ နေကြတဲ့အခါမှာ အလုပ်အကိုင်အကြံအစည်နဲ့ တွေ့ဆုံကြပါ တယ်။ အလုပ်အကိုင်တွေ လာလုပ်ကြပါတယ်။ အဲဒီအခါမှာ ဦးချီးတိုးက ဒေါ်အုန်းမေရဲ့ ရုပကာယကိုကြည့်လိုက်တဲ့အခါမှာ အဲ မျက်စိလေးက လည်း အလွန်ကောင်း၊ နှာတံလေးကလည်း၊ အသားအရည်လေးကလည်း အလွန်ချော။ ငါတွေ့တော့ ပြုံးပြုံးပါလား။ အဲဒီရူပကာရအာရုံ သာယာ

တာဘဲဗျို့။ အဲဒါတဏှာနဲ့ အိမ်ဆောက်တော့မယ်။

ဦးချီးတိုးက ဒေါ်အုန်းမေရဲ့ရှေ့မှာ အလုပ်အကိုင် အကြံအစည်တွေ အမျိုးမျိုးလုပ်ပြတော့ အော် ဒီပုဂ္ဂိုလ်ဟာ အလုပ်အကိုင် သိပ်ကောင်းပါလား။ ငါ့ကို တစ်သက်လုံး လုပ်ကျွေးမှာပဲ။ ဒေါ်အုန်းမေက စဉ်းစားတယ်။ တွေးတောတယ်။ သူငါယူရင်တော့ ကောင်းမှာပဲ။ ဟောတစ်ရွာတစ်ကျေးမှာ ဒါဟာလည်း အာရုံကြောင့် တဏှာပဲ ဘာလဲ သညာဗျာ့။ သညာဆိုတာ အမှတ်ခေါ်တယ်။ အဲဒီတော့ မိရိုးဖလာအရ အမှတ်တွေ သဘောလေးနဲ့နာ။ အဲဒီအမှတ်တွေကပဲ ကိုယ်ကိုဒုက္ခပေးသွားတာပါပဲ။ အဲဒီအမှတ်ကနေပြီးတော့ ပြုံးပြုံးနဲ့ ဒေါ်အုန်းမေကလည်းပြုံးပြုံး၊ ဦးချီးတိုးကလည်းပြုံးပြုံး နောက်ဆုံးတော့ ညားသွားကြတာပါပဲ။ ဒါ တဏှာနဲ့ပတ်သက်ပြီးတော့ အိမ်ဆောက်လိုက်တော့ ကိလေသာရုပ်တရား ဖြစ်တယ်ဗျို့။ အဲဒါ ဦးမြမောင် ပါပဲ။ ဦးမြမောင်ခေါ် ဦးပဏ္ဍိတပါပဲ။

အဲဒီတော့ ဦးမြမောင် ဟာလည်း ဘဝအနန္တက ဘဝတွေ တစ်ဘဝနဲ့တစ်ဘဝ ဒီကံကမပြတ်ခဲ့ဘူး။ ဒီတဏှာမပြတ်ခဲ့ဘူး။ မပြတ်ခဲ့တော့ အလွန်ကောင်းတဲ့ လူ့ဝမ်းထဲမှာ သူကခန္ဓာနဲ့လာပြီးတော့ ငါတော့ သမ္မဝါစာ၊ သမ္မာကုသိုလ်ကံနဲ့ ငါ့ဒေါ်အုန်းမေ၊ ဦးချီးတိုးဝမ်းထဲမှာ ဖူးစာရေးနတ်ကရေးပေးပြီး ဝင်ရတယ်ဗျို့။ ကံပဲ။ အဲဒီအတိတ်ကကံကို မပြတ်လို့ ဟော ဒီဘဝမှာလာပြီးတော့ ဝင်ရပါတယ်။ ပဋိသန္ဓေတည်ပါတယ်။ ဦးချီးတိုးနဲ့ ဒေါ်အုန်းမေတို့ အိမ်မဲမြို့နယ် ကျေးရွာလေးမှာ အိမ်မဲအပိုင်ပေါ့ဗျာ။ သရက်ကုန်းရွာမှာ နေပါတယ်။ သရက်ကုန်းသီးကွင်းလို့ခေါ်တယ်။ အဲဒီသရက်ကုန်းရွာလေးမှာနေတဲ့အခါမှာ တောမှာ သူတို့ စပါးရိတ် ကောက်စိုက် ပျိုးနုတ်တာတွေ လုပ်ကြတယ်။ လယ်ပိုင်လည်း မရှိဘူး။ ဥယျာဉ်လည်း မရှိဘူး။

ထမင်းတစ်လုပ်စားဖို့က ခန္ဓာရဲ့ဒုက္ခ ဘယ်လောက်ကြောက်ဖို့ကောင်းလဲ။ ခန္ဓာဝန်ရဲ့ဒုက္ခ။ အဲဒါမသိလိုက်ဘူး။ မနက်တစ်နပ် ညတစ်နပ် သံယောဇဉ်မီးလေးတွေလောင်။ မီးလေးတွေ ပွားလာနေလိုက်တာ။ အဲ စွဲလန်းတဲ့ ဥပါဒါန်တွေဗျနော်။ ဘယ်လောက် ကြောက်ဖို့ကောင်းလဲ။ အဲဒီတော့ အဖေ အမေက ကောက်ရိတ်တဲ့အခါမှာ သားက သားဆိုတဲ့ မြမောင်က သွားပြီးတော့ အော် ငါ့အဖေအမေများကို ထမင်းသွားပို့မယ်။ အိမ်မှာ ထမင်းတွေ ဘာတွေချက်၊ ရေတွေဘာတွေခပ်ပြီးတော့ ထင်းတွေဘာတွေခွဲ။ အဲ ထမင်းတွေ ဘာတွေချက်ပြီးတော့ ထမင်းအုပ်ဆောင်းလေးကို အပေါ်ကအုပ်ပြီးတော့ အဲ ဖအေမအေကို သွားပို့တယ်။ လယ်ကွင်းထဲမှာ သွားပို့တဲ့အခါကျတော့ ဖအေမအေက ကွင်းထဲမှာစားကြတယ်ဗျို့။ စားတဲ့အခါမှာ သူတို့ကောက်ရိတ်တဲ့တံစဉ်က အဲဒီဘေးချထားတယ်။ မြမောင်က ဘာလုပ်လဲဆိုတော့ အဲဒီတံစဉ်ကို ကိုင်ပြီးတော့ ကောက်သင်း ကောက်တာပေါ့ဗျာ။ ကောက်လို့မှမရတော့ သူများရဲ့ စပါးနှံတွေကို ဖျက်တော့တာပဲဗျို့။ အဲ့ဒါနော် အာဒီနွာဒါနာ ဝေရမဏီ သိက္ခာမဒံ သမ္မာဒိယာမိ မကိုက်တော့ဘူး။

ဘုရားဟောတဲ့ အယူဝါဒနဲ့ မြမောင်ရဲ့ စွဲလန်းတဲ့ ဥပါဒါန်ကြောင့် ကံတွေဖြစ်နေတာ မိစ္ဆာကံတွေဖြစ်နေတာ သက္ကာယဒိဋ္ဌိကံတွေဖြစ်နေတာ အတ္တဒိဋ္ဌိကံတွေဖြစ်နေတာ ဘယ်လောက်ကြောက်ဖို့ကောင်းလိုက်သလဲလို့နော်။ တရားရှာရင် ကိုယ့်မှာရှိတယ်။ ခန္ဓာမှာ ဉာဏ်စိုက်ပါ။ အခုဉာဏ်နဲ့လာဟောတဲ့တရားတွေ ကံကိုထိုးထိုး ပြနေတာ။ သဘောလေးနဲ့နော်။ အဲဒီတော့ မြမောင်က တစ်ခါထဲ ကောက်သင်းကောက်လို့မရတော့ အဖေဆီက တံစဉ်နဲ့ရိတ်တော့တာပဲဗျို့။ ရိတ်ပြီးတော့ သူထမင်းပို့တဲ့တောင်းထဲမှာ အကုန်လုံးစပါးနှံဆိုတော့ အဖျားလေးတွေရိတ်သွားတော့ အများကြီးပါတာပေါ့ဗျာ။ အဖေ အမေတွေလဲ စားလဲပြီးတော့ စပါးနှံတွေ

ကို အဲဒီတောင်းထဲမှာ အုပ်တာပဲဗျို့။ အဲဒီတော့ စားတဲ့ခွက်တွေ ဘာတွေလဲ အပေါ်ကနေအုပ် ပုဆိုးလေးနဲ့အုပ် လယ်ပိုင်ရှင်သိမှာစိုးလို့ ဒီသညာပဲဗျ။ ဒီသညာအမှတ်က ဒုက္ခပေးသွားတာနော်။

ပစ္စုပ္ပန် တည့်တည့်လေးမှာ ဒါအဖေ ဒါအမေအမှတ် မိရိုးဖလာရဲ့အယူတွေ သဘောတွေကို နာကြ။ အဲဒီတော့ မြမောင်က ဒီစပါးနှံတွေကို တောင်းထဲအုပ်ပြီးတော့ ဒါ ခိုးတာပေါ့ဗျာ။ သူများပစ္စည်းယူတာပေါ့ဗျာ။ စွဲလို့ယူတာပေါ့ဗျာ။ ဒါဥပါဒါန်ကံခေါ်တယ်။ မှတ်ထားဦး။ အဲဒါသံသရာလည်တာ။ သံသရာဘယ်ကစလဲ။ စက္ခုနဲ့ မနော၊ နားနဲ့ မနော၊ နှာခေါင်းနဲ့ မနော၊ ဇိဝှါနဲ့ မနော။ အဲဒါ ဉာဏ် လေးနဲ့သုံး။ ကံနဲ့သုံးရင်တော့ လည်မှာပဲ။ သီလဆိုတာ အင်မတန် အရေးကြီးတယ်။ အဲဒီလိုသီလမျိုးက သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝ သစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာခေါ်တယ်။ ဉာဏ်(၂) ဂမ္ဘီရဉာဏ် အရိယခတ်သစ္စာနဲ့ အခုပဟောနေတာ။ အဲဒီတော့ ဒီလိုစပါးနှံတွေကို ရိတ်ပြီးတော့ သူတောင်းလေးနဲ့အုပ်ပြီးတော့ အိမ်ပြန်သွားတာပဲဗျို့။ အိမ်ပြန်သွားပြီးတော့ လမ်းမက ဟိုကြည့်ဒီကြည့် ကြည့်ပြီးတော့ ပိုင်ရှင်များတွေ့မလားလို့ ချောင်ကြိုချောင်ကြား ခိုးပြီးပြန်ရတာပေါ့ဗျာ။ အဲဒါ ကံတွေနော်။

အဲဒီတော့ ဒါတွေကို သူအိမ် ရောက်တဲ့အခါကျတော့ ရေအိုးစင်အောက်မှာ တစ်ခါတည်း ခြေထောက်နဲ့ မွှေတော့တာပဲ။ စပါးသီးတွေပြုတ်ကြပြီးတော့ တစ်ပြည်ကနေ နှစ်ပြည်၊ နှစ်ပြည်ကနေ သုံးပြည်ဝမ်းကိုသာနေတာပဲ။ သောမနဿ စိတ်ကို ချမ်းသာနေတာပဲ။ တဏှာ နဲ့ ချမ်းသာတယ်။ စိတ်တဏှာနဲ့ပတ်သက်ပြီးတော့ စိတ်ကလေး ချမ်းသာတော့ ဒါလေး လေးငါးပြည်လည်းရရော အဲဒီသရက်ကုန်းဈေးထဲမှာရှိတဲ့တရုတ်ဆိုင်က ကျင်မကျိတဲ့ အဲဒီကျင်မကျိဆိုင်မှာသွားပြီးတော့ စပါးနဲ့လဲတော့တာပဲဗျို့။ ဘာတွေရလာလည်းဆိုတော့ ကြံသကာလေးတွေ၊

မြေပဲစေ့လေးတွေ ရလာတယ်။ ပိုက်ဆံလေးတွေရလာတယ်။ သုံးပဲ ရလာတယ်။ ဆယ်ပြား ရလာတယ်။ တမတ်ရလာတယ်။ အဲလိုရလာပါ တယ်။ အဲတော့ ကလေးက ဝမ်းသာတာပေါ့ဗျာ။ နောက်ဒါမျိုးပို့ချင် တယ်ဗျို့။ သူသိပ်ပို့ချင်တာပေါ့။ သူပိုက်ဆံရတာကို။

အဲဒီကလေးက ဘာလုပ်လဲဆိုတော့ ဒိုးထိုးတယ်။ ကျောက်အမ်ဒိုး ပေါက်တယ်။ ဂျင်တွေ ပေါက်တယ်။ ဟာ အဲဒီကလေးကလည်း ဆော့တာပဲ။ သူလည်း သိမှမသိတာကိုဗျ။ အဲလိုလုပ်ပါတယ်။ ဘုရားက ဟောပါတယ်။ သူများအသက်မသတ်နဲ့၊ သူများပစ္စည်းမခိုးနဲ့၊ သူများ သားမယား မဖျက်ဆီးနဲ့။ အဲဒါကာယကံ၊ ကာယကံဆိုတာ ခုနက တံစဉ်ကိုကိုင်ပြီးရိတ်တာ။ အဲဒါကာယကံခေါ်တယ်။ ကာယကံမှာ အာရုံ ကို သတ်ပြီးတော့ ဥပါဒါန်တွေဖြစ်ပြီးတော့ မိစ္ဆာအယူတွေဖြစ်တာဗျို့။ အဲဒီတော့ စက္ခုအာရုံကို အာရုံနဲ့မနောပေါင်းလိုက်တာဗျ။ အဲဒါတွေက သင်္ခါရတွေဖြစ်နေတာဗျို့။ စာလိုဆိုရင်တော့ အဲဒီလိုဖြစ်ပြီးတော့ သူ ဒါတွေကို ဝမ်းသာပြီးတော့ အဖေအမေက ငါ့သားလေး သူများပစ္စည်းတွေ ခိုးပါလား။ လုပ်ပါလား၊ ပြုပါလား။ ဖအေ မအေက မြင်ရဲ့သားနဲ့ မပြောဘူး။ သူတို့လည်းအားပေးကြတယ်။ ဟာ ကြည့်စမ်း။ ခင်ဗျား မိရိုးဖလာရဲ့ အယူရဲ့ကံတွေကနော် သိပ်ကြောက်ဖို့ကောင်းတယ်။

အဲဒီတော့ အဲဒီမှာ တဏှာကိလေသာနဲ့ တဏှာရဲ့အကြောင်း ပေါ့ဗျာ။ အဲဒီတော့ ကိလေသာနဲ့ တဏှာ တပည့်တော်သတ်ချင်တယ်။ ဘုရားဟော ကိလေသာနဲ့ တဏှာတော့ ပြောပြပြီနော်။ အဲဒီတော့ သူ သတ်ချင်တယ်တဲ့။ အေး ကိလေသာနဲ့တဏှာသတ်ချင်ရင်ကွာ မဂ္ဂင် ရှစ်ပါးရှိပါတယ်။ အဲဒီမဂ္ဂင်ရှစ်ပါးက မင်းလက်ကလေးပိုက် အာရုံ ငါးပါး မျက်စိမြင်ချင်လား။ မမြင်ချင်ပါဘူး။ နားကြားချင်လား။ မကြားချင်ပါဘူး။ နှာခေါင်းနံချင်လား။ မနံချင်ပါဘူး။ ဇိဝှါကလည်း

စားချင်သလား။ မစားချင်ပါဘူး။ မင်း အသားကို ထိချင်လား။ မထိချင်ပါဘူး။ ဟော အာရုံငါးပါးကိုလည်းပယ်။ ဒါအာရုံကို ပယ်လိုက်တာ။

တစ်ခါဘယ်ဟာပယ်ရဦးမလဲဆို။ ကံပယ်လိုက်ဦး။ ကာယကံသုံးပါးကိုလည်း ပယ်လိုက်။ မိစ္ဆာအယူ၊ သက္ကာယအယူ၊ ဒိဋ္ဌိအယူတွေလဲပယ်လိုက်။ အတ္တအယူတွေလဲပယ်လိုက်။ ဟော ကံသုံးပါးကိုလည်းပယ်လိုက်။ ဟော ဝစီကံလေးပါးကိုလည်း ပယ်လိုက်။ ရေတောင်မသောက်တော့ဘူးဗျို့။ ဆေးလိပ်တောင် မသောက်တော့ဘူး။ သိလား။ သီလ သီလ သီလကိုလုပ်တော့မှာကိုး။ မဂ် သီလတွေလုပ်တော့မယ်။ ဆေးလိပ်တောင်မသောက်ဘူး။ ရေတောင်မသောက်ဘူး။ အုံးမောင်းခေါက်တာတောင် ထမင်းသွားမစားတော့ဘူး။ အုံးမောင်းအသံကို မမှတ်တော့ဘူးနော်။ မဂ်ဉာဏ် မဂ္ဂင်ရသွားမယ့်လမ်း၊ နိဗ္ဗာန်ကို သွားမယ့်လမ်း။

ခင်ဗျားတို့ ခုနက တဏှာသတ်ချင်တယ်ဆိုလို့ သတ်ပြနေတဲ့ မနောဟာ တော်တော်လေး အရေးကြီးတယ်။ ဗျာပါဒအဘိဇ္ဈာ၊ ကုက္ကုစ္စ သတ်လိုက်၊ ဒိဋ္ဌိသတ်တော့ ဘယ်လိုလဲဘုရား။ အေး အာရုံငါးပါးကိုပယ်လိုက်ပြီးတော့ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး။ ဟော ဘဘောလေးနဲ့နာ။ အပြင်မှာ မြင်စိတ်ကြားစိတ်တွေကို မှတ်ပြီးတော့ မနောက မယူနဲ့။ သဘောလေးနဲ့နာ။ တရားက ကိုယ်မှာရှိတယ်။ မရှိတာကိုရှာရင် ရတယ်။ မသိတာက အခက်ဆုံး။ ဟော အဲဒီမြင်တာကို မင်းမြင်ပြီမလား။ မမှတ်နဲ့။ မြင်တဲ့အာရုံကိုမှတ်ပြီးတော့ မစွဲနဲ့။ နှလုံးမှာမယူနဲ့နော်။ အဲဒီတော့ စာမှာဆိုရင်တော့ စိတ်စေတသိက်ကိုသတ်ပြီ။ စေတသိက်လည်း သတ်ပြီ။ ဘဝင်စိတ်လည်း သတ်ပြီ။ မြင်စိတ်လည်း သတ်ပြီ။

ဟော ခင်ဗျားတို့ ဘယ်လောက်ကောင်းလဲ။ ဒါကြောင့်မို့ စာမတတ်ပေမယ့် အထင်မသေးပါနဲ့။ စာမတတ်ပေမယ့် ငါ့ကိုလည်း အထင်မကြီးပါဘူး။ အောက်ခြေကလာတာပါ။ အားလုံး ကန်တော့ ကြပါတယ်။ ဒီဘဝ နောက်ဆုံးဘဝပြန်မှာပဲ အဲလူ့ဘဝ (၃၁)ဘုံ လွတ်ဖို့ကတော့ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။ ပရိသတ်တွေအပေါ်မှာ မူတည်တယ်။ သံဃာတော်အရှင်မြတ်ကြီးတွေ အပေါ်မှာမူတည်တယ်။ လွတ်ဖို့နော်။ ခင်ဗျားတို့စာရေးထားတဲ့ သံသရာ ဝဋ်ဆင်းရဲလည်း မောဇနေဌာယ၊ ဆရာတော်ဆီ သဃ်န်းတောင်းတာပဗျို့၊ တောင်းတာ သစ္စာမှန်ဖို့လိုတယ်ဗျို့။ တောင်းတာကတခြား စိတ်ကတစ်မျိုး ဖြစ်နေရင်တော့ ကိုယ်ခံပေတော့ ခုနကရေးထားတဲ့ အပယ်လေးဘုံတဲ့ တရားတောင်းတာ ဗြဟ္မာဘုံက ဘယ်လောက်။ သိပ်မှန်တာပေါ့။

အဲဒီတော့ အပါယ်လေးဘုံဆိုတာ စာနဲ့ရေးတာတဲ့။ အသူရကယ်ဘုံ၊ ပြိတ္တာဘုံ၊ ငရဲဘုံ၊ တိရစ္ဆာန်ဘုံနော်။ ဘယ်လောက် ကြောက်ဖို့ကောင်းလဲ။ သိပ်ကြောက်ဖို့ကောင်းတယ်။ သိတဲ့လူက ဆုတ်တော့မယ်။ ဒါနောက်ဆုံးပွဲဘဲ။ ခင်ဗျားတို့ နောက်လာပါဆိုတောင် မလာတော့ဘူး။ ဘယ်မှမသွားတော့ဘူး။ တော်ပြီတဲ့။ ဒါ ပါးစပ်ကလေးက နှုတ်ကလေးရှိလို့ ငါလာခဲ့ရတယ်။ ငါဟာ ဂီလာနတဲ့။ ငါ့မှာလည်း အဲဒီရုပ်ဒုက္ခ အလွန်ဖောက်ပြန်တယ်။ ဓာတ်တွေက ဖောက်ပြန်နေ။ ဒီသဘောပဲ။ အဲဒီတော့ မအေတို့ ဖအေတို့ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူ ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုကိုယ့်မာန်တွေ၊ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ငါ့မာန်တွေ မစွဲနဲ့။ စွဲရင်တော့ ဥပါဒါန်ကံဖြစ်လိမ့်မယ်။

ဥပါဒါန်ဖြစ်သွားရင် ကံပဲ။ ဥပါဒါန် ဘယ်လိုဖြစ်လဲ။ အဲ

သမီးလေး လင်နောက်လိုက်သွားတယ်။ သားအချုပ်ခံရတယ်။ မအေ ဖအေ ပူတာပဲ။ ဒီအပူကို ဘာနဲ့သတ်မလဲ။ ဘယ်သီလနဲ့မှ သတ်လို့ မရဘူး။ ဘယ်ဒါနနဲ့မှလဲ သတ်လို့မရဘူး။ ဘုရားရေဆွမ်းတင်ပြီးတော့လဲ ဆွမ်းတော်ကပ်လို့လဲ ဒီစိတ်ကမအေးဘူး။ ဟော ဘုရားညောင်ရေအိုး ပန်းလဲလို့လည်း ဒီစိတ်က မအေးဘူး။ ပူတာပဲ။ သမီးလေး ရေနစ်ပြီ သားလေးရေနစ်သွားပြီ မအေ ဖအေ ပူတာပဲ။ ညီအစ်ကိုမောင်နှမတွေ ကလည်း ပူတာပဲ။ ဒီစိတ်ကလေးရဲ့ မနောပူတာလေးကို ဘာနဲ့သတ်လို့ ရမလဲ။ သီလနဲ့သတ်လို့ရပါ့မလား။ သီလနဲ့လဲ မအေးဘူး။ ပူတာပဲ။ အဲဒီအပူဟာ မဂ်ဉာဏ်ရမှအေးတယ်။ တစ်လမ်းထဲပြောလိုက်မယ်။ ခင်ဗျားတို့ ကျင့်ကြကြံကြ။ အရှုံးမပေးနဲ့။ ဒိဋ္ဌိနဲ့ မာနကို သတ်ပစ်လိုက်။ ဒိဋ္ဌိသတ်ရင် မာန်နတ်ကို သိတယ်။ အမှန်ကို သိလိမ့်မယ်။

မာန်ဟာ တဏှာပဲ။ တဏှာမာန်က ဒိဋ္ဌိပဲ။ ခင်ဗျားတို့ သဘော ပေါက်ဖို့လိုတယ်နော်။ အဲဒီတော့ ကိုယ့်ဖအေလို ကိုယ့်မအေလို ပြော သွားတာ။ အသိတွေပြောသွားတာ။ ခုနကပြောထားတဲ့ ဥပမာလေး တွေ့လား။ သမီးလေးရေနစ်တယ်။ သားလေးရေနစ်တယ်။ ဖအေ မအေ အဲဒီအသိလေးက ပူနေပါလား။ မနောကပူနေပါလား။ ဘာလို့လဲ။ အမှတ် တွေချည်းပဲ။ ပညတ်ကမှတ်ပေးလိုက်တာ။ မင်းကလေး ရေနစ် သေပြီ၊ မင်းကလေးကားမှောက်သေပြီ၊ ဘုရားဖူးသွားတာ ကားမှောက် သေတယ်။ ဟာ ဒိုင်းခနဲပဲ။ အဲ့ ရင်ဝမှာ ပြေးဆောင့်တာ အပူ။ အပူနော်။ အဲဒီအပူကို ဘာနဲ့သတ်မလဲ။ မဂ်ဉာဏ်ရမှအေးတာဗျ။ သေချာ လမ်းကိုပြပေးလိုက်တယ်။ အဲဒီမဂ္ဂင်ရှစ်ပါးကကျင့်။

ဟာ ခင်ဗျားတို့ တရားထိုင် ဘယ်သူကပဲပျက်ပျက် ကိုယ်ပျက် နဲ့။ ကိုယ့်ဟာလေး ကိုယ့်နောက်ဆုံးဘဝ ဦးပဏ္ဍိတက မှာပြီးခဲ့ပြီ။ အဲ ကျင့်ကြပါ။ ကြံကြပါ။ အားထုတ်ကြပါ။ သမ္မာနဲ့နေပါ။ အဲဒီ

တော့ ဘာပဲဖြစ်ဖြစ် အိမ်နီးချင်းက ကိုယ့်ကိုဆဲလဲ ကိုယ့်စေတနာ မပျက်ပါနဲ့။ အဲ ကိုယ့်အိမ်ရှေ့က ကလော်ထုတ်လဲ စေတနာမပျက်ပါနဲ့။ စေတနာကိုသာ ထိန်းထား။ အာရုံနဲ့ မနှောထိန်းထား။ ဆဲပါစေ။ ငါ သည်းခံမယ်။ ငါ့မြေကိုလုတယ်။ လုပါစေ။ ငါသည်းခံမယ်။ ဟော စေတနာလေးထိန်းထား။ စေတနာလေးထား။

စေတနာက ဝိသုဒ္ဓိ။ အဲဒါ နိဗ္ဗာန်သွားမှာ။ ထိန်းထားတာ ဟိုက ဆဲရင်၊ သူဆဲရင် ငါလည်းခံဆဲမယ်။ ကိုယ်ခံဆဲရင် ခင်ဗျား သီလပျက်လိမ့် မယ်။ ဟိုက မိစ္ဆာအယူ ယူတာ။ ဟိုက မိစ္ဆာအယူ ယူလို့ ဆဲတာ။ ခင်ဗျားကလည်း မိစ္ဆာမဖြစ်ပါစေနဲ့။ သဘောလေးနဲ့နော။ သဘောလေးပဲ နော်။ ဒါကြောင့်မို့ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ်။ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ်။ အပြင်မစွဲနဲ့။ အဲဒီတော့ အကာကိုလဲမပယ်ပါဘူး။ အနှစ်ကိုလည်း ခင်ဗျားတို့ နှလုံး သွင်းပါ။ အကာကနေ အနှစ်ကိုယူပါ။ သဘောလေးနဲ့နော။ ပညတ်ကနေပြီးတော့ ပရမတ်ကို ကူးပါနော်။ ပညတ်၊ ပရမတ် ကူးလိုက်။ ကူးမှလွတ် မှာနော်။ စာရေးထားတာ ဦးဇင်းက ငါ့ကို ယုံကြည်ပါ ကွာတဲ့။ ငါက ဒီပစ္စည်းတွေကို ထုတ်ပြလို့မရဘူးကွ။ ပညတ်ကတော့ ထုတ်ပြလို့ ရတယ်ကွ။ ပရမတ်က ထုတ်ပြလို့လည်း မရဘူးကွ။ ကိုင်ပြလို့လည်း မရဘူးကွ။ မင်းတို့ ယုံကြည်ပါကွာတဲ့။

အဲဒါတော့ ဘုရားအစစ်ရှိပါတယ်။ တရားအစစ်ရှိပါတယ်။ သံဃာအစစ်ရှိပါတယ်။ သဘောလေးနဲ့နော။ အဲဒီသံဃာအစစ်များသွားပြီး လှူလိုက်ရရင် ကိုယ်လည်း ပုဗ္ဗ၊ မုဥ္စ၊ အပရ ဆိုတဲ့ စေတနာအလွန် စေတနာက မွန်မြတ်တယ်။ ဒီအသံလေး ကြားလိုက်တယ်ဆိုပဲ သူ့မှာ အဓိပတိစေတနာလေးက ဖြစ်လာပါပြီ။ သူ အဓိပတိနှလုံးသားက ဖြစ်တာ။ အဲဒီဟာလေး သူ မြက်ကလေး လှူလိုက် ပါတယ်။ သူရှိတဲ့

ဆေးလိပ်ကလေး လှူလိုက်ပါတယ်။ ပြီးနေပြီ။ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ မင်္ဂမျိုးစေ့ ခေါ်တယ်။ စေတနာက ရင်ထဲမှာ လှပ်လှပ်လှပ်ဖြစ်နေတယ်။ အဲဒီ အသံလေး ကြားလိုက်တယ်။ ခုနကနော်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တရားဟောတဲ့အခါမှာ ဘုရားဟောတရားကို တရားနာတဲ့ပုဂ္ဂိုလ်တွေက နားကြားတယ်။ ဘုရား တရားဟောတာကြားတယ်။ ကြားပြီးနာတာပဲရှိ တယ်။ ဟိုက ပဋ္ဌာစာရီက အသိဖြစ်နေတာ အသိရသွားတာနော်။ သိဖို့ လွယ်တယ်။ နှလုံးသွင်းကြပါနော်။ ဒါလေးတွေဟာ အင်မတန်ထူးတယ်။

နတ်တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေ ရှိတယ်။ ခင်ဗျားတို့မှာ ကိုယ်စောင့်နတ်တွေ ရှိတယ်။ သတိလေးထား။ ဥပမာရှိတယ်ဆိုတော့ သဘောတစ်ခုပြောပြမယ်ဗျာ။ စာတော့မတတ်ဘူး။ နတ်ရှိတဲ့အကြောင်း။ အရှင်ဘုရားတဲ့၊ တပည့်တော် ဒီအကောင်လေးလုပ်လိုက်မယ်။ အဲဒီလူက အရှင်ဘုရားတဲ့ ဒီအကောင်လေးဆိုတာ ကြက်ပေါ့ဗျာ။ အဲဒီတော့ ဒါလေး သတ်လိုက်မယ်။ အဲ မင်းသတ်လို့ရှိရင်ကွာ လူမသိစေနဲ့။ ဟိုကလည်း အဲဒီလိုပြောလိုက်တယ်ဗျ။ လူမသိစေနဲ့ဆိုတော့ သူက အိမ်တံခါးပိတ်၊ ခြံတံခါးပိတ်၊ ခြင်ထောင်ချပြီးတော့ သူသတ်တာပဲဗျို့။ သတ်ပြီးတော့ အဲဒီဘုန်းကြီးကိုလာပြီးတော့ ကျွေးတာပဲဗျို့။ ကျွေးတော့ ဟဲ့ကောင် အိုးအိုး မင်းကြည့်စမ်း အိုးအိုး ဆိုပြီးတော့ မင်းဘယ်လိုလုပ်လာတာလဲဟ။ တပည့်တော်ဘုရား ခြံတံခါးလည်း ပိတ်ပါတယ်။ အိမ်တံခါးလည်း ပိတ်ပါတယ်။ ခြင်ထောင်လည်း ချပါတယ်။ အဲဒီခြင်ထောင်အတွင်းထဲမှာ သတ်ပါတယ်။ လူမသိစေပါစေနဲ့ဆိုတော့ မင်းက ဘာလဲကွ။ မင်းက လူလား ဘာလေး ဆိုတော့ တပည့်တော် လူပေါ့။ အေး နင် အဲဒီနင် လူမှာ နတ်ရှိတယ်ကွ ဟော့ကောင်ရဲ့။ မင်းလုပ်လိုက်တာ နတ်သိသွားပြီကွ။ သဘောလေးနဲ့နာနော်။ ဒါပေမယ့် တစ်ယောက်ထဲနေပေမယ့် မကောင်း

တာလုပ်လည်း နတ်ကသိတယ်ဗျို့။

အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး။ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာမစင်ကြယ်ဘူး။ သမုတိသစ္စာ၊ ဝိရတိ သစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာတသစ္စာတွေ ရှိတယ်ဗျနော်။ မလုပ်ပါနဲ့ နတ်တွေသိတယ်။ ခင်ဗျားတို့လှူတာ နတ်တွေ သိတယ်။ ဘုန်းကြီးက မှန်တာပြောသွားတာ။ ထုတ်ပြပါဆိုတော့ ဘယ်လိုထုတ်ပြမလဲ။ နတ်သိတဲ့တရားရှိတဲ့ အဲလူသိတဲ့ တရားရှိတယ်။ သဘောလေးနဲ့နာ။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် လူဘုံကနေပြီးတော့ ခင်ဗျားတို့ပြန်ကြမှာပဲ။ ကံကုန်ရင်ပြန်ကြတယ်။ ပြန်ရင် သေမင်းလက်ကို မတော်တဆ ရောက်သွားလိမ့်မယ်။ အဲဒီတော့ သေခါနီးကျတော့ ဓာသုံးတန်ပြန်လိမ့်မယ်သိလား။ ဒီဓာတွေ မပြန်အောင် မပြန်နိုင်အောင် ခင်ဗျားတို့ ဇကောမမွှော အာရုံပြုပြီးတော့ပြန်တော့ မကောင်းဘူးလားဗျာ။ ခင်ဗျား ခုနက နဂါးကြီးဖြစ်တယ် မတွေ့လား။

ခင်ဗျားတို့ ရေတွင်းပေါင်း ရေကန်ပေါင်းလှူလိုက်တယ်။ ဒါပေမယ့် နဂါးကြီးဖြစ်တာပဲ။ ဒါအစွဲပဲ။ သူ့မှာ ပူလို့လောင်လို့ လိမ့်နေတော့ ဘေးကလူက စပါးကျီးသည်းခြေလေး ကျွေးလိုက်ကွာ။ စပါးကြီးသည်းခြေလေးက အေးတာကိုကွ။ အဲ စပါးကြီးသည်းခြေလေးကို သွားစွဲလိုက်တာနဲ့ ဥပါဒါန်ဖြစ်ပြီးတော့ တစ်ခါတည်း အဲလို ဖြစ်ပါတယ်။ ဒီဥပါဒါန်ဟာ အင်မတန် ကြောက်မက်ဖွယ် ကောင်းတယ်။ အဲဒီဥပါဒါန်ဘဲဗျို့။ ခင်ဗျားတို့လှူတာလဲ ဒိဋ္ဌိအာရုံနဲ့ မနောစကျွ နားသောတနဲ့ မနော။ အဲဒီတော့ စကျွနဲ့မနော ဒါတွေယူထားတဲ့ အယူမှားတယ်။ အမှတ်မှားတယ်။

ဘာယူရ မလဲ။ အနတ္တယူရမှာ။ ခင်ဗျားတို့ယူထားတာ အတ္တအစွဲတွေ စွဲပါစေ။ သမ္မာလေးနဲ့ယူပါ။ သမ္မာလေးနဲ့။ အဖေသေတယ်။

အော် ဒို့အဖေ သေပြီ အဲဒီတော့ ဒို့အဖေလည်းသေပြီ ဒို့အမေလည်း သေပြီ။ မစွဲနဲ့။ သမ္မာလေးနဲ့ယူသွားကြပါ။ ဒီလမ်း၊ အော်ဖြစ်လာရင် ပျက်မှာပဲကွ။ မသေခင်မှာ အားရပါးရ ထမင်းကျွေး ဖအေမအေကို စိတ်ချမ်းသာအောင် လုပ်ပေး။ အဲဒီတော့ သေမှသွားငိုမနေနဲ့။ ဘာမှ သိတာမဟုတ်ဘူး။ ခင်ဗျားတို့မသေခင်က အော်သူတို့ဆီက အော် ဒို့အဖေကြီးက တို့အပေါ်မှာ ကျောင်းထားပေးတယ်။ ရှာကျွေးတယ်။ လခရရင် ဖအေ မအေကို ဒါတွေပင်ရင်းကမှန်မှ ပင်ဖျားရောက်မှာဗျ။ ခင်ဗျားတို့ ပင်ရင်းမှ မမှန်ရင် ပင်ဖျားက ဘာဖြစ်အုံးမှာလဲ။ ခင်ဗျားတို့ လောဘစိတ်တွေ၊ ဒေါသစိတ်တွေ၊ မောဟစိတ်တွေ၊ တဏှာစိတ်တွေ၊ မာနစိတ်တွေ၊ ဒိဋ္ဌိစိတ်တွေဗျ။

မာနဆိုတာ မာန နဲ့ ဒိဋ္ဌိကို သတ်ပစ်လိုက်။ အဲဒီနှစ်ကောင်နော်။ တစ်ခါတည်း ငါဟာ ဘာလဲကွ၊ ပစ္စည်းအားကိုးတယ်။ လောကီ အားကိုးတယ်။ အိမ်အားကိုးတယ်။ ရာထူးအားကိုးတယ်။ သဘောနဲ့ နာနော်။ တရားစာကို အားကိုးနေတယ်။ လောကီအားကိုး။ မှားနေ တယ်။ မနောကံကို ပြောနေတာ။ အဲဒီဥပါဒါန်ပြောနေတာ။ ကာယကံ၊ ဝစီကံ ပြောနေတာ မဟုတ်ဘူး။ မနောကံကို လက်ညှိုးထိုးပြီး ဦးပဏ္ဍိ တ က ပြောနေတာ။ အဲဒီမနောကံလေးလုံပါ။ အဲဒီမနောကံက အာရုံကို မလိုက်စေနဲ့။ လုံပြီ။ အလုံ၊ ဒီပါ၊ သီတာ၊ ရေမြေ၊ သီလ၊ ရေဖြစ် သွားပြီး သွားပြီ။ အပူသီလမဟုတ်ဘူး။ အပူသီလက ခင်ဗျားတို့ ဘုန်းကြီး ကျောင်းသွားပြီး သီလယူပြီ။ စောစောစီးစီးယူထားပြီး ရှစ်ပါးပဲ ယူယူ၊ ငါးပါးပဲယူယူ၊ ဆယ်ပါးပဲ ယူယူ၊ ယူချင်သလောက် ယူစမ်း။ အဲဒါ အဲ ယူလည်းယူရော သမီးရော သားရော ဖအေက ကားမှောက်ပြီးသေတယ်ဆိုရင် အဲဒီအမေကြီး ဘယ်လိုနေမလဲ။ အဲဒီလို သီလယူတဲ့အသိက ဒီအပူကို သတ်လို့ရပ့ါမလား။ အေး မရဘူး။

မဂ်ဉာဏ်မှရတာ။

မဂ္ဂင်ရှစ်ပါးကို ကျင့်သူများပြောတာကို အဲလေ့လာပါ။ သုံးသပ်ပါ။ စုံစမ်းပါ။ မေးမြန်းပါ။ နောက်ဆုံး ဘဝပြန်မှာ မတော်တဆခင်ဗျားတို့ဟာ ဂိစ္ဆကုတ်တောင်တွေဘာတွေ တောင်ရောက်မြောက်ရောက် ရောက်ရော ဝိညဉ်လေး ရောက်သွားလိမ့်မယ်။ ရုပ်ကိုချရတော့မယ်။ ဥပါဒါန် ဥပါဒါန်နော်။ ရုပ်နာမ်လို့လဲခေါ်ထားတယ်။ အဲဒီရုပ်နာမ်လွတ်မှ ဝိညဉ် က ဖြူစင်သန့်ရှင်း စင်ကြယ်သွားမယ်။ အဲဒါလေးကို လာပြီးတော့ အဲဒီလို သီလအမျိုးအစား ရှိတယ်နော်။ ဒါပေမယ့် ပယ်တာမဟုတ်ဘူးဗျ။ မစွဲနဲ့။ ပညတ် သီလ ပညတ်ပါ။ ကဲ ဘုရားတည်ပါနော်။ ခင်ဗျား ဘုရားရှိခိုးပါ။ ဆွမ်းတော်ကပ်ပါ။ ဒါပေမဲ့ မစွဲနဲ့။

ဟော ဘယ်လိုမစွဲနဲ့လဲ။ ခင်ဗျားတို့ ဆွမ်းတော်တင်ရောဗျို့ အိမ်မြှောင်တွေက စားရောဗျို့။ ဘုရားကမစားရသေးဘူး။ ဘုရားက ဘုဉ်းမပေးရသေးဘူး။ အိမ်မြှောင်၊ ကြွက်တွေချီတော့ သူဆဲတယ်။ ဟာ ဘာဖြစ်တယ် ညာဖြစ်တယ်။ မောင်းထုတ်တယ် သိလား။ အဲဒါ ပုဗ္ဗ မုစ္စ ပရဆိုတဲ့ စေတနာသုံးတန် ပြတ်နေပြီ။ ဘာစားစားပေါ့ဗျာ။ အဲဒါ အရိယာကတွက်ကြည့်ပေါ့။ ဟာ သိပ်တောင်ဝမ်းသာပြီး စားပါစေကွာ၊ စားပါစေ။ သူက တိရစ္ဆာန်။ တိရစ္ဆာန်က ဘုရားမှန်းလည်းမသိ၊ တရား မှန်းလည်းမသိ၊ သံဃာမှန်းလည်း မသိတဲ့အကောင်။ ငါကသိတယ်။ အဲ သူလုပ်တာကို သူ့အယူကို ငါမယူနဲ့။ တိရစ္ဆာန်အယူကို ငါမယူနဲ့။ ဟော အဲဒါ ဉာဏ်ကသင်ပေးလိုက်တာနော်။ စားပါစေ။ အဲ ခွေးက ဖိနပ်တွေချီသွားတယ်။ ခွေးကအိမ်ပေါ်တက်ပြီး ကြက်သားတွေ ဟင်းတွေ ထမင်းတွေ စားတယ်။ ခွေးအယူကို လူက သွားမယူနဲ့။ စားပါစေ ကွာ။ သောက်ပါစေကွာ။ ခွေးပါကျိန်နေတယ်။ သွားပြီးခွေးကို ဒေါသ ဖြစ်တယ်နော်။ အဲဒီလို မလုပ်နဲ့ မကောင်းဘူး။ ဆင်ခြင်ပါ။

အသိတစ်လုံး အမြဲတမ်းဆုံးနော်။ အဲဒါလေးတွေ ခင်ဗျားတို့ အပေါ်မှာ ဘာဖြစ်ဖြစ် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ ဒါလေးတွေနေတတ်ဖို့ စာတတ်ဖို့။ အဲဒီတော့ ဒီဘဝ နောက်ဆုံးဘဝပြန်မှာပဲ ခင်ဗျားတို့ သက်တမ်းကလည်း တိုတယ်ဗျ။ ဘယ်လောက်မှမရှိဘူးနော်။ သက်တမ်းတိုတဲ့ဟာတွေက လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ မရှာနဲ့မပြောဘူး ရှာပါ။ ခင်ဗျားမစွဲနဲ့။ သမ္မာလေးနဲ့ရှာပါ။ သက္ကာယ ဒိဋ္ဌိ အယူတွေနဲ့ မိစ္ဆာဒိဋ္ဌိအယူတွေနဲ့ အယူတွေမှား အမှတ်တွေမှား၊ အစွဲတွေမှားရင်တော့ စားတော့အများ၊ ခံတော့ တစ်ယောက်ထဲ။ အဲဒီတော့ ငါသည် အတ္တနယ်က အနတ္တကို ငါကျင့်တော့မယ် ဆိုပြီးတော့ ဝိပဿနာတရား ဘုရားအနား သွားပြီးတော့ တရားအားထုတ်နေ၊ အပြင်မှာ အာရုံက လည်း စင်ကြယ်တယ်။ ခန္ဓာကလည်း စင်ကြယ်ရင် ခင်ဗျား ဉာဏ် ပေါက်လာလိမ့်မယ်။ အဲဒီတော့ ဉာဏ်ပေါက်လာတဲ့အခါမှာ ခင်ဗျားမှာ အဲဒီလို တရားထိုင် လိုက်တဲ့ အခါမှာ အဓိသီလဖြစ်လာပြီ။ အဓိစိတ္တ ဖြစ်လာပြီ။ အဓိပညာ ဖြစ်လာပြီ။ အဓိတွေတပ်ထားပြီ။

အဓိဆိုတာ အခုကာလအချိန်လေး ဘယ်လောက်ကောင်းသလဲ။ နတ်တွေကလည်းလာပြီးတော့ ခင်ဗျားကို ပူဇော်လိမ့်မယ်။ အဲ သူတော် ကောင်း နတ်စောင့်ရှောက်တယ်။ မှတ်ထား။ နတ်တွေ တကယ်ရှိတယ်။ သိုက်တွေ တကယ်ရှိတယ်။ ဓာတ်တွေ တကယ်ရှိတယ်။ ပထဝီဓာတ်၊ တေဇောဓာတ်၊ အာပေါဓာတ်၊ ဝါယောဓာတ်။ အဲဒီဓာတ်တွေကို မြန်မာ လိုပြန်လိုက်။ အဲဒီတော့ မြန်မာလိုပြန်ရင် သွေး၊ သည်းခြေ၊ လေ၊ သလိပ်ဟာ ခင်ဗျား အသက်ကြီးလာပြီ။ အသက် (၇၀) (၆၀) အရွယ် ရောက်လာပြီ။ သွေးအားနည်းလာပြီ။ သွေးအားနည်းလာရင် သည်းခြေ ကလည်း ကယောင်ခြောက်ခြားဖြစ်လာမယ်။ အဲဒီတော့ ဘာတွေ ဖောက် လာမလဲ။ လေနဲ့သလိပ်က ဖောက်လာလိမ့်မယ်။ ချောင်းဆိုးမယ်၊

ရင်ကျပ်မယ်၊ ပန်းနာရင်ကျပ် တီဘီရောဂါတွေလျှောက်ဖြစ်၊ သွေးတိုးလျှောက်ဖြစ်၊ သွေးအန်တယ်။ အဲဒီတော့က စိတ် ဥတု အာဟာရကိုလည်း သဘောပေါက်ရမယ်။

အထဲထဲက ဓာတ်တွေကိုလည်း သဘောပေါက်ရမယ်။ အော် ဥတုရဲ့ ဘယ်ရာသီမှာ ဘယ်ဥတုရဲ့ရာသီမှာ ဘယ်အရာရာတွေ စားရမယ်။ ဟာ ခင်ဗျားက ဆရာဗျ၊ ဓာတ်စာကျွေးတာ ခင်ဗျားကျွေးတတ်မှ မှန်တာ။ အသက်ဆွဲထုတ်လို့ရပြီ။ အဲဒါသိပ်အရေးကြီးတယ်။ လူ့ပြည်မှာနေရင် အဲဒီလိုလုပ်။ ထင်တာတွေလျှောက်မစားနဲ့။ ကံနဲ့သွားပြီးတော့အာ ကံဆိုတာ အစွဲဥပါဒါန်နဲ့ ဟာဒီဟင်းကြိုက်တယ်ကွ။ ဒီဝက်သားကြိုက်တယ်ကွ။ ဘာကြိုက်တယ်ကွ။ အဲဒါ ကံဆိုတာ ဥပါဒါန်ကံခေါ်တယ်။ အာရုံပေါ်မှာစွဲလမ်းတဲ့ ကံတွေ။ အဲဒါတွေနဲ့စားတယ်။ စားရင်တော့မဖြစ်ရင်တော့ တော်တာပေါ့။ ဖြစ်လာရင်တော့ ဆီကျိုးပိတ်ပဲ။ သွားရောပဲ။ ခင်ဗျားတို့ဟာ ဆေးရုံက ပိုက်ဆံအားကြီးကုန်တာပဲ။ နောက်ဦးပဏ္ဍိတ ဘယ်မှာမှ ဆေးလည်းမထိုးဘူးနော် ဖြစ်တာကို ဖြစ်တယ်။ အဲ ဘုရားကဟောထားတယ်။ ဒုက္ခသစ္စာလို့ဆိုထားတယ်နော်။ ရုပ်ရှိရင်ဝေဒနာရှိမယ်။ အဲဒီဝေဒနာမှာ တဏှာကိုကြည့်။ ဝေဒနာ တရားထိုင်တဲ့အခါမှာ အဲတဏှာဆိုတာ စိတ်ကလေးကိုခေါ်တာ ဟော တဏှာဟာ စိတ်ကလေးကိုခေါ်တာ။ ရုပ်ကဖောက်ပြန်တာက ဝေဒနာ။ အဲဒီဝေဒနာမှာ သေချာကြည့်။ တဏှာက စိတ်ကလေးခေါ်တယ်ဟ။ နာမ်စိတ်ကလေးခေါ်တယ်။ သဘောလေးနဲ့နာ။ ဒါကြောင့်မို့ စိတ်မှာတဏှာရှိတယ်။ စိတ္တ၊ တဏှာ၊ နာမ် ခယမဏ္ဍက၊ စိတ်သာရှင်စောဘုရားဟောတဲ့။ စိတ်ကိုဟောထားတယ်။ စိတ်ကိုဝိပဿနာနဲ့ထိန်း၊ တရားထိုင်၊ ဒါလောက်ဆိုရင်တော့ တော်ရောပေါ့ဗျာ။

သာဓု ... သာဓု ... သာဓု။

# ဝိသုဒ္ဓိ ဓမ္မ သစ္စာတရားတော်
# အမှတ် (၁၀၃)

ဦးဇင်းက စာပေကျမ်းဂန် သိပ်မတတ်ဘူး။ စာက သိပ်မှန်တဲ့ အကြောင်းကိုလည်း ပြောပြမယ်။ စာမတတ်ပေမဲ့ စာသိပ်မှန်တဲ့ အကြောင်းကို တင်ပြပါ့မယ်။ ဦးပဥ္စင်းက ငယ်စဉ်တောင်ကျေးက အဖေ အမေက ကျောင်းမထားနိုင်လို့ စာမတတ်တာ၊ စာကိုပယ်တာမဟုတ်ဘူး။ ဒီစာရှိလို့ ဒီအသိ၊ ဒီကျင့်သဘောပေါက်တာ။ အဲဒါကိုပြန်ပြီးတော့ စာနဲ့ ခန္ဓာတစ်ထပ်တည်းဖြစ်အောင် အားလုံး ဒကာ၊ ဒကာမ၊ သံဃာ၊ အရှင်မြတ်အားလုံးရှိကြတဲ့ ပစ္စုပ္ပန်တည့်တည့်လေး ရှေ့လည်းမမျှော်နဲ့။ နောက်လည်း မတွေးနဲ့။ တည့်တည့်လေး အသိလေး ဟောသွားမယ်။

အဲဒီတော့ စာက ရေးထားတယ်။ အလုပ်သမားက ဘာလဲ မေးတယ်၊ စာက ကိလေသာနဲ့ ဒိဋ္ဌိကို ဒိဋ္ဌိနဲ့တဏှာကို သတ်ပါတဲ့။ အဲဒါ ဒိဋ္ဌိဆိုတာ စာ၊ တဏှာကိုသတ်ပါတဲ့။ စာကရေးထားတယ်။ ဒိဋ္ဌိဆိုတာ ပါဠိစကား၊ တဏှာဆိုတာ အာရုံ အဲဒီအာရုံ(၅)ပါးကို ပယ်ရမယ့်တရား။ အဲဒီတော့ ဒိဋ္ဌိ တဏှာ အလုပ်သမားကပြန်ပြီးတော့ ခေါ်လိုက်တယ်၊ ဘာခေါ်လိုက်လဲဆိုတော့ အလုပ်လုပ်တဲ့သူက ကိလေသာ တဏှာ။ ကိလေသာဆိုတာ ဘာခေါ်လဲ ရုပ်တရားခေါ်တယ်၊ ရုပ်တရားကြီး အဲဒီရုပ်ပေါ်က ဉာဏ်အသိရမှ သဘောပေါက်မယ်၊ ရေးထားတဲ့စာက

ကံ၊ ဉာဏ်၊ ဝီရိယလို့ ရေးသားတယ်နော်။ အားလုံးကမ္ဘာကသိတယ်၊ ဒါကြောင့် အဲဒီကံတရား၊ ဉာဏ်တရား၊ ဈာန်တရား ဘယ်မှာရှိလဲ မနောမှာရှိတယ်။ အဲဒါကို သစ္စာပြုရတယ်။ ဘယ်လိုသစ္စာတွေပြုလဲ၊ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယသစ္စာ ဒါဘုရားဟောအရ ဒါကြောင့်မို့ ဘုရားကဟောတယ်၊ သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စ၊ သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရအနတ္တ၊ ဒါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာမှာရှာရမယ်။

အဲဒီတော့ ခန္ဓာမှာ ဘာနဲ့ရှာရမလဲ၊ မဂ္ဂင်နဲ့ရှာရမယ်၊ အဲဒီတော့ ဝိနည်းပုဂ္ဂိုလ်များက ဘယ်လိုသတ်မှတ်လဲ။ ကံကို ကာယကံ၊ ဝစီကံ၊ မနောကံကို ဘယ်လိုသတ်မှတ်လဲ။ သူသတ်မှတ်တာ မှန်တယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ မိမိပြုလုပ်တဲ့ ကံရှိသလို မိမိမပြုလုပ်တဲ့ ကံရှိတယ်။ ဝိနည်းထိုရ်ရဲ့ ပုဂ္ဂိုလ်ကို ဒီကပြန်မေးပြီ။ သူတို့ရဲ့ ကာယကံ ဝစီကံတွေကို ထိန်းသိမ်းထားတာ မှန်တယ်။ အဲဒီကံတွေကို မနောနဲ့ ထိန်းသိမ်းထားတယ်။ အဲဒီမနောကို ဘာနဲ့ထပ်ထိန်းသိမ်းမလဲ။ မဂ် ဉာဏ် ရအောင်ရှာနော်။ ဒါ အနုသယခေါ်တယ်။ ခုနက သစ္စာက ဝိရတိသစ္စာ၊ ဝိပဿနာတဲ့။ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ။ ခန္ဓာက ပရမတ်။ ပညတ် သဘောဓာတ်။

ကျင့်တဲ့သူကသိတာ။ ဒါ ခင်ဗျားတို့ကို လိမ်ပြောရင် အဝိစိ ရောက်သွားမှာ။ မှန်တာပြောရင် ကိုယ့်လမ်းကိုယ်သွားမှာပဲ။ ဒါ ကျင့်အပ်မယ့်တရား။ ဒါ သိအပ်မယ့်တရား။ မြင်အပ်မယ့်တရား၊ ရရှိမယ့်တရား တွေကိုရမယ်။ မှန်တယ်။ ဟိုက သာသနာပြုပေမယ့် ပောဒီ ပစ္စုပ္ပန်ဘုံမှာ ဘုန်းကြီးတွေ အများကြီးရှိတယ်။ သူတို့ပြုတဲ့ သာသနာမှန်တယ်။ သာသနာပြုတာချင်း မတူဘူးနော်။ သာသနာပြုတာတော့ ပြုကြတာပဲ။ အကြီးအကျယ်ပြုတာပဲ ဟုတ်တယ်၊ သိပ်မှန်တယ်နော်။ ဉာဏ်နဲ့ပြုတဲ့

သာသနာရှိသလို··· ဘာလဲဆိုတော့ နင့်အိမ်မှာဘာရှိလည်း နင့်အမျိုးကဘာ၊ နင့်ဆန်အိုးထဲမှာ ဘာတွေဖြစ်တယ်၊ ဘာလုပ်လိုက်၊ ယတြာချေလိုက်၊ ဘာချေတာ။ ဒီက ယတြာချေရတာ မဟုတ်ဘူး။ အဲလို ယတြာချေတာ အဲဒါတွေးကြည့်၊ ခင်ဗျားတို့ ပညာတတ်တွေပဲ၊ တွေးကြည့်။ တရားနာနေတာ လောကီနဲ့ လောကုတ္တရာ အခုပြနေပြီ။ လောကီအကြောင်းက ဝေဿန္တရာ မင်းကြီးဟာနော် ဘာဖြစ်သလဲ ဘယ်လောက်လှူသလဲ။ ခင်ဗျားတို့ တွေးကြည့်၊ သားတွေ သမီးတွေကို သူလှူတာပဲ။

အဲဒီတော့ ဝေဿန္တရာမင်းကြီး လှူလိုက်တယ်။ ပုဏ္ဏားက သူရှေ့မှာ ရိုက်တယ်၊ ဘာလို့ သံလျက်စွဲလဲ၊ ဒါတဏှာပေါ့။ သူ့ သားသမီးတွေကို မျက်စိမှာ အမှတ်မှားသွားတယ်။ မျက်စိမှာ မှတ်တယ်၊ ပညတ်ကို မှတ်သွားတယ်။ မနောက အဲဒီအာရုံမှာ ဖျဉ်းကနဲ ဖြစ်သွား တယ်၊ ဒါနဲ့ ဟာ ငါမှားသွားပြီ၊ ချက်ချင်းသူ့အမှားကို သူသိတယ်၊ ဝေဿန္တရာမင်းကြီးမှာ လွတ်သလား။ ခင်ဗျားတို့ ဇာတ်တော်မှာကြည့်။ ဝိဓူရအမှတ်မှာလည်း လွတ်သလား။ ခင်ဗျားတို့အတွက်လုပ်ထားပြီနော်။ မေးပါ။ အဲဒီတော့ ဆင်ကြီးချက်ကို မုဆိုးကပေါက်တယ်။ တစ်ခါတည်း ကျလိုက်တာ သူရဲ့အစွယ်ကိုလှူလိုက်သေးတယ်။ ဒီအစွယ်ကို လှူလိုက် သေးတယ်။ သူရောလွတ်သလား။ မျောက်မင်းဘဝ။ ဒေါင်းမင်းဘဝရော လွတ်သလား။ ဒီတဏှာကို ဟာ တဏှာကိလေသာပေါ်မှာ တဏှာရှိ တယ်။ ကိလေသာက ရုပ်။

အဲဒီတဏှာကို သတ်ရမယ်နော်။ တဏှာကို ဘာနဲ့သတ်မလဲ။ ခင်ဗျားတို့ ဟော ဒီမှာရှိတယ်။ စာတွေ "စာကမှန်၏၊ ဉာဏ်မမိ ထိအောင်သူမသိ"။ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့က သာတယ်။ ဟော သာသွားပြီ။ မဂ်ဖိုလ်ရလို့ သာသွား တာ။ ခင်ဗျားတို့ကို ပြောပေးလိုက်မယ်။ ချွတ်ပါဆိုရင် ချွတ်ပေးလိုက်

မယ်နော်။ အခုလာကြည့်။

မြောင်းမြက ဆယ်နာရီကျော်ကျော် ထွက်လာတာကြည့်။ မချစ်မနှစ်သက်နေရခြင်းသည် ဆင်းရဲခြင်းဒုက္ခ။ ကြည့်စမ်း သိတော့လည်း အစက ဒီရုပ်မသိဘူး။ မသိတော့ အဲရုပ်နဲ့ပေါင်းလိုက်တာ သိပ်ကောင်းတာပဲ။ ဒီရုပ်က တဏှာရှိတာကို။ အဲဒါ ရုပ်ကြီးက အယုတ်ကြီးခေါ်တယ်။ အယုတ်တရားခေါ်တယ် မှတ်ထားအုံး။ အဲဒီတော့ တွေ့လား။ ဝေသန္တရာ မလွတ်ဘူး။ ဘယ်နေရာမှာ သွားလွတ်လည်း။ သိဒ္ဓတ္ထမင်းသားကျမှ သွားလွတ်တာ။ ခင်ဗျားတို့ တရားတွေကိုကျင့်။ ဆရာတစ်ယောက် မကောင်းတာနဲ့ နောက်ကတပြုံလုံး ဒုက္ခရောက်တတ်တယ်နော်။ ပျင်းရိရိ မလုပ်နဲ့။ ဟော ဒီရုပ်က မမြဲဘူး။ အနတ္တရုပ် ကြီး စိတ်တွေက အတ္တစွဲဖြစ်နေတယ်။ အစွဲလည်း သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ။

ဒိဋ္ဌိပါနေတယ်။ မလွတ်ဘူး။ အဲဒီဒိဋ္ဌိကို သင်္ခါရဖြစ်အောင် လုပ်လိုက် ဘုန်းကြီးကိုမစွဲနဲ့။ ဦးပဏ္ဍိတကို မစွဲနဲ့။ ခင်ဗျားတို့ကိုလည်း မစွဲဘူး။ ဒါ သစ္စာနဲ့ဟောလိုက်တာ။ ဒါ အစွဲတရားဖြုတ်တာ။ ခင်ဗျားတို့ တွေးကြည့်။ ဥပမာတွေးကြည့်။ ဦးပဏ္ဍိတရဲ့ သားတွေသမီးတွေ ကားတိုက်လို့ သေကုန်ကြပြီ။ ဦးပဏ္ဍိတ နားကြားရင် ဘယ်လိုနေမလဲ။ ဟာ ဖျဉ်းကနဲ ဖြစ်သွားမှာ။ သွားစွဲတာ။ သညာကြောင့် ဥပါဒါန်ဖြစ်သွားတာ။ ဥပါဒါန်ကို ဟောနေတာ။ အဲဒီဥပါဒါန်တွေက ခင်ဗျားတို့ တွေးကြည့်။ ပညတ်၊ ပရမတ်၊ အာရုံ။ အဲဒီအာရုံမှာ အမှတ်မှားတွေ ဖြစ်နေတာ။ နောက်ဆုံးပဲ တွေ့တယ်၊ ဆုံတယ်၊ ကြုံတွေ့တယ်၊ ကွဲပြီ။ အနတ္တတရားကိုဗျ။

ကိုယ်ယူတာက အတ္တတွေ သမ္မာဒိဋ္ဌိတဲ့။ ဒိဋ္ဌိပါနေပြီ။ ခင်ဗျားတို့ ကောင်းမှုကုသိုလ်လုပ်တာလည်း ဒိဋ္ဌိနဲ့၊ မကောင်းမှုကုသိုလ်လုပ်တာလည်း ဒိဋ္ဌိနဲ့။ ဒိဋ္ဌိဆိုတာ ပါဠိစကား။ မြန်မာလိုပြန်လိုက်ရင် အာရုံငါးပါး

ကို ယူပြီးတော့ နှလုံးကသွင်းထားပြီ။ အို အိုး ကောင်းလိုက် တာကွာ။ ဝမ်းသာလိုက်တာ။ စိတ်ကလေးချမ်းသာလိုက်တာ။ အေး အေး အေး အဲဒီတော့ သမ္မာဒိဋ္ဌိနဲ့ယူသလား၊ မိစ္ဆာဒိဋ္ဌိနဲ့ယူသလား ကိုယ့်စိတ် ကိုယ်စစ်။ သမ္မာဒိဋ္ဌိနဲ့ယူရင် စေတတနာကောင်းမယ်။ စေတနာကိုဗျ အာရုံပေါ်မှာ စေတနာကျသွားပြီ။ အေးကွာ မင်း ဘုရား၊ တရား၊ သံဃာ ကို ယုံကြည်တဲ့ လူငယ်လေးပဲကွာ။ အေး အေး အေး အဘ လေးစား တယ်ကွာ။ မင်းကို ဒါစေတနာ ဟိုမှာလုပ်နေတာကို မှတ်လိုက်တယ်။

တစ်ခုခုပျက်စီးသွားရင် မနော‌ပေါက်တာပဲဗျို့။ သွားယူတာကိုဗျ။ အာရုံကိုသွားယူတော့ ကိုးရိုကားရားလုပ်နေပြီ။ မျက်စိကမြင် လိုက်တယ်။ ဒီမှာ မနောပေါက်တာပဲ။ သွားပြီ။ စူးပေါ်ဖက်ကျ ဖက်ပေါက်တာပဲ။ အဲဒီ အတွင်းသီလ အပြင်သီလ နှစ်ခုမှာ အပြင် သီလကို အကာခေါ်တယ်။ အမှန်တကယ် အပြင်က သိပ်ဖြူတဲ့ သီလကို အတွင်းကိုရအောင်လုပ်။ အင်မတန် ထူးတာ။ ခင်ဗျားတို့ လူ့ဘဝမှာ လာပြီးတော့ လူလာဖြစ်တာ တန်ဖိုး မဖြတ် နိုင်ဘူး။ နိုင်ငံခြားမှာသွား လူဖြစ်တာ မဟုတ်ဘူး။ တခြားနိုင်ငံမှာ သွားဖြစ်တာ မဟုတ်ဘူး။ ဗုဒ္ဓရဲ့နိုင်ငံမှာ လာဖြစ်တာ။ ခင်ဗျားတို့ လုပ်နိုင်ရမယ်။ ဒီလူ ဘာမှတတ်တာ မဟုတ်ဘူးနော်။ မဂ်တို့ဖိုလ်တို့ရှိတယ်၊ ဈာန် ရှိတယ်။ ခုနက မတွေ့လား။ ဘုန်းကြီး သူများအိမ် ဆန်အိုးထဲ ဘာရှိလဲ။ မင်းဘာလုပ်လဲ။ မင်းနောက်ကလုပ်တာ ငါအကုန်သိတယ်ကွ။ ဒီလို ဘုန်းကြီး ရန်ကုန်မှာရှိတယ်။ မဖော်ဘူး။ သူလည်း သာသနာပြုတာပဲ။ မတူဘူး။ သူပြုတဲ့သာသနာနဲ့ ဒီကပြုတဲ့သာသနာ မတူဘူး။ ဗုဒ္ဓရဲ့ သာသနာပြုကြတာ အမျိုးမျိုး ဗုဒ္ဓရဲ့ပရိယတ္တိတွေနဲ့ပြုတာ ပညာလိုင်းကျ တော့ ကျန်ရစ်ခဲ့တယ်။ ပုသိမ်မှာ ခင်ဗျားဘာလဲ။ မြောင်းမြခွေးလေးမှာ အဘိုးအောင်ချမ်းသာ အောင်တော့ အောင်ပါတယ်။ ချမ်းသာတယ်။ အောင်ချမ်းသာ ဘယ်ကန္တိုက်လည်းပိုက်ဆံတွေ ညာကန္တိုက်လည်း ပိုက်ဆံ

တွေ့။ ဒီကမှ ဒါနလှူရသေးတယ်။ သူက အိတ်ထဲကနှိုက်တာ။

အဘိုးအောင်ချမ်းသာတဲ့ ခွေးလေးမှာ၊ လာတည်တယ်။ ပုသိမ်မှာ လာတည်တယ်။ အဲသေတော့ အဲဒီအကောင် ဘယ်ရောက်သလဲ။ ဘယ်သူ သိသလဲ။ ဒါထုတ်ပြအပ်တဲ့အရာမဟုတ်။ ဒါကြောင့် ကြိုတင်ပြီး လုပ်ကြပါ။ အလုပ်လုပ်ပါ။ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူကို ကြင်နာပါ။ ကိုယ့်ထက်ငယ်သူကို သနားပါ။ ကိုယ်ကျင့် တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ အဲဒီလိုတရား တွေထားရမယ်။ စေတနာမပျက်နဲ့။ အာရုံငါးပါးအပေါ်မှာနော်။ စေတနာ မပျက်နဲ့။ ခင်ဗျားတို့ ဆဲလိုက်တယ်။ တိုင်းလိုက်တယ်။ အဆဲ ခံရတဲ့ သူက ဘယ်လိုနေမလဲ။ ဟာ ဒေါသ ဖြစ်သွားတယ်။ စိတ်ကို မထိန်းနိုင်ဘူး တွေ့လား။ အာရုံပေါ်မှာ လိုက်သွားတာ မနောဘာဖြစ်လဲ။ သီလပျက်တယ်။ အတွင်းသီလပျက်တယ်။ အပြင်သီလတော့ လွယ် လွယ်လေးပေါ့။ ခင်ဗျားတို့ ဝိကာလ မစားပါဘူး။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေပန တီးမှုတ်ခြင်း၊ နံ့သာလိမ်းခြင်း၊ မဖွယ်မရာမလုပ်ပါဘူး။ ခင်ဗျား သုံးဆယ့်တစ်ဘုံ လွတ်တဲ့စိတ်ကို မထိန်းဘူး။

ခင်ဗျားသမီးလေး ရေထဲနစ်သွားပြီ။ မအေ ဘယ်လိုနေမလဲ။ အဲဒါ သွားစွဲတာပေါ့။ အဲဒါဥပါဒါန်ပေါ့။ အဲဒါသုံးဆယ့်တစ်ဘုံလည် တယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ် ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ မှတ်ထားအုံး။ သီလမှာချုပ် အချိန်မှီလုပ်ကြ။ အော် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ။ အေး အေး အေး ကိုယ်စိတ်ကိုယ်စစ်။ တချို့ကလည်း စိတ်ပုတီးနဲ့စစ်တယ်။ ဘယ်စိတ်ကလဲ။ မနောအာရုံပါးပါး ပယ်လိုက် တယ်။ ဒုစရိုက်ဆယ်ပါးလုံအောင်ထိန်းတယ်။ တဒင်္ဂကလေး လုံအောင် ထိန်းလိုက်တယ်။ အမြဲတမ်းလုံအောင်ထိန်းရမယ်။ အပမာဒေန သမ္ပာ ဒေထ။ အဲဒီအသိကို အမြဲတမ်းယူထားရမယ်။

ကိလေသာတဏှာ အမြဲတမ်းနှိပ်စက်နေတယ်။ တဏှာက နောက်ကနေပြီးတော့လိုက်နေတာ။ တဏှာဆိုတာ ခင်ဗျားတို့တွေးကြည့် ပေါ့ဗျာ။ အဲဒီတဏှာက ကိလေသာရှိရင် တဏှာရှိမယ်။ ငြင်းလို့မရ ဘူး။ ဘုန်းကြီးလည်း ငြင်းလို့မရဘူး။ ငါကျင့်နေတာ ကိလေသာတဏှာ ကွ။ မင်းနဲ့ငါနဲ့ အသိခြင်းတူသလားတဲ့။ မတူဘူးတဲ့။ မတူရင် မင်းရပ်ထားလိုက်တဲ့။ ငါ့ဘာမှလာမပြောနဲ့တဲ့။ ငါစာမတတ်ဘူးတဲ့။ မင်းအလုပ်လုပ်တဲ့။ မှန်တယ်တဲ့။ ငါ့လမ်းငါသွားမယ်။ ငါ့အပြစ် ငါခံ မယ်။ ငါအခုသွားပြီး သူများသွားရိုက်ရင် အစိုးရက ငါ့ဖမ်းမှာပေါ့ကွတဲ့။ အဲဒီတော့ ဒီလိုအဖြစ်တွေကို မဖြစ်ခင်က ငါကကြိုတင်ပြီးသိတယ်ကွ မှတ်ထား။ အဲဒါ အရိယာအစစ်ကွ။ မင်းတို့ကဖြစ်ပြီးမှ သိတာ။ ကျွန်တော်မှားပြီ။ ဘာဖြစ်လို့။

ကျွန်တော် ဈေးသွားရောင်းတာ မှားပြီ။ ဟုတ်တာပေါ့။ အဲဒါ မှားတာပဲဗျို့။ ကြည့်စမ်း ငါးခုံးမတစ်ကောင်နဲ့ တစ်လှေလုံးပုပ်တယ်ဆိုတဲ့ စကားရှိတယ်။ မအေသေတယ်ဆိုရင်ပဲ သားတွေ သမီးတွေ၊ မြေးတွေ၊ ဆွေမျိုးတွေရော အကုန်လျှောက်ပူတော့တာပဲ။ ကြည့်စမ်း။ တစ်ယောက် သေတာနဲ့ အကုန်ပူတာပဲဗျို့။ စိတ်ဆင်းရဲကုန်တယ်။ စိတ်ဆင်းရဲရင် စိတ်မဆင်းရဲတဲ့နေရာရှိတယ်။ ရောက်အောင်သွား။ မဂ်ဉာဏ်ရရင် စိတ်မဆင်းရဲဘူး။ ခင်ဗျားတို့ကို ပြောပေးလိုက်မယ်။ လုပ်မှရ မယ်။ မဂ်ဉာဏ်ဘယ်ကလာလဲ။ ခင်ဗျားတွေးကြည့်။ မဂ္ဂင်ရှစ်ပါး ပေါ်က လာတာ။ အခုကြည့်စမ်း။ ကိလေသာတဏှာဖြစ်နေပြီ။ လူတိုင်း အတ္တတွေဖြစ်နေတယ်။ ဘုန်းကြီးက ခေါင်းစိုက်တယ်။ မျက်ရည်တွေ ကျနေတယ်။ ငါလိုသိနိုင်ပါစေ၊ မြင်နိုင်ပါစေ၊ ကြားနိုင်ပါစေ။ ဖြစ် နိုင်ရင် ဒီအစွဲကိုသတ်။ အဲဒီအစွဲက ငါစွဲသေးလား။ တရားထိုင် ဘုရားရှေ့မှာ။ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင်

ဉာဏ်မှာစင်ကြယ်မယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဉဒပါဒိ၊ ဉာဏံ ဉဒပါဒိ၊ အာလောကောဉဒပါဒိ အဲဒါရေးထားတယ်။ လောကုတ္တရာ ဉာဏ်တွေ လောကီဉာဏ်မဟုတ်ဘူး။ လောကီဉာဏ်ရှိတယ်။ လောကုတ္တရာ ဉာဏ်ရှိတယ်။ လောကုတ္တရာဉာဏ်က စိတ်စေတသိက်ကို သတ်ပစ်လိုက်။ အဲဒီမှာ နှစ်ခုက လောကီနယ်ထဲမှာနေတယ်။ မြင်စိတ်၊ တွေးစိတ်၊ မြင်လိုက်တော့ မနောကသိတယ်။ သိတာက အမှတ်နဲ့သိတယ်။ တွေးကြည့်စမ်း။ အကုသိုလ်ကံ၊ ကုသိုလ်ကံတွေဖြစ်နေတယ်။

သမီးသေတယ်၊ သားသေတယ် ဒါသစ္စာနဲ့ဟောတာ။ ဘယ်သူ့ကို မှပြောတာမဟုတ်ဘူး။ ခင်ဗျားတို့စိတ်တွေ နောက်တော့ သိလာ လိမ့်မယ်။ ကိလေသာငုတ်နေတာနော်။ ဘုန်းကြီးကိုသွားပြီး နှိပ်ပေးလိုက်လို့ နှိပ်ပေးတာပဲရှိတယ်။ အလုပ်လုပ်ရမယ်။ ငါ့လာနှိပ်မပေးနဲ့ကွ။ မင်း အလုပ်လုပ်။ မင်းတော်ကြာခံရလိမ့်မယ်ကွ။ တရားထိုင်တယ်။ ဒုစရိုက် ဆယ်ပါးနော်။ မိစ္ဆာအယူတွေ ကာယကံသုံးပါး၊ ဝစီကံလေးပါး။ သူများ အသက်မသတ်ပါဘူး၊ သူများပစ္စည်းမခိုးပါဘူး၊ သူများသားမယား မဖျက်စီးပါဘူး၊ ဝစီကံမဆဲပါဘူး၊ မတိုင်းပါဘူးနော်။ အဲဒါတွေဘဲဗျ။

စာမှမတတ်တာကိုဗျ။ မနောကံဗျာပါဒ ဘာကြောင့်ဖြစ်ရသလဲ။ နားကြောင့်ဖြစ်တာ၊ မျက်စိကြောင့်ဖြစ်တာ။ အာရုံငါးပါးမလွတ်လို့။ ကုက္ကုစ္စ စိတ် ကိုယ့်အိမ်မှာလာပြီးတော့ လူတစ်ယောက် ဟင်းခွက်တွေ ဆယ်ခွက်လောက်ရှိတယ်။ ဒီခွက်မြည်းကြည့်တယ် ဖွန်းကြီးအောက်ချ လိုက်တယ်၊ ဟိုခွက်မြည်းကြည့်လိုက်တယ် ဖွန်းကြီးအောက်ချလိုက်တယ်။ သူစားတဲ့အရည်တွေ ပန်းကန်ထဲပါရင်ပါမယ်။ ဟိုခွက်မြည်းလိုက်၊ ဒီခွက် မြည်းလိုက်။ ဟင်းဆယ်ခွက်လောက်ဟာ အိမ်ရှင်ကဘယ်လိုဖြစ်လာသလဲ။ အဲဒီအာရုံမှာမှတ်၊ မှတ်ရောပေါ့ဗျာ။ ဒေသဖြစ်တယ်ဗျို့။ အပြင်ကို ယူလို့ အတွင်းသီလပျက်တယ်ဗျို့။ အဲဒါ အပါယ်ကျမယ်။ အတွင်းသီလလုံမှ

အပယ်တံခါးပိတ်မယ်။ သီလဆိုပေမဲ့ အမျိုးအစားရှိ တယ်။ သမာဓိဆိုပေမယ့် အမျိုးအစားရှိတယ်။ ပညာပေမယ့် အမျိုးအစား ရှိတယ်။

ဟိုမှာ ဟင်းခွက်တွေစားကုန်ပြီ။ ဥပမာပါ ခင်ဗျားတို့အိမ်ပေါ် လူတစ်ယောက်တက်လာတယ်။ ဖင်လှန်ခေါင်းလှန်လုပ်နေရင် အိမ်ရှင် ဘယ်လိုနေမလဲ။ ဟာ အဲဒါအာရုံပဲ။ အဲဒီအာရုံ မသတ်တတ်ဘူး။ အာရုံနောက်မှာ အမှတ်ဖြစ်ပြီးတော့ မနောဥပါဒါန်ဖြစ်သွားတယ်။ အတွင်းသီလပျက်တယ်။ အဲဒီစိတ်ကို ထိန်းရမယ်လို့ ဦးပဏ္ဍိတပြောပါတယ်။ အဲဒါလာသင်ပေးတာ။ အဲဒါတွေကြည့် ခင်ဗျားတို့ကြိုက်တဲ့ ဘုန်းကြီးတွေကို အဲ ခုနက ကိုယ်ပြုလုပ်တဲ့ကံရှိသလို ကိုယ်မပြုလုပ်တဲ့ကံ ဖြစ်နေပြီ။ ငါ့အိမ်ပေါ်မှာ လာပြီးတော့ အရက်သမား ဖင်လှန်ခေါင်းလှန်လုပ်တယ်။ အိမ်ပိုင်ရှင် ဘယ်လိုနေမလဲ။ ဟာ အဲဒါအာရုံသွားမှတ်တာ။ တစ်ခါတည်း ဥပါဒါန်ဖြစ်သွားတာပါပဲဗျို့။

အတွင်းသီလပျက်တယ်။ အပြင်မှာ မှတ်လိုက်လို့ အပြင်မှာယူလိုက်လို့ အတွင်းပျက်တာ။ အဲဒါကို လာဟောတာ။ ခင်ဗျားတို့ဆရာကောင်းနဲ့ တွေ့ဖို့လိုတယ်။ ဆရာစစ် ဆရာမှန်နဲ့ တွေ့ဖို့လိုတယ်။ ခင်ဗျားတို့လည်း မယုံမေးကြည့်။ လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ၊ မေးမြန်းပါ၊ ပျက်မှာတော့ ဒီရုပ်ပျက်မှာ ဒီစိတ်ကမပျက်ဘူး။ စိတ်လာဟောနေတာ စိတ္တာတဏှာနံ၊ ခယမဇ္ဈက စိတ်သာရှင်စောဘုရားဟောတာသားအဖချင်းတောင်မှ အဇာတသတ်နဲ့ သူ့အဖေနဲ့ စေတနာခြင်းမတူဘူး။ စေတနာပုပ်စပ်လို့ အဖေကိုသတ်တာပေါ့။ ကော်ရေတောင် မကျွေးတော့ဘူး။ အဲဒီတော့ ဆရာကသင်ပေးတယ်။ အဲဒါခင်ဗျားတို့ တွေးတောင်ကြည့်။ ဆရာကောင်းလို့လည်း တတ်တယ်။ ဆရာကောင်းတော့ တတ်တာပေါ့။ အင်္ဂုလိမာလ အမေကို ပဉ္စာနန္တရိယကံထိုက်တော့မယ်။ ဘုရားက ကယ်တာ။ အဲဒီတော့မှ မအေကို မသတ်တော့ဘူး။

ဘုရားကယ်လိုက်တာ အဲဒီတော့မှ သူလည်း ဒူးထောက်သွားတယ်။

ဒီလူဘဝ အင်မတန်မှ ထူးမြတ်တယ်။ တန်ဖိုးမဖြတ်နိုင်ဘူးနော်။ အလင်းကလာတဲ့လူ လူ့ပြည်မှာ သူဌေးပေါ့ဗျာ သိပ်ချမ်းသာတယ်။ အလင်းကလာရင် အမှောင်ပြန်မှာပဲ။ အမှောင်ကလာတဲ့သူ အလင်းပြန်မှာပဲ။ ပြန်တတ်ဖို့လိုတယ်။ ကိုယ့်ကိုကိုယ် တဏှာ၊ မာန၊ ဒိဋ္ဌိ ခုနက ဝေဿန္တရာမင်းကြီးကတွေ့လား တဏှာကို သတ်လို့မရဘူး။ သိဒ္ဓတ္ထ မင်းသား တရားကျင့်တယ်။ အာရုံကိုမယူဘူး။ မြင်ချင်သလား မမြင် ချင်ဘူး။ ကြားချင်သလား မကြားချင်ဘူး။ သိချင်သလား မသိချင်ဘူး။ ထိချင်သလား မထိချင်ဘူး။ စားချင်သလား မစားချင်ဘူး။ ခြင်ငါးခု ပယ်တာ။

ဒီကောင်တွေ ဒီတောင်ပို့မှာ သစ်ခေါင်းထဲဝင်ထိုင်လိုက်တယ်။ ကနစိုကပျဉ်းအောက် သစ်ခေါင်းထဲသွားထိုင်တယ်။ လူမနီး သူမနီး နေရာမှာထိုင်ပြီး တရားကျင့်နေတယ်။ ဒါက ပယ်အပ်မဲ့တရား၊ သိအပ်မဲ့ တရား၊ ကျင့်အပ်မဲ့တရား။ ဒါကျင့်ရမယ်။ ဒါလုပ် အော် အဲဒီတော့မှ မြင်စိတ်၊ ကြားစိတ်တွေဟာ အပြင်အာရုံငါးပါး ခေါင်းပါးကြတယ်။ အဲဒီတော့ မနောကဘာလဲ။ ကံလို့ခေါ်တယ်။ ကံကို ကိုင်ပြလို့မရဘူး။ ခေါ်ဝေါ်သမုတ်ထားတာ။ သွားစွဲမှ ကံခေါ်တယ်။ ဒေါသဖြစ်မှ ကံခေါ် တယ်။ အဲဒါ မိစ္ဆာကံကို ကိုယ်စိတ်က ဒေါသဖြစ်သွားပြီ။ အဲဒါ ကံခေါ် တယ်။ ကိုယ်စိတ်က အေးငြိမ်းခြင်းဓာတ်ရအောင်ရှာ။ စိတ်ချမ်းသာတာ တဏှာနဲ့ပတ်သက်ပြီး ချမ်းသာထားတာ။

ခင်ဗျား ဒီနေ့ ထီပေါက်ထားတာပေါ့ဗျာ။ သိန်းခြောက်ထောင် ပေါက်ထားတာဟာ အိပ်လို့တောင်မရဘူးကွာ။ တစ်ခါထဲ ဟိုအိမ်သွား ဒီအိမ်သွား စိတ်ကို တစ်ခါထဲမြှောက်ပြီးတော့ လွန်ကဲသွားတာ ချမ်းသာ သွားတာ။ အဲဒါတဏှာခေါ်တယ်။ သုံးဆယ့်တစ်ဘုံ မလွတ်ဘူး။ အဲဒါ

လာဟောတာနော် သေချာပြတာ။ အေး ကိုယ်ကခန္ဓာသိတာ စာနဲ့ ခန္ဓာနဲ့ တစ်ထပ်တည်းဖြစ်လာနေတယ်။ လာတဲ့စာသမား ဆွဲထုတ်လိုက် တယ်။ ခန္ဓာနဲ့ငါပြောပေးမယ်။ ဒါနဲ့ စစ်တွေက ရသေ့တောင်ဆရာတော် ကြီးက ဒီပုဂ္ဂိုလ်ကြီးဟာတဲ့ စာနဲ့ခန္ဓာနဲ့ တစ်ထပ်ထဲဖြစ်သွားပြီတဲ့။ ကြည့်စမ်း ခင်ဗျားတို့ကိုလိမ်ပြောရင် အပါယ်ကျမှာ အဝိစိထဲကျရောက်မှာ။ လိမ်ပြီး တော့ ပိုက်ဆံတွေညာတောင်း၊ လိမ်တောင်း၊ ငါ့မဂ်ရတယ်၊ ဖိုလ်ရ တယ်။ စာမတတ်လွန်းလို့ မဂ်ဆိုတာဘာလဲ။

လောကီအာရုံကို ရှုသမျှ အနုသယ မနောအာရုံ ဟောဒီ အတွင်းက အာရုံတွေက မှန်သားဖြစ်နေရမယ်။ အဲဒါမှ အာရုံတွေ ဖြတ်မှာ မလာတော့ဘူး။ မကပ်တော့ဘူး။ အဲဒီတော့မှ အတွင်းအေး တော့မှ နတ်တွေခေါ်ခိုင်းတာ။ အဲဒီပဏ္ဍိတက စာမတတ်ဘူး။ နတ်တွေ ဘယ်လိုခေါ်ခိုင်းလဲ။ ဟော့ကောင်တွေလာဟော့။ ရေပုလင်းက ဆေးဖြစ် အောင်လုပ်ပေးတာ ရောဂါရှိတယ်။ သွေးသားနဲ့ ပတ်သက်တဲ့ရောဂါ၊ သွေးလေနဲ့ပတ်သက်တဲ့ ရောဂါတော့ ငါမလုပ်တတ်ဘူး။ ပယောဂ၊ တောပိုင်၊ တောင်ပိုင်၊ ကွင်းပိုင်၊ တစ္ဆေ၊ သရဲ၊ ကုမ္ဘာန်၊ ကန္တပ္ပ။ အဲဒါ မိစ္ဆာတွေနှိပ်စက်တဲ့ဟာကို ဒါနဲ့သတ်ရမယ်။ အဲဒီလို ဘုန်းကြီးမျိုးနော် သတ္တိရှိတယ်။ ကိုယ်မှန်ဖို့လိုတယ်။ ပညတ်၊ ပရမတ်ကို သိရမယ်။ ပညာနဲ့သိရမယ်။ ပညတ်၊ ပရမတ်ကို သညာနဲ့ သွားမသိနဲ့နော်။ အခုရှိတဲ့ ခင်ဗျားတို့နေထိုင်ကြတဲ့အာရုံမှာ ထိန်းထားတာ စေတနာမပျက်နဲ့။ ဒီဘဝ ရက်တိုတိုလေးရယ်။ ကောင်းရာသုဂတိဘုံ ရောက်မယ်။ ဘုရား ရေး ထားတဲ့ ကမ္မဝဋ် ရေးထားတာ ဘယ်သူမှ ဖျက်လို့မရဘူး။ ကမ္မဝဋ် သိသလားတဲ့။ ဟဲ့ မင်းရဲ့ဟိုဘဝ အတိတ်ကံက မပြတ်ခဲ့ဘူးကွ။

ဒီဘဝမှ ပစ္စုပ္ပန်မှာ လာပြီးတော့ ဦးချီးတိုးနဲ့ ဒေါ်အုန်းမေ သူတို့နှစ်ယောက်က ကောက်စိုက်ကြတယ်။ တွေးကြည့် တစ်ယောက်နဲ့

တစ်ယောက် တစ်ရွာတစ်ကျေးစီကဆိုတော့ အပြင်ကို ကြည့်လိုက်တယ်။ ရှုပကာကို အော် ဦးချီးတိုးက ဒေါ်အုံးမေရဲ့မျက်လုံးလေးက အလွန်ကောင်း၊ ပြောတာဆိုတာလေးကလည်း အင်မတန်ယဉ်ကျေးတယ်။ ဟော ဦးကျီးထိုးက အုံ့ပုံးအာရုံပေါ်မှာ မနောကကြိုက်နေပြီ တွေ့လား။ အဲတာ တဏှာသာယာနေပြီ။ ဘာမှတောင်မဖြစ်သေးဘူး။ အာရုံပေါ်မှာ အမှတ်မှားနဲ့လုပ်နေပြီ။ ဒေါ်အုံးမေကလည်း ဦးချီးတိုးကို အမယ်လေး ဒီလူတော့ ငါ့လုပ်ကျွေးတော့မှာဘဲ။ ဘာဘဲ။ သူတို့နှစ်ယောက်ဖြစ်ကုန်ရောပေါ့ဗျာ။ မြမောင်က အတိတ်က သမ္မာကံနဲ့လာတာ။ မိစ္ဆာကံနဲ့လာရင် ခွေးဖြစ်မယ်။ ကြောင်ဖြစ်မယ်။ ကြက်ဖြစ်မယ်။ တိရစ္ဆာန်ဘုံရောက်မယ်။ အဲဒါ မိရိုးဖလာတွေ မိဘရဲ့ ဒီလိုဖြစ်သွားတဲ့ကိစ္စတွေ သားကလည်း နောက်ကလိုက်လုပ်တယ် ကြည့်စမ်း ဇာတိကိုလည်း မသိတော့ဘူး။

ခင်ဗျားတို့ စာရေးထားတာ ဇာတိတဲ့။ ပြီးတော့ လာသေးတယ်။ ဇရာတဲ့နော်။ အဲဒီတော့ သူတို့နှစ်ယောက်ပေါင်းလိုက်တော့ မြမောင်လေး ဟောဒီပဋိသန္ဓေတပဲ။ အဲဒီပဋိသန္ဓေတကလည်း မှားလိုက်တယ်ဆိုတာ ဝက်လချီး လည်တော့တာပဲ။ ခိုးလိုက်တာ၊ အရက်သောက် လိုက်တာ၊ ဖဲရိုက်လိုက်တာ အစွဲတရားတွေပေါ့ဗျာ။ မကောင်းတာတွေ စွဲတာပေါ့ဗျာ။ အဲဒါပေါ့ သူဟာသူ အာရုံနဲ့ မနော၊ နားနဲ့မနော၊ သူငယ်ချင်းနဲ့ အပေါင်းအသင်းနဲ့မနော အကုန်လျှောက်လုပ်တာပေါ့။ ဒီကံဟာ နိမ့်တော့တာပဲ။ အဲဒီ ရှစ်ဆယ့်နှစ်ကျပ်ပဲစားရတယ်။ အဖွဲ့ကောင်းတယ်။ သူမကောင်းဘူး။ ကြည့်စမ်း သူမကောင်းဘူး။ ဆရာကမရှိ အလစ်လုပ်တော့ တာပဲ။ ဆရာရှေ့တစ်မျိုး ကွယ်ရာကြတစ်မျိုး။ ဒါသစ္စာ ရှိသလား။ ဒါကိုလဟောတာ ဘယ်သူပဲပျက်ပျက် ကိုယ်မပျက်နဲ့ပေါ့။

သာဓု .... သာဓု .... သာဓု

## ဝိသုဒ္ဓိ ခမ္ဘ သစ္စာတရားတော်
## အမှတ် (၁၀၄)

ဦးဇင်းရဲ့ခန္ဓာသိသဘောလေးကို ပြောပြမယ်။ စာမတတ်ဘူး စာမတတ်တာ ငယ်စဉ်တောင်ကျေးက စာကိုမသင်ခဲ့လို့မတတ်တာ။ အဲ့ဒီတော့ စာကိုပယ်တာမဟုတ်ဘူး ဒီစာရှိလို့ ဒီအသိ၊ ခန္ဓာသိကျင့်ကြံ အားထုတ်တဲ့သဘောပဲ ဒါကြောင့်မို့ စာကမှန်၏ ကိုယ်က ဉာဏ်ရဖို့ လိုတယ်။ အဲ့ဒီတော့ ဉာဏ်ဆိုတဲ့ ဂမ္ဘီရဉာဏ် ဇာဝနဉာဏ်၊ စက္ခုံ ဥဒပါဒိ၊ ဉာဏံဥဒပါဒိ စာသင်ပေးထားတယ်။ အဲ့ဒါကိုရဖို့ လိုတယ်၊ အဲ့ဒါကိုဟောပြတာ အဲ့ဒီတော့ အပြင်မှာစင်ကြယ်ရင်၊ ခန္ဓာမှာ စင်ကြယ်မယ်၊ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်မယ်။ ဒါ ဂမ္ဘီရ ဉာဏ်အလုပ်တွေ။ ဦးပဏ္ဍိတရဲ့ အသိ၊ ကဲ-ဘယ်လိုသိလဲတဲ့။ စာမတတ်တာကတော့ လူသိတာပေါ့ကွာ။ နှလုံးသားက ဘာကို အာရုံပြုတယ်ဆိုတာ ဘယ်သူသိမလဲ။ အဲ့ဒါ လာဟောတာ။

"စာကမှန်၏ ဉာဏ်မသိ ထိအောင်သူမသိ" စာတွေငါတွေ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ခံစားရတယ် နော်၊ ဘာခံစားရလဲ။ လောကုတ္တရာကို ခံစားရတယ်။ လောကီအတ္တ

ပယ်သွားတယ်။ ပယ်သွားတာ မဂ်နဲ့ပယ်သွားတာ အစွဲဥပါဒါန် ကံ ပြတ်သွားတာ အဲ့ဒါ ခန္ဓာမှာဉာဏ်နဲ့ ဖြစ်နေတာ။ အဲ့ဒီ ဉာဏ်ကို ဘယ်လို ရလဲဆိုတာ ထုတ်ပြောပြမယ်။

အဲ့ဒီတော့ စာကရေးထားတယ် ကာယသတိပဋ္ဌာန်၊ ဝေဒနာ သတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန်လို့ လေးချက်ရေးထားတယ်။ အဲ့ဒီတော့ ပယ်အပ်မယ့်တရားကပယ်ပြီး၊ ပယ်အပ်မည့်အသိ ဘာတွေ ပယ်ရမလဲ။ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ ဘဝဝဋ်။ ဒါတွေ ပယ်ရမယ်၊ ဒါတွေမစွဲနဲ့ ပယ်ပစ်လိုက်နော်။ အဲ့ဒီတော့ ဘာကိုသတ်လဲ ကိလေသာမှာရှိတဲ့ တဏှာကိုသတ်တာ ရုပ်မှာရှိတဲ့တဏှာကိုသတ်တာ တဏှာသတ်တဲ့တရားခေါ်တယ်။ တဏှာပြတ်ရင် အဲ့ဒါဉာဏ်ပေါက်လို့ ပြတ်တာ။ ဥပမာလေးနဲ့ ဘုန်းကြီးပေမဲ့ ဘုန်းကြီးမှန်တယ် တစ်ပါးနဲ့ တစ်ပါး အသိမတူဘူး။ သိပယ်ဆိုက်ပွား မတူဘူး။ စာမတတ်တော့ မသိဘူး။ ဒါပေါ့ သူတတ်တဲ့ ပညာကိုယ်ကမသိဘူး ဝန်ခံထားပြီ။

အဲ့ဒီတော့ ပယ်အပ်တဲ့တရားက ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝနော်။ အဲ့ဒီတော့ ဒါပယ်လိုက်တဲ့ ဒါတွေနဲ့ မယူနဲ့ အယူမှားသွားမယ်။ အမှတ်မှားတယ် အစွဲမှားတယ် အဲဒီတော့် ဒါတွေ ပယ်လိုက်ပါ။ ကိုင်း-ဒီလိုဆိုတော့ ဒကာတွေ၊ ဒကာမတွေလည်း ကာမာသဝပယ်၊ ဘဝါသဝလွတ်အောင်ရုန်း၊ ကာမာသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ဒါစာတွေနဲ့ရေးထားတယ်။ ပြီးတော့ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ်၊ ဝဋ်တွေ အဲ့ဒါစာကရေးထားတယ် ကိလေသာ ဝဋ်။ ကိလေသာဝဋ် ဘာကြောင့်ဖြစ်သလဲ။ ဟော့ဒါရုပ်တရားနော်။

ဦးပဉ္ဇင်းသဘောလေးနဲ့ ပြောပြသွားမယ်။ အဲ့ဒီ ရုပ်တရားမှာ ကိလေသာဝဋ်၊ ကံဆိုတဲ့ ဟိုအတိတ်က ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတာ အတိတ်ရဲ့ ကာယကံ၊ ဝစီကံက ယခုကံ ယခုကံ ဆိုပြီး

လုပ်ကြည့် ကိုယ်မသိလို့လုပ်ရင် မနောကံ ကနေပြီးတော့ မနာလိုတဲ့ စိတ် ကုက္ကုစ္စစိတ်၊ ဝန်တိုစိတ် အဲ့ဒီစိတ်တွေဟာ ဗျာပါဒ အဲ့ဒါက ကိုယ်မလုပ်ဘဲနဲ့ သွားစွဲတဲ့ကံကြောင့် ဥပါဒါန်ကြောင့် အဲ့ဒါ ကံဖြစ် တယ်ဗျို့။ ကိုယ်မလုပ်ဘူးသူများ အသက်သတ်တာလည်း မလုပ်ဘူး၊ သူများပစ္စည်းခိုးတာလည်း မဟုတ်ဘူး၊ သူများသားမယား ဖျက်ဆီး တာလည်း မဟုတ်ဘူး။ ဘာလဲသတင်းကြားတာနဲ့ အစွဲဥပါဒါန် ငါ့သားလေး ရေနစ်နေတယ်ဆိုတော့ ဟော- ကိုယ်ကသွားစွဲတာ ကိုယ့် ဟာကို ထိုင်နေတာ အဲဒီအစွဲဘာနဲ့သတ်မလဲ။ ဘာမှသတ်လို့ မရဘူး သီလနဲ့လည်း သတ်လို့မရဘူး၊ သမ္မာဒိဋ္ဌိနဲ့လည်း သတ်လို့မရဘူး။ ဘာနဲ့ သတ်ရမလဲ မဂ်ဉာဏ်နဲ့ သတ်မှရမယ်။

အဲ့ဒီအစွဲကိုပြောတာ။ အဲ့ဒီ ဥပါဒါန်ကို ပြောတာ အဲ့ဒီတော့ ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်။ အဲ့ဒီဝဋ်တွေ ငါဘာကြောင့် ဖြစ်ရသလဲ။ ကဲကြည့်လိုက်အုံး ငါဘာတွေလုပ်ရမလဲ။ ဒုက္ခသစ္စာ ဆင်းရဲခြင်း အမှန်တရား၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ။ အဲဒါဟိုဘက်ကမ်းရောက်ပြီဗျို့ အဲဒါရောက်သွားပြီ။ နိရောဓနဲ့ မဂ္ဂင်ရ သွားပြီနော်။ ဒါဝိနည်းမဟုတ်ဘူး။ ဒါဝိပဿနာရဲ့ဉာဏ်နဲ့ သွားတဲ့ တရားတွေ။ အဓိသီလဆိုတာ ဝိပဿနာတရားတွေ အဓိစိတ္တ ဆိုတာ ဝိပဿနာရဲ့ စိတ်တွေနော်။ ဓာတ်ကိုဖြစ်အောင် လုပ်ထားတယ်။

အဲဒါဝိနည်းမဟုတ်ဘူး။ ဒါပေမယ့် ရဟန်း ရဟန်းချင်းမှတ်နေတဲ့ အသိမတူဘူး။ အဲ့ဒီဖြတ်လမ်းက တတ်သွားတာ။ စာမတတ်ပေမယ့် အထင်မသေးနဲ့။ အထင်လည်းမကြီးနဲ့။ ပြောပြီ တွေ့လား သိပြီလားတဲ့။ အဓိစိတ္တတဲ့ အဓိပညာ၊ သညာ မဟုတ်ဘူး။ ပညာ။ အမှတ် မဟုတ်ဘူး။ သေချာလေးနာ၊ ကိုယ်ကျင့်တဲ့သူ မှန်ဖို့လိုတယ်။ ကိုယ်မှန်မှ ဒီရဲ့ ခန္ဓာအသိတွေက ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ပြောပြလို့ရတယ်။

အဲဒါခန္ဓာက ထုတ်ပေးနေတာတွေ ဒါဝိနည်းမဟုတ်ဘူးတဲ့။ ဝိနည်းတွေ ဘာတွေနဲ့ ဆိုတော့ ဒီဟာဘယ်လိုနေနေ ဟာအားကျတယ်။ ဒါသမုတိ ရဟန်းခေါ်တယ်။ အရိယာရဟန်းခေါ်တယ် မှတ်ထား။ ချွတ်ဆို ချွတ်ပေးလိုက်မယ်၊ ထွက်သွားမယ် ရသွားပြီ။

ဦးပဏ္ဍိတက ဒကာ၊ ဒကာမတွေနဲ့ ဆွေတော်အပေါင်း မျိုးတော်အပေါင်း အော် ရကြပါစေ၊ ဒီမေတ္တာတရားတွေ သစ္စာမှန်ရင် မေတ္တာတွေအောင်မြင်တယ်နော်။ တန်ခိုးကြီးတယ်။ ဘာလို့လဲ သစ္စာကိုင်တာကိုဗျ။ ကိုယ်တော့မကျင့်နိုင်ဘူး သူများတွေ လျှောက်ပြီးတော့ အာ-မစ္ဆရိယဖြစ်လိုက်၊ မနာလိုစိတ်ဖြစ်လိုက်၊ ကုက္ကုစ္စစိတ်ဖြစ်လိုက်၊ ဗျာပါဒစိတ်ဖြစ်ရတယ်။ မနော်ဘာကြောင့်လဲ၊ နားကြားတာကိုဗျ။ မြင်တာကိုဗျ။ သူများ ပြောတာယုံတယ်။ အဲကိုယ်လည်းမကျင့်ဘူး။ ကိုယ်ကိုတိုင်သိမှ ပယ်မယ်။ ပယ်မှမဂ်ဖိုလ်ရမယ်မှတ်ထား။ စာဘယ်လောက်ဘဲ မိုးပေါ်ပျံအောင်တတ် နော် ပြောသွားပြီ၊ စာကိုပယ်တာ မဟုတ်ဘူး။ တရားဆိုတာခင်ဗျားတို့ ရေးထားတဲ့ သောတာပန်အသိ၊ သောတာပန် အသိနဲ့ သဒါဂါမ်အသိတူပါ့မလား၊ သဒါဂါမ်အသိနဲ့ အနာဂါမ်အသိ တူပါ့မလား၊ သဘောလေးနဲ့နာ၊ စာရေးထားတယ်။ သောတာပန်ရဲ့ သီလဘာတွေယူတယ် ဘာတွေမပယ်နိုင်သလဲ၊ သဒါဂါမ်ရဲ့ သီလ ဘာတွေကို သူမပါယ်နိုင်သလဲ။ အနာဂါမ်ရဲ့ သီလ ဘာတွေ ဖြစ်သွား တယ်ဆိုတာ ဘယ်သူသိလဲနော်။ တောပြောတောင်ပြောပြောတယ်။

အဲဒီတော့ နောက် ဝိနည်းကျတော့ ဒါဝိပဿနာရဲ့ ဉာဏ်သီလတွေ ဟိုကသီလလို့ ပြောပြမယ်။ အာရုံပယ်ပြီ။ အာရုံ ၅ ပါးကို ပယ်လိုက်ပြီ။ တောင်ပို့မှာ အပေါက် ၆ ပေါက် ရှိတယ်။ ၅ ပေါက်ကို ပိတ်လိုက်ပြီး မဖွင့်နဲ့။ အဲဒီတော့ မြင်ချင်လား မမြင်ချင်ဘူး၊ ကြားချင်လား မကြားချင်ဘူး၊ နံချင်လာ းမနံချင်ဘူး၊ စားချင်လား မစားချင်ဘူး၊

ထိချင်လား မထိချင်ဘူး၊ ဟော ၅ ပေါက် ပယ်ပြီ ဘယ်အပေါက်ဝင်မလဲ။

မနော၊ အဲဒီမနောရဲ့ အသိဟာဘာလဲဆိုတာ သိချင်တယ်။ မနောစိတ်ကို သိချင်တယ်။ ဖမ်းတယ် မနောတောင်ပို့မှာခင်ဗျား ၆ ပေါက်မှာ ၅ ပေါက်ကိုပိတ်တယ်။ အဲဒီတောင်ပို့ထဲမှာ ဖွတ်ရှိတယ်။ ဒီဖွတ်ကို အဲဒီ ၅ ပေါက် ပိတ်မှ ကျန်တပေါက်ကထွက်လာရင်ရိုက်တာ သတပစ်လိုက်။ အဲဒီ ၅ ပေါက်မှမပိတ်ရင် ဖွတ်က ဟိုထွက်လိုက်ဒီထွက်လိုက်၊ ဟိုထွက်လိုက်ဒီထွက်လိုက်၊ ဟာ ဘယ်နှယ့်ပိတ်ထား ၅ ပေါက် ဒါ ဝိပဿနာရဲ့ ဉာဏ်။ ဉာဏ်တွေဒီအပေါက်တွေ လွတ်နေရင် ကံဖြစ်သွားလိမ့်မယ် အာရုံနောက်လိုက်သွားလိမ့်မယ်။ မှတ်ထား အဲဒါသီလကိုလုပ်တော့မယ်။

အဲဒီတော့ဒီစိတ်လေးကို သိချင်တယ် ဒီစိတ်လို့ ခေါ်ဝေါ်သမုတ်ထားတယ်။ ပညတ်နယ်ထဲမှာ စိတ်လို့ ခေါ်ဝေါ် သမုတ်ထားတယ် ဘာလဲဆိုတာသိရတယ်။ အဲဒါကျင့်၊ ပညတ်နဲ့ ပရမတ်နော်။ ထိုင်နေတယ် ဝင်တယ်၊ တွေးတယ်၊ ဟာ ဦးမြမောင် ခေါ် ဦးပဏ္ဍိတ မြမောင် လူဘဝအစက ကျင့်လာတာ မယားတွေတွေးလိုက်၊ သားတွေးလိုက် ဒါစွဲလို့တွေးတာ ဒါစိတ္တဝိပဿနာနော်။ ဒီအင်မတန်နုတဲ့ဟာတွေ သွားစွဲတာ တဏှာ သွားစွဲတာ တဏှာအဲဒီတဏှာကို သိတယ် မယားကျွေးလိုက် သားကျွေး လိုက် သမီးတွေးလိုက် ငါ့အိမ်လည်းခနိမမိုးရ စွဲလို့တွေးတယ်။ ဥပဒါန်ကံတွေ သမုဒယကံတွေ အဲသိပ်နုတဲ့ကံတွေ ဒီကံက ဖြတ်ရတာမလွယ်ဘူး။ အဲဒီတော့ နင်းကန်ရှုတော့ မတွေးတော့ဘူး အဲဒီမနောကမတွေးတော့ဘူး မတွေးတော့၊ စာလိုဆို စေတသိက်၊ ခေါ်တယ်နော်။

သိစိတ်၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ် အဲ့ဒီစိတ်တွေနဲ့ စေတသိက်နဲ့ မပေါင်းတော့ဘူး။ အဲ့ဒီစိတ်ကို စေတသိက်လို့ ခေါ်တယ်

ဗျို့။ မပေါင်းဘူး ရက်ပေါင်းလပေါင်း နှစ်ပေါင်းဖြစ်လာတော့ဘာဖြစ်လဲ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာပေါ့ဗျာ။ ထိုင်နေရပြီး အုတ်ပန္နက်ရိုက်ထားပြီး။ ဒါဝိနည်း မဟုတ်တော့ဘူးဗျာ၊ ဒါဝိပဿနာဉာဏ်ဆန်းတွေ ကံကိုပြတ်အောင်ချတာ အဲ့ဒီတော့မှ အဲ့ဒီကံဟာ အော် အေးဥပါဒါန်ဖြစ်ရင်ကံ ငါဟာငါ တောထဲမှာ တစ်ပါးတည်းနေတယ် ဘာများရှေ့ကိုမျှော်သလဲ၊ ဘာများနောက်ကို တွေးသလဲ။ တွေးတော့တွေးတောတယ်၊ ကြံစည်တယ် ပြုလုပ်တဲ့ကံ၊ အစွဲတရားတွေ အကုန် သိရမယ်နော်။ ဒါတွေကိုလာဟောတာ ခင်ဗျားတို့ရောက်ကတည်းက လှူတယ်ဘာများယူသွားလဲ။ ဘာတစ်ပြားယူ သွားသလဲ။ ခင်ဗျားတို့ ရန်ကုန်မြို့မှာ ပွဲပေါင်း (၄၀) (၅၀) လောက် ဟောတယ်။ ဘာ ဦးပဏ္ဍိတ ယူသွားသလဲ။ ဘာများမိုက်နဲ့ အော် တောင်းလဲ အဲ့သိုက်ကိုနိုင်တယ်၊ နတ်ကိုနိုင်တယ် မှတ်ထား။ ဓာတ်ပိုင်တဲ့ ရဟန်း၊ ဓာတ်ပေါက်တဲ့ရဟန်း သဘောပြော သွားတယ် နောက်ငါ့ကို နင်တော့မြင်ရမှာ မဟုတ်တော့ဘူး။

ဒီဝိပဿနာကိုကျင့်ပါ ကံကိုအားထုတ်ပါ။ နင်ကလည်းကံအေးကံကံချည်းသွားနော်၊ မှတ်တယ်၊ ကံဆိုတာကိုယ်ကအားကိုရမယ်။ ဆရာတော်တွေ အားကိုးရမယ်၊ သမားတော်တွေ အားကိုးရမယ်၊ ဘုန်းကြီးတွေ အားကိုးရမည်၊ သူက ကာမမရှိဘူး။ ကိုယ့်မှာက ကာမ ရှိတယ်မှတ်ထား၊ တဏှာပြတ်သလား။ သူ့မေးကြည့် အာရုံ အာသဝက္ခယဉာဏ်ရပြီလားလို့မေး ပြောမယ်။ အဲ-မရသေးရင် ကံပဲ ဒါပြောမယ်။ အတ္တကိုဗျ။ အဲခင်ဗျားတို့ကတော့ လှူရမယ် သံဃိကအလှူနဲ့ ပုဂ္ဂလိကအလှူ စာရေးထားတယ်။ ပုဂ္ဂလိကကိုလှူလိုက်၊ ပုဂ္ဂလိကကို လှူ လိုက်လို့ရှိရင် အဲ့ဒီမေတ္တာတွေရသွားပြီ၊ သံဃိကကိုလှူတန်းသွားပြီး မှတ်ထားပါ။ ကိုယ်တစ်ခါတည်းလာလှူ ငါ့ခဏခဏလာမလှူနဲ့ ရသွားပြီ။ အပ်ပေါက်ထဲ အပ်ကြိုးဝင်သွားပြီး သဘောသာထား ပုဂ္ဂလိကနဲ့

သံဃာကတွေ ပြည့်လာတယ်။ ငါမှန်ရင်နင်လည်း မှန်လာလိမ့်မည်။ ကဲ သံဃာကလူသားတွေ သံဃာကဆိုတာက မသိရင်လည်း ပြောပြပြီဗျို့။ သံဃာကဆိုတာက သံသရာတော့လည်အုံးမယ် ဗြဟ္မာဘုံ၊ နတ်ဘုံတော့ ရောက်မယ်။ (၃၁) ဘုံတော့မလွတ်ဘူး။ အဲ့ဒါသံဃာကက၊ ပုဂ္ဂလိက ဆိုတာက ဇကောဓမ္မာ၊ ဇကောဓမ္မာ ဘယ်ကလာလဲ ရုပ်ပေါ် နာမ်ပေါ် က လာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှစတယ်၊ ခန္ဓာမှာ ဆုံးတယ်၊ သီလ မှာချုပ်တယ်။ ဘယ်သီလထိချုပ်သလဲ ပညတ်နဲ့ ပရမတ် သီလ ချုပ်သွား ပြီ အတွင်းသီလ အပြင်သီလမှာချုပ်သွားပြီ။ အဲ့ဒါ အေးတာပေါ့ဗျာ။

ခင်ဗျားတို့ အခုအာရုံ(၆) ပါးချုပ်သလားမေးပြီး မလွတ်ချင် ဒီအတ္တ အတ္တရှိလို့ မလွတ်တာကိုး။ အနတ္တကိုသိမယ် ရုပ်ကြည့်မလား အနိစ္စ၊ ဒုက္ခ၊ အနတ္တ ကံချက်ခြင်း ဝင်စားပစ်လိုက်ပြီ မဖတ်တော့ဘူး။ ငါသိတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ခန္ဓာကိုဉာဏ်ပြပြီ၊ ငါသိပြီးငါ ကြိုးစား လို့ ငါဖြစ်တာ။ အဲ့ဒီတော့ အပြင်မှာစင်ကြယ်နေတယ်၊ ခန္ဓာမှာ စင်ကြယ် တယ်၊ ခန္ဓာမှာဝင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်မယ်။ အပြင်မှာဘာလဲ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ။ ဟောညီလေးရေ… အေးအေး ရပ်ကွက်က လူကြီးတွေက အေး- မြမောင်မင်း အလုပ်လုပ်ပါ။ ကျွန်တော်လုပ်ပါ မယ်ဗျာ၊ မြောင်းတွေ ကျွန်တော်ဆေးပါမယ်။ ပကာသန, စေတနာ မဟုတ်ဘူး၊ ဘယာ, စေတနာ မဟုတ်ဘူး၊ အဓိပတိစေတနာ၊ အဲ့ဒါ အပါယ်ပိတ်တယ်နော်။ အဲ အဲ့တော့ ဘယာ, စေတနာ၊ ပကာသန, စေတနာ၊ အာ-တို့အိမ် ခဏခဏခေါ်တယ်။ စေတနာ ပျက်တယ် ဟော လုပ်လည်း လုပ်ရသေးတယ် အကုသိုလ်ကံတွေ ဖြစ်နေတယ်ဗျို့။ အစွဲတရား ဥပါဒါန်တဲ့ ကြည့်ထား လုပ်လဲလုပ်ရ သေးတယ်။

ဥပါဒါန်ကံတွေ သံသရာလည်တဲ့ကံတွေ ဘယ်မှာလဲ။ သံသရာ ပြတ်တယ်ဆိုတာ အဲ့ဒီတော့ အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်

တယ်၊ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာစင်ကြယ်တယ် ကိုယ့်ထက်ကြီးတဲ့ သူကိုရိုသေပါ၊ ကိုယ်နဲ့တန်းတူကို ကြင်နာပါ၊ ကိုယ့်အောက်ကလူကို သနားပါ ကိုယ်ကျင့်တရားထားပါ ဗြဟ္မာစိုရ်တရားထားပါ၊ သံဝေဂ တရားထားပါ၊ ကိုယ့်ကိုကိုယ်မာန်တွေ ရာဇာမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန် တွေမစွဲနဲ့။ စွဲရင်ကံ မစွဲရင်ဉာဏ် ဒါပဲရှိတယ်။ ကိုယ့်စိတ်ကို စစ်လိုက် ဗျာပါဒ၊ အဝိဇ္ဇာ၊ ဒိဋ္ဌိ အဲ့ဒါစာက ရေးထားတာတွေဗျို့။ အဲ့ဒါ ကိုယ်ဖြစ် ကိုယ်ခံ အော် သက်န်းလေး လှူလိုက်တယ် ဆိုရင်ပဲ ဝမ်းကိုသာနေ တာပဲ။ လှူတဲ့ဒကာမ ဘယ်နည်းမလဲဗျ။ အလှူခံတဲ့ ပုဂ္ဂိုလ်ကတော့ ပြုံးပြုံးနေတာပဲ။ ကိုယ့်စိတ်အဲ့ဒါ စစ်တာလား သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာသစ္စာ၊ ဒါဘုရားဟောထားတယ်။

အဲ့ဒီလိုသစ္စာနဲ့စိတ်နဲ့မှတ်မှ အရိယာပုဂ္ဂိုလ်ခေါ်တာ။ ကဲမင်းတို့ ချွတ်ဆိုချွတ်ပေးမယ် မနက်ရှိ သေးတယ်ချွတ်ဆို ငါပြီးပြီအေးပြီ ကြည့် ထားလိုက်၊ စာတော့မတတ်တာတတ်ချင်တယ်။ မတတ်ဘူး၊ သိပ်တတ် ချင်တယ် အသက်ကလည်းကြီးလာပြီ ကဲကောက်ညှင်းစပါးကို ထုတ် လှမ်းတဲ့ အခါကျတော့ နေမှမရှိတာ ဒီစပါးခြောက်ပါ့မလား အသက် ကြီးလာပြီ။ ဒီစာသင်လို့ ငါလမ်းမှားသွားမှာပေါ့ သဘောပဲ၊ ကိုယ့် အလုပ်ကိုယ်လုပ်ပါ။ သူများအကြောင်းတွေ မစ္ဆရိယစိတ်တွေ၊ မနာလိုတဲ့ စိတ်တွေ ဘုန်းကြီး (အကုန်သိတယ်)[၂] တော်သေးတယ် ဒကာ ဒကာမ တွေက သိပ်တော်တာ ဘုန်းကြီး ဘုန်းကြီး ဘုန်းကြီးချင်း ဆဲနေတယ်။ မှတ်ထား ချွတ်ဆိုချွတ်ပေးမယ် ချွတ်ပစ်လိုက်တယ်၊ လာပါ။ ခင်ဗျား အမိန့်ပေး ထွက်သွားမယ်၊ အဲ့ဒီတော့ အသေမဦးခင် ဉာဏ်ဦးဖို့လိုတယ်၊ ဉာဏ်ရဖို့လိုတယ်၊ သေမင်းကဦးသွားတယ် ဉာဏ်ကမရချင် ကံနဲ့ပြန်ရင် သွားပြီ။

ကံဆိုတာ အစွဲဥပါဒါန် ကံတွေသာစွဲလိုက် သမီးစွဲလိုက် ခင်ဗျား သားလေး ရေနစ်နေတယ်။ ဘယ်လိုလုပ်မလဲဟာ၊ ဖအေက ဗျာပါဒ သားလေး ထောင်ထဲရောက်သွားတယ် အောင်မလေး မစားနိုင် မအိပ် နိုင်သားရဲ့ ကံနဲ့မအေကံတူပါ့မလား။ အဇာတသတ် ကံနဲ့ ဗိမ္ဗိသာရ မင်းကြီးကံ တူပါ့မလား။ ကံကံချင်းမတူရင် အေးတယ်ဗျ၊ သူ့ကံက ဒီလိုပါလား၊ ငါ့ကံကဒီလိုပါလား သက်သာတယ်ဗျ သွားပြီး တော့ သူများကံကိုကိုယ်ကစွဲနေတာ ဥပါဒါန်ဘယ်လောက် ပင်ပန်းလဲ ပူလိုက် တာဗျာ ဗျာပါဒတွေ ဉာဏ်ရတယ်။ ဉာဏ်ဆိုတာ ကံကိုပြတ်သွားတယ်။ အစွဲပြတ်သွားတော့ အဲ့ဒါမဂ်ဉာဏ်ခေါ်တယ်။ မဂ်ဉာဏ်ရလို့ လာဟော တာ မလိမ်ဘူး။ ခင်ဗျားတို့ကို မဟုတ်ဘဲနဲ့ပြောရင် အဲ့ဒီ ပဏ္ဍိတ အဝီစိရောက် သွားမယ်။ လိမ်ဟောတာကိုး။

အဲ့ဒီတော့ ရေပုလင်းတွေဆေးဖြစ်တယ်၊ မြေကိုက်တယ်သောက် တယ်။ မြောင်းမြမြို့မှာလာပြီးတော့ ညောင်လေးပင်ရွာတအုန်းအုန်းနေ တယ်။ တန်ခိုးကြီးတယ် တန်ခိုးအင်မတန်ကြီးတယ် သုံးတတ်ဖို့လိုတယ်။ ဒကာ ဒကာမတွေ သင်္ကန်းတွေဝယ်ပေးတယ် ဒါကြောင့် စာကရေးထား တယ် ဝတ္ထုကာမနှင့် ငါ့မှာရှိတာက ကိလေသာကာမနှင့် ယှဉ်တွဲ သုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လဲကြိုက်၏ အရိယာ မကြိုက် ဘူးတဲ့။ ဟော-အရိယာ မကြိုက်ဘူးတွေ့လား။ မစွဲဘူး အဲ့ဒီတော့ သင်္ကန်းသိန်းပေါင်း (၄၀)လောက် ရလာရင် ပြုံးပြုံးနဲ့ ရေဒီယိုလေးများ ရလာရင် ပြုံးပြုံးဘယ်သူသိမလဲဗျ။ အဲ့ဒီတော့ သစ္စာလုပ်ရတယ် ခင်ဗျားတို့ အခုကျမ်းတွေကျိန်ကြတယ်။ တရားရုံးတော်ပေါ်မှာ လိမ် ထွက်တာတို့ ညာထွက်တာတို့ မဟုတ်မမှန်ပြောတာတို့ ကဲ မင်း ဒီ လောက်တောင်ဖြစ်တာကွာ မင်းရောကျမ်းကိုင်၊ မှန်တာ အစစ်ခံပါမည်။ မှန်တာအစစ်ခံပါမည် ကျမ်းစူးပါ စူးလား။

ဟောမနော… မနောကျတော့ ကြည့်လို့မရဘူး။ မနော ဘယ်လို ကြည့်ရမလဲ မှတ်ထား။ အစိုးရမင်းကစစ်တာက ရာဇသတ် မနောစစ်တာက ဓမ္မသတ်၊ ဓမ္မသတ် စစ်ဖို့မှန်ဖို့လိုတယ်၊ တိုင်းပြည် အေးဖို့လိုတယ်၊ အတွင်းက တောင်ပိုင် ကွင်းပိုင်၊ ရက္ခ၊ ဂုမ္ဘာန်၊ ယက္ခိုက်၊ မကောင်းဆိုးဝါးတွေက နှိပ်စက်တယ် မိစ္ဆာတွေ၊ နတ်တွေ အဲ့ဒီမိစ္ဆာ၊ နတ်တွေ ဟောဒီ ပဏ္ဍိတနဲ့ တွေ့တဲ့အခါကြဒီကောင်တွေ လက်နက်ချသွားရင် တိုင်းပြည်အေးချမ်းသွားပြီ။ ငါက အတွင်းကို စစ်တိုက်တော့ နင်တို့က အပြင်ကိုတိုက်တာ။ အဲဒီကြားထဲမှာ ဘုန်းကြီးက တရားကိုမဟောရဘူး၊ သံဃာကိုမဟောရဘူး၊ ဘယ်မှာဟောရဘူးလုပ် ပြီးတော့ အဲ့ဒါ သစ္စာလေးပါးပဲ။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို ဟော နေပြီ။ ဒုက္ခသစ္စာ ဆိုက်သိပြီ။ ခန္ဓာဒုက္ခကြီးဟာ အဲ့ဒီ ခန္ဓဒုက္ခကို မသိလို့ သမုဒယအကြောင်းကို မပြတ်တာ ဒါမပြတ်တာ။ အဲ့ဒါ ကိလေသာ ဒုက္ခကြီး တဏှာကြီးကိုစွဲနေတယ်။ ကိလေသာနဲ့ တဏှာတွဲနေတယ်။ ဘယ်သူသိမလဲ ဉာဏ်မှသိတယ် အဲ့ဒီတော့ ရုပ်နဲ့ နာမ်နဲ့ခန္ဓာ(၅)ပါး ရုပ်နာမ်(၂)ပါး သေချာပြောပြီးပြီ။

အဲ့ဒီတော့ ဒီရုပ်တရားကြီးက ဟောဘာလဲ၊ ဂျမခန်ဒါ (ကလေး ဆေးရုံ)မှာ မီးဖွားတာဟော သတိ သတိပြန် ရပါတယ်။ အရှင်ဘုရားရယ် ကယ်တော်မူပါဘုရား။ ဂျမခန်ဒါမှာ အခုပဲတရားမဟောခင် သူ့ဆီက ပြန်လာတာ ကယ်တော်မူပါဘုရား။ အေးအေးအေး ကလေးမပူနဲ့ ဟို ဦးဇင်းက ဘာဖြစ်တယ် တပည့်တော် ဘာမှမသိဘူး။ သူတို့ပြောတာ အဲ့ဒီဦးဇင်းက အမလေး ဆရာတော်ရယ် ရော့ပါဝတ္ထု၊ ဟော ဒကာ မင်းယူကွ။ မင်းညီမလား ရော့မင်းသုံး ငါ့မှ အားကြီးပဲ ပိုက်ဆံတွေ သွားမယ်နော် ကလေး၊ အေးအေး တပည့်တော်အားကိုး ပါတယ်ဘုရား ဟောကိုယ့်ထမင်းကျွေးတဲ့ ဒကာ၊ ဒကာမတွေ အဲ မိစ္ဆာနတ်က

နှိပ်စက်ထားတာ ဘယ်သူသိလဲ ကဲဒီ ကလေးမလေး ကံနိမ့်နေတော့ ခံရတာ။ အဲ့ဒါသွားကုတာ သွေးသားနဲ့ ဖြစ်တဲ့ရောဂါ၊ ပယောဂနဲ့ပတ်သက်တဲ့ရောဂါ၊ လာ ပဏ္ဍိတဆီ နင်တို့ ကျေးဇူးတွေရှိတယ်၊ နင်တို့ခိုင်း ငါ အကုန်လုပ်ပေးမယ်။

အဲဒီလို ဘုန်းကြီးကစာတော့ မတတ်တာအမှန်ဘဲ ငါက စိတ်ပိုင်နေတဲ့ကောင်၊ ဓာတ်လေးပါးကို ငါတစ်ခုတည်း ဖြစ်အောင်လုပ်ထားတယ်။ ငါ့ကိုငါ အသက်ရှည်အောင် လုပ်လို့လည်းရတယ်။ တိုအောင်လုပ်လို့လည်း ရတယ်။ ဓာတ်ပိုင်တာကိုးဗျ၊ ဓာတ်ဆိုတာ ဟောဘုရားဟောတာ။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော။ ဗမာလိုပြောရင် သွေး၊ သည်းခြေ၊ လေ၊ သလိပ် အဲ့ဒီတော့ လေနဲ့ သလိပ်က အသက်ရှူတဲ့ လမ်းကြောင်းကို ပိတ်ထားတယ်ဗျို့။ ဒီကောင်က မောတယ် ကြပ်တယ်၊ အပြင်ကန္တေဥတု၊ မိုးဥတု၊ ဆောင်းဥတု၊ ဥတုတွေကလည်း ပြောင်းလဲတယ်၊ ရုပ်ကလည်းဖောက်ပြန်တယ်၊ နာမ် ကလည်း ခံထားတယ်၊ အကျိုးနဲ့အကြောင်း။ အကျိုးက ဒုက္ခသစ္စာ၊ အကြောင်းက သမုဒယသစ္စာ၊ အကြောင်းပြတ်မှ အကျိုးရပ်မယ်။ ဒါဟောတာပါ။

အဲ့ဒါများဗျာ ကြည့်စမ်းပါဦး။ မြောင်းမြမြို့မှာလည်းရှိတယ်ဗျ၊ ပုသိမ်မြို့မှာလည်း ရှိပါတယ်ဗျ၊ တချို့နာလိုတဲ့ဘုန်းကြီး ရှိသလို၊ မနာလိုတဲ့ဘုန်းကြီး ရှိတယ်ဗျာ။ ဟာဆဲနေတာပေါ့ ဟာ မင်းပါးရိုက်လည်းငါခံမယ်။ မင်းဓားနဲ့ခုတ်လည်း ငါပြန်မထိုးဘူး အဲ့ဒါ ဒီဘဝဓာတ်သိမ်းသွားတာပဲ မင်းရိုက်လဲခံပါ့မယ်၊ မင်းဆဲလည်းခံပါ့မယ်၊ မင်းပြောလဲငါဘာမှမပြောဘူး၊ မင်းဖနောင့်နဲ့ ကန်လည်း ငါခံပါ့မယ်၊ မင်းသတ်လည်းငါခံပါ့မယ်၊ ဘဝကို လောကခံကို ငါခံသွားမယ်၊ လောကခံကိုခံသွားပြီး အဲ့ဒါလောကီနဲ့ လောကုတ္တရာ သိလို့ လောကီမှာ ခံတာ ပြန်မလုပ်ဘူး။ အဲ့ဒါကြောင့် ရဲရဲတင်းတင်း ဟောတာ။ လုပ်

ချင်တာလုပ် မင်းတို့လုပ်ငါခံမယ်။ ငါကတော့ ကောင်းစားရေးကို အော်အေး ဂျပန်ခေတ်လဲမကောင်းဘူး၊ အင်္ဂလိပခေတ်လဲ မကောင်းဘူး၊ ဦးနုစဉ်ခေတ်လည်းမကောင်းဘူး၊ ငါကလည်း ပိုက်ဆံမရှိဘူး။ ရေက တစ်လလုံး ထမ်းတယ်။ ထမ်းလိုက်ရတာ ရေထမ်းပြီး ကောင်းကောင်း မနေဘူး အရက်သောက်တယ်။

ကောင်းသလားကဲ့။ ဒါဘုရားကြိုက်သလား။ အဲ ဆဲတာ အရက်မူးလာရင် နင်းကန်ရိုက်တယ်။ အဲ့ဒါတွေသိကြ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ။ ဟောအားကိုးနေတဲ့ မိန်းမဟာ ကိုယ်ကရိုက်ပဲ နေတော့ ဘယ်ကောင်းမလဲဗျ၊ အဲ့ဒါတွေကို စိတ်နာလွန်းလို့ လောကီကိုနာလွန်းလို့ တရားအသိ တရားမှာထားနော်။ အသိကလေးက ကြာတော့မှ တင်ပလ္လင် ခွေပြီးတော့ အော်အေးအေး စိတ်ကလေးကို ဒီစိတ်ကလေးဟာ သွား ချင်တဲ့စိတ်ကလေး တွေးတဲ့စိတ်ကလေး ကြံစည်တဲ့စိတ်ကလေး ပြုလုပ် မည့် စိတ်ကလေး မနော အာ ဟိုကလေးမလေးက ငါခေါ်တာပဲ ငါသွားမှပဲ ဟောဒီက ဘာစိတ်လဲ ဟောမင်းကငါ့တော့ မခေါ်ဘူးပဲ။ အခုကတော့ ငါ သွားမယ်ဘာလို့ဆို ဘယ်လိုရတယ် ဒါမကောင်းတဲ့ အတွင်း စိတ်တွေ၊ အတွေစိတ်တွေ၊ အစွဲစိတ်တွေ အပါယ်ကျမည့်စိတ်တွေ

ကြည့်စမ်း ဒါကြောင့်မို့ ဦးပဏ္ဍိတက ဒီလိုပုဂ္ဂိုလ် မျိုးကို လှူရ ခင်ဗျားတို့ညောင်စေ့လောက်လှူ ညောင်ပင်ကြီးလောက်ဖြစ်တယ်။ ဒါန ကို တော့ပေးလို့ရတယ် သီလကိုတော့ ခင်ဗျား လုပ်မှရမယ်။ ခင်ဗျားရဲ့ အဝိဇ္ဇာတုံးကို သီလနဲ့ဆေးကြောပါ၊ ဒါနနဲ့ဆေးကြောပါ၊ ဘာဝနာနဲ့ ပွားများပါ။ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာတုံးကို အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ အဲ့ဒီ အဓိသိစိတ္တ၊ အဓိသီလ၊ အဓိပညာဟာ ဝိပဿနာဉာဏ်ကလာတာ ဝိနည်း၊ ဝိနည်းကလာတာမဟုတ်ဘူး။ ဝိနည်း သိတယ် ဝိနည်းဆိုတာ အကာ၊ သမုတိသစ္စာဟာ မကောင်းတဲ့ ဒုစရိုက် မလုပ်ဘူး မပြောဘူး၊

တစ်ခါတည်းကို ထုတ်နေတာ ကိလေသာတွေ ပယ်ရုံပဲ ဘာတစ်ခုမှ မပြောဘူး။ အဲ့ဒါ ဝိနည်းဟာ ဒီကအကုန်ပြောတယ်။

အဲ့ဒီတော့ ဒီကခန္ဓာကသိသမျှ အကုန်ပြောတာပဲ။ ကိုင်း ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိယောဓသစ္စာ အဲ့ဒါခန္ဓာကသိသွားပြီးတဲ့ အသိတွေ။ အဲ့ဒါ ခန္ဓာတရားတွေ ဒုက္ခသစ္စာနဲ့ သမုဒ္ဒယသစ္စာက လိုမ့်ပိန်ခံရတာ။ ဒုက္ခသစ္စာက ရုပ်တရား သမုဒယသစ္စာက နာမ်တရား အဲ့ဒီတော့ ရုပ်နာမ်ကို ကွဲအောင်ကြည့် ကွဲမှဉာဏ်ရမယ်၊ ဓာတ်နဲ့ကြည့် ရုပ်ရဲ့ သဘာဝဓာတ်တွေ အပြင်ကအကာ၊ အထဲက ဓာတ်လေးပါး အဲ့ဒါကိလေသာဓာတ်တွေ သွေး၊ သည်းခြေ၊ လေ၊ သလိပ် အဲ့ဒါကိလေသာ ဓာတ်တွေ ဓမ္မခါတ်ဖြစ်အောင်လုပ်ဦး။ ခါတ်ဖြစ်မှ သီလပြောင်းမယ် စိတ်ပြောင်းသွားမယ် ဒါကိုလာဟောတာ စင်ကြယ်လို့လာဟောတာနော်။ မစင်ကြယ်ရင် ဒီတရားဘယ်နဲ့မှ မလုပ်တတ်သေးဘူး။ ဒါကြောင့်လို့ ကိုယ့်ဖအေလို ကိုယ့်မအေလို ခင်ဗျားတို့လာကြပါ ဟောဒီကခင်ဗျားတို့ ရိုးရိုးသားသားရောဂါ မပြောဘူးဗျို့။ ပယောဂနဲ့ ဖြစ်တဲ့ဟာတွေလား၊ သိုက်နဲ့ပတ်သက်တဲ့ ရောဂါတွေလား၊ နတ်နဲ့ဖမ်းထားတာတွေလား၊ မြွေကိုက်တာတွေလား။ ခင်ဗျားတို့ ပျောက်တယ်လို့ မပြောဘူး၊ ဆေးကု ထားတယ်လို့ မပြောဘူး၊ ဟုတ်လား၊ ရေလေးတိုက်လိုက် ပျောက်၊ ထမင်းမစားနိုင်တဲ့သူ လေးလလောက်ရှိတယ်၊ ဘုန်းကြီးက သူ့ကို ထမင်းကျွေးတယ် စားနိုင်ပြီ၊ မြောင်းမြမှာ အဲ့ဒါနာမည်တွေ ကြီးနေ တာနော်။ အဲ့ဒီလို ဘုန်းကြီးမျိုး လိုက်ရှာ၊ အတုတစ်ထောင် အယောင် တစ်သိန်းစာရေးတယ် အဲ့ဒါတွေရှိတယ်။ ကြည့်သာပေါင်းပေတော့။ ပြီး ဒါလောက်ဆိုပြီးရောပေါ့ဗျာ။

သာဓု … သာဓု … သာဓု…

# ဝိသုဒ္ဓိ ခမ္မ သစ္စာတရားတော်
# အမှတ် (၁၀၅)

ဦးပဉ္စင်းက စာပေကျမ်းဂန် မတတ်ပါဘူးဗျာ။ အဲ့ဒီတော့ စာပေကျမ်းဂန်မတတ်တော့ ပြောမှားဆိုမှားရှိရင် အားလုံးနာကြားတဲ့ ဒကာ၊ ဒကာမတွေ၊ ဆရာတော်၊ သမားတော်တွေ၊ သံဃာတော်အရှင်မြတ်တွေ၊ ထေရ်ကြီးဝါကြီးတွေအားလုံး တပည့်တော်ဟာ စာမတတ်ပေမတတ်တဲ့ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ။

ဒါကနောက်ဆုံးနေ့ည ဟောမယ့်တရား သတိပဋ္ဌာန်လေးပါး၊ သစ္စာလေးပါး၊ သဘောလူတွေကိုပြောပြတဲ့ အခါမှာ ပညတ်၊ ပရမတ် နှစ်ခုရှိပါတယ်။ ပရမတ်ကျတော့ ကိုင်တွယ်လို့မရဘူး။ ပညတ်ကျတော့ မနောနဲ့ပြောလို့ ဒီသဘောမှာ ပြောတဲ့အခါမှ စာပေကျမ်းဂန် မတတ်တဲ့အတွက်ကြောင့် အားလုံး ပြောလိုက်တဲ့အခါမှာ မှားသွားတာရှိရင် အားလုံးဦးပဉ္စင်းက တောင်းပန်ပါတယ်။ မြန်မာစာလည်းမတတ်ဘူး။ ဘာမှမတတ်ဘူး။ အဲ့ဒါကြောင့် အသိနဲ့သတိကို ယှဉ်ပြီးတော့ ပြောပြပါမည်။

အသိကတော့ခန္ဓာမှာ အကျင့်ကတော့ ကျင့်ထားတော့ အဲ

သိတာလေးတွေ ပြန်ပြောပြတာ။ ပြောပြတဲ့အခါမှာ သစ္စာနဲ့ပြောပါတယ်။ လိမ်လည်လှည့်ဖြားပြီးတော့ ပြောရင် ဦးပဏ္ဍိတမှာ အပြစ်ဖြစ်ပါတယ်ဗျာ။ ထန်းပင်လည်ပင်းပြတ်သလိုပါဘဲ စာမတတ်လွန်းလို့ ဒီတရားတွေဟာ အဲ့ဒီတော့ ကြားတော့ကြားဖူးတယ်။ အရင်တုန်းကတော့မသိဘူးပေါ့ဗျာ။ အခုအသက် (၆၅)နှစ်အရွယ်ရောက်တော့မှ ဒီတရားကိုကျင့်မှ ဒီအသိ သိတော့မှာပြန်ပြီးတော့ပြောပြတာပါဗျာ။ မြန်မာစာဘာမှမတတ်ဘူးကဲ ဦးပဏ္ဍိင်းပြောပြတာ။

ဘုရားကဟောထားတယ် သဗ္ဗေသင်္ခါရ အနိစ္စတဲ့၊ သဗ္ဗေသင်္ခါရ ဒုက္ခတဲ့၊ သဗ္ဗေသင်္ခါရ အနတ္တတဲ့၊ အဲ့ဒါ ဘုရားဟောတဲ့တရား။ အဲ့ဒီတော့ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ် လက္ခဏာရေးသုံးပါးကို ရှုရတော့ မှာပေါ့ဗျာ။ အဲ့လိုရှုရတဲ့အခါမှာ အဲ့ဒီတော့ဘယ်ဘုံကို အားလုံး ရှုကြတဲ့အခါမှာ ဘုံ(၃)ဘုံလို့ခေါ်တယ်ဗျာ။ စာအရဆိုရင်နော် စာအရနဲ့ ပြန်ပြောတာ ဒီကအသိနဲ့ပြန်ပြောမယ်။ စာရေးတာက(၃၁)ဘုံ ဦးပဏ္ဍိင်း မှာ ရှိတာက ခန္ဓာဆိုတဲ့ကိလေသာမာန်၊ ခန္ဓာဆိုတဲ့ လေ၊ သွေး၊ သလိပ်၊ အရိုး၊ ချဉ်ဆီဆိုတာ အပြီး (၃၂)ကောဋ္ဌာသ တော့ ရှိတယ်။ ဘုံက (၃၁) ဘုံ အဲ့ဒီအောက်ဘုံကနေပြီးတော့ လွတ်တယ် မလွတ်တယ် အကြောင်း လေးကို သဘောလောက်ပဲ ပြောပြပါမယ်ဗျာ။ အဲ့ဒါဟာ (၃၁)ဘုံထဲမှာ လာပြီးတော့ ဘုရားတရားတွေ အားထုတ်ရတယ်နော်။

ဒါကြောင့်မို့လို့ သတိပဋ္ဌာန်နဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကိုယ်မှာရှိတာက ဘာတွေရှိတယ်၊ ကာယကံ (၃)ပါး၊ ဝစီကံ(၃) ပါး၊ မနောကံ(၃)ပါး။ ဒါစာလိုကတော့ရေးထားတယ်နော် အဲ့ဒီကံ တွေဟာ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန်လို့ လေးပါးရှိတယ်နော်။ အဲဒီတော့ ဒီလေးပါးဟာ ကြည့်မယ်ဆိုရင် လောကီနယ်ထဲမှာ စာကရေးထားတယ်၊ ကာမာသဝ၊

ဘာဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝလို့ လေးပါးရှိတယ်ဗျာ။ အဲ့ဒီတော့ ဒီလေးပါးဟာဘာလဲ ဒုက္ခသစ္စာ၊ သမုဒ္ဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိယောဓ သစ္စာလို့ လေးပါးရှိတယ်။ ခုနကကျင့်တာလဲ ကာယသတိပဋ္ဌာန်၊ ဝေဒနာ သတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန်လို့ လေးပါးရှိတယ်။

ကျင့်စဉ်သာအောင်ချင်အောင်မယ်၊ ဒါတော့မပြောတတ်ဘူး၊ အဲ့ဒီတော့ ဒီတရားရတယ်၊ မရတယ်တော့မပြောတတ်ဘူး၊ စာကရေးထားတယ်၊ သောတာပန်တို့ရဲ့အသိ၊ သကဒါဂါမ်တို့ရဲ့အသိ၊ အနာဂါမ်ရဲ့ အသိ၊ ရဟန္တာရဲ့အသိ လေးနည်းရှိတယ်။ ဒါလေးတွေကို အခုကျင့်မှာပေါ့၊ အဲ့ဒီတော့ဘယ်လိုကျင့်မလဲ၊ အဲစာတွေရေးထားတယ်၊ လောဘမီးတွေ၊ ဒေါသမီးတွေ၊ မောဟမီးတွေ၊ တဏှာမာနဒိဋ္ဌိတွေ အဲ့ဒီတော့ ဒါတွေ လုပ်တယ်။ ဘာနဲ့လုပ်လဲ၊ မိစ္ဆာဒိဋ္ဌိနဲ့လုပ်တယ်။

သမ္မာဒိဋ္ဌိက အားနည်းတယ်၊ ငါတတ်တယ်၊ ငါနားလည်တယ်၊ ငါတတ်တယ် ငါ့မယား ငါ့သား၊ ငါပစ္စည်း ငါဥစ္စာ၊ ငါပိုင်တယ် ငါ့အိမ် ငါဆောက်တာ မင်းနဲ့ဘာဆိုင်လဲပြော မနောကဖြစ်တယ်ဗျာ၊ အဲဘယ် သူကိုဂရုစိုက်ရမလဲ ဘာလဲညာလဲဆိုတော့ မနောက မာန်ရှိတယ်။ မစ္ဆရိယ မာန်ရှိတယ် ဒီမာန်ကိုသူကနေဆီတော့ သီလနဲ့လည်းသတ်လို့မရဘူး၊ သမာဓိနဲ့လည်းသတ်လို့မရဘူး ဘာနဲ့သတ်လို့ရမလဲ။ ဉာဏ်ရမှ သဘော ပေါက်မယ် ဒီဉာဏ်ကို ဝိပဿနာကနေပြီးတော့ လာတဲ့ဉာဏ်ပါပဲ။

အဲ့ဒီတော့ ဒီဉာဏ်ကိုရအောင်ရှာမယ်။ အဲ့ဒီတော့ရေးထားတာက ခန္ဓာငါးပါး အဲ့ဒီငါးပါးကိုသူကနေပြီး ကျင့်တယ်။ ခန္ဓာငါးပါးကျင့်ရင် ဘယ်ဟာကျန်သေးလဲ အာရုံ(၆) ပါး အဲ့ဒီခန္ဓာ (၅) ပါးနဲ့ အာရုံ(၆) ပါးက ကျင့်တဲ့သူပဲ သဘောပေါက်ပါတယ်ဗျာ။ အဲဒါကို ခင်ဗျားတို့က သစ္စာနဲ့ပြန်ပြောမယ်။ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တ သတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန် လို့စာကရေးထားတာ။

အဲ့ဒီလို ရေးထားတဲ့အခါကျတော့ ဦးပဥ္စင်းကစာပေကျမ်းဂန် ဘာမှမတတ်ဘူးနော်။ စာကမတတ်တော့ လူ့လောကီမှာ အားကိုးစရာ မရှိဘူးဗျ။ အရင်တုံးကတော့ ရဲထဲမှာ လုပ်ပါတယ်။ နောက်တော့ လခလေး နည်းနည်းရတယ်။ ပင်လယ် အစားစာတွေ လင်မယားတွေ စားကြတယ်။ အဲ့ဒီတော့ ရဲထဲကထွက်တော့ သူမလက်မှုပညာမတတ်ဘဲ လေကီပညာကဘာမှ မတတ်ဘူး။ သူဘာလုပ်ရမလဲ အုတ်သယ်ရတယ်၊ စပါးသယ်ရတယ်၊ ရေထမ်းရတယ်၊ အဲ့ဒီတော့ သူကအင်မတန် ပင်ပန်းတယ်၊ အခြားအလုပ်လည်းမလုပ်တတ်၊ ဘာလို့လုပ်လဲ မွဲလို့လုပ်တာ အဲ့ဒီလိုမမွဲရင် သူမလုပ်ဘူး၊ ကောင်းတာလည်း စွဲတယ်၊ မကောင်းတာလည်းစွဲတယ်။

စွဲတယ်ဆိုတဲ့ အကြောင်းက အဝိဇ္ဇာနဲ့ သင်္ခါရ၊ သင်္ခါရကြောင့်တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဒါ တရားဟောထားတယ် ဥပါဒါန်ခေါ်တယ်။ ဥပါဒါန်ဆိုတာ မြန်မာလို စွဲတာနော် အဲ့ဒီတော့ သံသရာကဘယ်ကလည်းသလဲ ခန္ဓာက စလို့လည်တယ်။ သံသရာဘယ်ကပြတ်သလဲ ခန္ဓာစလို့ပြတ်တယ် ဒါပဲ ရှိတာဘဲ။ ဒါတွေကိုကျင့်ကြဗျ။ အဲ့ဒီတော့ ဒါတွေကိုကျင့်တဲ့အခါမှာ ရှေးဦးစွာ သူက လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ဒီလောကမှာ လူလောကမှာ အပေါင်းအသင်းနဲ့ပေါင်း မဟုတ်တာမတတ်တာတွေလုပ်မှု ဖဲတွေရိုက် အရက်တွေသောက် အဲဒီတော့သူလုပ်ချင်တာလျှောက်လုပ်တာ အဲဒီတော့သားတွေသမီးတွေက မကြည်ဖြူ မယားကလဲမကြည်ဖြူ အဲ့ဒီတော့ မကြည်ဖြူတော့ ဒီလူကြီးအိမ်လာတာ မကြိုက်ဘူး မကြိုက်တော့ ကိုယ်ကလည်းသိတယ်၊ ကိုယ်လုပ်တာလည်းမှားနေတယ် ကိုယ်ကလည်း အိမ်မှာဗိုလ်ကျတော့ အာမိန်းမကမပြောရဲဘူးနော်။ တစ်နေ့ တနေ့ ဒါကြီးဘဲလုပ်တော့ ကြာတော့ ထမင်းတောင်ငတ်တာဘဲဗျို့ ငတ်တော့

မယားကြီးကပြော၊ သမီးတွေကလည်းပြော၊ သားတွေက လည်းပြော၊ လောကီမှာအားကိုးစရာမရှိဘူး။ သားကလည်း ကျောင်းဆရာ မဖြစ်၊ သမီးကလည်းကျောင်းဆရာမ မဖြစ်၊ ဖြစ်ရင်တော့လည်း သူတို့အိမ် ကပ်စား လို့ရတယ်နော်။ ဒီတရားကလောကီမှာ အားကိုးစရာမရှိမှ လက်မှိုင်ချမှတောကို ရောက်ရတယ်ဗျာ့နော်။ သွားပြီးတော့ကို အဲဒီတော့ တောသွားတဲ့ အခါကျတော့ ဘယ်ကိုသွားလဲ။ မြောင်းမြမြို့ကနေမှ ပြီး တော့သူ ဘယ်ကိုသွားမလဲ။ ကုန်းသာကိုသွားမယ်ဗျို့။ လောကီမှာ အားကိုးစရာ မရှိဘူးဗျို့။

အားကိုးစရာမရှိတဲ့အခါ ကြတော့ငါဟာလူတေ၊ လူပေ၊ လူမိုက်၊ လူရှုပ်ပါလား။ ငါဟာ မိစ္ဆာဒိဋ္ဌိတွေချည်း လုပ်ပါလား။ ငါဟာစာရိတ္တ တွေပျက်ပါလား။ ငါစာရိတ္တတွေပျက်ရင် ငါသီလတွေ ပျက်ပါလား။ သီလတွေပျက်ရင် ကံတွေနိမ့်ပါလား ကံနိမ့်တော့ ငါလာဘ်ပိတ်တယ် ငါစိတ်ကိုစစ်ပြီးတော့ သံဝေဂတွေရလို့ မျက်ရည်ကျရတယ်နော်။ အဲဒီ အချိန်သူထွက်သွားပြီး မယားတွေကလည်းပြေးပြီ။ သား သားတွေ သမီး တွေကလည်းပြေးပြီ။ မြိုင်မာလာလမ်း မြောင်းမြမြို့ မှာနေပါတယ်။ အဲဒီတော့ နေတဲ့အခါကျတော့ အေး ငါဟာ ငါ့ဒုက္ခ ငါရှာနေတာ ပါလား ဆိုပြီးတော့ မြောင်းမြကနေပြီးတော့ ကုန်းသာကို မရောက်ခင်မှာ လမ်းက ဗောဓိမြိုင်ဆရာတော် ဈာပန ဝင်ဖူးလိုက်သေးတယ်။

ဈာပနဝင်ဖူးတဲ့ အချိန်မှာ ဆရာတော်ကြီးရဲ့ ရုပ်ပုံတွေ ဘာတွေကို ကြည့်ပြီးတော့ သူမျက်ရည်ကျတယ် သူမသွားချင်ဘူး၊ မလုပ်ချင်ဘူး၊ သူမှာကလည်း အားကိုးမရှိဘူး မနက်စာလည်း မစားရ၊ ညစာလည်းမစားရ အဲဒီလို ဖြစ်တော့ အဲဒီတော့ဆရာတော် သဲအင်းရဲ့ အမြဲလင်းဖွဲ့တင်း တဲ့။ အဲဒီတရား၊ ထကြွခါးမြတောင်ကျင့်ရင် ဖြစ်တာ ဘဲတဲ့ ငါတော့ခါးပြတော့ မတိုက်ဘူး။ ငါဆိုးတာကဆိုးတာပဲ။ ခါးပြ

တိုက်တဲ့သူတောင် ကျင့်ရင်ရသေးတာဘဲ အဲဒီမှာအားလေး တော်တော်ရှိသွားတယ်။ အော် ငါခါးပြမတိုက်ဘူး ငါကျင့်မှုပဲ ဆိုပြီးတော့ အဲဒီကနေပြီးတော့ ဗောဓိမြိုင်ကျောင်းကနေ ထွက်သွားတော့ကုန်းသာ ရောက်တဲ့ အခါကျတော့ ကုန်းသာ ကနေတက်သွားတယ်။ ဘယ်ရောက်လဲ မြစိမ်းတောင်ရောက်တယ် မြစိမ်းတောင်တက်သွားတော့ လူတွေကလည်း သွားကြလာကြ ကရင်အမျိုးသားတွေကလည်း သွားကြလာကြ။ အဲဒီ နေရာလူရှုပ်တာပဲ။ ငါတရှာဝင် တရှာထွက် ငါသွားအုန်းမယ်ဆို သွား လိုက်တာ ဘယ်ရောက်လဲ။ ညောင်ပင်ကြီးကိုရောက်တယ် အခုနက ညောင်ပင်ရွာမှာ အပန်းပြေပြီးတော့ဒီနေရာမှာ လူသူဝေးပါတယ်။ ဘယ်သူမှလည်းမရှိဘူး ဒီနေရာမှာ တရားအားထုတ်ရင် ကောင်းမှာဘဲဆို ကိုယ်ဟာကိုယ်နေမှာဘဲထမင်းကတော့ဘယ်သူကကျွေးကျွေးမကျွေးကျွေး ပူလည်းမပူတော့ဘူး။ ငါဒုက္ခငါရှာမှာဘဲ၊ ဒုက္ခရှာတော့မယ်ဆိုပြီးတော့ သူဒုက္ခကိုရှာတယ်နော်။

ဒါကြောင့်မို့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာလို့ လေးပါးရှိတယ်နော်။ ကာမာသဝ၊ ဘာဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတွေ ဒါတွေပယ်ရမှာပေါ့၊ အဲဒီတော့ ဒါတွေပယ်တဲ့အခါ ကျတော့ ခန္ဓာငါးပါးကို သူမြင်အောင်ရှုရမှာပေါ့ဗျ။ အဲဒီတော့ ဒီ ညောင်ပင်ကြီး ရောက်လာတဲ့အခါကျတော့ ညောင်ပင်ကြီးမှာတော့ တိတ်ဆိတ်တယ် ဒီနေရာမှာ တရားတော့မထိုင်သေးဘူးပေါ့ဗျာ လူစိမ်း ရောက်တော့ရွာ သူရွာသားတွေကလည်း ကရင်အမျိုးသားတွေကလည်း မေးချင်အုန်းမှာဗျ။ ဦးဇင်းက တအောင့်တနားနားပြီးတော့များ မကြာမီ ကရင်တယောက်တက်လာတယ် ခင်ဗျားဘယ်ကလဲတဲ့။ ကျွန်တော် မြောင်းမြကပါလို့ နာမည်ဘယ်လိုခေါ်လဲဆိုတော့ မြမောင်ပါ။ ခင်ဗျားက ဒီကိုဘာလာလုပ်တာလဲ။ ဒီမှာကျွန်တော် တရားအားထုတ်တာမို့ ဒီကိုလာ

တယ်ဗျာ။ ခင်ဗျားဒီနေရာရောက်ဖူးလားတဲ့။ ရောက်တော့မရောက်ဖူးဗျာ။ ဘူမိနတ်သန်လေးကောင်းလို့ ကျွန်တော်တရား အားထုတ်မယ်လို့ စိတ်ထဲမှာ ဒီနေရာမှာဆုံးဖြတ်ပါတယ်ဗျာလို့။ ဟာ ဒီတောင်မှာမလုပ်နဲ့ဗျာ့ ကျုပ်တို့ နေ့ခင်းတောင်မတက်ရဲဘူးတဲ့ ကျုပ်တို့ ဒီတောင်ပေါ်က ဖက်ခြောက်တွေကိုရူးပြီးတော့ ကွမ်းခြံမှာအုပ်ပါတယ်ဗျ ဒီတောင်က ကြမ်းတယ်၊ ခင်ဗျားမကြောက်ဘူးလားတဲ့။ သေလည်း ပြီးတာပါဘဲဗျာ၊ ကြောက်တယ် မကြောက်တယ် စိတ်ထဲမထားတော့ ပါဘူးဗျာ။ တရားဘဲအားထုတ်ချင်တယ်။ အေးခင်ဗျားတရားအားထုတ်မယ် ဘယ်က ထမင်း ကျွေးမလဲတဲ့။ ကျွေးချင်တဲ့သူကျွေးပေါ့ မကျွေးချင်လည်း ပြီးတာပေါ့ဗျာ။ ဖြစ်ချင်တာဘာဖြစ်ဖြစ်ဆိုပြီးတော့ ဆုံးဖြတ်ခဲ့တာပါဗျာ။ ဒါဖြင့်ခင်ဗျားတရားအားထုတ်ချင်ရင် ကျုပ်ထမင်းကျွေးမယ် တဲ့။ ဟော သူထမင်းကျွေးပြီဗျ တရားကတော့ အားမထုတ် ရသေးဘူး။ သူက ထမင်းကျွေးတယ်။ အားပေးတယ်နော်။

အဲဒီ ကရင်နာမည် ဦးပေါ်လု ခေါ်တယ်။ ဦးပေါ်လုက ထမင်း ကျွေးမယ်ဆိုတဲ့ ဦးဇင်းဒီနေရာမှာ တရားအားထုတ်မယ်။ အဲဒါ နိက္ခမတော လို့ စာမှာခေါ်တယ်ဗျနော် လောကီကိုအားလုံးရှိသမျှ ဝိစိကိစ္စာတွေကိုသူ ဘာမှမလုပ်ပါဘူးတဲ့။ အရက်လည်းမသောက်ပါဘူး၊ ဖဲလည်းမရိုက်ပါ ဘူး၊ မဟုတ်တာ မမှန်တာ တွေလည်းမပြောပါဘူး၊ ရပ်ကွက်ထဲမှာလည်း မသောင်းကြမ်းပါဘူး၊ မြို့ထဲမှာလည်း မသောင်းကျန်းပါဘူး တောထဲ သွားပြီဗျို့တဲ့နော်။ တောကတော့ အနက်ကြီးမဟုတ်ပါဘူးဗျာ။ တော လေးပါပဲ၊ လူသူဝေးတဲ့နေရာမှ အဲဒီတော့မှ ကာယသတိပဋ္ဌာန်လို့ စာက ရေးထားတယ်။

အဲဒီတော့ကိုယ်မှာရှိတာက ခန္ဓာငါးပါး(၅)ပါး မြင်အောင်ကြည့် ရမယ်။ ခန္ဓာငါးပါးကို မြင်အောင်ကြည့်ရင် အာရုံ(၆)ပါးကို သူ

သမ္မာဒိဋ္ဌိသိမ်းထားတယ် မိစ္ဆာဒိဋ္ဌိနဲ့ သိမ်းထားတာမဟုတ်ဘူးနော်။ အရင်တုန်းကတော့ အာရုံ(၆)ပါးကို မိစ္ဆာဒိဋ္ဌိတွေနဲ့ လုပ်တာ။ အခုသမ္မာဒိဋ္ဌိနဲ့ အာရုံ(၆)ပါးကိုသိမ်းပြီဗျတဲ့။

အဲဒါသမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ အဲဒါဘုရားပြောတဲ့တရား။အဲဒီတရားနဲ့ဦးမြတ်မောင်ရဲ့နှလုံးရဲ့အသိနဲ့တစ်ထပ်ထဲထားတယ်။ ဘုရားဟော ဒါသမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သူ့ရဲ့ဘဝစိတ်နဲ့ အဲဒီတရားဟောတဲ့စာတရားနဲ့ တစ်ထပ်ထဲကျသွားတယ်နော်။ သမ္မဝါစာ၊ သမ္မကမ္မန္တ၊ သမ္မာအာဇီဝ၊ ဘာလဲမြန်မာလို။ အဲဒီတော့မှန်တာကိုကျင့်ပါ မှန်တာကိုပြောပါ။ မှန်တာကို အသက်မွေးဝမ်းကြောင်းပြုပါတဲ့။ ဒီနှစ်လမ်းက လျှောက်မှာကို။ အဲဒီတော့ ကာယသတိပဋ္ဌာန်၊ ကာယမရှိတဲ့ ကာယကံမှုတွေ ဝစီကံမှုတွေ မနောကံမှုတွေ အဲဒီ ဒုစရိုက်(၁၀) ပါး ကိုပယ်မှာကို။

အဲဒီတော့ဒုစရိုက်(၁၀)ပါးကို ပယ်တဲ့အခါကျတော ဥပမာမြို့ထဲမှာ မဟုတ်တာတော့မလုပ်ပါဘူး၊ အရက်မသောက်ပါဘူး၊ ဖဲမရိုက်ပါဘူး၊ သားမယားနဲ့ မပေါင်းပါဘူး ဘာမှမလုပ်ပါဘူးနော်။ ဒါဘာလဲ အာရုံ(၆)ပါး ဘာပိတ်တာလဲ ဝစီပိတ်ခေါ်တယ်။ အပြင်တံခါးမြင်ချင်လား၊ မမြင်ချင်ဘူးလား၊ ကြားလားမကြားချင်ဘူး၊ အဲ သိလားမသိချင်ဘူး ချင်(၃)ချင်ကို ရှောင်ပစ်လိုက်တယ်နော်။

အဲဒီတော့မှ သူက တရားအားထုတ်တယ်။ ကာယသတိပဋ္ဌာန်၊ ကာယကံ၊ ဝစီကံ၊ မနောကံ ဒီကံ(၁၀)ပါး ဒုစရိုက်တွေ အကုန်သိမ်းဖြစ်လိုက်တယ်။ ဘာနဲ့သိမ်းလဲ၊ သမ္မာဒိဋ္ဌိနဲ့သိမ်းတယ်။ သမ္မာဒိဋ္ဌိနဲ့ သိမ်းပြီးတော့ ပညာဘက်ကို ကူးယူမယ်နော်။ ဒီဝိပဿနာ ခန္ဓာ(၅) ပါးကို အရင်ရှာတယ်။ အာရုံ(၆) ပါးက သမ္မာဒိဋ္ဌိနဲ့ သိမ်းတယ်။ ခန္ဓာ(၅) ပါးကို နှလုံးသွင်းတယ်နော်။ ဒီသဘောလေးဘဲ ဒါကြောင့်မို့ခန္ဓာ (၅)

ပါးကို ဘယ်သူ့ကို အခြေခံမလဲ။ အကျိုး တရားကိုသူရှာတယ် အကျိုးတရားက ဘာလဲ၊ ရုပ်တရား ရုပ်တရားကဘာလဲ ဒုက္ခသစ္စာ၊ အဲဒီဒုက္ခသစ္စာကို အဲဒီအကျိုးတရားက အကြောင်းတရားလို့ ပေါ်လာတယ်။ ဘာအကြောင်းလဲ။ ဒီဝေဒနာတွေပေါ်လာတဲ့အကြောင်းတရား အဲဒီတော့ ညတရားထိုင်တဲ့အခါမှာ ဝေဒနာတွေပေါ်လာတယ်။ ဒါမြန်မာလိုပြန်ရင် ထုံတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ ဒါပညတ်ခေါ်ဝေါ်သမှတ်ပေးလိုက်တာ။ အမှန်ကတော့ပေါ်တယ်။ တရားသမားအဲဒီဝေဒနာဟာ ဒီလိုထိုင်လိုက်တဲ့အခါမှာ ဝေဒနာတွေကမခံသာ မှန်ပါပြီ။ ဒီတရားခံသာလျှင် သံသရာ ကြောမျောလိမ့်မယ်အများ။

ဒီနေရာမှာ ဝေဒနာတွေကိုရှုတယ်။ အဲဒါကာယသတိပဋ္ဌာန်ခုနက သူရက်ကိုလစားတယ် လကိုနှစ်စားတယ် တစ်ရက်ပြီးတစ်ရက်သူ ရက်ပေါင်းလပေါင်းတွေ နှစ်ပေါင်းတွေ ဖြစ်လာတယ်။ အဲဒီတော့မှ ဝေဒနာက ပြင်းပြင်းထန်ထန်ဖြစ်လာတယ်။ ဒါကျင်တဲ့လူဘဲသိတယ်ခန္ဓာ (၅)ပါးအကြောင်းကို ပြောပြတာပါဗျာ့။

စာတော့တစ်လုံးမှ မတတ်ဘူး အဲဒီတော့သူထိုင်နေတဲ့အခါမှာ ဝေဒနာတွေပေါ်တယ်၊ ခုနသူဆိုသွားပြီမခံသာမှန်ပါပြီ ဒီတရားခံသာလျှင် သံသရာကြောမျောလိမ့်မယ်ဗျာ။ အဲဒီတော့ဝေဒနာမှာတဏှာ ဝေဒနာမှာ ငါမရောစေနဲ့ ဆိုတာဘာလဲ၊ ဝေဒနာပေါ်လာတဲ့အခါမှာ တောင့်ထားတယ် တင်းထားတယ် ငါဟာချစမ်းကွ ငါလည်းအံကြိတ်ခံမယ်။ အဲဒါ ငါ ခံထားတယ်။ ဝေဒနာမှာအဲ့ဒီနားမှာ အသာလေး၊ အသာလေး ရှုကွက်ကလေး ရှုသွားပါ။ အဲဒီတော့ဝေဒနာရဲ့အာရုံကို အသိလေးက ကပ်ထားပါနော်။ အဲဒီအသိလေးကပ်ထားတဲ့ အခါမှာ သဘောပေါက်တယ်။

ဒီကာယသတိပဋ္ဌာန်မှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ အဲဒါကသီလမဂ္ဂင်။ သီလမဂ္ဂင် ဆိုတာ မြန်မာလို စိတ်ပိုင်နဲ့ဘာလဲ။

ဒီအချိန်မှာ သမ္မာလမ်းကြောင်းပေါ်မှာ တက်နေတဲ့အခါမှာ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ဆိုတဲ့အနုသယတွေ သုပယ်နေပါပြီတဲ့။ အတွင်းစိတ်တွေ ပယ်နေပါပြီတဲ့။ ဒါတွေဟာစွဲလို့တွေးတာ အဲဒီ အစွဲ တရားကိုသတ်တာပါတဲ့ အဲဒီတော့ တွေးရင်စွဲမယ်နော်တဲ့။

အဲဒီတော့စွဲလို့တွေးတာ အနုသယ ဘဝင်စိတ်ကို သုသတ်နေတာပါတဲ့။ ဘဝင်စိတ်ကလေး ငြိမ်တော့မှ သုလောဘ ဒေါသအာရုံကို သုက ဒီအာရုံကိုမယူပါဘူးတဲ့။ အဲဒီတော့ထိတာကရုပ်၊ သိတာကနာမ်၊ ထိတာကလည်းမမြဲ၊ သိတာကလည်းမမြဲဘူးတဲ့ မမြဲတာဟာအနိစ္စပါတဲ့။ ဒါလေးတွေသုယူသွားတယ် အဲဒီလိုတရားထိုင်နေတဲ့အခါမှာ ကာယသတိပဋ္ဌာန်က အဲဒီတော့ဝေဒနာတွေ သုပေါ်လာတယ်နော်။ ပထမက တော့ သီလကို အုတ်ပန္နက်ရိုက်ပါတယ်။ သီလ အုတ်ပန္နက်ရိုက်ပြီးတော့ သမ္မာဓိဆိုတာဘာလဲ။

အဲဒီတော့ အနုသယ ဒွိစိတ် အဲဒီတော့ လောကီ အကြောင်းတွေမှ မတွေးတော့ပါဘူး။ အဲဒီတော့ ကာယသတိပဋ္ဌာန်တဲ့ ကာယသတိပဋ္ဌာန် အသိကနေ ဘယ်ကိုတက်သွားသလဲတဲ့ ကာယသတိပဋ္ဌာန် အသိကနေပြီး တော့ ဝေဒနာသတိပဋ္ဌာန်ကို တက်သွားပါတယ်တဲ့။ ဝေဒနာသတိပဋ္ဌာန် မှာတဲ့ အများကြီး သုသည်းခံပါတယ်တဲ့။ ဘာတွေသည်းခံသလဲတဲ့။ ဒီဘဝမှာသု ဖဲရိုက်တာ၊ ဖဲလိမ်ရိုက်တာ၊ အရက်သောက်တာတဲ့၊ သုများသားသမီးတွေဖျက်စီးတာတဲ့။ အဲဒီမကောင်းတာတွေလုပ်လာတဲ့ မိစ္ဆာဒိဋ္ဌိဟာ ဟောဒီ ဝိပဿနာမှာတဲ့ အဲဒီကံတွေဟာ ကမ္မရဲ့ဝဋ်တွေ ခံနေရပါတယ်တဲ့။ ဒီကံဟာသုတစ်ယောက်ထဲ ကြိတ်မှိတ်ခံပါတယ်တဲ့။ သားကလည်း မကူနိုင်ပါဘူးတဲ့။ မယားကလည်း မကူနိုင်ပါဘူးတဲ့။ အဖေလည်း မကူနိုင်ပါဘူးတဲ့။ ဘယ်အမျိုးမှလည်းမကူနိုင်ပါဘူးတဲ့။ သု ဝေဒနာသုခံစားနေရပါတယ်တဲ့။ မခံသာမှန်ပါဘိ ဒီတရားခံသာလျှင်

သံသရာကြောမျောလိမ့်မယ်ဗျတဲ့။ အဲ့ဒီဝေဒနာတွေ သူခံနေရပါတယ်တဲ့ ဒီဝေဒနာတွေကိုလည်း လမ်းဆုံးပန်းတိုင်ရောက်အောင် ဝေဒနာဆုံးအောင် လိုက်တော့ ဝေဒနာမဆုံးပါဘူးတဲ့။ ဒီဝေဒနာချုပ်မှ တဏှာပြတ်မှာ။ ဝေဒနာဟာပေါ်အုံးမှာဘဲ။ (၃) နှစ်လည်းပေါ်အုံးမှာဘဲ ဒီဝေဒနာ တော့ ဘာဖြစ်လို့လဲ၊ ဒီဝေဒနာမှာ သူမကောင်းတာတွေ ဒုစရိုက်တွေ ပွားများ လာတဲ့အတွက်ကြောင့် ဒီကမ္မဘဝရဲ့ ကံတွေဟာ သူခံရပါတယ်တဲ့၊ အကုန်ကြုံပြီးခံရပါတယ်တဲ့။ သေသွားရင် တစ်ဘုံတစ်ဘဝမဖြစ်ပါဘူးတဲ့ ဒီမှာတင်လောလောဆယ် ငရဲခံနေရပါတယ်တဲ့။ ဒီနေရာမှာကမ္မဝဋ်ကို တစ်ခါတည်းကြေအောင် သူသည်းခံပါတယ်တဲ့။

ဒါကြောင့်မို့ ကာယသတိပဋ္ဌာန်အသိကနေ ဘယ်ကိုတက်သွား သလဲ။ ဝေဒနာသတိပဋ္ဌာန်ကို တက်သွားပြီး ဝေဒနာသတိပဋ္ဌာန် ကနေ ပြီးတော့ သူအသိ ကပ်ထားပါတယ်။ အဲ့ဒီတော့ မခံသာမှန်ဘာဘိ ရုပ်အကျိုးနာမ်အကြောင်းအကျိုးနဲ့အကြောင်းသာဖြစ်တယ်အကြောင်းနဲ့ အကျိုးသာ ဖြစ်တယ် ဖြစ်တယ် ဖြစ်တယ်၊ အော် ဝေဒနာတွေပါလား ဝေဒနာတွေပါလား။ ဟော ဝေဒနာတွေနဲ့ သမ္မာဓိကောင်းကောင်း၊ အဲ ခုနကက သီလလည်း ပြည့်စုံပါတယ် သမာဓိလည်းပြည့်စုံပါတယ်တဲ့။

ဒီသမာဓိက တည်ကြည်ပါတယ်တဲ့။ အတွင်းစိတ်မရှိပါဘူးတဲ့ လောကီစိတ် မရှိပါဘူးတဲ့။ လောကုတ္တရာသမာဓိပါတဲ့။ အဲ့ဒီတော့ သမာဓိဆိုတာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာသတိ၊ သမာသမာဓိ ဒီလိုသမာဓိမျိုးတွေပါ။ သူဒီလိုတရားတွေထိုင်နေပါပြီးတဲ့။ ဒီလိုတရားတွေတောင်းနေတဲ့အချိန်မှ ဝေဒနာသတိပဋ္ဌာန် နေပြီးတော့ တဖြည်းဖြည်း ဝေဒနာသတိပဋ္ဌာန်ပေါ်လိုက်၊ စိတ္တဝိပဿနာတလှည့် ပေါ်လိုက်၊ စိတ္တသတိပဋ္ဌာန်ပေါ်လိုက်၊ စိတ္တသတိပဋ္ဌာန်ကျတော့ သက် သာလာတယ်ဗျို့။ ဟာတယ်ထူးပါလားနော် ကာယသတိပဋ္ဌာန်၊ ဝေဒနာ

သတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မသတိပဋ္ဌာန်။ စာကရေး ထားတာဗျ။

အဲ့ဒီတော့ ခုနကရေးထားတာ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိယောဓသစ္စာ၊ မဂ္ဂသစ္စာ။ ဒါကဒီအပိုင်း ဟိုဘက်ကအပိုင်းက ကမ္မသဝ၊ ဘဝါသဝ၊ဒိဋ္ဌာသဝ၊အဝိဇ္ဇာသဝ။ဒါဒီဘက်လိုင်းသောတာပန်ကြီးရဲ့အသိ၊ သဒါဂါမ်ကြီးရဲ့အသိ။ အဲ့ဒီတော့ အနာဂါမ်ကြီးရဲ့အသိ ရဟန္တာရဲ့အသိ ဒါလေးမျိုးရှိတယ်။ သူကတောင်ထိန်းချုပ်ပြီးတော့ တက်လာတဲ့အခါမှာ ကာယသတိပဋ္ဌာန်သည် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတွေ ဒုစရိုက် တွေသူ့မှာ လုပ်နေပါတယ်တဲ့။ သူဘယ်ကိုမှလည်းမသွားပါဘူး၊ ဘာမှ လည်း မလုပ်ပါဘူးတဲ့။ ဘာခံနေရလည်း သူနောက်နောင်တုန်းက လုပ်လာတဲ့ သူ့ဘဝကလုပ်လာတဲ့ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ တဏှာမာနစိတ်တွေ မိစ္ဆာဒိဋ္ဌိရဲ့စိတ်တွေ ဝိပဿနာမှာ ဝေဒနာ သတိ ပဋ္ဌာန်ကို ရှုနေရပါပြီတဲ့။ မလွတ်သေးပါဘူးတဲ့။

အဲ့တော့ မခံသာမှန်ပါဘိ ဒီတရားခံသာချင် ဒီသံသရာကြော မျောလိမ့်မယ်။ ခုနက အာရုံ(၆)ပါးကို ဘာနဲ့ပိတ်ထားလဲ။ သမ္မာဒိဋ္ဌိနဲ့ ပိတ်ထားတယ် သမ္မာဒိဋ္ဌိနဲ့ပိတ်ထားတဲ့ ခန္ဓာ(၅)ပါးကို သမာဓိနဲ့ သည်းခံ ထားတယ်။ မိစ္ဆာဒိဋ္ဌိမဟုတ်ဘူး သမ္မာလမ်းကြောင်းက တက်ထားတာ ကိုဗျ။ အဲ့ဒီတော့မှ သမာဓိတက်နေပြီ။ သမာဓိနဲ့တက်နေတဲ့ အတွက် ကြောင့် အဲ့ဒီတော့ ဝေဒနာတွေတလှည့် စိတ္တာနုပဿနာ၊ စိတ္တာ နုပဿနာကျတော့ အလွန်ကောင်းတယ်ဗျို့။ ဘာ ကောင်းသလဲ ဆိုတော့ ကျင့်တဲ့သူပဲသိတယ်။

အဲ့ဒီတော့မှ ဝေဒနာ သတိပဋ္ဌာန် တဖြည်းဖြည်းတဖြည်းဖြည်း လျော့ပါးလာတဲ့အခါမှာ ဘယ်သတိပဋ္ဌာန်ကို သူရှုညွှန်းနေသလဲ။ စိတ္တ သတိပဋ္ဌာန်ကို သူပျော်ပြီဗျို့ နော်။ အဲ့ဒီစိတ္တသတိပဋ္ဌာန်မှာ သူကျင့်တာ နေ့ရောညရော ကျင့်တယ်ဗျို့။ စာပေကျမ်းဂန်က ရေးထားတယ်။

ကာယသတိပဋ္ဌာန်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။ အဲ့ဒါ မှန်တာကိုကျင့်ပါ မှန်တာကိုပြောပါ အသက်မွေးဝမ်းကြောင်းပြုပါ။ သီလမဂ္ဂင်၊ ဘုရားကရေးထားတာ။ သီလ အဲ့ဒီသီလဟာ ဘာတွေလာလဲ။ အနုသယကို ပယ်သတ်တဲ့သီလ။ အနုသယဆိုတာ ဘဝင်စိတ်ငြိမ်အောင်လုပ်တဲ့သီလ၊ အဲ့ဒီတော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာမာန၊ ဒိဋ္ဌိ၊ အနုသယတွေမှာ သူမှာပယ်နေပြီ။ အဲ့ဒီသီလက မဂ္ဂင်သွားတဲ့သီလခေါ်တယ်ဗျို့။

အဲ့ဒါသီလရယ် သမာဓိ ရယ် ပညာရယ် အဲ့ဒါကကျင့်သွားတဲ့လမ်းခုနက သောတပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ၊ သီလကတော့ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အခုနက တက်သွားတဲ့သီလက အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာနော်။ ဒါသီလမဂ္ဂင်တွေခေါ်ပါတယ် အဲ့ဒီကနေပြီးတော့ သီလရယ်၊ သမာဓိရယ်၊ ပညာရယ် ဒါမဂ္ဂင်လမ်းကို တက်တဲ့သီလ။ ပြီးတော့ဒီနေရာမှာ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဒုစရိုက် (၁၀)ပါးကိုက ပေးနေပါတယ်၊

အဲ့အနုသယဆိုတာ ဗျာပါဒစိတ်၊ မိစ္ဆာဒိဋ္ဌိစိတ်၊ အဘိစ္ဆာစိတ် ဒါမနောကဖြစ်တဲ့စိတ်၊ ဒီစိတ်တွေငါ့မှာရှိသေးလား။ ဒီစိတ်တွေကို ဥပေက္ခာပြုပြီးတော့ ဘယ်ဟာကိုနှလုံးသွင်းမလဲ။ သိတယ် သိတယ် သိတယ် သိတယ် အသိကိုယူပါတယ်။ သိတာလွဲမပြဲဘူး သိတယ်မပြဲဘူး။ ဒါနဲ့ အဲ့ကနေပြီးတော့ ဝေဒနာဘက်ကိုတက်ပါတယ်။ အဲ့ဒီတော့ ကာယသတိပဋ္ဌာန်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ အဲ့ဒါ သီလမဂ္ဂင်ခေါ်တယ် အဲ့ဒီသီလမဂ္ဂင်ကနေတက်သွားတယ်နော်။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ အဲ့ဒါသမာဓိမဂ္ဂင်တက်လာပြီနော်၊ သမ္မာဝါယမဆိုတာ သမ္မာဆိုတာမှန်သွားပြီ။ ဝါယမဆိုတာ နေ့မအိပ်ညမအိပ် အုန်းသီးကိုခေါင်းအုံးပြီးတော့ ကျင့်ပြီဗျို့နော်။

ဒါကြောင့် သဒ္ဒါဗိုလ်တွေ၊ သီလဗိုလ်တွေ၊ ဝီရိယဗိုလ်တွေ၊ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေ၊ အဲ့ဒီတော့ သမ္မာဝါယမအသိကနေ ဘယ်တက်သလဲ၊ သမ္မာသတိ၊ သမ္မာဝါယမ လုံ့လစိုက်ထုတ့် ဝိပဿနာရဲ့ သတိပဋ္ဌာန်လေးပါးကို နှလုံးသွင်းထားပြီး သမ္မာဝါယမ လုံ့လစိုက်ထု ပြီးတော့ ဝိပဿနာရဲ့သတိတွေကို အမြဲတမ်းသွင်းထားပြီး သမ္မာဝါယမ ကနေ ဘယ်တက်သွားလဲ၊ သမ္မာသတိ၊ သမ္မာဝါယမ လုံ့လစိုက်ထုတ့် ဝီရိယအကျိုး။ သတိကနေပြီးတော့ အမြဲတမ်းနှလုံးသွင်းနေပြီ။ အဲ့ဒီတော့ လောကီအာရုံ ဘာမှမရှိတော့ဘူး။ အလုပ်လုပ်တဲ့အာရုံကို အသိကနေ ကပ်ထားပြီးသမ္မာသတိခေါ်တယ်။ သမ္မာသမာဓိဆိုတာ၊ အဲ့ဒါသမ္မာဓိမဂ္ဂင် အဲဒီနေရာမှာ အတွင်းသမာဓိ၊ အပြင်သမ္မာဓိ၊သူဖြစ်လာပြီ။

ဟော.... ဒီနေရာကျတော့မှ ကာယာနုပဿနာကို ကူးတော့မှာ ကို ဝေဒနာနုပဿနာ စိတ်ကနေပြီးတော့ ကာယနုပဿနာစိတ်။ အဲ့ဒီတော့ ဦးဇင်းက စာမတတတ်ဘူးနော် ကာယာနုပဿနာ၊ ဝေဒနာ နုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ၊ အနုစိတ်စိတ်၊ ဘဝင်စိတ် ကာယာနုပဿနာက ဘာတွေဖြစ်လာလဲ၊ ဝေဒနာသတိပဋ္ဌာန် ကနေ ပြီးတော့ ကာယနုပဿနာကကူးလာတဲ့ ဝေဒနာနုပဿနာ၊ စိတ္တာ နုပဿနာ၊ စိတ္တ နုပဿနာမှာ ရောက်တဲ့အတွကကြောင့် သူ့ဟာ ပဋ္ဌိစ္စသမုပ္ပါဒ် ပေါ်လာပြီ ဒီနေရာမှာ ပဋ္ဌိစ္စသမုပ္ပါဒ်ရဲ့ အာရုံနဲ့ကိုယ့်ရဲ့ အသိလေးနဲ့ ကပ်ထားတယ် အဲ့ဒါကို မဂ်လမ်းကို လမ်းဆုံးအောင် တက်တယ်။ အဲ့ဒီတော့ ပဋ္ဌိစ္စသမုပ္ပါဒ် ရပ်တာလည်းသိတယ်၊ လည်ထား လည်း သိတယ်၊ အဲ့ဒါခန္ဓာမှာရှိတယ် ခန္ဓာမှာ တစ်ချို့ကျင့်တဲ့သူ ရှိသလို ကျင့်တဲ့သူမရှိတာတွေလည်း အများကြီး ရှိလိမ့်မယ်နော်။ ခန္ဓာမှာရှိ ကာယ စိတ္တာနုပဿနာတွေဘာလဲ။

အဲဒါစာထဲ မပါပါဘူးဗျို့။ ခင်ဗျားတို့ကိုပြောပြမယ် မနောအာရုံ၊

လောကီအာရုံကနေပြီးတော့ လောကီအာရုံကနေ လောကုတ္တရာအာရုံ ကူးလာတယ်ဗျို့။ ကူးလာတဲ့အခါမှာ စိတ္တာနုပဿနာ မနောစိတ်၊ မနောအာရုံ၊ သူမှာဖြစ်နေပြီ။ ဘာကောင်းသလဲတော့ မပြောနဲ့ သွေးသား ပြောင်းတယ်။ စိတ်ပြောင်းတယ်။ သွေးသားကဘာလဲ ဟိုတုန်း က ကိလေသာ သွေးသားတွေပေါ့ဗျာ။ ခန္ဓာ(၅)ပါး အာရုံ(၆)ပါး အဲ့ဒီအာရုံ (၆)ပါးကဒိဋ္ဌိ အဲ့ဒီတော့ ဒိဋ္ဌိသဘောပေါက်လာတယ် ခန္ဓာ (၅) ပါး ပယ်တော့မယ်။ ဒိဋ္ဌိပယ်ရင် အာရုံ(၆)ပါးပြတ်တော့ တာဘဲဗျို့။ အဲ့ဒီကောင်က အလိုအလျောက်ပြတ်ရတယ် ခန္ဓာ(၅)ပါး ဆိုတာဘာလဲ ဦးဇင်းက စာတော့မတတ်ဘူး။ မြန်မာလိုပြောပြမယ်။ ပထမဒုက္ခသစ္စာ၊ ဒုတိယသမုဒယသစ္စာ၊ အဲ့ဒီဒုက္ခကို မြင်အောင် ကြည့်။

သမုဒယကိုပယ်မယ် ဒုက္ခမှာပေါ်လာမယ် ဥပမာ ဝေဒနာက ခန္ဓာ၊ သညာနက္ခန္ဓာတို့ ဥပါဒါန်ခန္ဓာတို့ သင်္ခါရခန္ဓာတို့။ ဒါဦးဇင်းက စာမတတ်ဘူး အဲ့ဒီရုပ်ပေါ်မှာ ပေါ်လာတဲ့ အင်မတန် နူးညံ့တဲ့ သိမ်မွေ့တဲ့ ဖြစ်နေတာကို ဒီကနေပြီးတော့ အမြဲတမ်း သတိပဋ္ဌာန်နဲ့ စဉ်းစားနေတယ်။ ရုပ်ကရုပ်ပေါ်မှာပေါ်လာတဲ့ ဝေဒနာတွေပါလား အကြောင်း တရားပါလား။ ဒီရုပ်ကဒုက္ခသစ္စာပါလား။ ဒုက္ခသစ္စာပေါ်မှာ အကြောင်းတရားတွေ ပေါ်နေပါလား။ အဲ့ဒီအကြောင်းတရားတွေက အခုတမျိုး အခုတမျိုး အမျိုးအဖန်ဖန် တလဲလဲ ဖြစ်နေပါလား။ မနက် တမျိုး သဘက်ခါတစ်မျိုး အမျိုးမျိုးပြောင်းလဲနေတာ။ ဒါတွေကို နှလုံးသွင်းပြီးတော့ ကြည့်တဲ့အခါမှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမာဝါယမ လုံ့လစိုက်ပြီးတော့ နေ့လည်းမအိပ် ညလည်း မအိပ်ဘူး သူကျင့်တာ သမ္မာဝါယမ ကျင့်တာနဲ့ အသိကို အမြဲတမ်း နှလုံးသွင်းနေတယ် သမ္မာသမာဓိ ရောက်လာတဲ့ အခါကျတော့ သက်သာ လာပြီနော် သမာဓိ နှလုံးဖြစ်လာပြီ။

အဲ့ဒီတော့မှ သမ္မာသမာဓိကနေပြီးတော့ ဟာဒီ တရားတွေ တော်တော်ထူးဆန်းပါလား ဆိုပြီးတော့ သူဒါပဲလုပ်နေတယ်။ ထမင်း စားရမှန်းလဲသူမသိ။ အိပ်ရမှန်းလည်းသူမသိ ဘာမှလည်း သူမသိ။ ဒါပဲလုပ်နေတယ် ဟိုဘက်ရေစုန်လိုက်ရပြီဗျို့ အစတုန်းကတော့ ရေဆန် ကြီးတက်ရတာ။ သမ္မာန်ကလည်းအို ရေကလည်းဆန် အဲဒီ သမ္မာန်အို ကြီးက ပေါက်လိုက်တာကလည်း တဖြန်းဖြန်း ဖြစ်နေတာပဲ။ ဘယ်က ရေတွေထွက်မှန်းရေတွေ ထွက်မှန်းလည်း မသိဘူးဗျာ။ အဲဒီတော့သမ္မာန် ကလည်းပေါက်၊ ရေကလည်းဆန် မနည်းတက်နေရတယ်။ အဲဒီတောင် ကလည်း ရေတွေကျမခံနိုင်ဘူး။ တက်ရတာ ဇွဲသတ္တိကိုတင်ထားတယ်။

အဲဒီတော့ သဒ္ဓါဆိုတာယုံကြည်တာဒီဘုရား၊ တရား၊ သံဃာ ကို ယုံကြည်ပြီး အဲဒီတော့ယုံကြည်ပြီး သူလုပ်လုပ်လာတော့ သူ နောက်မဆုတ်ဘူး လုပ်တာဘဲဗျို့။ နေ့ကျင့်၊ ညကျင့် လူတွေနဲ့ အတွေ့ မခံတော့ဘူး။ လူတယောက်တွေ့လို့တောင်၊ ဦးပေါ်လုခင်ဗျား ကုတင် ပေါ်တောင် တင်ထားပေးလိုက်၊ စားချင်လည်းစားမယ် မစားချင် လည်း မစားဘူး။ ခင်ဗျားကြည့်လဲ မနေနဲ့ပြန်ပေတော့။ ကရင်ကို ကရင်ကြီးက ချိုင့်လေးနဲ့ပို့ပြီးတော့ပြန်တာ အဲဒီတော့ ကာယသတိပဋ္ဌာန် ကနေပြီးတော့ ဝေဒနာသတိပဋ္ဌာန်။ ဒါပြောတော့သိပ်လွယ်တာ သိပ်မြန် သွားတာဘဲ။ ရက်ကိုလစားတယ် လကိုနှစ်စားတယ် တစ်နှစ်ပြီးတစ်နှစ် မဆုံး။ သူဟာ နောက်ကျမှ စိတ္တာနုပဿနာကြောင့် သက်သာလာ တယ်ဗျို့။

အဲ ဥပမာ ပြောပြမယ်ဆိုရင် ဖားလေးများလိုပေါ့ဗျာ။ ဖား ကလေး ဟာ အပေါ်ကလဲပူတယ်ဗျို့ နေကလည်းပူတယ် အောက်ကသဲတွေ ကလည်း ပူတယ်ဗျို့။ အပေါ်ကလည်း ပူအောက်ကသဲတွေ ကလည်းပူ၊ ဖားက ဟစ်ဟစ်ဖြစ်နေတာ။ အဲဒီတော့ဖားကလည်းဟာ မလူးနိုင် မလိမ့်နိုင် ဖားကအတင်းခုန်တော့တာဘဲဗျို့။ ခုန်တော့ ခုန်ရင်း ခုန်ရင်းနဲ့

ဘယ်ရောက်တာဆိုတော့ ရေအိုင်ရောက်တာဘဲဗျို့။ ရေအိုင် ရောက်တဲ့ အခါကျတော့ အဲဒီမှာတခါထဲ စိမ်နေတာပေါ့။ ကောင်းလိုက် တာကွာ။ ဘာကောင်းမှန်းလဲ မသိ။ အဲဒီရေအိုင်ထဲ စိမ်နေရင်းက တခါမှ မဖြစ် ဘူးသေးဘူး။ ရှေ့သွားရအုံးမှာကိုဗျ။

အဲဒီတော့ စိတ္တာနုပဿနာလုပ်မှ ဟာ တယ်ထူးပါလား ဒီတရား တွေအဲဒီတော့ ဝေဒနာတွေ သဘောပေါက်တယ်ဗျို့။ ကာယသတိပဋ္ဌာန် သဘောပေါက်တယ်ဗျို့။ စိတ္တသတိပဋ္ဌာန် ရောက်တော့ အမှန်ကန် ကောင်းတဲ့တရားတွေဘဲ။ ကဲ သွေးသားတွေပြောင်းပြီး စိတ်တွေလည်း ပြောင်းပြီ စိတ္တာနုပဿနာလည်းပြောင်းပြီ။ အဲဒီတော့ စိတ္တာနုပဿနာ လည်း သဘောပေါက်ပြီ။

အဲဒီတော့ ဓမ္မသတိပဋ္ဌာန်ကိုတော့ ငါမကူးသေးဘူး။ မကူးသေး ဘူးဆိုတာက ဥပမာ ဘယ်လိုလဲဆိုတဲ့ အခါကျတော့ ပြောပြပါ့မယ်ဗျာ။ ခင်ဗျား ဟိုဘက်ကမ်း ဒီဘက်ကမ်း ချောင်းကြီးကခြားတယ်ဗျို့။ ဒီဘက်ကမ်းကကြည့်ရင် ဟိုဘက်ကမ်းက တံတားပေါ်မှာ လူဘယ် နှယောက်လဲဟေ့ (၄)ယောက် ဆိုရင်ဒီဘက်ကမ်းက ကြည့်ရင် ဟို ဘက်ကမ်းကမြင်တာပေါ့ဗျ။ အဲဒါ (၄)ယောက်(၃)ယောက် ဟော(၂) ယောက် ဒီဘက်ကမ်း ဟိုဘက်ကမ်း ကိုမြင်နေပြီ။ ဘယ်နှစ်ယောက် မတ်တပ်ရပ်တယ် ဆိုတာပြောလို့ရတယ်။ အဲဟိုဘက်ကမ်းတော့ မကူး ဘူးပေါ့ဗျာ။ သူ့သဘောပေါ့ဗျာ။ ဘာလို့ မကူးသေးလဲ။

အော်- ငါသည်သာသနာ ပိန္နဲကုန်းရဲ့ အောင်သစ္စာမဟာစေတီ ပေါင်းချုပ်ဘုရားကြီး၊ ဒီဘုရားကြီးက စာလည်းမတတ် ပေလည်း မတတ် ငါ့ကိုဒီပြဿနာ တောင်ပိုင်တွေ ကွင်းပိုင်တွေ ဘိုးတော်တွေ၊ မယ်တော်တွေ၊ ငါလည်းမမြင်ရဘူး။ ငါ့သာသနာပြုတယ်၊ အဲ့ဒီ ပန္နက် တိုင်ကြီး လာပေးတယ်။ အဲ့ဒီပိန္နဲကုန်းရွာသူရွာသားများက ဦးပဏ္ဍိတကို

ကိုရင်ကြီးဆိုပြီ လာမေးကြတယ်။ ခင်ဗျားဗျာ ကျုပ်ကမတတ်ဘူးဗျာ။ ဘာမှလည်းမလုပ်တတ်ပါဘူး၊ မလုပ်ပါရစေနဲ့ဗျာ။ စာတတ်တဲ့ဘုန်းကြီးတွေခိုင်းပါဗျာ။ စာတတ်တဲ့တောင်လေး ဆရာတော်ရှိတယ်။ ရွာဦးကျောင်း ဆရာတော်တွေရှိတယ်။ ခိုင်းပါဗျာ၊ မလုပ်ပါနဲ့ဗျာ။ အာ- အရှင်ဘုရားကလည်း လုပ်ပါ၊ မလုပ်ပါရစေနဲ့။ စာမတတ်ဘူးဗျ၊ ဘာမှလည်းမလုပ်တတ်ဘူး။ ဝါကလည်းဘာမှမရှိဘူး။ အာ- လုပ်တဲ့အရှင်ဘုရားကို သာသနာအပ်တယ်။ အဲ့ဒီတော့သာသနာတော့ ခင်ဗျားအဲ့ဒီဒကာမလေးက နာမည်တော့မပြောဘူးပေါ့ဗျ။ နောက်တော့ တစ်နေ့တော့ဒင်းကို ပိန္နဲကုန်းရောက်ကြအုံးမှာပေါ့။ ပိန္နဲကုန်းက ဒကာမ လေးဗျ။ ဒကာမလေးဆိုပေမဲ့ သားတွေရှိတယ် လင်ကတော့သေပြီဗျို့။ အဲဒီတော့ လင်သေတော့ အဲဒီပဲန္နဲကုန်းမှာ ဘုရားတည်မယ် ကျောင်းဆောက်မယ် ပြောတယ်ဗျ ကိုယ်လည်း လက်ထဲ ပိုက်ဆံတပြားမှမရှိ၊ လူတော၊ လူပေ၊ လူမိုက်က ဒီလိုဝိပဿနာလေး သိတော့ ဟာ သာသနာပြုပ့်မယ်ဘုရားဆိုတော့ မလုပ်ပါရစေနဲ့ခင်ဗျား။ အကြိမ်ကြိမ် တောင်းပန်တယ်မရဘူး။

ဒီလောက်တော့နင်လုပ်ချင်တာ ငါနင်ကို ပြောမယ်ငါကို နင် လက်တွဲမဖြုတ်နဲ့။ နင်လာသမျှ ပရိသတ် တွေကိုထမင်းကျွေး နိုင်ပ့်မလား။ ကျွေးနိုင်တယ်။ နင်ကျွေးနိုင်ရင်တော့ သစ္စာထားအောင်ဒီသာသနာဟာ ကြက်ပြန်မကျ စည်ကားလိမ့်မယ်။ သူဒီတလုံးပဲပြောတယ်။ အဲဒီပန္နက်ကိုင်ပြီးရင် သာသနာ ငါကိုအပ်ပြီလာ။း အပ်ပြီတဲ့ ကဲ သာသနာအုတ်ပန္နက်ရိုက်မယ် ဆိုပြီးတော့ အဲဒီပိန္နဲကုန်းကလူတွေက သပြေသားနဲ့ ဦးဇင်းလက်ထဲ ပေးပြီးတော့ကြိုက်တဲ့နေရာ တစ်ခါတည်း အဲဒီဟာနဲ့ ထုတော့တာဘဲဗျာ၊ ရိုက်တော့ရိုက်တာဘဲဗျာ။ အဲဒီတော့ ရိုက်ထားပြီပေါ့။ ပန္နက်တော့ရိုက်ထားပြီး သပြေသားနဲ့ မြေကြီးကို ဘုံးဘုံးနဲ့ ရိုက်တော့ တခါတည်း အဲဒီမှာစိုက်တာ။ ဘုရားတော့မဖြစ်သေးဘူးပေါ်။ ဒီနေရာ

မှာ ဘုရားတည်ရမယ် နောက်တစ်ရက်နှစ်ရက်ကျတော့ သူက ဒီနေရာမှာ ကျင်းတူးပါတဲ့။ အဲသူခိုင်းတာနော်။ ကိုယ်ကဘာမှ နားလည်တဲ့ဘုန်းကြီး မဟုတ်ဘူးနော်။ ဒါသစ္စာလေးနဲ့ဟောသွားပြီ။

အဲ့ဒီတော့ ကျင်းတူးပါတဲ့ ဘာလို့ကျင်းတူးတာလဲ ဟောဒီ အောက်မှာ ပစ္စည်းတွေရှိတယ်တဲ့။ ဟာပစ္စည်းတွေရှိရင်တော့ ဟန်ကျ တာပဲဟေ့။ တို့ကတော့ ဒါတွေတူးရင်ဘာတွေများတွေ့မလဲ ဦးဇင်းက အကြားအမြင်မှ မရဘဲဗျာ အဲ့ဒီတော့ဦးဇင်းနဲ့ အတူတူနေတဲ့ ဦးဇင်းတစ်ပါး လူက နှစ်ယောက် ဦးဇင်းကတော့ မတူးရပါဘူးဗျာ။ အဲ့ဒီဒကာနှစ်ယောက်နဲ့ ရဟန်းတပါးတူးရောပေါ့ (၄)တောင်ပတ်လည်တူးလိုက်တဲ့အခါကျတော့ သူက(၃)တောင် လောက်နက်ရင်တွေ့မယ်တဲ့ (၃)တောင်လိုက် နက် လည်း နက်ရောမတွေ့ဘူးဗျ ဟာဟိုလူမျက်နှာကြည့်လိုက် ဒီလူမျက်နှာ ကြည့်လိုက်၊ ခုနကခာတ်စီးသမားလေးကြည့်တော့ ခင်ဗျားဘယ်မှာလဲဗျ။ မဟုတ်ပါဘူး၊ တူးပါဦးဗျတဲ့ တူးရင်းတူးရင်းနဲ့ ပိန္နဲကုန်းရွာသူရွာသား တွေက ဘာပြောလဲဆိုတော့ ဦးပဏ္ဍိတ သိုက်တူးတယ်တဲ့။ ဦးဇင်း အပြောခံရပြီဗျို့။ စာမတတ် ပေမတတ်အဲ့ဒီတော့ ကျင်းတူးရော တစ်တောင်က နှစ်တောင်က သုံးတောင်၊ လေးတောင် ခြောက်တောင်၊ ခုနှစ်တောင်ကရှစ်တောင်၊ ကိုးတောင်ကျ ရပ်မလို့၊ ဟေ့ရပ်ကြ တော့ မောလာပြီ ရွာသူတို့ကလည်းတို့ကို သိုက်တူးတယ် ပြောတယ်။ တို့ ဘာမှလည်းမရဘူး ကျင်းကြီး ဖြစ်သွားတယ်ဗျို့။ ကျင်းကြီးဖြစ်သွား တော့ ဒီနေရာမှာ ဦးဇင်းဘုရား မတည်ဘူးဆိုရင်လည်း မရတော့ဘူး။ ကျင်းတူးထားတာကိုဗျ။ ပိန္နဲကုန်းမှာနော်။

ဒီကို ဘိုးတော်တွေက ဦးဇင်းဘာမှ အကြားအမြင် မရပါ ဘူးဗျာ။ ဒါကြောင့် ဟိုဘက်ကမ်းကူးချင်တာပေါ့ဗျာ။ ဒီပြဿနာကို သူတို့က ပြုဆိုလို့လုပ်ပေးတာ။ အဲ့ဒီတော့ကောင်းပြီ၊ ဦးဇင်းက အဲ့ဒါ

ကိုးတောင်လည်းပြည့်ရော လက်ထဲမှာ ပိုက်ဆံကလည်း တစ်ပြားမှ မရှိဘူးဗျ။ အဲ့ဒီတော့ ဟိုကလှူလိုက်၊ ဒီကလှူလိုက် အပြီးသတ်ကျတော့ အကြားအမြင်မရဘူး၊ ပုဂ္ဂိုလ်တွေက ရှိတယ်ဗျ။ သဘောလေးနဲ့ ပြောမယ်နော်။ ဒါကြောင့်ခုနက ပြောတဲ့ မြောင်းမြကနေမေးပြီဗျ ဦးဇင်းလာပြီးတော့ အဲ့ဒါ လောက်စလုံး ခြောက်လုံးကျတယ်၊ ၃ လုံးကျတယ် အဲ့ဒါတွေသူတို့မှတ်ပြီးတော့ ချဲထိုးကြတာ ချဲတွေ ပေါက်ကြ ရောဗျာ အကြီးအကျယ်ပေါက်တာ အုံးအုံးထနေတာဘဲ။ မြောင်းမြမြို့ မှာ အဲ့ဒီတော့ ဦးဇင်းကိုလာလှူကြတာဗျို့။ ဟိုက(၁)ထောင်၊ ဟိုက(၅) ထောင် လှူလိုက်တာတောင် လှူလိုက်တဲ့ အဲ့ဒီပိုက်ဆံ တွေရတယ်ဗျို့။ ပိုက်ဆံတွေလည်းရတော့ ဘာလုပ်လဲ အုတ်တွေဝယ်တယ်၊ ဘိလပ်မြေတွေ ဝယ်တယ် သဲတွေဝယ်တယ် ကျောင်းမှာ တခြိမ်းခြိမ်း နေတာဘဲ။ တစ်ခါတည်း ကျိတ်ကျိတ်နေတာဘဲ။

ဒါကြောင့် သိုက်ရယ် ဓါတ်ရယ် နတ်ရယ် လာပေါင်းကြတော့ လေးကျွန်းစကြာဝဠာလို့ခေါ်တယ်။ ဒီနေရာမှာ ဦးဇင်းမလုပ်ချင်ဘူးလို့ ပြောတယ်မရဘူး ဘာလဲဆိုတော့ ဥပမာနဲ့ပေးတယ် ဦးဇင်းကြီးတဲ့ ခြေဖဝါးမှာဆူးတဲ့ဆူးဟာ ဦးဇင်းကြီးကိုယ်တိုင် ထွင်လို့ရပါတယ် တဲ့။ လက်ဝါးမှာဆူးတဲ့ဆူးဟာ ဦးဇင်းကြီးကိုယ်တိုင် ထွင်လို့ရပါတယ်တဲ့။ နောက်ကျောမှာဆူးတဲ့ဆူးကတော့ ဦးဇင်းကြီး ထွင်လို့တော့ မလွယ် တော့ဘူးတဲ့။ အဲဒါအတိတ်ကပါလာတယ်ပေါ့ဗျာ။ အဲဒါသူတို့နဲ့ပေါင်းပြီး တော့ ပြုပေးရမှာပေါ့။ နာမ်ပုဂ္ဂိုလ်တွေပေါ့ဗျာ အဲဒါတွေကို ဦးဇင်း ကဝန်ခံချက်တွေပေးတာ ကျင်းကလဲ တူးပြီးပြီဗျို့။

အဲဒီတော့ ပိန္နဲကုန်းရဲ့ သာသနာမှာ ဦးပဥ္စင်းတို့ ဘာတွေဖြစ် လာလဲ ဆိုတော့ ဘုရားကြီးဖြစ်လာတယ်ဗျ။ ဘုရားကြီးကနေ ကျောင်း ကြီး ဖြစ်လာတယ်ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းဌာနမှာ ခုကျောင်းကြီး

ဆောက်နေတယ်ဗျ။ အင်ဂျင်နီယာတွေကနေ စေတနာတွေနဲ့ သဒ္ဓါ ထက်သန်ပြီးတော့ လုပ်ပေးပါတယ်။ သိန်းပေါင်း(၃၀) ကျော်လောက် ကုန်လိမ့်မယ်။ ခင်ဗျားတို့ကြည့် ဒါတွေဟာ ဘယ်သူတွေလှူသလဲဒကာ၊ ဒကာမတွေ အကုန် အယုတ် အလတ အမြတ် မရွေး၊ လူမျိုးမရွေး၊ ဘာသာ မရွေးလာလှူကြပါတယ်ဗျာ။ အဲဒါရန်ကုန်ကလဲလှူ၊ မြောင်းမြကလည်းလှူ၊ ဝါးခယ်မ ကလည်းလှူ လူ(၄၀၀)ပါတဲ့ဗျာ့။ ကျောင်းကြီးလည်းအသစ်၊ မြေကလည်းအသစ်၊ ရဟန်းကလည်းအသစ်ဗျ။ ခင်ဗျားတို့လာကြည့်ပါ နော်၊ မြောင်းမြရောက်ရင် ဘယ်လောက်မှမဝေးဘူး။ အဲဒီပစ္စည်းတွေက ဘယ်သူ့ဟာတွေလဲ။ ဒကာ ဒကာမပစ္စည်းတွေပါ။

သူတို့သင်္ကန်းတွေလည်း ဝယ်ပေးပါတယ်၊ လိုလေသေးမရှိ လာပြီးပို့တာ။ တော်တော်အံ့သြဖို့ ကောင်းပါတယ်ဗျို့။ အဲဒါဘာလဲ၊ သာသနာပြုကြတာ ဒီသာသနာ ဘယ်လိုပြုလဲ၊ မြန်မာလိုပြန်မယ်ဆိုရင် တော့ ဆရာတော်ကြီးတွေ စာသင်တိုက်ကြီးတွေက စာဝါတွေလိုက် အဲဒီဆရာတော်က စာတွေပြ၊ ဆရာတော်လေးတွေက စာသင်ပေးတာဗျ၊ စာသင်ပေးတော့ ခုနက သူတို့လိုချင်တဲ့ အဆင့်အတန်းတွေရရော မင်းက ဘယ်ရွာမှာဘယ်ထိုင်၊ မင်းက ဘယ်ရွာမှာ ဘယ်ထိုင် အဲဒါက သာသနာပြုတာ။ ဒီက ပဋိဝေဒ ခေါ်တယ်နော်။ ဒါအပါယ်ပိတ်တဲ့ တရားခေါ်တာ။ ကျင့်ပြီးတော့ သိရတဲ့ဉာဏ်နဲ့သိတဲ့တရားခေါ်တယ်နော်။ ဒီဒါနဟာ နိဗ္ဗာန်ကိုရောက်နိုင်တယ်။ ခုနကသောတပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ(၄)များရှိတယ်။ ရောက်တယ်လို့မပြောဘူး စာအနေရ ပြောပြတာ။ သောတာပန်လှူရင် သောတာပန်ရဲ့ ကုသိုလ်ပဲရမယ်။ သဒါဂါမ်လှူရင် သဒါဂါမ်ကုသိုလ်ပဲရမယ်၊ အနာဂါမ်လှူရင် အနာဂါမ်ရဲ့ ကုသိုလ်ပဲရမယ်၊ ရဟန္တာလှူရင် ရဟန္တာရဲ့ကုသိုလ်ပဲရမယ်။ အဲ့ဒီမျိုးစေ့က ခင်ဗျားတို့ တွေးကြည့်ပါဗျာ။

သူကကံပြတ်ထားတဲ့ သဘောတရား ခေါ်တယ် ဒါကြောင့်လို့ သိုက်ကလာတယ်၊ ဓါတ်ကလာတယ်၊ နတ်ကလာတယ်။ ဒီလိုသီလ အရိယာသီလမှန်လို့ သူတို့လာတာလူတွေက ဘာမှမသိဘူးနော်။ သီလ အင်မတန်မှ စင်ကြယ်နေလို့ သိုက်တွေ၊ ဓါတ်တွေ၊ နတ်တွေက လာတာ ဗျို့။ ခင်ဗျားတို့ပဲ ကျောင်းကဆရာတော်ကို မေးပါဟာ လူတွေ လာကြတယ်။ အဲကောင်းပါတယ်ဗျာ။ ကောင်းပါတယ်ဗျာ သူတို့က သိတာသူတို့ကလာလှူကြတာဗျ။ သူတို့ကဆွယ်လာကြတာဗျာ။ ဒါက သာသနာပွင့်လာတာ။ ဒါကြောင့်မို့ လူမျိုးမရွေးလာကြတယ်ဗျာ။

ဒါကြောင့်မို့ ကာယသတိပဋ္ဌာန်သည် ကာယကံ သောင်းကျန်း မှုတွေ ဝစီကံဖောက်ပြန်မှုတွေ မနောကံမိစ္ဆာစိတ်တွေ ပွားရတယ်။ မနာလိုတဲ့စိတ်ကို ကုက္ကုစ္စစိတ်၊ ဒါဘာလဲ ဝိပဿနာရဲ့ သီလ၊ သမာဓိပညာနဲ့ သွားပြီးတော့မှ ဉာဏ်ကိုယူလိုက်တာ။ သီလကအုတ်ပန္နက်ရိုက်တယ်၊ ခုနကလို အရက်သောက်တာတို့ ဖဲရိုက်တာတို့ မရှိတော့ဘူး။ သူမှာ ဒွိဟိတ်နဲ့ တိဟိတ်တစ်ချက်ထဲပြတ်တာနော်။ ဘာနဲ့ပြတ်လဲ မဂ်နဲ့ ဖြတ်တယ်။ မဂ်ဆိုတာဘာလဲ ခင်ဗျားတို့စာနဲ့ရေးထားတယ်။ မဂ်ဆိုတာ အနုသယကိုပယ်တာ။ မဂ်အနေနဲ့ အနုသယကိုပယ်လိုက်တာ။ အနုသယ ဆိုတာ ကာယနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တနုပဿနာ မဂ်က ပယ်လိုက်တာနော်။ အဲ့ဒီတော့မှ ဓမ္မဘက်ကိုကူးတော့မှာ။ အနုသယကို ပယ်လိုက်တာတွေ။ စိတ်တွေလောကီအကြောင်း မှန်သမျှ တွေးတာတွေ မတွေးတော့ဘူး ဒါသဘောလေးပဲ ပြောတာပါ နော်။ မဂ်ကပယ်တာ။ ဖိုလ်ကဘာလဲ ရပြီးတဲ့တရားကိုခံထားတာ။

ဒါသဘောလေးဘဲ ဒါလေးတွေမှတ် ဦးဇင်းကတော့ သဘောဘဲ ပြောတာ။ ဒီတရားတွေ ခင်ဗျားတို့လုပ်နိုင်ကြရအောင် ဟောသွားတာပါ။ ဦးဇင်းကကိုယ့်ကိုကိုယ် ကိုယ်ရည်သွေးပြီးတော့ ငါမဂ်ရတယ် ဖိုလ်ရ

တယ် သဘောတို့တော့ မပြောဘူးနော်။ ဒီတရားကရှိတယ် ခင်ဗျားတို့ဒကာ၊ ဒကာမတွေ ပျင်းနေကြတယ် ဒါပေမဲ့မလုပ်နိုင်တောင်မှ သမ္မာဒိဋ္ဌိကိုယူ၊ မိစ္ဆာဒိဋ္ဌိကိုပယ်။ အဲ့ဒီဒါနအစစ်ကိုရအောင်ရှာ။ ကိုယ်က လိုက်ရှာရမှာ၊ ခင်ဗျားတို့ကိုလိုက်ရှာရမှာ။ ဒီလိုဒါနအစစ်မျိုးနဲ့ ခင်ဗျားတို့ကလည်း စေတနာအစစ်ရမယ် အဲဒါနိဗ္ဗာန်သွားမှ ဒါနအစစ်ခေါ်တယ်။

ဝိသာခါကျောင်းအစ်မကြည့်။ သူကျင့်တာမဟုတ်ဘူးခင်ဗျား။ အနာထပိတ်ကြည့် သူကျင့်တာမဟုတ်ဘူး။ ဒါတွေနဲ့သွားတာ အဲ့ဒီတော့ ကမ္မဋ္ဌာန်းအမျိုးပေါင်းဘယ်လောက်ရှိသလဲ စာမှာရေးထားတယ်။ တစ်ယောက်နဲ့တစ်ယောက် ကျင့်နည်းခြင်းက ကျင့်တော့ ကျင့်တာပဲ။ အာရုံချင်းကတော့ မနော‌အာရုံကတော့ ကိုယ့်လမ်းကိုယ်လျှောက်တာပဲဗျနော်။ သူဘယ်အာရုံတွေ သွားသလဲ။ သူဘယ်ဟာတွေကို မက်မောသလဲ။ သူနောက်ဆုံးတော့ ပင်လယ်ဝသွားဆုံတာပဲဗျ။ သူကလဲ မီးရထားနဲ့ သွားတာကိုဗျ။ သူကလည်းကားနဲ့ သွားမယ်ဗျ။ သူကလည်း ဆိုက်ကားနဲ့ သွားမယ်ဗျ။ သူကလည်း လှေနဲ့သွားမယ်ဗျ နောက်ဆုံးတော့ ပင်လယ်ဝ သွားဆုံမှာပဲဗျ။ နောက်ဆုံးတော့သွားတတ်ဖို့ လိုတာပါဘဲ။

ဒါကြောင့်မို့ ကိုယ်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကိုကြင်နာပါ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ ဗြဟ္မစိုရ်တရားထားပါ သေတာတော့ သေကြမှာချည်းဘဲ တရားဟောတဲ့ သူလည်းသေမှာဘဲ တရားမရတဲ့ သူလည်းသေမှာဘဲ အဲ့ဒီတော့ နှလုံးသွင်း မှားပြီးတော့ သေသွားရင်တော့ ခံကြပေါ့ဗျာ။ ဘုရားဟောထားတာ ကတော့ (၃၁)ဘုံ။ ဒါထုတ်ပြပါဆိုလို့တော့ မပြတတ်ဘူး။ ခင်ဗျားတို့ကိုပြောတာ သစ္စာနဲ့ပြောတာ စာတစ်လုံးမှ တတ်တာ မဟုတ်ဘူးနော်။

ဘယ်သူ့ကိုအရင်ကျင့်မလဲ ခန္ဓာငါးပါးကိုကျင့်၊ ဘာလို့ ခန္ဓာ

(၅)ပါးကို ကျင့်သလဲ ခန္ဓာ(၅)ပါးကို ဥကက္ခာပြုမှ ဒိဋ္ဌိပြုတ်မှာဗျ။ အဲ့ဒီဒိဋ္ဌိပြုတ်မှ တဏှာရပ်တာ၊ တဏှာဆိုတာအာရုံ(၆)ပါးကိုခေါ်တာ။ အဲ့ဒီဒိဋ္ဌိကြီးနဲ့ ခင်ဗျားတို့ သမ္မာရယ် ဒိဋ္ဌိရယ်ပေါင်းတော့ သမ္မာဒိဋ္ဌိ၊ မိစ္ဆာရယ် ဒိဋ္ဌိရယ်ပေါင်းတော့ မိစ္ဆာဒိဋ္ဌိ အဲ့ဒီမှာ သမ္မာဒိဋ္ဌိဟာ သူတော်ကောင်းခေါ်တယ်ဗျ ခုနှလုံးထဲမှာ သမာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဒိဋ္ဌိ။ ဟောဟိုဘက်မှာ သမ္မသင်္ကပ္ပ၊ ဒိဋ္ဌိပါလေးလား၊ မပါဘူး။ အဲဒါခန္ဓာ(၅)ပါးမြဲသွားပြီနော် သေချာတာ ဒီတရားကျင့်ကြပါ။

သေမင်းမဦးခင် ဦးအောင်ရှာပါနော် ကိုယ်လာတာလည်း တစ်ယောက်တည်း ပြန်တော့လဲတစ်ယောက်ထဲ သီလတွေလည်း မှန်တာပေါ့။ ခင်ဗျားတို့ယူထားတဲ့ အပြင်သီလ၊ အတွင်းသီလ၊ အပြင်သီလက ရှောင်ထားတဲ့တရား၊ ဒီကဆောင်ထားတဲ့တရားနော်။ သေစောရင် သေကြမှာပဲ၊ မသေလို့အောက်မေ့လို့ အသေကို အောက်မေ့လို့။ အရှင်းဘာမှ စာမတတ်ဘူးနော်။ လူမိုက်က တက်ပြီးတော့ ရေထမ်းလာတဲ့ သမ္ဗာန် ခတ်လာတဲ့ ငှက်ပျောခိုင်တွေ ထမ်းလာတဲ့ အရက်သောက်လာတဲ့၊ ဝါးခယ်မမှာနေတဲ့ သူယူပြီး သူ့အစ်ကိုကြီးတွေက မော်လမြိုင်တိုက်ပွဲမှာ ကျသွားတယ်။ သူထဲမှာ သူပါသွားတယ်။

ဟိုတုန်းက (၅၃) ခုနှစ် အချိန်ကိုပြန်ကြည့်။ အခု ဘယ်ခေတ်လဲ။ အာ- ခင်ဗျား ဦးမြမောင် အင်မတန် နေနိုင်တယ်၊ ဒါပညတ်တွေခေါ်တာ။ ပညတ်ကိုပြောပြနေတာ ပညတ်ကိုနှိပ်ပြတာ။ အဲဒါဟိုတုန်းက ငါခိုးလာတယ်၊ လုလာတယ်၊ လိမ်လာတယ်၊ ဒါတွေ ဟာ မကောင်းတဲ့ မိစ္ဆာတွေ မကောင်းတဲ့မိစ္ဆာနဲ့ သေသွားရင် အပါယ်ကိုသွားမယ်။ ဒါ ကောင်းတဲ့တရားကို ဟောပြတာ မကောင်းတဲ့အရာ လည်းပြောပြတာ။ ဒါမှလည်းခင်ဗျားတို့ မလုပ်နိုင်ရင်တော့ ဦးပဥ္ဇင်းလည်း မတတ်နိုင်ဘူး။

ဦးဇင်းက စာတတ်တာမဟုတ်ဘူး။ အဲဒီတော့ပိဋကတ်သုံးပုံ အာဂုံဆောင်တဲ့ရဟန်းလည်း မဟုတ်ဘူး။ ငယ်ငယ်တုန်းက ရှင်သာမဏေ ပြီးတော့ စာဝါပဲ သင်တဲ့ရဟန်းမဟုတ်ဘူး။ တောထွက်ကြီး၊ သူကျင့် လာတာ။ ဒီအကျင့်က တစ်ကယ်သစ္စာတွေနဲ့ ခုနကသိုက်ကလည်းသိတယ်၊ ခါတ်ကလည်းသိတယ်၊ နတ်ကလည်းသိတယ် အဲဒီဝါးခယ်မကျောင်းမှာ မေးကြည့်ပေါ့။ ခါတ်လိုက်ပြီးနောက်(၄)ရက် (၅)ရက်နေရင် အုံးအုံး တောင် ဖြစ်ဦးမယ်နော်။

အဲဒီတော့အဲဒီကျောင်းမှာ သွားနေရတာပါဗျာ။ မနက်တော့ ပြန်မှာပဲ။ အဲဒီတော့ဒီဟာတွေဟာ အင်မတန်ထူးခြားချက်တွေ တောင်ပိုင် ရှိတယ်၊ ကွင်းပိုင်ရှိတယ် ဒါတွေရှိတယ်၊ သူရဲတစ္ဆေတွေရှိတယ်။ ဒါ တွေအနားနေတာ ခင်ဗျားတို့မမြင်ရဘူး။ ဒါကြောင့် နာမ်ပုဂ္ဂိုလ်ကို လည်း ချွတ်ရတယ် လူပုဂ္ဂိုလ်တွေလည်း ဟောပြရတယ်။ အဲနာမ် တွေက သဘော ပေါက်တယ် နာမ်တွေကဘာလဲဆိုတော့ အေးကွ ငါကတော့ကွာ ခါးပြမတိုက်ဘူးကွ၊ နာမ်ကပြန်ပြောတာ ဘယ်လောက်အသဲနာဖို့ကောင်း လဲ။ ခါးပြမတိုက်ဘူး လူတော့သတ်တယ်ကွ ဟာ အဲဒါပဲ ခင်ဗျားတို့ တွေးကြည့်။ ခင်ဗျားတို့ ပုဂ္ဂိုလ်တွေနောက်ကျတော့ ဝိဇ္ဇာတို့တတွေ ဝိဇ္ဇာ ပေါက်တွ အဲဒါကိုပြောသွားတာ ခင်ဗျားတို့မှတ်ထားနော် ခါးပြ မတိုက်ဘူး ဆိုတာ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ပါးစပ် ထဲကဟာ လုမယူရုံတမယ်ဘဲ။ သူတို့လုပ်နေကြတာနော်။

ဒါခင်ဗျား သဘောလေး ပြောတာ။ လောဘစိတ်တွေ၊ ဒေါသ စိတ်တွေ၊ မောဟစိတ်တွေ၊ တဏှာစိတ်တွေ မာနစိတ်တွေက ကြည့် စမ်း။ အခုကွမ်းပင်စိုက်တယ်၊ ညကျတော့ ကွမ်းတွေသွားခိုးတယ်နော်။ အဲဒါတွေပေါ့ဗျာနော်။ သူတို့တွေကလည်း အဖွဲ့အစည်းတွေနဲ့ ခိုးတာ ဟိုမှာဦးဇင်းတို့ ကုန်းသာယာဘက်တွေမှာဆိုရင် ကွမ်းခြံမှာ အဲဒီလောက်

ထိပါဗျာနော်။ အဲဒီတော့ ဒါတွေဟာ စပါးကောက်လှိုင်းတွေနဲ့ဆို၊ ည မအိပ်ရဲဘူး မြန်မြန်သိမ်းယူရတယ်နော်။ ဒီလိုဖြစ်နေတယ် ခေတ်ကာလကြီး။ ဘုရားခေတ်နဲ့ ဒီခေတ်မတူဘူးဗျ။ ဒီခေတ်ကအခုနက ထီးကောက်တွေကလည်း အမျိုးမျိုးပဲ၊ ဗွီဒီယိုတွေကလည်း အမျိုးမျိုးပေါ်တယ်၊ ကက်ဆက်တွေကလည်း အမျိုးမျိုးပေါ်တယ်၊ အင်္ကျီတွေကလည်း အမျိုးမျိုးပဲ။ သူတစ်တန်းရိုက်ရင် ကိုယ်နှစ်တန်း ကိုယ်နှစ်တန်းရိုက်ရင်သူသုံးတန်း လောကီအာရုံတွေကို စွဲနေတာ။ လောကီအာရုံများနေတာနော်။ အဲဒါ သံသရာလည်တယ်။ သံသရာ ဘယ်ကစလဲ။ ခန္ဓာက စတယ်။ ခန္ဓာဆိုတာဘာလဲ။ ဘဝင်စိတ်ခေါ်တယ်။ ဒီလောက်ဆိုရင် သဘောပေါက်ရောပေါ့ဗျာ။

သာဓု၊ သာဓု၊ သာဓု